ကြေးမုံ
The Mirror Daily
၁၉၅၇ ဖေဖော်ဝါရီ ၁၆ တွင် စတင် တည်ထောင်သည်။ Established in 1957

**သောတာပန်သည်သာမြတ်၏**

မြေပြင်တစ်ပြင်လုံး၌ ဧကရာဇ်မင်းဖြစ်ရသည်ထက်လည်းကောင်း၊ နတ်ပြည်၊ ဗြဟ္မာပြည်သို့ ရောက်ရသည်ထက်လည်းကောင်း၊ တစ်လောကလုံးကို အစိုးရသည်ထက်လည်းကောင်း သောတာပန်ဖြစ်ရခြင်းသည် မြတ်၏။ သောတာပန်ဖြစ်ရခြင်းသည် လူမင်းစည်းစိမ်၊ နတ်မင်းစည်းစိမ်တို့ထက် မြတ်လှ၏။

လောကဝဂ်(ဓမ္မပဒ-၁၇၈)

၁၃၇၈ ခုနှစ် တန်ဆောင်မုန်းလဆန်း ၇ ရက်၊ တနင်္ဂနွေနေ့။ Sunday , 6 November 2016 (၈၇၃၇)




နေပြည်တော်၌ ပြန်ကြားရေးဝန်ကြီးဌာနမှ စီစဉ်ကျင်းပသည့် ကလေးစာပေပွဲတော် ကလေးစာပေပြပွဲနှင့် စာအုပ်ဈေးရောင်းပွဲတွင် နိုင်ငံတော်သမ္မတ ဦးထင်ကျော် အမှာစကားပြောကြားစဉ်။ (သတင်းစဉ်)

# ကလေးစာပေသည် မိမိတို့၏ ကလေးလူငယ်များကို အပြစ်ကင်းအောင်၊ ပျော်ရွှင်အောင်နှင့် ချစ်စရာအကောင်းဆုံး လူသားများဖြစ်အောင် ဖန်တီးရေးဖွဲ့ကြရသည့်စာပေဖြစ်၊ မိမိတို့အတွက် အလွန်တန်ဖိုးရှိသည်ဟု ပြောရမည်ဖြစ်

**နေပြည်တော် နိုဝင်ဘာ ၅**

ကလေးစာပေသည် မိမိတို့၏ ကလေးလူငယ်များကို အပြစ်ကင်းအောင်၊ ပျော်ရွှင်အောင်နှင့် ချစ်စရာအကောင်းဆုံးလူသားများဖြစ်အောင် ဖန်တီးရေးဖွဲ့ကြရသည့် စာပေဖြစ်သည့်အတွက် မိမိတို့အတွက် အလွန်တန်ဖိုးရှိသည်ဟု ပြောရမည်ဖြစ်ပါကြောင်း နိုင်ငံတော်သမ္မတ ဦးထင်ကျော်က နေပြည်တော်ရှိ မြန်မာအပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်းဗဟိုဌာန - ၂ ၌ ကျင်းပသော ပြန်ကြားရေးဝန်ကြီးဌာနမှ စီစဉ်ကျင်းပသည့် ကလေးစာပေပွဲတော် ကလေးစာပေပြပွဲနှင့် စာအုပ်ဈေးရောင်းပွဲတွင် ပြောကြားခဲ့သည်။

ကလေးစာပေဖွံ့ဖြိုးတိုးတက်ရေးသည်လည်း မိမိတို့အားလုံး အားပေးမြှင့်တင်ပေးရမည့် စာပေအမျိုးအစားတစ်ခုဟု တွေးမြင်ခံစားရပါကြောင်း၊ ထို့ကြောင့် ယခုကဲ့သို့ ကျောင်းသား ကျောင်းသူများနှင့်အတူ ပွဲတော်ကြီးကို တက်ရောက်အားပေးဖွင့်လှစ်ပေးရခြင်းဖြစ်ပါကြောင်း နိုင်ငံတော်သမ္မတက ပြောကြားသည်။

ကလေးစာပေပွဲတော် ကလေးစာပေပြပွဲနှင့် စာအုပ်ဈေးရောင်းပွဲ ဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက် ၈ နာရီတွင် မြန်မာအပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်းဗဟိုဌာန - ၂ မျက်နှာစာ၌ကျင်းပရာ နိုင်ငံတော်သမ္မတက အမှတ်(၅) အခြေခံပညာအထက်တန်းကျောင်းမှ ကျောင်းသား ကျောင်းသူများနှင့်အတူ ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးသည်။

ထို့နောက် နိုင်ငံတော်သမ္မတနှင့် တက်ရောက်လာကြသူများသည် စုပေါင်း၍ မှတ်တမ်းတင်ဓာတ်ပုံရိုက်ကြသည်။

နိုင်ငံတော်သမ္မတက ယခုကဲ့သို့ ကလေးစာပေပွဲတော်ကြီးကို တက်ရောက်ခွင့်ရသည့်အတွက် ကလေးစာပေများ၊ ကလေးကဗျာများနှင့် နီးနီးကပ်ကပ် ကြီးပြင်းခဲ့ရသည့် မိမိအတွက် အလွန်ဝမ်းသာကြည်နူးဖြစ်မိပါကြောင်း။

အားလုံးသိကြသည့်အတိုင်း စာပေထဲတွင် ကလေးစာပေသည် အခြားစာပေများထက်

စာမျက်နှာ ၈ ကော်လံ ၁ သို့

## အနာဂတ် နိုင်ငံတော်၏ သားကောင်းရတနာများကို ကလေးစာပေများ ကလေးစာဖတ်ခန်းများ၊ ကလေးကဗျာများနှင့်အတူ ပြုစုပျိုးထောင်ပေး

## နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် ဂျပန်နိုင်ငံမှ ရန်ကုန်မြို့သို့ ပြန်လည်ရောက်ရှိ

သတင်း စာမျက်နှာ ၃



ကြေးမုံ

# ကလေးစာပေပွဲတော်နှင့် မြန်မာ့အနာဂတ်ခရီး

နေပြည်တော်၌ ကလေးစာပေပွဲတော်ကို ယနေ့ ကျင်းပသည့်အခါ ကလေးများရော လူကြီးများပါ ပျော်ရွှင်စွာ ဆင်နွှဲနေကြသည်ကို သတင်းဌာနများတွင် တွေ့မြင်ရပါသည်။

ပါဝင်ဆင်နွှဲနေသူများကို မဆိုထားနှင့်၊ ယခုလို ကျင်းပနေသည်ကို အဝေးက တွေ့မြင်ကြားသိကြရသူများပင် ပီတိဖြစ်ကြရသည်။ စာအုပ်စာပေနှင့် ကလေးသူငယ်များကို ယှဉ်တွဲတွေ့မြင်ရသည်က အနာဂတ်အတွက် အားတက်စရာမဟုတ်ပါလား။

အလွန်တရာ ကျက်သရေရှိလှသော မြင်ကွင်းများအဖြစ် အများပြည်သူက မှတ်ယူနေကြသည်။ သည်လိုပွဲများ တစ်ပြည်လုံးမှာ တစ်ပြိုင်နက်ကျင်းပနိုင်လျှင် ကောင်းမည်ဟုလည်း ဆန္ဒဖြစ်ပေါ်ကြသည်။

ယနေ့ခေတ် နည်းပညာများ၏ တိုးတက်မြင့်မားမှုနှင့်အတူ အီလက်ထရွန်နစ်ပစ္စည်းမျိုးစုံက ကလေးသူငယ်များကို ဆွဲဆောင်ထားသည်။ သည်လိုကြားထဲမှာ အရောင်အသွေးစုံလင်လှသော စာအုပ်များကို ကလေးများက နှစ်ခြိုက်မက်မောနေကြသည်မှာ ဝမ်းမြောက်အားတက်ဖွယ်ဖြစ်ပါသည်။ ယနေ့အချိန်အထိမှာတော့ စာအုပ်စာပေများ၏ အခန်းကဏ္ဍက အနာဂတ်တိုးတက်မြင့်မားရေးအတွက် အရေးပါနေဆဲဖြစ်သည်ကို မည်သူမှ မငြင်းနိုင်သေး။ အလွန်တိုးတက်ထွန်းကားနေသော ဂျပန်ကဲ့သို့သော၊ ဥရောပနိုင်ငံများ ကဲ့သို့သော နိုင်ငံများမှာ ကလေးသူငယ်များ၊ လူငယ်လူရွယ်များ ကျောင်းစာနှင့် ကင်းလွတ်သည်နှင့် တစ်ပြိုင်တည်း စာအုပ်နှင့် မျက်စိမခွာတမ်း နှစ်နှစ်ခြိုက်ခြိုက် ဖတ်ရှုနေကြသည်ကို တွေ့မြင်နေရသည်က ကမ္ဘာ့အနာဂတ်လမ်းကြောင်းကို ဖော်ကျူးနေသည့်နှယ် ဖြစ်ပါသည်။

စာအုပ်စာပေများမှတစ်ဆင့် လေ့လာစူးစမ်းရင်း မိမိပတ်ဝန်းကျင်နှင့် မိမိကမ္ဘာကို ချစ်မြတ်နိုးမှုမှသည် မိမိဘဝတစ်သက်တာ စောင့်ထိန်းရမည့် ကိုယ်ကျင့်သိက္ခာ၊ ဘဝအောင်မြင်ရေး အားထုတ်ကြိုးပမ်းမှု၊ နူးညံ့သော စိတ်နေသဘောထားနှင့် ဘဝ၏ သစ္စာကို ရှာဖွေသိမြင်နိုင်သည့် ဉာဏ်အလင်းရရှိသည်အထိ သယ်ဆောင်သွားမည် ဖြစ်ပါသည်။

မိမိတို့ ကမ္ဘာလောကကြီး၏ အနာဂတ်ကို အမှန်တကယ် ကောင်းမွန်တိုးတက် လှပငြိမ်းချမ်းဖို့ဆိုလျှင် ကလေးသူငယ်များအတွက် စာအုပ်စာပေများ ကြွယ်ကြွယ်ပိုးပိုး ရှိနေဖို့ လိုအပ်ပါမည်။ ယခုလို နေပြည်တော်၌ ကလေးစာပေပွဲတော်နှင့် စာအုပ်ဈေးပွဲတော် ကျင်းပရာတွင် ပြည်သူများ အုန်းအုန်းကျွက်ကျွက် အားပေးဆင်နွှဲနေသည်မှာ မြန်မာ့ကလေးစာအုပ်များ၏ အခန်းကဏ္ဍတိုးတက်မြင့်မားလာရေးအတွက် အရေးကြီးသော ခြေလှမ်းဖြစ်သည်ဟု ယူဆပါသည်။

သည်ခြေလှမ်းအစမှသည် မြန်မာတစ်နိုင်ငံလုံးရှိ ကျောင်းများတွင် အရောင်အသွေးစုံ စာအုပ်များဖြင့် ပြည့်စုံလှပနေသော ကျောင်းစာကြည့်တိုက်များ ပေါ်ထွန်းလာရေးကို မျှော်လင့်မိပါသည်။

ကျောင်းစာကြည့်တိုက်များနှင့် ကလေးစာအုပ်များ ပြည့်ပြည့်စုံစုံရှိနေရေးဆိုသည်မှာ အနာဂတ် မြန်မာနိုင်ငံ တိုးတက်မြင့်မားရေးအတွက် မဖြစ်မနေ အားထုတ်တည်ဆောက်ရမည်ဆိုသည်ကို အစိုးရသစ်အနေဖြင့် အမျိုးသားရေးတာဝန်တစ်ရပ်အဖြစ် ခံယူပြီး အကောင်အထည်ဖော်နိုင်ပါစေသတည်း။



## ပီကင်းမြို့တော်သံဃမဟာနာယကဆရာတော်အား ရန်ကုန်တိုင်းဝန်ကြီးချုပ် ဖူးမြော်ကြည်ညို

**ရန်ကုန် နိုဝင်ဘာ ၅**

မြန်မာနိုင်ငံသို့ ရောက်ရှိနေသော တရုတ်နိုင်ငံ ပီကင်းမြို့တော်သံဃမဟာနာယကဥက္ကဋ္ဌ ဆရာတော်ဟူးလွှယ်ဖုန်း ဦးဆောင်သည့် ကျောင်းထိုင်ဆရာတော် ခြောက်ပါးနှင့် သီလရှင်တစ်ပါးတို့အား ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးဖြိုးမင်းသိန်း၊ တိုင်းဒေသကြီး လွှတ်တော်ဥက္ကဋ္ဌနှင့်တာဝန်ရှိသူများ၊ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် နာယက ဦးတင်ဦးနှင့် တာဝန်ရှိသူတို့က နိုဝင်ဘာ ၃ရက် မွန်းလွဲပိုင်းတွင် ရန်ကုန်မြို့ရှိ Sule Shangri-La Hotel ၌ တွေ့ဆုံဖူးမြော်ပြီး လှူဖွယ်ဝတ္ထု များကို ဆက်ကပ်လှူဒါန်းခဲ့ကြောင်း သိရသည်။**(အပေါ်ပုံ)**

အဆိုပါအခမ်းအနားတွင် ဥက္ကဋ္ဌဆရာတော်က ဆရာတော်တို့သည် ယခုအကြိမ် မြန်မာနိုင်ငံကို လာရောက်ခြင်းသည် မြန်မာနိုင်ငံနဲ့ သာသနာရေးဖလှယ်ခြင်း၊ ယဉ်ကျေးမှုဖလှယ်ခြင်းအတွက် ရောက်ရှိလာခြင်းဖြစ်ကြောင်း၊ တရုတ်-မြန်မာနှစ်နိုင်ငံချစ်ကြည်ရင်းနှီးမှုသည် (၆၅) နှစ်တိုင်တိုင် ပြည့်မြောက်ပြီဖြစ်ကြောင်း၊ နောက်နောင်တွင်လည်း ယခုလို ချစ်ကြည်ရင်းနှီးမှု အစွန့်ရှည်တည်တံ့ရန်အတွက် မျှော်လင့်ပါကြောင်း မိန့်ကြားသည်။

ထို့နောက် ဥက္ကဋ္ဌဆရာတော်နှင့်အဖွဲ့သည် မြန်မာနိုင်ငံ သံဃမဟာနာယက ဆရာတော်ကြီးများအား သွားရောက်ဖူးမြော်ကာ လှူဖွယ်ဝတ္ထုများကို ဆက်ကပ်လှူဒါန်းပြီး လက်ဆောင်ပစ္စည်းများ အပြန်အလှန်ပေးအပ်ကြသည်။

ဥက္ကဋ္ဌဆရာတော်နှင့်အဖွဲ့သည် မြန်မာနိုင်ငံသို့ နိုဝင်ဘာ ၁ ရက်မှစတင်ရောက်ရှိပြီး နိုဝင်ဘာ ၅ ရက်တွင် တရုတ်နိုင်ငံသို့ ပြန်လည်ကြွရောက်သွားဖြစ်ကြောင်း သိရသည်။ **သတင်း-ဇာနည်မောင်၊ဓာတ်ပုံ-ခင်မောင်ဝင်း**

## မိုးစပါးစံပြကွက်ရိုတ်သိမ်းပွဲ ပျားစခန်းကျေးရွာ၌ ပြုလုပ်

**သံတောင်ကြီး နိုဝင်ဘာ ၅**

ကရင်ပြည်နယ် သံတောင်ကြီးမြို့နယ် ရွာကြီးကျေးရွာအုပ်စု ပျားစခန်းကျေးရွာ တောင်သူ ဦးဘဲလာ၏ လယ်မြေဆင်းသုခမျိုးစပါး ၁၀ ဧကစိုက်ခင်း ဦးပိုင်အမှတ် (၉၄)၌ စံပြကွက်ရိတ်သိမ်းပွဲကို နိုဝင်ဘာ ၁ ရက် မွန်းလွဲပိုင်းက ပြုလုပ်သည်။

ရှေးဦးစွာ မြို့နယ်စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဦးလင်းအောင်က ရွာကြီးကျေးရွာ အုပ်စုအတွင်းရှိ ကျေးရွာများမှ တက်ရောက်လာကြသော တောင်သူများအား တွေ့ဆုံကာ စပါးထွက်နှုန်းကောင်းသည့် စိုက်နည်းစနစ်မှန်ကန်စွာ စိုက်ပျိုးနိုင်ရေးအတွက် တစ်ဧကကောက်ကွက်ပြည့်မီရေး၊ အနှံအောင်အစေ့ရရှိရေး၊ လိုအပ်သည့် ပင်ပွားရရှိရေးအတွက်နှင့် စံကွက်အဖြစ်ရိတ်သိမ်းရခြင်းရည်ရွယ်ချက်များအား အသိပညာပေးရှင်းလင်းခဲ့သည်။

ထို့နောက် ပျားစခန်းကျေးရွာ တောင်သူဦးဘဲလာ၏ လယ်မြေဆင်းသုခမျိုးစပါး ၁၀ ဧကစိုက်ခင်းတွင် မြို့နယ်အုပ်ချုပ်ရေးမှူး ဦးသူရထွန်းလင်း၊ မြို့နယ်စိုက်ပျိုးရေးဦးစီးမှူး၊ ဌာနဆိုင်ရာများနှင့် ဒေသခံတောင်သူ ၅၀ ကျော်သည် စံကွက်ရိတ်သိမ်းခဲ့ရာ တစ်ဧက ၁၀၅ ဒသမ ၁၄ တင်း ထွက်ရှိကြောင်း သိရသည်။ **မြို့နယ်(ပြန်/ဆက်)**

## Global MBA စီးပွားရေးစီမံခန့်ခွဲမှုဆိုင်ရာမဟာဘွဲ့ အပတ်စဉ်-၅ သင်တန်းဖွင့်မည်

**မန္တလေး နိုဝင်ဘာ ၅**

မန္တလေးတိုင်းဒေသကြီး ကုန်သည်များနှင့် စက်မှုလုပ်ငန်းရှင်များအသင်း MRCCI နှင့် ထိုင်းနိုင်ငံ University of the Thai Chamber of Commerce (UTCC) တို့ ပူးပေါင်းဖွင့်လှစ်လျက်ရှိသည့် Global MBA သင်တန်း၏ အပတ်စဉ်-၅ သင်တန်းကို ၂၀၁၇ ခုနှစ် နှစ်ဆန်းပိုင်းတွင် ဖွင့်လှစ်သွားမည်ဖြစ်ကြောင်း သိရသည်။

သင်တန်းကာလမှာ နှစ်နှစ်ဖြစ်ပြီး သင်တန်းပြီးဆုံးပါက Global MBA စီးပွားရေးစီမံခန့်ခွဲမှုဆိုင်ရာမဟာဘွဲ့ကို ရရှိမည်ဖြစ်သည်။ သင်တန်းတက်ရောက်လိုသူများသည် ပညာအရည်အချင်း Bachelor ဘွဲ့နှင့် အင်္ဂလိပ်စာ ရေး၊ ဖတ်၊ ပြော၊ နားထောင်စွမ်းရည်ရှိရမည်ဖြစ်ကာ လျှောက်လွှာများကို နိုဝင်ဘာ ၁ ရက်မှ ဒီဇင်ဘာ ၂၃ ရက်အတွင်း မန္တလေးမြို့ (၇၈) လမ်း × (၃၄) လမ်းထောင့် ရတနာပုံ စူပါစင်တာ လေးလွှာ MRCCI officeသို့ လျှောက်ထား နိုင်ကြောင်း သိရသည်။ **(၀၀၂)**




## ဂျပန်ပစ္စည်းသီးသန့်ကုန်စည်ပြပွဲ ကျင်းပလျက်ရှိ

**ရန်ကုန် နိုဝင်ဘာ ၅**

မြန်မာနိုင်ငံဆိုင်ရာ ဂျပန်သံရုံးမှ ကြီးမှူးကျင်းပသော ဂျပန်ပစ္စည်းသီးသန့်ကုန်စည်ပြပွဲ (Japan Products Expo 2016)ကို နိုဝင်ဘာ ၄ ရက်မှ ၆ ရက်အထိ ရန်ကုန်မြို့ ဒဂုံမြို့နယ် ဦးဝိစာရလမ်းရှိ တပ်မတော်ခန်းမ၌ ခင်းကျင်းပြသလျက်ရှိရာ ဂျပန်ပစ္စည်းများ၊ ဂျပန်ရိုးရာ အစားအသောက်များ၊ ဂျပန်အလုပ်အကိုင် အေဂျင်စီများနှင့် ဂျပန်နိုင်ငံတွင် ပညာသင်ကြားလိုသူများအတွက် ပညာရေးဝန်ဆောင်မှု အေဂျင်စီများ ပါဝင်ပြသလျက်ရှိသည်။

ပြပွဲတွင် ဂျပန် ရိုးရာယဉ်ကျေးမှု၊ ဂျပန်သီချင်းဆိုပြိုင်ပွဲ၊ ဓာတ်ပုံပြိုင်ပွဲနှင့် ဂျပန်ကာတွန်း ဇာတ်ကောင်ပုံစံအတိုင်း ပြင်ဆင်ချယ်သဝတ်ဆင်သည့် Cosplay ပြိုင်ပွဲများ ပါဝင်သည်။

**(ခင်ဇာသွယ်)**

**လျှပ်စစ်သုံးလျှင် သတိယှဉ်**
**ဝန်အားမမျှ မသုံးရ**

ကြေးမုံ
နေ့စဉ်သတင်းစာ

စာတည်းမှူးချုပ် - ဦးခင်မောင်ကျော်ဒင်
စာတည်းများ - ဦးဝင်းနိုင်၊ ဦးစိုးစိုးနိုင်၊ ဦးစန်းအောင်
သတင်းထောက်မှူး - ဦးဌေးအောင်
ဘာသာပြန်စာတည်းများ - ဦးအောင်ထိန်၊ ဦးဇော်ဝင်း၊ အေးဝမ်းစိုး၊ အောင်ကျော်ကျော်
အနုပညာစာတည်း - ခင်ခင်သက်
အားကစားစာတည်း - မေလှိုင်သင်း
ဆောင်းပါးစာတည်း - စန္ဒာဝင်း
အကြီးတန်းသတင်းထောက်များ - ဟိန်းထက်လင်း၊ နိုင်လင်းကြည်၊ ဖြိုးစန္ဒာမြင့်၊ သီသီမင်း
အငယ်တန်းသတင်းထောက်များ - အောင်ကျော်ဦး၊ ခင်ဇာလီ၊ ခင်စုစုလှိုင်၊ အေးအေးမြင့်
ဓာတ်ပုံသတင်းထောက် - ခင်မောင်ဝင်း
အထူးသတင်းထောက် - ဆုနှင်းလှို

ပုံနှိပ်ခြင်းလုပ်ငန်းအမှတ်(၀၀၆၄၀)
ပုံနှိပ်ထုတ်ဝေခွင့်အမှတ်(၀၀၇၇၁)ဖြင့်
ကြေးမုံသတင်းစာတိုက်က ထုတ်ဝေသည်။

ကြေးမုံ Mirror
၁၉၅၇ ခုနှစ် တွင် စတင်တည်ထောင်သည်။

Gmail themirror.npt@gmail.com
www.facebook.com/themirrordaily

ပြည်တွင်းရေးရာ

# နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် ဂျပန်နိုင်ငံမှ ရန်ကုန်မြို့သို့ ပြန်လည်ရောက်ရှိ



**နေပြည်တော် နိုဝင်ဘာ ၅**

နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်သည် ယနေ့နံနက်ပိုင်းတွင် ဂျပန်နိုင်ငံ တိုကျိုမြို့မှ လေကြောင်းခရီးဖြင့် ပြန်လည်ထွက်ခွာရာ မြန်မာနိုင်ငံဆိုင်ရာ ဂျပန်သံအမတ်ကြီး မစ္စတာ တာတဲရှိ ဟိဂူချီ၊ ဂျပန်နိုင်ငံဆိုင်ရာ မြန်မာသံအမတ်ကြီး ဦးသူရိန်သန့်ဇင်နှင့်ဇနီး၊ စစ်သံမှူးဗိုလ်မှူးချုပ် စောမင်းနှင့်ဇနီး၊ ဂျပန်နိုင်ငံခြားရေးဝန်ကြီးဌာန သံတမန်ရေးရာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် Mr. Kaoru Shimazaki နှင့် တာဝန်ရှိသူများက နာရိတာ အပြည်ပြည်ဆိုင်ရာလေဆိပ်၌ ပို့ဆောင်နှုတ်ဆက်ကြသည်။

နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်နှင့်အဖွဲ့သည် ညနေပိုင်းတွင် ရန်ကုန်မြို့သို့ရောက်ရှိရာ ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ်၊ မြို့တော်ဝန်၊ ဂျပန်သံရုံးယာယီတာဝန်ခံနှင့် တာဝန်ရှိသူတို့က ရန်ကုန်အပြည်ပြည်ဆိုင်ရာ လေဆိပ်၌ ကြိုဆိုနှုတ်ဆက်ကြသည်။ **(သတင်းစဉ်)**

# (၅)နှစ်အတွင်း ဂျပန်ယန်းငွေ ဘီလီယံ ၈၀၀ဖြင့် ဝိုင်းဝန်းကြိုးပမ်း အကောင်အထည်ဖော်သွားမည်

**သတင်းကြေညာချက်**

၁။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံ၊ နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်သည် ဂျပန်နိုင်ငံဝန်ကြီးချုပ် မစ္စတာ ရှင်ဇိုအာဘေး၏ ဖိတ်ကြားချက်အရ ဂျပန်နိုင်ငံသို့ ၁-၁၁-၂၀၁၆ ရက်နေ့မှ ၅-၁၁-၂၀၁၆ ရက်နေ့အထိ တရားဝင်ချစ်ကြည်ရေးခရီး သွားရောက်ခဲ့ပါသည်။

၂။ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်သည် ၂-၁၁-၂၀၁၆ ရက် နံနက်ပိုင်းတွင် ဂျပန်နိုင်ငံရောက် မြန်မာနိုင်ငံသားများနှင့် တိုကျိုမြို့ရှိ Rihga Hotelတွင် တွေ့ဆုံခဲ့ရာ အဆိုပါအခမ်းအနားသို့ မြန်မာနိုင်ငံသား (၁၃၀၀)ခန့် တက်ရောက်ခဲ့ကြပါသည်။ အဆိုပါအခမ်းအနား၌ နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်မှ မိန့်ခွန်းပြောကြားခဲ့ရာတွင် ဂျပန်နိုင်ငံသို့ရောက်ရှိနေသော မြန်မာနိုင်ငံသား ကျောင်းသားများနှင့် လုပ်ငန်းရှင်များအနေဖြင့် မိမိတို့တတ်ကျွမ်းသည့် ပညာဖြင့် နိုင်ငံတော်ကို တတ်နိုင်သမျှပြန်လည်အကျိုးပြုသွားရန်၊ အခြားနိုင်ငံသားခံယူပြီးသူများအနေဖြင့်လည်း မိမိခိုလှုံသည့် နိုင်ငံအပေါ် သစ္စာစောင့်သိသွားရန်နှင့် တစ်ချိန်တည်းတွင် အမိနိုင်ငံတော်အပေါ်လည်း ကျေးဇူးမမေ့ကြရန် ထည့်သွင်းမှာကြားခဲ့ပါသည်။ ယင်းနောက် မြန်မာနိုင်ငံ၏ နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး၊ ယဉ်ကျေးမှု၊ ပညာရေးနှင့် ကောင်စစ်ရေးရာကိစ္စရပ်များနှင့် ပတ်သက်၍ မြန်မာနိုင်ငံသားများ၏ မေးမြန်းချက်များကို ပြန်လည်ဖြေကြားခဲ့ပါသည်။

၃။ ယင်းနေ့ နေ့လယ်ပိုင်းတွင် တိုကျိုမြို့၊ မြန်မာသံရုံးနှင့် မြန်မာစစ်သံ (ကြည်း၊ ရေ၊ လေ)ရုံးမှ ဝန်ထမ်းမိသားစုများအား တွေ့ဆုံနှုတ်ဆက်စကား ပြောကြားခဲ့ပြီး မြန်မာသံရုံးမှ တည်ခင်းသည့် နေ့လယ်စာစားပွဲသို့ တက်ရောက်ခဲ့ပါသည်။

၄။ ယင်းနေ့ညနေပိုင်းတွင် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်သည် ဂျပန်နိုင်ငံ၊ အကာစကာနိုင်ငံတော်ဧည့်ဂေဟာ၌ ဂုဏ်ပြုကြိုဆိုပွဲ အခမ်းအနားသို့ တက်ရောက်ခဲ့ပါသည်။ ထို့နောက် (၁၇း၅၀)နာရီအချိန်တွင် နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်သည် ဂျပန်နိုင်ငံဝန်ကြီးချုပ် မစ္စတာ ရှင်ဇိုအာဘေးနှင့် နှစ်နိုင်ငံဆွေးနွေးပွဲတစ်ရပ် ပြုလုပ်ခဲ့ပါသည်။ ထိုသို့တွေ့ဆုံရာတွင် နှစ်နိုင်ငံအကြား စီးပွားရေးပူးပေါင်းဆောင်ရွက်မှုမြှင့်တင်ရေး၊ ကာကွယ်ရေးကဏ္ဍတွင် ပူးပေါင်းဆောင်ရွက်ရေး၊ လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေးနှင့် နှစ်ဖက်လူငယ်များအကြား အပြန်အလှန်ဖလှယ်ရေးနှင့် မြန်မာနိုင်ငံ၏ အမျိုးသားပြန်လည်ရင်ကြားစေ့ရေးလုပ်ငန်းစဉ်များအပေါ် ဂျပန်နိုင်ငံမှ ကူညီပံ့ပိုးဆောင်ရွက်ရေးကိစ္စရပ်များအပါအဝင် နှစ်နိုင်ငံဆက်ဆံရေးနှင့် ဒေသတွင်းဆိုင်ရာကိစ္စရပ်များကို ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးခဲ့ကြပါသည်။

၅။ ဂျပန်ဝန်ကြီးချုပ်မှ မြန်မာနိုင်ငံ၏ အမျိုးသားရင်ကြားစေ့ရေးနှင့် ငြိမ်းချမ်းရေး ဖော်ဆောင်မှုလုပ်ငန်းစဉ်၊ စီးပွားရေးပူးပေါင်းဆောင်ရွက်ရေး၊ ဂျပန်နိုင်ငံမှ ပုဂ္ဂလိကကဏ္ဍရင်းနှီးမြှုပ်နှံမှု ပိုမိုလာရောက်ရေး၊ ပြည်သူများအကြား ချစ်ကြည်ရေးနှင့် အပြန်အလှန်ဖလှယ်မှုများမှတစ်ဆင့် လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေး၊ ဒီမိုကရေစီနိုင်ငံတော် တည်ဆောက်ရေးအစရှိသည့် ကဏ္ဍများတွင် ပံ့ပိုးကူညီဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ မြန်မာနိုင်ငံအစိုးရ၏ ဦးစားပေးလုပ်ငန်းစဉ်ဖြစ်သည့် အမျိုးသားပြန်လည်ရင်ကြားစေ့ရေးနှင့် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်ကို အထောက်အကူပြုရန် တိုင်းရင်းသားလူမျိုးများ နေထိုင်ရာဒေသများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် (၅)နှစ်အတွင်း ဂျပန်ယန်းငွေ (၄၀) ဘီလီယံ အကူအညီပေးသွားမည်ဖြစ်ကြောင်း ကြေညာခဲ့ပါသည်။

၆။ ဆက်လက်၍ မြန်မာနိုင်ငံ၏ စီးပွားရေးမူဝါဒနှင့်အညီအကောင်အထည်ဖော်ဆောင်ရွက်မည့် မြို့ပြနှင့်ကျေးလက် ဟန်ချက်ညီညီ ဖွံ့ဖြိုးတိုးတက်ရေးနှင့် တိုင်းရင်းသားဒေသများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် မြန်မာနိုင်ငံအစိုးရ၏ ကြိုးပမ်းဆောင်ရွက်မှုများကို အထောက်အကူပြုစေရန် "ဂျပန်-မြန်မာ ပူးပေါင်းဆောင်ရွက်ရေးစီမံကိန်း" (Japan-Myanmar Cooperation Programmes) ဖြင့် မြန်မာနိုင်ငံ၌ ဂျပန်နိုင်ငံအစိုးရ၏အထောက်အပံ့နှင့် ပုဂ္ဂလိကရင်းနှီးမြှုပ်နှံမှုများ ပူးပေါင်း၍ (၅)နှစ်အတွင်း ဂျပန်ယန်းငွေ ဘီလီယံ (၈၀၀)ပမာဏဖြင့် ဝိုင်းဝန်းကြိုးပမ်း အကောင်အထည်ဖော်သွားမည်ဖြစ်ကြောင်း ကြေညာခဲ့ပါသည်။

၇။ နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်က ဂျပန်နိုင်ငံအနေဖြင့် မြန်မာနိုင်ငံ၏ ငြိမ်းချမ်းရေး၊ ဒီမိုကရေစီရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးကြိုးပမ်းမှုများတွင် အစဉ်အဆက် အကူအညီများ ပေးအပ်ခဲ့သည့်အတွက် ဂျပန်နိုင်ငံအစိုးရနှင့်ပြည်သူများအား ကျေးဇူးတင်ရှိကြောင်း၊ ဂျပန်နိုင်ငံမှ အကူအညီပေးမည့် ငြိမ်းချမ်းရေးဖော်ဆောင်မှု အထောက်အပံ့များကို ပွင့်လင်းမြင်သာစွာဖြင့် ငြိမ်းချမ်းရေးရရှိမည့် လုပ်ငန်းများတွင် အသုံးပြုသွားမည်ဖြစ်ကြောင်း၊ နိုင်ငံတော်စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုအတွက် ဂျပန်အစိုးရထောက်ပံ့ငွေများပေးအပ်မှု၊ ပုဂ္ဂလိက ရင်းနှီးမြှုပ်နှံမှုပြင်ဆင်ရေးတွင် အကူအညီပေးမည့် လုပ်ငန်းများအတွက် ကျေးဇူးတင်ရှိကြောင်းနှင့် မြန်မာနိုင်ငံ၌ လိုအပ်လျက်ရှိသော လယ်ယာစိုက်ပျိုးရေး၊ လမ်းပန်းဆက်သွယ်ရေး၊ လျှပ်စစ်လုံလောက်စွာရရှိရေး၊ လူသားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေး အစရှိသောကဏ္ဍများတွင် ကူညီပေးစေလိုကြောင်း ပြန်လည်ပြောကြားခဲ့ပါသည်။

၈။ ဆက်လက်၍ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်သည် ဂျပန်နိုင်ငံဝန်ကြီးချုပ် မစ္စတာ ရှင်ဇိုအာဘေးနှင့်အတူ "မြန်မာနိုင်ငံနှင့် ဂျပန်နိုင်ငံအစိုးရတို့အကြား ဂျပန် ပြည်ပပူးပေါင်းဆောင်ရွက်မှု လုပ်အားပေးများ စေလွှတ်ရေးအစီအစဉ်အရ မြန်မာနိုင်ငံသို့ လုပ်အားပေးများ စေလွှတ်ရေးဆိုင်ရာစာချွန်လွှာ" လက်မှတ်ရေးထိုးပွဲအခမ်းအနားသို့ တက်ရောက်ခဲ့ပါသည်။ ယင်းနောက် ပူးတွဲသတင်းစာရှင်းလင်းပွဲကျင်းပခဲ့ပြီး နှစ်နိုင်ငံခေါင်းဆောင်များမှ ချစ်ကြည်ရေးခရီးစဉ်အတွင်း မြန်မာနိုင်ငံနှင့် ဂျပန်နိုင်ငံတို့အကြား ဆွေးနွေးသဘောတူညီချက်များနှင့် ပတ်သက်၍ ရှင်းလင်းပြောကြားခဲ့ကြပါသည်။ ယင်းနေ့ညနေပိုင်းတွင် နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်သည် ဂျပန်နိုင်ငံဝန်ကြီးချုပ် မစ္စတာ ရှင်ဇိုအာဘေးမှ အကာစကာနိုင်ငံတော်ဧည့်ဂေဟာ ကာချိုးခန်းမတွင် တည်ခင်းဧည့်ခံသည့် ဂုဏ်ပြုညစာစားပွဲသို့ တက်ရောက်ခဲ့ပါသည်။

၉။ ၃-၁၁-၂၀၁၆ ရက် နံနက်ပိုင်းတွင် နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်အား ဂျပန်နိုင်ငံခြားရေး ဝန်ကြီး မစ္စတာဖုမိအို ခိရှိဒါက Imperial Hotel ၌ လာရောက်တွေ့ဆုံ ဂါရဝပြုနှုတ်ဆက်ခဲ့ပါသည်။ ထိုသို့တွေ့ဆုံရာတွင် မြန်မာ-ဂျပန် နှစ်နိုင်ငံဆက်ဆံရေးနှင့် ပူးပေါင်းဆောင်ရွက်မှု မြှင့်တင်ရေး၊ ဒေသတွင်း လုံခြုံရေးနှင့်ဖွံ့ဖြိုးတိုးတက်ရေးအတွက် အရေးပါသော ဆက်လက်ချိတ်ဆက်မှုများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ပူးပေါင်းဆောင်ရွက်ရေး၊ အထူးသဖြင့် မဲခေါင်ဒေသတွင်းရှိနိုင်ငံများအကြား ဆက်လက်ချိတ်ဆက်မှုခိုင်မာရေးနှင့် ဒေသတွင်းဆိုင်ရာကိစ္စရပ်များ၌ နီးကပ်စွာပူးပေါင်းဆောင်ရွက်ရေးကိစ္စရပ်များကို ဆွေးနွေးခဲ့ကြပါသည်။ ထို့ပြင် နျူကလီးယားလက်နက်စမ်းသပ်ဖောက်ခွဲမှု အလုံးစုံတားဆီးပိတ်ပင်ရေးစာချုပ် (CTBT)ကို မြန်မာနိုင်ငံက အတည်ပြုလက်မှတ်ရေးထိုးခဲ့ခြင်းကို ဂျပန်နိုင်ငံက ကြိုဆိုခဲ့ပြီး ယင်းစာချုပ် အသက်ဝင်လာရေးအတွက် ပူးပေါင်းဆောင်ရွက်သွားရေးနှင့် ၂၀၁၇ ခုနှစ်တွင် မြန်မာနိုင်ငံမှ အိမ်ရှင်အဖြစ်လက်ခံကျင်းပမည့် အာရှ-ဥရောပဆွေးနွေးပွဲ နိုင်ငံခြားရေးဝန်ကြီးများ အစည်းအဝေးအောင်မြင်မှုရရှိရန် ပူးပေါင်းဆောင်ရွက်သွားရေးတို့အပေါ် အမြင်ချင်းဖလှယ်ခဲ့ကြပါသည်။

၁၀။ ယင်းနေ့မှာပင် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်သည် ကျိုတိုမြို့သို့ သွားရောက်ခဲ့ပြီး ကျိုတိုတက္ကသိုလ်မှ ဂုဏ်ထူးဆောင် ပါရဂူဘွဲ့ပေးအပ်သည့် အခမ်းအနားသို့ တက်ရောက်ကာ ဂုဏ်ထူးဆောင်ပါရဂူဘွဲ့ကို လက်ခံရယူခဲ့ပါသည်။ ထို့နောက် ယင်းတက္ကသိုလ်မှ ကျောင်းသား ကျောင်းသူ အချို့နှင့် တွေ့ဆုံဆွေးနွေးမှုများ ပြုလုပ်ခဲ့ပါသည်။ ယင်းနေ့ညပိုင်းတွင် နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်သည် ကျိုတိုခရိုင် အုပ်ချုပ်ရေးမှူး၊ ကျိုတိုမြို့တော်ဝန်နှင့် ကျိုတိုမြို့ ကုန်သည်ကြီးများနှင့် စက်မှုလုပ်ငန်းရှင်များအသင်း ဥက္ကဋ္ဌတို့မှ ကျိုတိုနိုင်ငံတော်ဧည့်ဂေဟာ၌ တည်ခင်းဧည့်ခံသည့် ဂုဏ်ပြုညစာစားပွဲသို့ တက်ရောက်ခဲ့ပါသည်။

၁၁။ ၄-၁၁-၂၀၁၆ ရက် နံနက်ပိုင်းတွင် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်သည် ဂျပန်ဧကရာဇ် အာကီဟီတိုနှင့်မိဖုရားမီချိကိုတို့အား တိုကျိုမြို့ရှိ ဂျပန်ဘုရင့်နန်းတော်၌ သွားရောက်တွေ့ဆုံခဲ့ပါသည်။

၁၂။ ယင်းနေ့တွင်ပင် နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်သည် ဂျပန်စီးပွားရေးလုပ်ငန်းရှင်များအဖွဲ့နှင့် ဂျပန်ကုန်သည်ကြီးများနှင့် စက်မှုလုပ်ငန်းရှင်များအသင်းတို့မှ တည်ခင်းဧည့်ခံသည့် အလုပ်သဘော နေ့လယ်စာစားပွဲ၌ မိန့်ခွန်းပြောကြားခဲ့ပြီး ဂျပန်နိုင်ငံ ပုဂ္ဂလိကကဏ္ဍမှ စီးပွားရေးလုပ်ငန်းရှင်များအား တာဝန်ယူမှုရှိသော ရင်းနှီးမြှုပ်နှံမှုများကို မြန်မာနိုင်ငံသို့ လာရောက်ရင်းနှီးမြှုပ်နှံကြရန် ဖိတ်ခေါ်ခဲ့ပါသည်။ ထို့နောက် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်သည် ဂျပန်အမျိုးသားသတင်းထောက်များအသင်း၌ ပြုလုပ်သည့် သတင်းစာရှင်းလင်းပွဲသို့ တက်ရောက်၍ သတင်းမီဒီယာများနှင့် တွေ့ဆုံခဲ့ပါသည်။

၁၃။ ယင်းနေ့ ညနေပိုင်းတွင် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်သည် ဂျပန်အစိုးရအဖွဲ့ အတွင်းရေးမှူးချုပ် မစ္စတာယိုရှီဟိဒဲစူးဂါးမှ နိုင်ငံတော်ဧည့်ဂေဟာ၌ တည်ခင်းဧည့်ခံသည့် ဂုဏ်ပြုညစာစားပွဲသို့ တက်ရောက်ခဲ့ပါသည်။ အဆိုပါ ညစာစားပွဲတွင် မစ္စတာစူးဂါးမှ နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်၏ ဂျပန်နိုင်ငံခရီးစဉ်သည် မြန်မာ-ဂျပန် နှစ်နိုင်ငံအကြား အကျိုးရလဒ်များစွာ ဖြစ်ထွန်းစေသည့် ခရီးစဉ်ဖြစ်သည့်အတွက် ဝမ်းမြောက်ပါကြောင်း၊ ခရီးစဉ်၌ အဓိကအကျိုးရလဒ် (၃)ခုရှိပါကြောင်း၊ ပထမအချက်မှာ ဂျပန်နိုင်ငံအနေဖြင့် မြန်မာနိုင်ငံအစိုးရသစ်အား အကူအညီပေးရန် ကတိကဝတ်များပြုနိုင်ခဲ့ခြင်း ဖြစ်ပါကြောင်း၊ ဒုတိယအချက်မှာ ဝန်ကြီးချုပ် မစ္စတာအာဘေးနှင့် နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်တို့အကြား အနာဂတ်မျိုးဆက်သစ်များ ကူးလူးဆက်ဆံမှုမြှင့်တင်ရေးကို အကောင်အထည်ဖော်ရန် အမြင်ချင်းဖလှယ်နိုင်ခဲ့ခြင်းဖြစ်ပါကြောင်း၊ တတိယအချက်မှာ နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်ကိုယ်တိုင် ဂျပန်နိုင်ငံမှလုပ်ငန်းရှင်များအား မြန်မာနိုင်ငံသို့ လာရောက်ရင်းနှီးမြှုပ်နှံကြရန် ဖိတ်ခေါ်နိုင်ခဲ့ခြင်းဖြစ်ပါကြောင်းနှင့် ခေါင်းဆောင်နှစ်ဦးတွေ့ဆုံစဉ် ရရှိခဲ့သည့် သဘောတူညီချက်များကို အမြန်ဆုံးအကောင်အထည်ဖော်သွားနိုင်ရေးအတွက် ၎င်းအနေဖြင့် ပူးပေါင်းဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ပြောကြားခဲ့ပါသည်။

၁၄။ နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်သည် ၅-၁၁-၂၀၁၆ ရက်နေ့ (၁၁း၀၀) နာရီအချိန်တွင် တိုကျိုမြို့ နာရိတာလေဆိပ်မှ ပြန်လည်ထွက်ခွာလာရာ ဒေသစံတော်ချိန် (၁၆း၀၀) နာရီ အချိန်တွင် ရန်ကုန်မြို့သို့ ပြန်လည်ရောက်ရှိခဲ့ပါသည်။ ။

**နိုင်ငံခြားရေးဝန်ကြီးဌာန**
**နေပြည်တော်**
**၂၀၁၆ ခုနှစ်၊ နိုဝင်ဘာလ ၅ ရက်။**

# ဂျကာတာမြို့ အုပ်ချုပ်ရေးမှူးအား အစ္စလာမ်ဘာသာဝင်များ ကျေနပ်မှုမရှိကြောင်း ဆန္ဒထုတ်ဖော်



**ဂျကာတာ နိုဝင်ဘာ ၅**

အင်ဒိုနီးရှားနိုင်ငံ မြို့တော် ဂျကာတာ၏ ခရစ်ယာန်ဘာသာဝင်အုပ်ချုပ်ရေးမှူးက ကိုရမ်ကျမ်းစာနှင့်ပတ်သက်ပြီး ၎င်း၏မိန့်ခွန်းထဲတွင် စော်ကားခဲ့ခြင်းအတွက် အစ္စလာမ်ဘာသာဝင်များက ကျေနပ်မှုမရှိသည့်အတွက် ဆန္ဒထုတ်ဖော်ခဲ့ကြကြောင်း သတင်းများအရ သိရသည်။

အဆိုပါဆန္ဒထုတ်ဖော်သူများက ဂျကာတာမြို့လယ်ရှိ ဒေသန္တရအစိုးရ အဖွဲ့ရုံးအဆောက်အအုံအရှေ့ဘက်အပါအဝင် မြို့တော်၏နေရာအနှံ့အပြားတွင် စီတန်းလှည့်လည်ကာ ဆန္ဒထုတ်ဖော်လျက်ရှိသည်။ ပါဝင်ဆန္ဒထုတ်ဖော်သူအရေအတွက်မှာ ၅၀၀၀၀ ခန့်ရှိကြောင်း လုံခြုံရေးအရာရှိများက ဆိုသည်။

ဆန္ဒထုတ်ဖော်သူများက ဂျကာတာမြို့ အုပ်ချုပ်ရေးမှူး ဘာဆုကီတစ်ဂျ်ဟာဂျပါနာမာ အား ကိုရမ်ကျမ်းစာကို စော်ကားပြောဆိုခဲ့ခြင်းအတွက် ပြစ်ဒဏ်ချမှတ်ခြင်းခံယူရန် တောင်းဆိုခဲ့ကြသည်။

နိုဝင်ဘာ ၅ ရက်တွင် လုံခြုံရေးအရာရှိများက ဆန္ဒထုတ်ဖော်သူများအား လူစုခွဲရန်ရည်ရွယ်ချက်ဖြင့် မျက်ရည်ယိုဗုံးများ အသုံးပြုခဲ့သည့်အတွက် ဆန္ဒထုတ်ဖော်သူများနှင့် ရဲအရာရှိများအကြား အဓိကရုဏ်းဖြစ်ပွားခဲ့သည်။ ဆန္ဒထုတ်ဖော်သူများက ရဲအရာရှိများ၏ မော်တော်ယာဉ်များကို မီးရှို့ဖျက်ဆီးခဲ့ကြကြောင်းနှင့် အဓိကရုဏ်းဖြစ်ပွားမှုကြောင့် ရဲအရာရှိသုံးဦး ထိခိုက်ဒဏ်ရာများရရှိခဲ့ကြောင်း ရဲတပ်ဖွဲ့က ဆိုသည်။

၂၀၁၇ ခုနှစ် ဖေဖော်ဝါရီလအတွင်း ကျင်းပမည့် အုပ်ချုပ်ရေးမှူးရွေးကောက်ပွဲအတွက် မဲဆွယ်စည်းရုံးရေးကာလအတွင်း အုပ်ချုပ်ရေးမှူး ဘာဆုကီတစ်ဂျ်ဟာဂျပါနာမာက ၎င်း၏ ဒုတိယသက်တမ်းအတွက် မဲဆွယ်စည်းရုံးရေးမိန့်ခွန်းတွင် ၎င်း၏ ပြိုင်ဘက်များသည် သူတို့အား ထောက်ခံပေးမည့်ပြည်သူများကို လိမ်လည်လှည့်ဖြားရန် ကိုရမ်ကျမ်းစာမှ စာပိုဒ်တစ်ပိုဒ်ကိုသုံးပြီး မဲဆွယ်စည်းရုံးရေးလုပ်ဆောင်နေကြသည်ဟု ပြောကြားခဲ့သည်။

အဆိုပါအရေးကိစ္စကြောင့် မြို့တော်ဂျကာတာရှိ စီးပွားရေးလုပ်ငန်းလည်ပတ်မှုယန္တရား ရပ်ဆိုင်းခဲ့ရသည်။ ယင်းကိစ္စနှင့်ပတ်သက်ပြီး အင်ဒိုနီးရှားအစိုးရက နောက်ထပ်ဆန္ဒထုတ်ဖော်သူများ ပိုမိုများပြားလာမည်ကို စိုးရိမ်ကာ လုံခြုံရေးတပ်ဖွဲ့များကို တပ်လှန့်ထားကြောင်း သိရသည်။

**အင်န်အိတ်ချ်ကေ။**

# ဆီးရီးယားမြောက်ပိုင်းရှိ အိုင်အက်စ်ပစ်မှတ် ၇၁ ခုကို တိုက်ခိုက်ခဲ့ဟု တူရကီစစ်ဘက်ပြောကြား

**အန်ကာရာ နိုဝင်ဘာ ၅**

ဆီးရီးယားနိုင်ငံ မြောက်ပိုင်းရှိ အစ္စလာမ္မစ်နိုင်ငံထူထောင်ရေးအဖွဲ့ (အိုင်အက်စ်)တို့၏ ပစ်မှတ် ၇၁ ခုကို လွန်ခဲ့သော ၂၄ နာရီအတွင်းက တိုက်ခိုက်ခဲ့ကြောင်း တူရကီစစ်ဘက်က နိုဝင်ဘာ ၅ ရက်တွင် ပြောကြားသည်။ တူရကီနိုင်ငံ အရှေ့တောင်ပိုင်းတွင် ဖြစ်ပွားခဲ့သော ဗုံးပေါက်ကွဲမှုမှာ ၎င်းတို့လက်ချက်ဖြစ်ကြောင်း အိုင်အက်စ်အဖွဲ့က ကြေညာခဲ့စဉ်တွင် တူရကီတပ်ဖွဲ့များက စစ်သွေးကြွများအား အပြင်းအထန်တိုက်ခိုက်ခဲ့ခြင်းဖြစ်သည်။



တိုက်ခိုက်မှုများအတွင်း အိုင်အက်စ်စစ်သွေးကြွ ငါးဦးသေဆုံးပြီး တူရကီက ထောက်ခံသည့် သူပုန်တပ်ဖွဲ့မှ ငါးဦးနှင့် တူရကီစစ်သားတစ်ဦးလည်း သေဆုံးကြောင်း တူရကီစစ်ဘက်မှထုတ်ပြန်သော ကြေညာချက်တွင် ဖော်ပြသည်။

မဟာမိတ် ညွန့်ပေါင်းနိုင်ငံများတပ်ဖွဲ့က အိုင်အက်စ်စစ်သွေးကြွများအား လေကြောင်းမှ စီးနင်းတိုက်ခိုက်မှု ငါးကြိမ်ပြုလုပ်ခဲ့ရာ စစ်သွေးကြွ ရှစ်ဦးသေဆုံးသည်ဟု တူရကီစစ်ဘက်၏ ကြေညာချက်တွင် ဖော်ပြသည်။

တူရကီနိုင်ငံတောင်ပိုင်း ဆီးရီးယားနယ်စပ်အတွင်းမှ အိုင်အက်စ်စစ်သွေးကြွများအား ရှင်းလင်းရေးအတွက် တူရကီက ဆီးရီးယားနိုင်ငံ မြောက်ပိုင်းမှ ဆီးရီးယားအာရပ်နှင့် တာ့ခ်မင်သူပုန်အဖွဲ့များအား ထောက်ပံ့ကူညီမှုများပေးကာ ယူဖရေးတီးဒိုင်း အမည်ရှိစစ်ဆင်ရေးကိုဆောင်ရွက်နေသည်။

တူရကီနိုင်ငံ အရှေ့တောင်ပိုင်း ဒိုင်ဟာဘာကီရာမြို့တွင် နိုဝင်ဘာ ၄ ရက်က ဖြစ်ပွားခဲ့သော ဗုံးပေါက်ကွဲမှုမှာ ၎င်းတို့တွင် တာဝန်ရှိကြောင်း သဘောထားတင်းမာသည့် ဆွန်နီစစ်သွေးကြွများက ကြေညာခဲ့သည်။ ယင်းဗုံးပေါက်ကွဲမှုကြောင့် လူကိုးဦးသေဆုံးပြီး ၁၀၀ ကျော် ဒဏ်ရာရခဲ့သည်။

**ဆင်ဟွာ။**

# ဂူဂျရတ်ပြည်နယ်တွင် ယာဉ်နှစ်စီး ခေါင်းချင်းဆိုင်တိုက် လူ ၁၄ ဦးထက်မနည်း သေဆုံးပြီး သုံးဦး ဒဏ်ရာရ

**နယူးဒေလီ နိုဝင်ဘာ ၅**

အိန္ဒိယနိုင်ငံအနောက်ပိုင်း ဂူဂျရတ်ပြည်နယ်တွင် နိုဝင်ဘာ ၄ ရက်က ဟိန္ဒူဘာသာဝင် ဘုရားဖူးများ စီးနင်းလိုက်ပါလာသည့် မီနီဘတ်စ်တစ်စီးနှင့် ကုန်တင်မော်တော်ယာဉ်တစ်စီးတို့ ခေါင်းချင်းဆိုင်တိုက်မှုဖြစ်ပွားရာ လူ ၁၄ ဦးထက်မနည်းသေဆုံးပြီး သုံးဦးထိခိုက်ဒဏ်ရာရရှိခဲ့ကြောင်း ယင်းပြည်နယ်မှ တာဝန်ရှိသူက ပြောကြားသည်။

ဂူဂျရတ်ပြည်နယ် မြို့တော် ဂန်ဟီနာဂါ တောင်ဘက် ၂၆ ကီလိုမီတာအကွာရှိ အမီဒါဘတ်ခရိုင် ဘဲလ်သီရာရွာအနီး၌ နိုဝင်ဘာ ၄ ရက် ညပိုင်းတွင် ၎င်းယာဉ်တိုက်မှုဖြစ်ပွားခဲ့ခြင်းဖြစ်သည်။ ကုန်တင်ယာဉ်နှင့် တိုက်မိသော မီနီဘတ်စ်မှာ ဂူဂျရတ်ပြည်နယ် ဘုရားဖူးခရီးသွားဒေသဖြစ်သည့် ပန်ချာမာဟဲလ်ခရိုင်မှပြန်လာသည့် ဟိန္ဒူဘာသာဝင် ဘုရားဖူးခရီးသည်များအား တင်ဆောင်လာခြင်းဖြစ်ကြောင်း ပြည်နယ်အစိုးရတာဝန်ရှိသူက ပြောကြားသည်။ ခရီးသည်တင်ယာဉ်အား တိုက်ခဲ့သော ကုန်တင်ယာဉ်မောင်းမှာ ၎င်းမောင်းနှင်သည့် ယာဉ်နှင့်အတူ အခင်းဖြစ်နေရာမှ ထွက်ပြေးလွတ်မြောက်သွားကြောင်း သတင်းတွင်ဖော်ပြသည်။

အိန္ဒိယနိုင်ငံတွင် ကုန်နှင့်လူများကို မော်တော်ယာဉ်များပေါ်သို့ အဆမတန်တင်ဆောင်ခြင်း၊ ကားလမ်းများ၏ အရည်အသွေးပြည့်မီကောင်းမွန်မှုမရှိခြင်းနှင့် ယာဉ်များကို မဆင်မခြင်မောင်းနှင်ခြင်းများကြောင့် လူအသေအပျောက်များသော လမ်းပေါ်ယာဉ်မတော်တဆဖြစ်မှုများ မကြာခဏဖြစ်ပွားလျက်ရှိသည်။

အိန္ဒိယ ကုန်းလမ်းပို့ဆောင်ရေးဝန်ကြီးဌာနက နောက်ဆုံးထုတ်ပြန်သည့် အစီရင်ခံစာအရ ၂၀၁၅ ခုနှစ်တွင် အိန္ဒိယနိုင်ငံတစ်ဝန်းလုံး၌ ဖြစ်ပွားခဲ့သော ယာဉ်မတော်တဆဖြစ်ရပ်များကြောင့် လူပေါင်း ၁၄၆၁၃၃ ဦး သေဆုံးပြီး ၅၀၁၄၂၃ ဦး ထိခိုက်ဒဏ်ရာရခဲ့သည်ဟုဆိုသည်။

**ဆင်ဟွာ။**



# ရွေးကောက်ပွဲ နောက်ဆုံးရက်မတိုင်မီ အကြမ်းဖက်မှုများ ဖြစ်လာနိုင်ကြောင်း FBI သတိပေး

**နယူးယောက် နိုဝင်ဘာ ၅**

အမေရိကန်နိုင်ငံ၏ နောက်ဆုံးရွေးကောက်ပွဲနေ့မတိုင်မီတွင် အယ်လ်ခိုင်ဒါအဖွဲ့က အကြမ်းဖက်တိုက်ခိုက်မှုများ ပြုလုပ်လာနိုင်ကြောင်း အမေရိကန်ပြည်ထောင်စု စုံစမ်းရေးဗျူရိုမှ တာဝန်ရှိသူများက နယူးယောက်မြို့တော် အာဏာပိုင်များထံ နိုဝင်ဘာ ၅ ရက်က သတိပေးပြောကြားလိုက်သည်။

ထို့ပြင် နယူးယောက်မြို့တော် ရဲဌာနနှင့် နယူးယောက်နှင့် နယူးဂျာစီပြည်နယ်ရှိ ဆိပ်ကမ်းအာဏာပိုင်များသို့လည်း အထက်ပါသတင်းကို ပေးပို့ခဲ့ကြောင်း သိရသည်။ နယူးယောက်မြို့တော် ဆိပ်ကမ်းအာဏာပိုင်အဖွဲ့မှ ပြောရေးဆိုခွင့်ရှိသူ စတိစ်ကိုမန်က ပြောကြားရာတွင် ဆိပ်ကမ်းများနှင့် သယ်ယူပို့ဆောင်ရေးဆိုင်ရာ အဆောက်အအုံများအား လုံခြုံမှုရှိစေရန် ကင်းလှည့်မှုများကို တိုးမြှင့်ဆောင်ရွက်နေကြောင်း ပြောကြားသည်။

ထို့ပြင် နယူးယောက်ရဲဌာနကလည်း အမေရိကန်ပြည်ထောင်စု စုံစမ်းရေးဗျူရိုနှင့် လက်တွဲပြီး အဆိုပါသတင်းနှင့်ပတ်သက်သည့် အချက်များကို စုံစမ်းနေကြောင်း ပြောကြားခဲ့သည်။ ဝါရှင်တန်တွင်ရှိသော အမေရိကန်အစိုးရ၏ သတင်းရပ်ကွက်က ဖော်ပြရာတွင် ရွေးကောက်ပွဲနီးလာသည်နှင့်အမျှ အမေရိကန်ပြည်ထောင်စုအနေဖြင့် အယ်လ်ခိုင်ဒါအဖွဲ့ လုပ်ဆောင်လာနိုင်မည့် တိုက်ခိုက်မှုများနှင့် ပတ်သက်သည့် သတင်းအချက်အလက်များကို စုဆောင်းလျက်ရှိကြောင်း သိရသည်။

**(ဒေးလီးမေးလ်)**

❑





## တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ဥရောပသမဂ္ဂကာကွယ်ရေးဦးစီးချုပ်များ၏ စစ်ဘက်ဆိုင်ရာ ကော်မတီအစည်းအဝေးတက်ရောက်ရန် ထွက်ခွာ

**နေပြည်တော် နိုဝင်ဘာ ၅**
ဥရောပသမဂ္ဂစစ်ဘက်ဆိုင်ရာကော်မတီဥက္ကဋ္ဌ Gen. Mikihail Kostarakos ၏ ဖိတ်ကြားချက်အရ ဘယ်လ်ဂျီယံနိုင်ငံ ဘရပ်ဆဲလ်မြို့၌ ကျင်းပမည့် ဥရောပသမဂ္ဂကာကွယ်ရေးဦးစီးချုပ်များ၏ စစ်ဘက်ဆိုင်ရာ ကော်မတီအစည်းအဝေး (European Union Military Committee-EUMC Meeting)သို့ တက်ရောက်ရန် တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်သည် ယနေ့ညပိုင်းတွင် ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်မှ ထွက်ခွာသွားသည်။

တပ်မတော်ကာကွယ်ရေးဦးစီးချုပ်သည် ခရီးစဉ်အတွင်း ဥရောပသမဂ္ဂကာကွယ်ရေးဦးစီးချုပ်များ၏ စစ်ဘက်ဆိုင်ရာကော်မတီအစည်းအဝေး တက်ရောက်ခြင်း၊ ဥရောပသမဂ္ဂဆိုင်ရာအကြီးအကဲများ၊ ဥရောပနိုင်ငံအလိုက် ကာကွယ်ရေးဦးစီးချုပ်များနှင့် တွေ့ဆုံဆွေးနွေးခြင်းများ ဆောင်ရွက်ပြီး ဘယ်လ်ဂျီယံနိုင်ငံအတွင်းရှိ အထင်ကရနေရာများအား လှည့်လည်ကြည့်ရှုလေ့လာသွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။ **(မြဝတီ)**

**လျှပ်စစ်သုံးလျှင် သတိယှဉ်**
**ဝန်အားမမျှ မသုံးရ**

## မြန်မာနိုင်ငံစားသောက်ဆိုင်များ ဖွံ့ဖြိုးတိုးတက်ရေးဆွေးနွေး

**ရန်ကုန် နိုဝင်ဘာ ၅**
မြန်မာနိုင်ငံစားသောက်ဆိုင်လုပ်ငန်းရှင်များအသင်းဥက္ကဋ္ဌ ဦးနေလင်း၊ အထွေထွေအတွင်းရေးမှူး ဒေါက်တာနေဇော်အောင်၊ ဗဟိုအလုပ်အမှုဆောင်ကော်မတီအဖွဲ့ဝင်များနှင့် Unilever Food Solution Myanmar မှ တာဝန်ရှိသူများနှင့် ရန်ကုန်မြို့ ဗဟန်းမြို့နယ် ဦးထောင်ဘိုလမ်းမကြီး ကန်တော်ကြီးအတွင်းရှိ Signature Garden Bistor ၌ နိုဝင်ဘာ ၃ ရက် ညနေ ၆ နာရီက တွေ့ဆုံကြပြီး မြန်မာနိုင်ငံစားသောက်ဆိုင်လုပ်ငန်းရှင်များအသင်းကြီး၏ ရှေ့လုပ်ငန်းစဉ်များ၊ မြန်မာနိုင်ငံစားသောက်ဆိုင်များ၏ ဖွံ့ဖြိုးတိုးတက်ရေးအတွက် တစ်ဖက်တစ်လမ်းမှ ပံ့ပိုးကူညီပေးရေးကိစ္စများနှင့်ပတ်သက်၍ အဖွဲ့အစည်းနှစ်ခုကြား နားလည်မှုတည်ဆောက်၍ အပြန်အလှန် အကူအညီပေးနိုင်ရေးကိစ္စရပ်များနှင့်စပ်လျဉ်း၍ တွေ့ဆုံဆွေးနွေးကြကြောင်း သိရသည်။
**(ကြေးမုံ)**



## ပန်းချီ၊ ကာတွန်းနှင့် သရုပ်ဖော်ပိုစတာပြိုင်ပွဲကျင်းပ

**ရန်ကုန် နိုဝင်ဘာ ၅**
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီက ကြီးမှူးကျင်းပသည့် "အဆင့်မြင့်မြို့တော်တည်ဆောက်ဖို့ စည်းကမ်းကိုယ်စီ လိုက်နာစို့" ခေါင်းစဉ်ဖြင့် ပန်းချီ၊ ကာတွန်းနှင့် သရုပ်ဖော်ပိုစတာပြိုင်ပွဲ (၂၀၁၆) လက်တွေ့ပြိုင်ပွဲကို နိုဝင်ဘာ ၅ ရက်နှင့် ၆ ရက်တို့တွင် လသာမြို့နယ် အမှတ်(၂) အခြေခံပညာအထက်တန်းကျောင်း မြည်းလာခန်းမ၌ကျင်းပရာ ရန်ကုန်မြို့တော်ဝန် ဦးမောင်မောင်စိုး တက်ရောက်၍ ကြည့်ရှုအားပေးသည်။

လက်တွေ့ပြိုင်ပွဲ ကျင်းပရာသို့ ရန်ကုန်မြို့တော်ဝန်၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီဝင်များနှင့် ဌာနမှူးများတက်ရောက်ကြပြီး ရန်ကုန်မြို့တော်ဝန်က ပန်းချီ၊ ကာတွန်း၊ သရုပ်ဖော်ပညာရှင်များအား ရင်းရင်းနှီးနှီးတွေ့ဆုံနှုတ်ဆက်ကာ ကျောင်းအုပ်ဆရာမကြီး ရုံးခန်းမ၌ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ တွဲဖက်အတွင်းရေးမှူး ဦးသန်းက ကျောင်းအထွေထွေလုပ်ငန်းအသုံးပြုရန်အတွက် ငွေကျပ်သုံးသိန်းကို ကျောင်းအုပ်ဆရာမကြီး ဒေါက်တာဒေါ်သီဂီကျော်ထံ ပေးအပ်လှူဒါန်းသည်။



ထို့နောက် ရန်ကုန်မြို့တော်ဝန်နှင့်အဖွဲ့သည် ပန်းချီလက်တွေ့ရေးဆွဲနေသော မြည်းလာခန်းမအတွင်း လိုက်လံကြည့်ရှုအားပေးခဲ့သည်။ ယနေ့နံနက်ပိုင်းတွင် ပန်းချီလက်တွေ့ပြိုင်ပွဲနှင့် မွန်းလွဲပိုင်းတွင် ကာတွန်းလက်တွေ့ပြိုင်ပွဲတို့ကို ကျင်းပပြီး နိုဝင်ဘာ ၆ ရက်တွင် သရုပ်ဖော်ပိုစတာလက်တွေ့ပြိုင်ပွဲကို ဆက်လက်ကျင်းပပေးမည်ဖြစ်ကြောင်း သိရသည်။

ယနေ့ ပန်းချီလက်တွေ့ပြိုင်ပွဲတွင် မူလတန်းအဆင့် ၁၄၃ ဦး၊ အလယ်တန်းအဆင့် ၁၇၃ ဦး၊ အထက်တန်းအဆင့် ၆၆ ဦး စုစုပေါင်း ၃၈၂ ဦးတို့ ဝင်ရောက်ယှဉ်ပြိုင်ကြသည်။ မွန်းလွဲပိုင်း ကာတွန်းလက်တွေ့ပြိုင်ပွဲတွင် မူလတန်း ၇၈ ဦး၊ အလယ်တန်း ၈၇ ဦး၊ အထက်တန်း ၃၂ ဦး စုစုပေါင်း ၁၉၇ ဦး ဝင်ရောက်ယှဉ်ပြိုင်ကြရာ ပန်းချီလက်တွေ့ပြိုင်ပွဲနှင့် ကာတွန်းလက်တွေ့ပြိုင်ပွဲ ကဏ္ဍနှစ်ရပ်တွင် စုစုပေါင်း ကျောင်းသား ကျောင်းသူ ၅၇၉ ဦး ဝင်ရောက်ယှဉ်ပြိုင်ကြကြောင်း သိရသည်။

**(စောသိန်းဝင်း)**

## စက်တင်ဘာလအတွင်း လောက်ကိုင်မြို့၌ ဗုံးပေါက်ကွဲခဲ့မှုနှင့်ပတ်သက်သည့် သံသယရှိသူများအား ဖမ်းဆီးရမိ

**နေပြည်တော် နိုဝင်ဘာ ၅**
ရှမ်းပြည်နယ်(မြောက်ပိုင်း) လောက်ကိုင်မြို့ ရပ်ကွက်(၁) ဖုမင်လမ်းတွင် စက်တင်ဘာ ၂၃ ရက် ညနေ ၃ နာရီခွဲခန့်က မော်တော်ယာဉ်နှစ်စီးပေါ်၌ ဗုံးပေါက်ကွဲမှု ဖြစ်ပွားခဲ့ပြီး ဒေသခံပြည်သူနှစ်ဦး ထိခိုက်ဒဏ်ရာရရှိသည့်ဖြစ်စဉ် ဖြစ်ပွားခဲ့သည်။

အဆိုပါပေါက်ကွဲမှုဖြစ်စဉ်နှင့် ပတ်သက်သည့် သတင်းအရ နိုဝင်ဘာ ၃ ရက် ညနေ ၅ နာရီခွဲခန့်က ရန်လုံကျိုင်းစစ်ဆေးရေးဂိတ်အနီး၌ တပ်မတော်သားများနှင့် မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့က စစ်ဆေးရှာဖွေရာ သံသယရှိသူ ကျန်ကျားကျယ်(ခ) ကျော်ရင်(ဘ)ဦးကျော်ထယ်ချန်အား ဖမ်းဆီးရမိခဲ့ပြီး စစ်ဆေးဖော်ထုတ်ချက်အရ ညနေ ၆ နာရီခွဲခန့်တွင် လောက်ကိုင်မြို့ ရှင်ဖုတံတားအနီး ဆောက်လုပ်ဆဲနေအိမ်၌ သံသယရှိသည့် လီကော်ကျွမ်း(ခ)လောက်ကျွင်း(ဘ)ဦးလီဝှာထင်၊ ဝမ်လောက်ဖူး(ဘ)ဦးဝမ်စန်း၊ လွမ်းဟောင်(ခ)ကွေ့ပေါက်(ဘ)ဦးတောင်လွမ်းတို့အား လည်းကောင်း၊ ည ၇ နာရီ ၁၅ မိနစ်ခန့်တွင် လောက်ကိုင်မြို့ အမှတ်(၁)ရပ်ကွက် ကော်တုံ (၂) လမ်းရှိ နေအိမ်အတွင်းမှ သံသယရှိသည့် ရန်ကျားဗှာ(ခ)ရန်အဲ(ဘ) ဦးရန်ကျိန်းဖူးနှင့် လီကျိန်ကျင်း(ခ)လောက်ကျွင်း(ဘ)ဦးလီလောက်မျင်တို့အား ထပ်မံဖမ်းဆီးရမိခဲ့သည်။



၎င်းတို့၏ ထွက်ဆိုချက်များအရ ကျန်ကျားကျယ်သည် ကားဗုံးဖောက်ခွဲမှုဖြစ်စဉ်တွင် လက်လုပ်ဗုံးအား တပ်ဆင်ခဲ့ပြီး လီကော်ကျွမ်း(ခ)ရှောင်လီသည် ဗုံးအား ကား၏အနောက်ခန်းတွင်ထားရှိခဲ့သူဖြစ်ကြောင်း၊ ရန်ကျားဗှာ(ခ)ရန်အဲမှာ ကားဗုံးအား ဖောက်ခွဲခဲ့သူများဖြစ်ကြောင်း သိရသည်။

ဖောက်ခွဲမှုကိုစီစဉ်သူမှာ လောက်ကိုင်မြို့ အမှတ်(၁) ရပ်ကွက်နေ ကွမ်းတုံဆိုသူဖြစ်ပြီး နောက်ကွယ်မှ အမိန့်ပေးခိုင်းသူမှာ မိုင်းလားမြို့နေ ရန်ကွယ်ချန် ဆိုသူဖြစ်ကြောင်းနှင့် ကွမ်းတုံမှာ ထွက်ပြေးတိမ်းရှောင်လျက်ရှိကြောင်း သိရသည်။

အဆိုပါဖမ်းဆီးရမိသည့် သံသယရှိသူ ခြောက်ဦးအား လောက်ကိုင်မြို့ မြို့မရဲစခန်းသို့ စနစ်တကျလွှဲပြောင်းပေးအပ်ပြီး ပါဝင်ပတ်သက်သူများ ထပ်မံဖမ်းဆီးရမိရေး စစ်ဆေးဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ **(မြဝတီ)**

## မီးလောင်လျှင်

(၁) ထွက်မပြေးပါနှင့်၊ စိတ်ကို တည်တည်ငြိမ်ငြိမ်ထားပါ။
(၂) ကျိတ်မငြိမ်းပါနှင့်၊ ပတ်ဝန်းကျင်သို့ အကူအညီတောင်းပါ။
(၃) နီးစပ်ရာ မီးသတ်စခန်းသို့ အမြန်ဆုံးအကြောင်းကြားပါ။
(၄) ဝိုင်းဝန်း၍ ကြိုးစားငြိမ်းသတ်ပါ။
(၅) မီးသတ်တပ်ဖွဲ့နှင့် ပြည်သူများ အချိန်မီ ပူးပေါင်းငြိမ်းသတ်နိုင်လျှင် မီးလောင်မှုကြီးမဖြစ်နိုင်ပါ။

မီးသတ်ဦးစီးဌာန

# နည်းနည်းလေးတော့ လွဲနေတယ်

## မောင်ယာဉ်ထိန်း(နေပြည်တော်)

သတ္တလောကကြီးတွင် ဂိမာန်ရာသီ၊ ဝသန်ရာသီ၊ ဟေမန္တရာသီဟူသော သုံးရာသီ ရာသီစက်ဝန်းကြီးသည် တရွေ့ရွေ့ လည်ပတ်လျက်ရှိရာ နွေရာသီ၊ မိုးရာသီ၊ ဆောင်းရာသီဟူသော ဥတုသုံးမျိုးလုံးတွင် သူ့ရာသီနှင့်သူ့အလှ၊ သူ့သဘာဝတို့ ရှိကြပါသည်။ ကျွန်တော်တို့ မြန်မာနိုင်ငံတွင် ၁၂လရာသီတစ်ခွင်လုံး ပွဲတော်များ အသီးသီးရှိကြပြီး ထင်ရှားသည့် ပွဲတော်များမှာ တန်ခူးလ (သင်္ကြန်ပွဲတော်)၊ ကဆုန်လ (ညောင်ရေသွန်းပွဲတော်)၊ ဝါဆိုလပြည့် (ဓမ္မစကြာအခါတော်နေ့)၊ သီတင်းကျွတ်လပြည့် (အဘိဓမ္မာအခါတော်နေ့)၊ တန်ဆောင်မုန်းလပြည့်(တန်ဆောင်တိုင်ပွဲတော်)များသည် ဘာသာရေးဆိုင်ရာ နေ့ထူးနေ့မြတ်ပွဲတော်များ ဖြစ်ကြပါသည်။

**ပျော်ပွဲရွှင်ပွဲသဘော သွားလာနေကြ**

ထိုကဲ့သို့သော ဘာသာရေးဆိုင်ရာနေ့ထူးနေ့မြတ်ပွဲတော်ရက်များတွင် ကျွန်တော်တို့ ဗုဒ္ဓဘာသာဝင်များကဲ့သို့ အခြားဘာသာဝင်အချို့လည်း ပါဝင်ဆင်နွှဲနေကြသည်ကို တွေ့မြင်ကြရပါသည်။ တန်ခိုးကြီးစေတီပုထိုး ကျောင်းကန်ဘုရားများနှင့် အများပြည်သူဆိုင်ရာပန်းခြံ၊ တိရစ္ဆာန်ဥယျာဉ် စသည့်နေရာများတွင် တစ်ဦးချင်းမှသည် မိသားစုအလိုက်၊ မိတ်ဆွေအပေါင်းအသင်းများ၊ အသင်းအဖွဲ့များစသည်ဖြင့် ပုံသဏ္ဌာန်အမျိုးမျိုးနှင့် သွားလာနေကြသော်လည်း အမှန်တကယ် ဘုရားတရားကို ကြည်ညိုသဒ္ဓါတရားထက်သန်ပြီး ကုသိုလ်ရေးရည်မှန်းချက်ဖြင့် သွားလာနေကြသည့်သူက အနည်းအကျဉ်းသာရှိပြီး အများစုဟာ ဘာသာရေးကို အကြောင်းပြခုတုံးလုပ်ကာ ပျော်ပွဲရွှင်ပွဲသဘောဖြင့် သွားလာနေကြသည်ကို တွေ့ရမည်ဖြစ်ပါသည်။

**ပိုမိုသောက်စားမူးယစ်ပျော်ပါး**

ထိုသို့သွားလာကြရာတွင် မော်တော်ယာဉ်၊ မော်တော်ဆိုင်ကယ်နှင့် အခြားယာဉ်များ အသုံးပြု၍ ပုံစံအမျိုးမျိုး၊ အရွယ်မျိုးစုံ၊ ဘာသာမျိုးစုံ၊ လူမျိုးပေါင်းစုံမှ ပျော်ပွဲရွှင်ပွဲသဖွယ် သွားလာလျက်ရှိပါသည်။ ဒီလို ဘာသာရေးပွဲတော်များမှာ စိတ်မကောင်းစရာ အကျည်းတန် အရုပ်ဆိုးစေသည်က အခါကြီးရက်ကြီးကိုမှရွေးပြီး



၂၀၁၅ ခုနှစ် သီတင်းကျွတ်ပွဲတော်ကာလအတွင်း ဖြစ်ပွားသော ပုဗ္ဗသီရိမြို့နယ် ကျည်တောင်ကန်နယ်မြေ၌ အခင်းဖြစ်မှတ်တမ်းဓာတ်ပုံ။

အချို့လူငယ်၊ လူရွယ် အများစုဟာ မူးယစ်ဆေးဝါးနှင့် အရက်သေစာများကို သာမန်နေ့များထက် ပိုမိုသောက်စား မူးယစ်ပျော်ပါးနေကြခြင်းပဲဖြစ်ပါသည်။

**တလွဲအယူအဆများ**

အရက်သောက်စားတတ်သူ ဗုဒ္ဓဘာသာမြန်မာလူမျိုးအချို့ရဲ့ တလွဲအယူအဆများကတော့ အရက်ကို ဝါတွင်းကာလမှာ ဖြတ်သလိုလို၊ မြတ်စွာဘုရားကိုပဲ လှူထားသလိုလိုနှင့် စောင့်ထိန်းနေကြပြီး ဝါကျွတ်ပြီဆိုသည်နှင့် ဝါတွင်းကာလက စောင့်ထိန်းခဲ့သည့် သုရာမေရိယကံကို အတိုးရောအရင်းပါ ဆပ်သည့်အနေဖြင့် အရက်ကို အတိုးချသောက်စားမူးယစ်နေကြခြင်းပဲဖြစ်ပါသည်။ ဗုဒ္ဓဘာသာ မြန်မာလူမျိုးများ၏ အထွတ်အမြတ်ထားရာ နေ့ကြီးရက်မြတ်များတွင် ဘာသာရေးကို ခုတုံးလုပ်ပြီး အကျည်းတန်အရုပ်ဆိုးစေသည့် အရက်သေစာသောက်စားမူးယစ်ပြီး **"အပျော်အပါးမှသည် အပျက်ဘက်သို့"** ပြောင်းကာ မလိုလားအပ်သည့် ရာဇဝတ်မှုများ ဒွန်တွဲ ဖြစ်ပေါ်လာသည်ကိုလည်း တွေ့ရမည်ဖြစ်ပါသည်။

**ပျော်လို့မဆုံး ပြီးလို့မှမဝသေးခင်**

ပိုမိုဆိုးရွားလာတာကတော့ အများသူငှာ ကောင်းမှုကုသိုလ်များ ပြုလုပ်နေချိန်၊ အေးချမ်းသာယာ ပျော်ရွှင်နေချိန်တွင် အရက်သေစာသောက်စားမူးယစ်ပြီး မော်တော်ယာဉ်၊ မော်တော်ဆိုင်ကယ်များကို အပျော်လွန်စီးနင်းမောင်းနှင်သွားလာနေကြသည့်အတွက် ဆေးရုံရောက်သည့် သူကရောက်၊ ရုံး/ရဲစခန်း(အချုပ်ခန်း) ရောက်သည့်သူက ရောက်ကြရပြီး **"ပျော်လို့မဆုံး ပြီးလို့မှမဝသေးခင်"** အခါကြီးရက်ကြီးများမှာ ကုသိုလ်မရဘဲ ပူဆွေးသောက ရောက်နေကြရသူများ မိမိပတ်ဝန်းကျင်မှာ တွေ့မြင်ကြားသိနေကြရမည် ဖြစ်ပါသည်။

**စုစုပေါင်း ၂၉၆ မှု**

၂၀၁၅ ခုနှစ်အတွင်း ယာဉ်မတော်တဆမှုများအနက် တန်ခူးလ (သင်္ကြန်ပွဲတော်)တွင် ၁၅၁မှု၊ ကဆုန်လပြည့်နေ့ (ညောင်ရေသွန်းပွဲတော်)တွင် ၅၉မှု၊ ဝါဆိုလပြည့် (ဓမ္မစကြာအခါတော်နေ့)တွင် ၅၈ မှု၊ သီတင်းကျွတ်လပြည့် (အဘိဓမ္မာအခါတော်နေ့)တွင် ၅၈ မှု၊ တန်ဆောင်မုန်းလပြည့် (တန်ဆောင်တိုင်ပွဲတော်)တွင် ၆၂မှု စုစုပေါင်း ၃၈၈ မှုဖြစ်ပွားခဲ့ပြီး ဒဏ်ရာရသူ ၆၉၀၊ သေဆုံးသူ ၈၉ဦး ရှိခဲ့ပါသည်။ ၂၀၁၆ ခုနှစ်အတွင်း ယာဉ်မတော်တဆမှုများအနက် တန်ခူးလ (သင်္ကြန်ပွဲတော်)တွင် ၁၃၆ မှု၊ ကဆုန်လပြည့်နေ့ (ညောင်ရေသွန်းပွဲတော်)တွင် ၄၇ မှု၊ ဝါဆိုလပြည့် (ဓမ္မစကြာအခါတော်နေ့) တွင် ၅၈မှု၊ သီတင်းကျွတ်လပြည့် (အဘိဓမ္မာအခါတော်နေ့)တွင် ၅၅ မှု စုစုပေါင်း ၂၉၆မှုဖြစ်ပွားခဲ့ပြီး ဒဏ်ရာရရှိသူ ၆၂၀၊ သေဆုံးသူ ၈၆ဦး ဖြစ်ပါသည်။ ယာဉ်ထိန်းရဲတပ်ဖွဲ့၊ ရဲစခန်းနှင့် ဆေးရုံများ မသိလိုက်ဘဲ မြို့နယ်၊ ရပ်ကွက်၊ ကျေးရွာများမှာ အချင်းချင်း ပြေလည်သွားကြသည့် ယာဉ်မတော်တဆမှုများရှိနိုင်သဖြင့် မြေပြင်တွင် ယခုထက် ပိုမိုဖြစ်ပွားနိုင်သည်ဟု သုံးသပ်ထင်မြင်မိပါသည်။

**နည်းနည်းလေးတော့လွဲနေ**

အဆိုပါ ယာဉ်မတော်တဆဖြစ်စဉ်များကို ကြည့်ပါက လူငယ်လူရွယ်များအဖြစ်များပြီး မော်တော်ဆိုင်ကယ်နှင့် ဖြစ်ပွားသည့် ယာဉ်မတော်တဆမှုများ များပြားနေသည်ကို တွေ့ရမည်ဖြစ်ပါသည်။ အဲဒီလို လူငယ်၊ လူရွယ်များမှာ မိဘအုပ်ထိန်းသူများ မရှိကြတော့ဘူးလား။ ဆွေမျိုးသားချင်းများ မရှိကြတော့ဘူးလား။ မပြောကြ၊ မဆိုကြ၊ မဆုံးမကြတော့ဘူးလား။ ဒီတိုင်းပဲ လက်ပိုက်ကြည့်နေကြတော့မှာလား။ ဖြစ်လာရင် တာဝန်ရှိသူများကိုလည်း လက်ညှိုးထိုးနေကြတော့မှာလား။ ကာယကံရှင်ကိုယ်တိုင်ကရော ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းကို လိုက်နာဖို့ တာဝန်မရှိဘူးလား စသည်ဖြင့် **"နည်းနည်းလေးတော့ လွဲနေတယ်"**လို့ ထင်မြင်မိပါသည်။ ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းဆိုတာ တာဝန်ရှိသူက ဖမ်းမှာကြောက်လို့၊ အရေးယူမှာ ကြောက်လို့၊ ဒဏ်ငွေဆောင်ရမှာ ကြောက်လို့ ဟန်ဆောင်လိုက်နာတာထက် မိမိ၏ ခန္ဓာကိုယ် ထိခိုက်ကျိုးပဲ့ပြီး အသက်သေဆုံးမှာကို ကြောက်သည့် အသိစိတ်၊ မိမိစည်းကမ်းမဲ့မှုကြောင့် မိမိရော တခြားလမ်း အသုံးပြုသူတွေကိုပါ ထိခိုက်နစ်နာစေလိမ့်မည်ဆိုသည့် အသိစိတ်ဖြင့် လိုက်နာရမည်ဖြစ်ပါသည်။

**လက်ဆင့်ကမ်းသယ်ဆောင်**

မြန်မာတို့၏ ပွဲတော်များသည် မြန်မာတို့၏ စံ၊ မြန်မာ့ဟန်၊ မြန်မာ့အလှ၊ မြန်မာ့ဓလေ့၊ မြန်မာ့ကျက်သရေများပင် ဖြစ်ပါသည်။ ရိုးရာဓလေ့ကို ချစ်မြတ်နိုးသူတိုင်း ပွဲတော်ကို အေးချမ်းစွာ ဆင်နွှဲကြရပါမည်။ ပွဲတော်၏ ရိုးရာအမွေအနှစ်များကို လက်ဆင့်ကမ်းသယ်ဆောင်ရမည့် လူငယ်များအနေဖြင့် ကောင်းမှုကိုဆောင်ပြီး ဆိုးမှုကို ရှောင်ကြဉ်ကြရပါမည်။ မိမိတို့၏ မသင့်တော်သည့် အပြုအမူကြောင့် ပွဲတော်ပြုလုပ်ရသည့် ရည်ရွယ်ချက်များ မပျက်သုဉ်းစေသင့်ပါ။ ပွဲတော်ကာလတွင် အပျော်လွန်ကြူးပြီး အရက်သောက်စားခြင်း၊ မူးယစ်ဆေးဝါးသုံးစွဲခြင်း၊ ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း ချိုးဖောက်သွားလာခြင်း၊ ဆိုင်ကယ်ကို ပါဝါအိတ်ဇောတပ်ပြီး အသံကျယ်လောင်စွာဖြင့် စီးနင်းသွားလာခြင်း၊ ဆိုင်ကယ်စီးဦးထုပ်မဆောင်းဘဲ နှစ်ဦးထက်ပိုမိုစီးနင်းသွားလာခြင်း၊ ဆိုင်ကယ်ကို စတန့်ထွင်စီးနင်းခြင်း၊ အပြိုင်မောင်းနှင်ခြင်း၊ လူငယ်များအုပ်စုဖွဲ့ပြီး ခိုက်ရန်ဖြစ်ပွားခြင်းစသည့် အကျင့်စရိုက်များမှာ ဆိုးရွားလှပြီး နိုင်ငံကြီးသားပီသသည့်လုပ်ရပ်များလည်း မဟုတ်ပါ။ မျိုးဆက်သစ်လူငယ်များအနေဖြင့် ပွဲတော်ကာလများအတွင်း အပျော်လွန်ကြူးပြီး ထိုသို့ပြုလုပ်ရမည်ဟု အမှတ်မှားနေခြင်းမှာ ဝမ်းနည်းဖွယ်ရာ ဖြစ်ပါသည်။

**လွန်လွန်ကဲကဲ အပျော်ကြူးခြင်း**

မိမိတို့ထက် ငယ်ရွယ်သူ ကလေးသူငယ်များကို အတုခိုးမမှားစေလိုပါ။ ပျော်ရွှင်သည်ကို မတားမြစ်ပါ။ ပျော်တတ်ဖို့တော့ လိုပါသည်။လွန်လွန်ကဲကဲ အပျော်ကြူးခြင်းသည် မိမိကိုရော အခြားသူများကိုပါ ထိခိုက်နစ်နာစေမည် ဖြစ်ပါသည်။ အပျော်မဟုတ်တော့ဘဲ အပျက်တွေဖြစ်လာပါလိမ့်မည်။ ဒါကြောင့်မို့ မကြာမီ ရောက်လာတော့မည့် တန်ဆောင်မုန်းလပြည့်နေ့ (တန်ဆောင်တိုင်ပွဲတော်)နှင့် အခြားလစဉ် ဘာသာရေး၊ ကုသိုလ်ရေးနှင့် အခြားပျော်ပွဲရွှင်ပွဲ နေ့ထူးနေ့မြတ်များတွင်လည်း အများသူငါကုသိုလ်ယူနေချိန်၊ အေးချမ်းသာယာပျော်ရွှင်နေချိန်မှာ စေတီပုထိုး၊ ဘုရားကျောင်းကန်သွားပြီး ပန်း၊ ရေချမ်း၊ ဆီမီး၊ ဥပုသ် သီတင်းသီလဆောက်တည်ကာ ကုသိုလ်ယူကြမှာလား၊ ဘာသာရေးကိုခုတုံးလုပ်ပြီး အကျည်းတန် အရုပ်ဆိုးစေတဲ့ အရက်သေစာသောက်စားမူးယစ်ပြီး"အပျော်အပါးမှသည် အပျက်လုပ်ကြမှာလား၊ အပျော်အပျက်နဲ့ နှာခေါင်းသွေးမထွက်ကြဖို့" စေတနာမေတ္တာကရုဏာ ရှေ့ထားပြီး နှိုးဆော်အသိပေး တင်ပြလိုက်ရပါသည်။ ။

> **မြန်မာတို့၏ ပွဲတော်များသည် မြန်မာတို့၏ စံ၊ မြန်မာ့ဟန်၊ မြန်မာ့အလှ၊ မြန်မာ့ဓလေ့၊ မြန်မာ့ကျက်သရေများပင် ဖြစ်ပါသည်။ ရိုးရာဓလေ့ကို ချစ်မြတ်နိုးသူတိုင်း ပွဲတော်ကို အေးချမ်းစွာ ဆင်နွှဲကြရပါမည်။ ပွဲတော်၏ ရိုးရာအမွေအနှစ်များကို လက်ဆင့်ကမ်း သယ်ဆောင်ရမည့် လူငယ်များအနေဖြင့် ကောင်းမှုကိုဆောင်ပြီး ဆိုးမှုကို ရှောင်ကြဉ်ကြရပါမည်။ မိမိတို့၏ မသင့်တော်သည့် အပြုအမူကြောင့် ပွဲတော်ပြုလုပ်ရသည့် ရည်ရွယ်ချက်များ မပျက်သုဉ်းစေသင့်ပါ။**

# တောင်သူများထုတ်လုပ်မှုသက်သာစေရန်အတွက် နိုဝင်ဘာလအတွင်း စပါးများကို ယာယီအစီအစဉ်ဖြင့် ပြည်ပသို့တင်ပို့ခွင့်ပြု

**နေပြည်တော် နိုဝင်ဘာ ၅**

ကုန်သွယ်မှု လျော့နည်းရသည့် အကြောင်းရင်း၊ ကုန်သွယ်မှုတိုးမြှင့်ရေးအတွက် တရားမဝင် ကုန်သွယ်မှု တားဆီးရမည့် အခြေအနေနှင့် ပတ်သက်၍ ရှင်းလင်းဆွေးနွေးပွဲကို နိုဝင်ဘာ ၂ ရက် မွန်းလွဲ ၁ နာရီက နေပြည်တော် ဟိုတယ်ဇုန်ရှိ Hilton Hotel ၌ ကျင်းပရာ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာ သန်းမြင့် တက်ရောက်အမှာစကား ပြောကြားသည်။

ပြည်ထောင်စုဝန်ကြီးက ပြောကြားရာတွင် နယ်စပ်ကုန်သွယ်ရေးလမ်းကြောင်းများမှနေ၍ တရားမဝင် သွင်းကုန်များကို ပိုမိုတင်သွင်းလာကြခြင်းနှင့် ပြည်တွင်းမှအဖိုးတန်ထွက်ကုန်များကို ပိုမိုတင်ပို့နေကြခြင်းများကို တားဆီးထိန်းချုပ်အရေးယူရန် စီမံဆောင်ရွက်ထားခြင်းရှိ၊ မရှိ ကြယ်ပွင့်ပြ မေးခွန်းမေးမြန်းချက်နှင့် ပတ်သက်၍ ဒုတိယအကြိမ်အမျိုးသားလွှတ်တော်ဒုတိယပုံမှန်အစည်းအဝေးတွင် ဖြေကြားခဲ့ပြီးဖြစ်ကြောင်း၊ တရားမဝင် ကုန်သွယ်မှုများအား ထိရောက်စွာ တားဆီးနိုင်ရေးအတွက် သက်ဆိုင်ရာပြည်နယ်အစိုးရများနှင့် ညှိနှိုင်းပေါင်းစပ်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း၊ အဖွဲ့အစည်းများ၊ ကုန်သည်လုပ်ငန်းရှင်များအပိုင်းမှလည်း တာဝန်ယူမှု၊ တာဝန်ခံမှု၊ တာဝန်သိမှုတို့ဖြင့် ပူးပေါင်းပါဝင်ဆောင်ရွက်ကြရန်၊ ယခုနှစ် မိုးစပါးပေါ်ချိန်တွင် စပါးဈေးနှုန်းများ ကျဆင်းနေမှုနှင့် စပ်လျဉ်းပြီး မိမိဦးဆောင်ပြီး သက်ဆိုင်ရာဆန်စပါးအသင်းအဖွဲ့များ၊ ပြည်ပသို့ဆန်အများဆုံး တင်ပို့သည့် ကုမ္ပဏီများနှင့် တွေ့ဆုံဆွေးနွေးခဲ့ပါကြောင်း၊ တောင်သူများ ထုတ်လုပ်မှုစရိတ် ကာမိစေရေးအတွက် နိုဝင်ဘာလအတွင်း စပါးများကို ပြည်ပသို့ ယာယီအစီအစဉ်ဖြင့် တင်ပို့ခွင့်ပြုပေးသွားမည်ဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် တက်ရောက်လာကြသော ပြည်နယ်နှင့် တိုင်းဒေသကြီး အစိုးရအဖွဲ့၊ အဖွဲ့ဝင် စီမံ/စီးပွားဝန်ကြီးများက မိမိတို့ဒေသအတွင်း ကုန်စည်စီးဆင်းနေမှုနှင့် တွေ့ကြုံနေရသည့် အခက်အခဲများ၊ ကုန်သွယ်မှုလုပ်ငန်းများတွင် ပါဝင်လုပ်ဆောင်အကောင်အထည်ဖော်ဆောင်နေမှုတို့ကို ရှင်းလင်းတင်ပြကာ ပြည်ထောင်စုဝန်ကြီးက သက်ဆိုင်ရာဌာနများနှင့် ညှိနှိုင်းပေါင်းစပ်ပေးခဲ့ကြောင်း သိရသည်။

(ကြေးမုံ)

# ကလေးများကို ငယ်စဉ်ကတည်းက စာအုပ်စာပေများ စီစဉ်ဆောင်ရွက်ပေးမည်ဆိုပါက အသက်အရွယ်ရလာသည်နှင့်အမျှ ပညာပြည့်စုံလာ



**နေပြည်တော် နိုဝင်ဘာ ၅**
မိဘများ၊ ဆရာများအနေဖြင့် ကျောင်းသင်ခန်းစာအပြင် အထူးရိုက်နှိပ်ထားသည့် စာပေများဖတ်ပြီး ကလေးများကို အသိများပေးစေချင်ပါကြောင်း ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေမြင့်က ပြောကြားသည်။

ပြန်ကြားရေးဝန်ကြီးဌာနမှ စီစဉ်သည့် ကလေးစာပေပွဲတော် ကလေးစာပေပြပွဲနှင့် စာအုပ်ဈေးရောင်းပွဲကို ယနေ့နံနက်ပိုင်းမှစတင်၍ မြန်မာအပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်းဗဟိုဌာန - ၂ ၌ ကျင်းပစဉ် ပြည်ထောင်စုဝန်ကြီးက ထိုကဲ့သို့ ပြောကြားလိုက်ခြင်း ဖြစ်သည်။

**အသိဉာဏ်ပညာ**

ပြည်ထောင်စုဝန်ကြီးက ကလေးများအတွက် ပျော်စရာရွှင်စရာ အစီအစဉ်မျိုးစုံကို တတ်နိုင်သမျှ စုံလင်စွာစီစဉ်ပေးထားပါကြောင်း၊ ယနေ့ပွဲတော်ကိုလာသည့်အခါ ကလေးများ ပျော်ရွှင်သွားရန်မှာ ပထမဆုံး ရည်ရွယ်ချက်ဖြစ်ပါကြောင်း၊ ကလေးများအတွက် ပျော်ရွှင်စရာ အမှတ်တရနေ့ရက်တစ်ခုဖြစ်သွားစေချင်ပါကြောင်း၊ ပျော်ရွှင်ရင်းနှင့် တစ်ချိန်တည်းမှာပင် ပြသထားသည့် ပြကွက်များ ကြည့်ရှုရင်း အသိဉာဏ်တစ်စုံတစ်ရာ တိုးသွားလိမ့်မည်ဟု ယုံကြည်ပါကြောင်း၊ ထို့ပြင် ပျော်ရွှင်မှုနှင့်အတူ အသိဉာဏ်ပညာ တစ်စုံတစ်ရာ တိုးသွားရန် ရည်ရွယ်ပါကြောင်း။

ကလေးစာပေပွဲတော်နာမည်နှင့် စာပေပွဲတစ်ခုကို ယခုနှစ် စောစောပိုင်း ဇန်နဝါရီလထဲတွင် ရန်ကုန်မြို့၌ ကျင်းပပါကြောင်း၊ ရန်ကုန်မြို့တွင် ထိုအချိန်က စာရေးဆရာ မိမိနှင့်မိတ်ဆွေများဖြစ်သည့် စာရေးဆရာ၊ ကဗျာဆရာများ၊ စာအုပ်ထုတ်ဝေသူများ၊ စာအုပ်လုပ်ငန်းသမားများ၊ စာကြည့်တိုက်ပညာရှင်များ၊ စာအုပ်စာပေကိစ္စတွင် စိတ်ဝင်စားသည့် ပုဂ္ဂိုလ်များနှင့် အတူတွဲပြီး မိမိတို့ ကလေးစာပေပွဲတော်ကို ရန်ကုန်တွင်ကျင်းပပါကြောင်း။

**ပျော်ရွှင်ဖွယ်ရာ**

နေ့ခင်းပိုင်းတွင် စာတမ်းဖတ်ပွဲ၊ ဆွေးနွေးပွဲ၊ စာအုပ်ရောင်းပွဲ၊ ကလေးများအတွက် ပျော်ရွှင်ဖွယ်ရာအစီအစဉ်မျိုးစုံဖြင့် ကျင်းပပါကြောင်း၊ ရန်ကုန်တွင် သုံးရက်လုံးလုံး တိုးမပေါက်အောင် စည်ကားခဲ့ပါကြောင်း၊ ထိုပွဲတော်မျိုးကို မိမိတို့ နေပြည်တော်တွင် ကျင်းပချင်သော်လည်း ရန်ကုန်နှင့် နေပြည်တော်ပတ်ဝန်းကျင်အနေအထား၊ လူနေထိုင်မှုချင်း ကွာခြားသောကြောင့် နေပြည်တော်တွင် ရန်ကုန်နှင့် တစ်ထပ်တည်း တူညီစွာမလုပ်နိုင်ပါကြောင်း၊ နေပြည်တော်၏ အခြေအနေနှင့် သင့်တင့်လျောက်ပတ်စွာ ဆောင်ရွက်ရပါကြောင်း ပြောကြားသည်။

ရန်ကုန်၌ စာပေပွဲတော်ကို ကျင်းပခဲ့ရာတွင် ယခုကဲ့သို့ မည်သူမဆို တက်ရောက်နိုင်သည့်အတွက် စာသင်ကျောင်းများနှင့် အရပ်ထဲမှ ကလေးငယ်များစွာလာကြပါကြောင်း၊ နေပြည်တော်တွင် ပညာရေးဝန်ကြီးဌာနလက်အောက်ရှိ ကျောင်းများနှင့် ပြင်ပပုဂ္ဂလိကကျောင်းများ၊ ဆရာ၊ ဆရာမများနှင့် ကလေးများကို ယခုပွဲတွင် ပါဝင်ဆင်နွှဲပေးရန် မိမိတို့ ဖိတ်ခေါ်ခဲ့ပါကြောင်း၊ ကလေးငယ်များစွာ တက်ရောက်လာကြသည်ကို တွေ့ရသည့်အတွက် အားလုံးကို ကျေးဇူးတင်ပါကြောင်း။

**လိုက်ဖက်သည့်စာ**

ယခုပွဲတော်တွင် စာအုပ်စာတမ်းတော်တော်များများ ခင်းကျင်းထားသည်ကို တွေ့ရမည်ဖြစ်ပါကြောင်း၊ ကလေးသူငယ်များ၏ အသက်အရွယ်မျိုးစုံနှင့်လိုက်ဖက်သည့်စာအုပ်များ၊ မြန်မာဘာသာ၊ အင်္ဂလိပ်ဘာသာ စာအုပ်များကို အစုံတွေ့ရမည်ဖြစ်ပါကြောင်း၊ ကလေးတစ်ယောက်အနေဖြင့် စာအုပ်တစ်အုပ်ကို အဖုံးတွင်ပါသည့် သရုပ်ဖော်ပုံကြောင့်ဖြစ်စေ၊ စာအုပ်အမည်ကြောင့်ဖြစ်စေ၊ စိတ်ဝင်စား၍ ဖတ်ကြည့်ပြီး စာအုပ်ထဲတွင်လည်း သူစိတ်ဝင်စားသည့် အကြောင်းအရာတွေ့သွားပါက စာအုပ်ကိုကြောက်တော့မည် မဟုတ်ပါကြောင်း။

**အတွေ့အကြုံများ**

ထိုသို့စာဖတ်ရင်းဖြင့် အသိပညာကြွယ်ဝသည့် ကလေးများဖြစ်လာမည်ဖြစ်ပါကြောင်း၊ စာဖတ်ခြင်းသည် အသိပညာ ဗဟုသုတများကို ပြည့်ဝစေပါကြောင်း၊ ကလေးများ၏ နှလုံးသားသည် အင်မတန်နူနယ်၊ နူးညံ့သိမ်မွေ့ပါကြောင်း၊ ထို့ပြင် ကလေးများ၏ နှလုံးသားသည် ထိလွယ်၊ ရှလွယ်၊ ခံစားလွယ်ပါကြောင်း၊ ထို့ကြောင့် ငယ်ငယ်ရွယ်ရွယ်တွင် ဖတ်လိုက်သည့် စာများသည် အသက်ကြီးလာသည်အထိ စွဲစွဲလမ်းလမ်း ဖြစ်သွားပါကြောင်း၊ အသက်ကြီးလာသည့်အခါ အတွေ့အကြုံများ မျိုးစုံရလာသည့်အတွက် နှလုံးသားက ထူထဲကြမ်းတမ်းလာပါကြောင်း၊ တော်ရုံတန်ရုံလည်း မထိမရှ၊ မခံစားတော့ပါကြောင်း။

ကလေးများအတွက် ရေးထားသည့်စာပေများကို ကြည့်လိုက်ပါက မကောင်းသည့် အရာများ သိပ်မပါပါကြောင်း၊ ကလေးများ၏ စိတ်ကောင်းနှလုံးကောင်းကို ပေးသည့်စာပေများ များပါကြောင်း၊ တရားခြင်း၊ မတရားခြင်း စသည်ဖြင့် ခွဲခွဲခြားခြား ပြတ်ပြတ်သားသား ပြသည့် စာများပါကြောင်း၊ ကလေးများကို စာပေများမှတစ်ဆင့် သင်ခန်းစာများ ပေး၍ရပါကြောင်း။

**ပုံပြင်ကပေးသည်**

ဥပမာ အီစွတ်ပုံပြင်များဆိုသည့် စာအုပ်ကို မှတ်မိကြမည်ဖြစ်ပါကြောင်း၊ ယင်းစာအုပ်ကို ပြန်ဖတ်ကြည့်လိုက်ပါက ပုံပြင် ၁၀၀ တွင် ၉၀ ခန့်မှာ စာမျက်နှာတစ်ဝက် လောက်သာရှိပါကြောင်း၊ စပျစ်သီးတွဲကြီးကို မြေခွေးက ခုန်ပြီး စားဖို့ကြိုးစားမှု၊ မမှီသည့်အခါ ဒီအသီးက ချဉ်သည်ဆိုပြီး ထွက်သွားသည့်အကြောင်း၊ ပုံပြင်ကပေးသည်မှာ တချို့လူများသည် ထိုစပျစ်သီးဆိုသည့်အရာကို သူမရသည့်အခါ မကောင်းပြောပါလားဆိုသည့်အတွေး တွေးမိပါကြောင်း၊ ယုန်နှင့်လိပ် အပြေးပြိုင်သည့် ပုံပြင်ဆိုလျှင် ယုန်က ဘဝင်မြင့်ပြီးအိပ်နေခြင်းကြောင့် လိပ်ကိုရှုံးသွားကြောင်း၊ လိပ်က ဝီရိယကောင်းသည့်အတွက် နိုင်သွားကြောင်း ခေါင်းထဲတွင် အသိဉာဏ်ရလာပါကြောင်း။

**စာကောင်းပေကောင်းများ**

ကလေးစာပေတွင် ပုံပြင်များက အဓိပ္ပာယ်၊ အသိလေးများ ပေးခြင်းဖြစ်ပါကြောင်း၊ ကလေးများ စာဖတ်လာပြီး ကလေးစာပေများ ပိုမိုထွန်းကားလာပါက ကလေးစာကောင်းပေကောင်းများ ရေးသည့်လူများလည်း ပေါ်လာမည်ဖြစ်ပါကြောင်း၊ ကလေးများသည် ရှေးကရှိခဲ့သည့် ပုံပြင်များမှ ရသည့်အသိနှင့် လောကကြီးအကြောင်း၊ လူများအကြောင်းကို ငယ်ငယ်ရွယ်ရွယ်ဖြင့် သိနိုင်ပါကြောင်း၊ ထို့ပြင် လူကြီးများသိနေသည့် အသိများကိုလည်း ကလေးများစောစောစီးစီး ငယ်ငယ်ရွယ်ရွယ်က သိရန်လိုအပ်ပါကြောင်း၊ သို့မှသာ လူ့အဖွဲ့အစည်းထဲတွင် အဆင်ပြေပြေနှင့် နေသွားနိုင်မည်ဖြစ်ပါကြောင်း၊ နိုင်ငံတကာတွင် ကလေးများကို ရည်ရွယ်ပြီး ကလေးများကို ယခုခေတ်လူကြီး များ၏ အမြင်များ၊ အတွေးများ စောစောစီးစီး သိနိုင်အောင် ရေးသားထားသည့် စာအုပ်စာပေများရှိပါကြောင်း ပြည်ထောင်စုဝန်ကြီးက ပြောကြားသည်။

ပြည်ထောင်စုဝန်ကြီးက မိမိတို့ ကလေးများကို ငယ်စဉ်အရွယ်ကတည်းက စာအုပ်စာပေများ စီစဉ်ဆောင်ရွက်ပေးမည်ဆိုပါက ကလေးများသည် အသက်အရွယ် အတော်အတန်ရလာသည်နှင့်အမျှ အသိပညာ ဗဟုသုတများ ပြည့်စုံလာမည်ဖြစ်ပါကြောင်း၊ နည်းနည်းလေးအရွယ်

စာမျက်နှာ ၉ သို့ ❖

# ကလေးစာပေပွဲတော်မှ သူတို့၏ အမြင်များ

**သတင်းနှင့်ဓာတ်ပုံ - ကိုမင်း၊ ခင်စုစုလှိုင်**

“အိမ်တစ်အိမ် စာအုပ်စင် တစ်စင်၊ ကျောင်းတစ်ကျောင်း၊ စာကြည့်တိုက် တစ်တိုက်” ဆိုသည့် ဆောင်ပုဒ်နှင့်အညီ ကလေးများ အသိအမြင်ဗဟုသုတ ကြွယ်ဝစေရန်နှင့် ကလေးစာပေဖွံ့ဖြိုးတိုးတက်စေရန်ရည်ရွယ်၍ ပြန်ကြားရေးဝန်ကြီးဌာနမှ ဦးစီးပြီး မြန်မာနိုင်ငံ၌ ပထမဆုံးကျင်းပသော ကလေးစာပေပွဲတော် ဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက် ၈ နာရီက နေပြည်တော်ရှိ မြန်မာအပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်းဗဟိုဌာန-၂တွင် ကျင်းပခဲ့သည်။

အဆိုပါကလေးစာပေပွဲတော်ဖွင့်ပွဲအခမ်းအနားသို့ နိုင်ငံတော်သမ္မတ ဦးထင်ကျော်၊ ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေမြင့်နှင့် တာဝန်ရှိသူများ၊ ဆရာ ဆရာမများ၊ ကျောင်းသား ကျောင်းသူများနှင့် ၎င်းတို့၏ မိဘများ၊ စာပေချစ်သူများ တက်ရောက်ခဲ့ကြသည်။ တက်ရောက်သူများအနက်မှ ဆရာ ဆရာမများ၊ ကျောင်းသား ကျောင်းသူများနှင့် မိဘများ၏ အမြင်များကို ဖော်ပြလိုက်ရပါသည်-

**မအိမ့်ဖူးသော်သျှင်**
**[သတ္တမတန်း(က)၊အမှတ်(၅)အခြေခံပညာအထက်တန်းကျောင်း၊ နေပြည်တော်]**

“သမီးက ကလေးစာပေပွဲတော်ကို လေ့လာသူအနေနဲ့ တက်တာပါ။ ဒီလိုပွဲမျိုးတွေလုပ်ပေးတာ သမီးတို့လို ကျောင်းသားတွေနဲ့ လူငယ်တွေအတွက် အလွန်အကျိုးရှိပါတယ်။ သမီးက ဂျပန်-မြန်မာချစ်ကြည်ရေးအသင်းနဲ့ ဂျပန်နိုင်ငံကိုလေ့လာရေးခရီးသွားဖို့ရှိပါတယ်။ ဒီခရီးမှာလိုက်ပါဖို့ အင်္ဂလိပ်စာနဲ့ အထွေထွေဗဟုသုတဖြေရပါတယ်။ ဂျပန်မှာ home stay သုံးရက်နေရပါမယ်။ တကယ်လို့ ကိုယ့်မွေးစားမိဘက ကျောင်းထားပေးချင်တယ်ဆိုရင် ပညာတော်သင်အနေနဲ့ကျောင်းတက်ခွင့်ရမှာပါ။ ဂျပန်စာနဲ့ပတ်သက်လို့ ကျောင်းပိတ်ရက်တွေမှာ ဆရာ ဆရာမတွေက သင်ပေးပါတယ်။ အမေကလည်း ဂျပန်နိုင်ငံနဲ့ ပတ်သက်တဲ့စာအုပ်တွေ ဝယ်ပေးပါတယ်။ သမီး ခြောက်တန်းနှစ်ကတည်းက ကင်းထောက်ဝင်ထားပါတယ်။ ကင်းထောက်ညီလာခံတက်ရဦးမှာပါ။ ဒီနှစ်နွေရာသီမှာ ပန်းချီ၊ တိုက်ကွမ်ဒို၊ ကရာတေးနဲ့ ဂျူဒိုသင်ဖြစ်ပါတယ်။ မနှစ်က နွေတုန်းကတော့ ရေကူးနဲ့ဘော်လီဘော သင်ပါတယ်။ အားလပ်ချိန်တွေကို အကျိုးရှိရှိကုန်စေချင်လို့ပါ။ မောင်ငယ်ညီမငယ်လေးတွေကို အကြံပြုလိုတာက တော့ စာပေတစ်ခုတည်း ဖိကြိုးစားတာထက် ကျန်းမာရေး၊ လူမှုရေး၊ ဘာသာရေးနဲ့ အားကစားတွေကို မျှမျှတတလေး အချိန်ပေးစေချင်ပါတယ်။ နည်းပညာ

စာမျက်နှာ ၉ သို့ ■



မအိမ့်ဖူးသော်သျှင်



ဦးတင်ဝင်း




ဒေါ်သော်သော်ထွန်း



ဒေါ်ကြည်ကြည်တင်



မသီရိကျော်



မချမ်းမြိမ်းမြူ



နိုင်ငံတော်သမ္မတ ဦးထင်ကျော် ကလေးစာပေပွဲတော်သို့ လာရောက်လေ့လာသည့် ကျောင်းသား ကျောင်းသူများအား ရင်းရင်းနှီးနှီး နှုတ်ဆက်စကားပြောကြားစဉ်။ (သတင်းစဉ်)

❐ ရှေ့ဖုံးမှ

ပို၍ခက်ခဲနက်နဲသည်ဟု ခံစားမိပါကြောင်း၊ လူကြီးစာပေဆိုသည်မှာ နယ်နိမိတ် သတ်မှတ်ချက်နည်းပါးပြီး စိတ်ရှိသလောက် လွတ်လပ်စွာ ဖန်တီးနိုင်သည်ဟု မိမိအနေဖြင့် မြင်မိပါကြောင်း၊ ကလေးစာပေများမှာ ကလေးများနှင့် ရင်းနှီးသည့်ပတ်ဝန်းကျင်မှ အကြောင်းအရာများကိုသာ စဉ်းစားရပါကြောင်း၊ ကလေးများ၏ အသိဉာဏ်သည် နုနယ်ပြီး စိတ်ကူးယဉ်တတ်ကြသဖြင့် ကလေးများ၏ အတွင်းစိတ်ကို ဝင်ကြည့်ပြီး စိတ်ကူးစိတ်သန်းများနှင့် လိုက်ဖက်ညီအောင် ရေးသားဖန်တီးကြရခြင်း ဖြစ်ပါကြောင်း။

မိမိတို့နိုင်ငံ၏ မြန်မာ့ကျေးလက်ပုံပြင်များ၊ ကျေးလက်ကဗျာများသည် ကလေးစာပေအဖြစ် နှုတ်ပြောစာပေအသွင်ဖြင့် ပေါ်ပေါက်ခဲ့သည်ဟု ဆိုရမည်ဖြစ်ပါကြောင်း၊ မိမိတို့ငယ်စဉ်က ကြားနာရွတ်ဆိုခဲ့ရသည့် အမေမျှော်တေးများ၊ သားချော့တေးများသည် မိမိတို့ ကလေးစာပေသမိုင်း၏ တစ်စိတ်တစ်ပိုင်းဖြစ်သည့်အတွက် အလွန်ပင် တန်ဖိုးရှိသည်ဟု ပြောလိုပါကြောင်း။

အဆိုပါ ကလေးစာပေများမှတစ်ဆင့် မိမိတို့ကို ရိုးသားမှုများ၊ အားမာန်သတ္တိများ၊ နိုင်ငံချစ်စိတ်များ မွေးဖွားပေးခဲ့သည့်အတွက် အနာဂတ် နိုင်ငံတော်၏ သားကောင်းရတနာများကို ကလေးစာပေများ ကလေးစာဖတ်ခန်းများ၊ ကလေးကဗျာများနှင့်အတူ ပြုစုပျိုးထောင်ပေးကြရန် အကြံပြုတိုက်တွန်းလိုပါကြောင်း၊ ထို့အပြင် ကလေးများကို ကျောင်းသင်ခန်းစာများအပြင် စာပေဖတ်ရှုလေ့လာတတ်သည့် အလေ့အထများ ပေါ်ပေါက်လာအောင် ကျောင်းပတ်ဝန်းကျင်၊ အိမ်ပတ်ဝန်းကျင်များကို အသိပညာဆည်းပူးနိုင်သည့် ပတ်ဝန်းကျင်ကောင်းများဖြစ်အောင် ဖြည့်ဆည်းဖန်တီးပေးကြရန်လည်း တိုက်တွန်းပြောကြားလိုပါကြောင်း။



ကလေးစာပေပြပွဲနှင့် စာအုပ်ဈေးရောင်းပွဲတွင် လေ့လာဝယ်ယူနေကြသည့် ကျောင်းသူများအား တွေ့ရစဉ်။ (သတင်းစဉ်)

ယနေ့ပြုလုပ်သည့် ကလေးစာပေပွဲတော်ကြီးသည် အနာဂတ်၏ ခေါင်းဆောင်လောင်းများကို ဉာဏ်ရည်ဉာဏ်သွေးနှင့် အယူအဆများ ထက်မြက်လာစေရန်၊ ကလေးများ၏ တီထွင်ဖန်တီးလိုစိတ်များ ရင့်သန်လာစေရန်၊ ကလေးများ စာပေနှင့်ရင်းနှီးပြီး စာဖတ်ဝါသနာ ပါလာစေရန်နှင့် ကလေးများပျော်ရွှင်လာစေရန် ရည်ရွယ်ကျင်းပသည့် ပွဲတော်ကြီးဖြစ်သည့်အတွက် အားလုံးဝိုင်းဝန်းပူးပေါင်းကူညီကြစေလိုကြောင်း၊ အနာဂတ်နိုင်ငံတော်၏ လူသားအရင်းအမြစ် ဖွံ့ဖြိုးရေးကို အထောက်အကူပြုစေမည့် ကလေးစာပေ၊ ကလေးကဗျာ၊ ကလေးစာဖတ်ခန်းများ ဖွံ့ဖြိုးလာစေရန် တတ်နိုင်သည့် ကဏ္ဍအသီးသီးမှနေ၍ အားပေးကူညီကြစေလိုကြောင်း ပြောကြားသည်။

နိုင်ငံတော်သမ္မတက ဝါဆိုဝါခေါင်ရေတွေကြီးလို့ဆိုသည့် ကဗျာသည် ဘယ်တုန်းကစခဲ့သလဲဆိုလျှင် ၁၉၃၁ ခုနှစ် ဇွန်လတွင် ဒီအဘိုးကဗျာဆရာကြီးက ဗမာပြည်ရှိ ကလေးများ၊ ကျောင်းသား ကျောင်းသူများအတွက် ဟိုးတုန်းက သင်ရိုးတွင် ကလေးကဗျာဆိုသည်မှာမရှိကြောင်း၊ ပညာဝန်က ကလေးများ ဆိုနိုင်အောင် ကဗျာများ သင်ပေးပါဆိုသည့် မိန့်ကြားစာထွက်လာရာ အဲဒီအဘိုးက ကွမ်းခြံကုန်းမြို့တွင် ကျောင်းဆရာကြီး လုပ်နေချိန်မှာ သင်စရာ ကဗျာမရှိ၍ အင်္ဂလိပ်ကဗျာလည်း မသင်ချင်သဖြင့် သူ့ဘာသာ တွေးတောကြံဆပြီး ဒီကဗျာလေးကိုစပ်ခဲ့ခြင်းဖြစ်ကြောင်း။

သပြေသီးကောက် ကဗျာနှင့် ဥပုသ်စောင့်ဆိုသည့် ကဗျာတို့ကို တစ်ရက်တည်းနှင့် ရေးခဲ့ခြင်းဖြစ်ကြောင်း၊ နောက်တစ်ပတ်အတွင်း ကလေးများအတွက် ကဗျာ ခုနစ်ပုဒ်ရေးခဲ့ကြောင်း၊ ပိုးစုန်းကြူး၊ တောက်တဲ့စသည့် ကဗျာများရေးခဲ့ကြောင်း၊ ဝါဆိုဝါခေါင်နှင့် ဆွမ်းအုပ်နီနီအမေရွက်လို့ ကတော့ လူသိများသည့် ကဗျာတွေဖြစ်ကြောင်း။

နောက်တစ်ခု ပြောချင်သည်မှာ လယ်စောင့်တဲဆိုတဲ့ ကဗျာလေးသည် အဘိုးမင်းသုဝဏ် နိုင်ငံခြားတွင် စာသွားသင်သည့်အချိန် ၁၉၃၆ ခုနှစ်မှ ၁၉၃၉ ခုနှစ်ထိ နေခဲ့စဉ် နိုင်ငံခြားမှာ၊ ရေခြားမြေခြားမှာ၊ စာပေသွားသင်သည့်အချိန်မှာ ပတ်ဝန်းကျင်ကို လေ့လာပြီး ကလေးများ ပတ်ဝန်းကျင်မှာရှိတာ၊ ကလေးများနှင့် နီးစပ်တာကို သူစဉ်းစားကြောင်း၊ အဘိုးမင်းသုဝဏ်က ကျေးလက်တောတောင်မှာ ကြီးပြင်းခဲ့သူမို့ ကျေးလက်သဘာဝကို သတိရကြောင်း၊ မြန်မာပြည်ကို သတိရကြောင်း၊ ထို့ကြောင့် လယ်စောင့်တဲလေးဆိုသည့် ကဗျာလေးမှာ လွန်ခဲ့သော နှစ် ၈၀ က စပ်ခဲ့သည့် ကဗျာဖြစ်ကြောင်း၊ ဖတ်ရတာလည်းလွယ်ကြောင်း၊ အရင်တုန်းက ကျောင်းဖတ်စာတွေမှာလည်း ပါခဲ့ကြောင်း၊ တစ်ချိန်မှာတော့ အကြောင်းကြောင်းကြောင့် အဘိုး၏ ကဗျာများသည် ကျောင်းဖတ်စာတွေထဲမှ ပျောက်သွားကြောင်း၊ ထုတ်ပယ်ခြင်းကို ခံခဲ့ရကြောင်း၊ ယင်းကဗျာများသည် နောက်ပိုင်း ပြန်ပေါ်လာသည်ကို သားတို့ သမီးတို့ကို သိစေချင်ကြောင်း။

နောက်တစ်ခုပြောချင်သည်မှာ အဘိုးက ကဗျာဆရာဆိုတော့ သားတို့ သမီးတို့ကို ကဗျာစပ်တတ်စေချင်သဖြင့် ရှေးတုန်းက ကလေးဂျာနယ်ဆိုတာရှိကြောင်း၊ ကလေးများ ကဗျာစပ်တတ်အောင် ဘယ်လို ကဗျာစပ်မည်ဆိုသည်ကို အခန်းဆက်ရေးခဲ့ကြောင်း၊ ကလေးများ ကဗျာလည်း စပ်တတ်စေချင်ကြောင်း၊ ငှက်တွေအကြောင်းသိစေချင်ကြောင်း၊ သဘာဝအကြောင်းလည်းသိစေချင်ကြောင်း၊ အများကြီးလုပ်ခဲ့ကြောင်း။

မိုးရာသီကုန်လို့ ဆောင်းဦးပေါက်လာပြီဆိုလျှင် ညအိမ်မှာ မိုးကောင်းကင် မော့ကြည့်လိုက်လျှင် လမင်းကြီးနှင့် ကြယ်အမျိုးမျိုးတွေ့နိုင်ကြောင်း၊ ရိုးရိုးကြည့်လျှင် ကြယ်များသာ ဖြစ်ကြောင်း၊ သို့သော် ကြယ်များသည် ဘယ်လိုအဓိပ္ပာယ် ရှိသည်၊ ကြယ်များကို ဘယ်လိုနာမည်ပေးထားသည်၊ ဒီကြယ်များကိုအလေးထားပြီး ဘယ်လိုခရီးသွားသည်ဆိုသည့် အကြောင်းများလည်း သိစေချင်သည့်အတွက် မိုးပေါ်မှာ ကြယ်တစ်လုံး ဆိုသည့် စာအုပ်လည်း ရေးခဲ့ကြောင်း၊ ဒါကလည်း ကလေးတွေအတွက် ရည်ရွယ်ခြင်းဖြစ်ကြောင်း၊ ပုံပြင်များဆိုလျှင်လည်း ဘိုးဘိုးကြီးက အများကြီးရေးခဲ့ကြောင်း၊ ဘိုးဘိုးက ၁၉၀၉ ခုနှစ်မှာ မွေးပြီး **စာမျက်နှာ ၉ သို့** ✪



ကလေးစာပေပွဲတော် ကာတွန်းပြကွက်၌ စိတ်ဝင်တစား ဖတ်ရှုနေသည့် ကလေးငယ်များအား တွေ့ရစဉ်။ (သတင်းစဉ်)

**စာမျက်နှာ ၈ မှ**

၂၀၀၅ ခုနှစ်မှာ ဆုံးကြောင်း၊ အသက် (၉၆) နှစ်အထိနေသွားကြောင်း၊ ထိုကာလအတွင်း ကလေးပုံပြင် ၄၀၀ ကျော် ရေးသွားကြောင်း၊ နောက်ဆုံး စာရေးနိုင်သည့် အချိန်အထိ ကလေးကဗျာ၊ ကလေးပုံပြင်များ၊ ငှက်အကြောင်းများ ရေးသွားကြောင်း။

သားတို့၊ သမီးတို့ကို သိစေချင်သည်မှာ ကလေးစာပေကို တစ်ချိန်တုန်းက အခုမရှိတော့ပေမယ့် ဒီဘိုးဘိုးသည် သားတို့ သမီးတို့ကိုဘယ်လောက်ချစ်သည်၊ သားတို့ သမီးတို့ကို ဘယ်လောက် တန်ဖိုးထားသည်ကိုသိစေချင်သည့်အတွက် ပြောပြခြင်းဖြစ်ကြောင်း ပြောကြားသည်။

ယင်းနောက် နိုင်ငံတော်သမ္မတသည် မြန်မာအပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်းဗဟိုဌာနအတွင်း ခင်းကျင်းပြသထားသည့် ကလေးစာပေပြခန်းများနှင့် စာအုပ်အရောင်းဆိုင်များကို လှည့်လည်ကြည့်ရှုအားပေးပြီး လာရောက်ကြည့်ရှုသည့် ကျောင်းသား ကျောင်းသူများကို အမှတ်တရစာအုပ်များ ပေးအပ်သည်။

ကလေးစာပေပွဲတော်သို့ ပြည်ထောင်စုဝန်ကြီးများ၊ ပြည်ထောင်စုရှေ့နေချုပ်၊ ပြည်ထောင်စု စာရင်းစစ်ချုပ်၊ ပြည်ထောင်စုရာထူးဝန်အဖွဲ့ ဥက္ကဋ္ဌနှင့် ဌာနဆိုင်ရာ အကြီးအကဲများ၊ ပညာရေးဌာနမှ ဆရာ ဆရာမများနှင့် ကျောင်းသား ကျောင်းသူများ၊ စာပေချစ်မြတ်နိုးသူများ တက်ရောက်ကြသည်။ **(သတင်းစဉ်)**

ကလေးစာပေပွဲတော် ပျော်ရွှင်စရာ ဂိမ်းအစီအစဉ်၌ ပါဝင်ကစားနေကြသည့် ကလေးငယ်များအား တွေ့ရစဉ်။ (သတင်းစဉ်)



ကလေးစာပေပွဲတော် ကလေးစာပေပြပွဲနှင့် စာအုပ်ဈေးရောင်းပွဲသို့ နိုင်ငံတော်သမ္မတ ဦးထင်ကျော် တက်ရောက်အားပေးချီးမြှင့်စဉ်။ (သတင်းစဉ်)





**စာမျက်နှာ ၇ မှ**

ရောက်သည့်အချိန်တွင် သူ့ပတ်ဝန်းကျင်၊ သူ့အဖွဲ့အစည်းထဲတွင် သူတို့ လုပ်သင့်ကိုင်သင့်သည့် အလုပ်၊ မည်သည့်နေရာတွင် ခံယူသင့်သည့် အသိ စသည်ဖြင့် မည်သည့် အရာများ ဆောင်ရွက်သင့်သည်ကို ကလေးများ အရွယ်ရောက်သည့် အချိန်တွင် ပြည့်စုံပြီးသား ဖြစ်နေပြီဆိုသည့် အနေအထားလေးကို တွေ့ရပါကြောင်း။

မိမိတို့ ရေးထားသည့် ဆောင်ပုဒ်များ ရှိပါကြောင်း၊ “အိမ်တစ်အိမ် စာအုပ်စင်တစ်စင်၊ ကျောင်းတစ်ကျောင်း စာကြည့်တိုက်တစ်တိုက်” ဖြစ်ပါကြောင်း၊ ငယ်ရွယ်စဉ်တွင် စာအုပ်စာတမ်းများ ထိတွေ့နေတတ်သည့် ကလေးများသည် စာအုပ်ထဲမှ အသိပညာ၊ ဗဟုသုတများ ရရှိနိုင်သည့်အတွက်ကြောင့် ကျန်သည့် ကလေးများထက် ပိုပြီးထူးချွန်သည့်၊ အောင်မြင်သည့် လူတော်လူကောင်းလေးများ ဖြစ်နိုင်ပါကြောင်း၊ ထို့ကြောင့် ယခုတက်ရောက်လာကြသည့် လူကြီးမင်းများ၊ ဌာနဆိုင်ရာ အကြီးအကဲပုဂ္ဂိုလ်များ၊ ဆရာ ဆရာမများ အားလုံးက ကလေးများအတွက် စာအုပ်စာပေ ဖတ်ရင်းပတ်ဝန်းကျင်ကောင်းများ ဖန်တီးပေးကြစေလိုပါကြောင်း ပြောကြားသည်။

ယင်းနောက် Success Language Academy ကျောင်းမှ ကျောင်းသား ကျောင်းသူများက **ပင်လယ်စားပြ** ပုံပြင်၊ ပညာပန်းတိုင် ကိုယ်ပိုင်အထက်တန်းကျောင်းမှ ကျောင်းသား ကျောင်းသူများက **ရိုးအလွန်းသူများ** ပုံပြင်၊ Success Language Academy ကျောင်းမှ ကျောင်းသား ကျောင်းသူများက **စစ်ပွဲများနှင့် မေတ္တာဇာတ်လမ်းတစ်ပုဒ်** ပုံပြင်နှင့် ပညာပန်းတိုင် ကိုယ်ပိုင် အထက်တန်းကျောင်းမှ ကျောင်းသား ကျောင်းသူများက **ပိုနေမြဲကျားနေမြဲ** ပုံပြင်များဖြင့် တင်ဆက်ကြပြီး ပန်းပျိုးလက် လူငယ်စင်တာမှ ကျောင်းသား ကျောင်းသူများက **နှလုံးသားလှဖို့ စာဖတ်ကြစို့** အော်ပရာပြဇာတ်ဖြင့် ဖျော်ဖြေတင်ဆက်ကြသည်။

ကလေးစာပေပွဲတော် ကလေးစာပေပြပွဲနှင့် စာအုပ်ဈေးရောင်းပွဲ၌ မျက်လှည့်ပြပွဲ၊ သိပ္ပံပညာဆိုင်ရာပြခန်း၊ ပန်းချီကားဆေးရောင်ခြယ်ပြိုင်ပွဲ၊ စက္ကူခေါက်ပြိုင်ပွဲ၊ စကားပုံဆက်ပြိုင်ပွဲ၊ အရုပ်ဆက်ပြိုင်ပွဲနှင့် ပုံပြောပြိုင်ပွဲတို့တွင် ကြည့်ရှုအားပေးသူများဖြင့် ကြိတ်ကြိတ်တိုး စည်ကားလျက်ရှိသည့်အပြင် စာအုပ်အရောင်းဆိုင်များကလည်း ကလေးစာအုပ်များကို ဈေးနှုန်းချိုသာစွာဖြင့် ရောင်းချပေးလျက်ရှိသည်။

ညနေပိုင်းတွင် ကလေးစာပေပွဲတော် ကလေးစာပေပြပွဲနှင့် စာအုပ်ဈေးရောင်းပွဲ၏ ဆုချီးမြှင့်ပွဲအခမ်းအနားကို ကျင်းပရာ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးမောင်ဖေက ယခုကျင်းပသည့် ကလေးစာပေပွဲတော် ကလေးစာပေပြပွဲနှင့် စာအုပ်ဈေးရောင်းပွဲတွင် အဖွဲ့အစည်းအသီးသီးက ပါဝင်ကူညီ ဆောင်ရွက်ပေးသည့်အတွက် အောင်မြင်စွာ ကျင်းပနိုင်ခဲ့ခြင်း ဖြစ်ပါကြောင်း၊ မကြာမီကာလအတွင်း ရန်ကုန်နှင့် မန္တလေးမြို့တို့တွင် ယခုကဲ့သို့ ကလေးစာပေပွဲတော်ကို ကျင်းပသွားရန်ရှိသည့်အတွက် ပါဝင်ကူညီပေးသော အဖွဲ့အစည်းအသီးသီး အနေဖြင့် နောင်ကျင်းပမည့် ကလေးစာပေပွဲတော်များ အောင်မြင်စွာ ကျင်းပနိုင်ရန် ဝိုင်းဝန်းကူညီပေးကြစေလိုကြောင်း ပြောကြားသည်။

ထို့နောက် အထက်တန်းအဆင့် ပုံပြောပြိုင်ပွဲ၊ အလယ်တန်းနှင့် မူလတန်းအဆင့် ဆေးရောင်ခြယ်ပြိုင်ပွဲများ၊ အလယ်တန်းနှင့် မူလတန်းအဆင့် စက္ကူခေါက်ပြိုင်ပွဲများတွင် ဆုရရှိကြသူများကို ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေမြင့်နှင့် တာဝန်ရှိသူများက ဆုများပေးအပ်ကြသည်။

ဆက်လက်၍ ကလေးစာပေပွဲတော်တွင် ပါဝင်ကူညီကြသည့် အဖွဲ့အစည်းများကို ညွှန်ကြားရေးမှူးချုပ် ဦးမောင်ဖေက ဂုဏ်ပြုမှတ်တမ်းလွှာများ ပေးအပ်သည်။

ယင်းနောက် ကလေးစာပေပွဲတော် ကလေးစာပေပြပွဲနှင့် စာအုပ်ဈေးရောင်းပွဲတော်ကို အောင်မြင်စွာ ရုပ်သိမ်းလိုက်သည်။ **(သတင်းစဉ်)**

**စာမျက်နှာ ၇ မှ**

တိုးတက်လာတဲ့ ခုခေတ်မှာ ကောင်းတဲ့ပညာတွေကိုရွေးယူနိုင်တဲ့ အသိဉာဏ်မျိုးရအောင် စာများများဖတ်ကြပါလို့ တိုက်တွန်းလိုပါတယ်”။

**ဦးတင်ဝင်း**
**(အထက်တန်းကျောင်းအုပ်၊ ပညာ့ပန်းတိုင်ကိုယ်ပိုင် အထက်တန်းကျောင်း၊ ပျဉ်းမနားမြို့၊ နေပြည်တော်။**

“ဆရာတို့ကျောင်းက ကျောင်းသားနဲ့ ဆရာ ဆရာမ ငါးဆယ်တက်ပါတယ်။ သရုပ်ဖော်ပြပွဲမှာ “ပိုနေမြဲ ကျားနေမြဲ” နဲ့ “ရိုးအလွန်းသူများ”ဆိုတဲ့ ခေါင်းစဉ်နှစ်ခုကို တင်ဆက်မှာပါ။ ကျန်တာတော့စက္ကူခေါက်ပြိုင်ပွဲ၊ ပန်းချီဆေးရောင်ခြယ်ပြိုင်ပွဲ စတဲ့ပွဲလေးတွေလည်း ဝင်ပြိုင်ဖို့ရှိပါတယ်။ ဒီစာပေပွဲတော်လေးဟာ ကျောင်းသားတွေအတွက် သိပ်တန်ဖိုးရှိတဲ့ ပွဲလေးပါ။ ကလေးဆိုတာ စာပေနဲ့ထိတွေ့နေဖို့လိုပါတယ်။ ကျောင်းစာတင်မကဘဲ ပြင်ပစာပေတွေကိုပါ ဖတ်သင့်ပါတယ်။ နိုင်ငံတော်အစိုးရက ဒီနှစ်ထူးထူးခြားခြား ကလေးစာပေပွဲတော်လေးကျင်းပပေးလို့ ဝမ်းလည်းသာတယ်၊ ဂုဏ်လည်းယူမိပါတယ်။ နောင်နှစ်တွေမှာလည်း ကျင်းပပေးစေလိုပါတယ်။ လူငယ်တွေအနေနဲ့လည်း စာအုပ်စာပေ လှူမိတ်ဆွေဆိုသလို စာပေတွေမပြတ်လေ့လာကြပါ။ စာကောင်းပေမွန်တွေ ဖတ်မှတ်လေ့လာပါမှ ဘဝရဲ့ လျှောက်ရမယ့်လမ်းတွေ ကောင်းမွန်မှန်ကန်မှာပါ။ ဒါကြောင့် လူငယ်တွေ စာအုပ်စာပေနဲ့ ရင်းရင်းနှီးနှီးနေကြပါလို့ မှာချင်ပါတယ်”။

**ဒေါ်သော်သော်ထွန်း**
**[ခရေအိမ်ရာ၊ တိုက် (၆၈)၊ သတ္တုတွင်းဝန်ကြီးဌာန၊ နေပြည်တော်]**

“ဒီလိုပွဲလေးတွေလုပ်ပေးတဲ့အတွက် ကလေးတွေရဲ့ ဉာဏ်ရည်ဖွံ့ဖြိုးမှုတွေ၊ စာပေလေ့လာစွမ်းအားတွေအတွက် အထောက်ကူဖြစ်စေပါတယ်။ ကလေးတွေပျော်လည်းပျော်ကြတယ်။ အတွေ့အကြုံအသစ်တွေလဲ အများကြီးရကြတယ်။ မိဘတစ်ယောက်အနေနဲ့ သားသမီးတွေ လိုအပ်ချက်ကို အတတ်နိုင်ဆုံးဖြည့်စွက်ပေးပါတယ်။ ဒါပေမယ့် တချို့ ကိုယ်လက်လှမ်းမမှီနိုင်တာလေးတွေကို ဒီလို တစ်နေရာထဲမှာ တစုတစည်းထဲ လုပ်ခွင့်လေ့လာခွင့်ရတဲ့ အတွက် ကလေးတွေကော မိဘတွေပါ ဗဟုသုတတိုးရပါတယ်။ နောင်နှစ်တွေမှာလည်း ကလေးစာပေပွဲတော်လေးတွေ လုပ်စေချင်ပါတယ်။”

**ဒေါ်ကြည်ကြည်တင်[အထက(၅)၊ အလယ်တန်းပြ၊ ဇမ္ဗူသီရိမြို့နယ်၊ နေပြည်တော်]**

“ဆရာမတို့ကျောင်းက ဖျော်ဖြေရေးအပိုင်းမှာလည်း ပါတယ်။ အခမ်းနားတက်တဲ့အပိုင်းကလည်း ပါပါတယ်။ ဒီပွဲလေး ကျင်းပပေးလို့ အတိုင်းထက်အလွန်ဝမ်းသာမိပါတယ်။ ခုဆို ကလေးတွေက စာဖတ်အားတအားနည်းလာတယ်။ ဖုန်းတွေတအားပေါလာတာနဲ့အမျှ စာဖတ်ချင်စိတ်မရှိတော့ဘဲ အကျိုးမဲ့ဖုန်းသုံးနေတာနဲ့ အချိန်တွေကို အလဟဿ ဖြုန်းတီးလာကြပါတယ်။ စာစီစာကုံးအပိုင်းတွေဆို တော်တော်သိသာလာပါတယ်။ စာအုပ်ပွဲတော်လေး လုပ်ပေးလိုက်တော့ သူတို့လေးတွေစိတ်ထဲမှာ စာဖတ်ချင်စိတ်လေးတွေတိုးလာနိုင်တယ်။ ဗဟုသုတတွေလဲ ကြွယ်ဝလာနိုင်ပါတယ်။ ပညာရေးမှာတင်မဟုတ်ဘဲ ဘဝမှာ သိသင့်သိထိုက်တဲ့ အသိပညာတွေ အများကြီးရအောင် ကလေးတွေကို စာများများဖတ်ကြပါလို့ မေတ္တာရပ်ခံလိုက်ပါတယ်”။

**မသီရိကျော် [အမှတ်(၁)**
**အခြေခံပညာအထက်တန်းကျောင်း၊ ပျဉ်းမနားမြို့၊ နေပြည်တော်]**

“ညီမလေးက မြန်မာ့ကျောင်းသီချင်းဆိုမယ့်အဖွဲ့ကပါ။ ကျောင်းသားကျောင်းသူ ၂၈ ယောက်ဆိုကြမှာပါ။ ခုစာပေပွဲတော်က ကိုယ့်နိုင်ငံမှာ ပထမဆုံးကျင်းပတဲ့ပွဲလည်းဖြစ်တယ်။ ကိုယ်ကလည်း တစ်ထောင့်တစ်နေရာက ပါဝင်ခွင့်ရလို့ တအားပျော်ပါတယ်။ နှစ်စဉ်ကျင်းပပေးစေချင်ပါတယ်။ လူတိုင်းကို စာဖတ်စေချင်ပါတယ်။ အထူးသဖြင့် လူငယ်တွေ စာဖတ်ကြပါလို့ တိုက်တွန်းချင်ပါတယ်။ ဒါမှ အနာဂတ်နိုင်ငံတော်ကြီးဟာ အခုထက်အဆပေါင်းများစွာ ဖွံ့ဖြိုးတိုးတက်လာမယ်လို့ ယုံကြည်ပါတယ်”။

**မချမ်းငြိမ်းဖြူ (ပုံပြောသူများအဖွဲ့)**

“ကျွန်မတို့အားလုံး ဒီပွဲမစခင် သုံးလလောက်လိုကတည်းက အစည်းအဝေးတွေ တက်ရပါတယ်။ အစကတော့ ကျွန်မတို့အဖွဲ့က ကလေးတွေကို ပုံပြောဖို့ တာဝန်ယူထားပါတယ်။ အခု ဖွင့်ပွဲအခမ်းအနားမှာ ကလေးတွေအတွက် မျက်နှာဆေးခြယ်ပေးမယ့်အဖွဲ့မရှိဘူး။ ကျွန်မတို့အဖွဲ့ထဲမှာ မျက်နှာဆေးခြယ်တတ်တဲ့ သူတွေပါတဲ့အတွက် ဆရာတွေကလည်း ကလေးတွေကို မျက်နှာဆေးခြယ်ပေးဖို့ ကမ်းလှမ်းပါတယ်။ ဒါကြောင့် ကျွန်မတို့အဖွဲ့က ပုံမပြောတော့ဘူး။ ကလေးတွေရဲ့ မျက်နှာကိုဆေးခြယ်ပေးဖို့ တာဝန်ယူထားပါတယ်။ အခု ကလေးစာပေပွဲတော်ကို ပထမဆုံးလုပ်တာဖြစ်ပေမယ့် စာအုပ်တွေ ရောင်းတာရော၊ ပြခန်းတွေရော စုံစုံလင်လင် တွေ့ရပါတယ်။ နောက်ပြီး ကလေးတွေအတွက် ပျော်ရွှင်စရာဂိမ်းတွေလည်း စီစဉ်ပေးထားတာကို တွေ့ရပါတယ်။ နိုင်ငံတော်အစိုးရအဖွဲ့အနေနဲ့ အခုလို ကလေးစာပေပွဲတော်ကို မကြာခဏကျင်းပပေးသင့်ပါတယ်။ အဲဒီလိုကျင်းပပေးခြင်းအားဖြင့် ကလေးတွေနဲ့ လူငယ်တွေ စာပေဖတ်ရှုရင်း စာပေထဲက အသိနဲ့ ပြင်ပက ဗဟုသုတအတွေ့အကြုံ ပေါင်းစပ်ပြီး လေ့လာသွားမယ်ဆိုရင် သူတို့ရဲ့ အနာဂတ်ဟာ အင်မတန်ကောင်းမွန်မယ်လို့ မျှော်လင့်ပါတယ်”။

# မြန်မာနှင့် ဘင်္ဂလားဒေ့ရှ်နယ်စပ်စစ်ဆေးရေးဂိတ် မောင်တောမြို့တွင် ထားရှိဆောင်ရွက်နေ



**မောင်တော နိုဝင်ဘာ ၅**
ရခိုင်ပြည်နယ် မောင်တောခရိုင်သည် ဘင်္ဂလားဒေ့ရှ်နိုင်ငံနှင့် နယ်နိမိတ်ချင်းထိစပ်လျက်ရှိရာ လူနှင့် ပစ္စည်းအဝင်အထွက်များကို စနစ်တကျ စစ်ဆေးနိုင်ရေးအတွက် မောင်တောမြို့တွင် နယ်စပ်စစ်ဆေးရေးဂိတ် (Pass of Entry and Exit – POE) ထားရှိပြီး စနစ်တကျ စီမံဆောင်ရွက်လျက်ရှိသည်။

ထိုသို့စစ်ဆေးဆောင်ရွက်ရာတွင် အကောက်ခွန်နှင့် လူဝင်မှုကြီးကြပ်ရေးဌာနမှ ဝန်ထမ်းများက နယ်ခြားစောင့်ရဲတပ်ဖွဲ့၏ကြီးကြပ်မှုဖြင့် ဆောင်ရွက်နေခြင်းဖြစ်သည်။ ဘင်္ဂလားဒေ့ရှ်နိုင်ငံနှင့် လူနှင့်ပစ္စည်းအဝင်/အထွက် ဆောင်ရွက်မှုနှင့်ပတ်သက်ပြီး နယ်ခြားစောင့်ရဲတပ်ဖွဲ့ ရေကြောင်းတာဝန်ခံအရာရှိတစ်ဦးက "ကျွန်တော်တို့အနေနဲ့ တရားမဝင်ငါးဖမ်းမှု၊ မူးယစ်ဆေးဝါးတရားမဝင် သယ်ဆောင်မှု၊ ပင်လယ်ဓားပြ၊ လူမှောင်ခိုကူးမှု၊ တရားမဝင် ရွှေ့ပြောင်းသွားလာမှု၊ တရားမဝင်ကုန်ပစ္စည်းများ ဖြတ်သန်းသွားလာမှုတွေကို နတ်မြစ်တစ်လျှောက် စောင့်ကြည့်တားမြစ်တဲ့အလုပ်တွေကို ဆောင်ရွက်ပါတယ်။ တရားမဝင် နိုင်ငံကူးလက်မှတ်နဲ့ သွားလာမှုမဖြစ်စေဖို့လည်း မြစ်ကြောင်းတစ်လျှောက် ဖြန့်ကြက်စောင့်ကြည့်ပြီး လိုအပ်တဲ့ဆောင်ရွက်မှုတွေ ပြုလုပ်ပါတယ်"ဟု ပြောကြားသည်။

ထို့အတူ လူဝင်မှုကြီးကြပ်ရေးဌာနမှ တာဝန်ရှိသူတစ်ဦးက "ကျွန်တော်တို့ရဲ့အဓိကတာဝန်ကတော့ နိုင်ငံသားနဲ့ နိုင်ငံခြားသား ဝင်/ထွက်တာကိုစောင့်ကြည့်တယ်။ တရားဝင် ဝင်/ထွက်သွားလာမှုကို ကြီးကြပ်ပြီးတော့မှ လက်မှတ်ထုတ်ပေးပြီး သတ်မှတ်ချက်နဲ့ကိုက်ညီသူတွေကို ဖြတ်သန်းခွင့်ပြုပါတယ်။ နေ့ချင်းပြန် ပတ်စ်ပို့တွေရှိပါတယ်။ သုံးရက်ပတ်စ်ပို့တွေရှိပါတယ်။ ဘင်္ဂလားဒေ့ရှ်ဘက်ကျတော့ သူတို့နိုင်ငံကထုတ်ပေးတဲ့ ပတ်စ်ပို့တွေနဲ့လာပြီး သတ်မှတ်ချက်နဲ့ကိုက်ညီရင် ဝင်ခွင့်ပေးပါတယ်။ သယ်ဆောင်တဲ့ပစ္စည်းနဲ့ပတ်သက်ပြီးတော့ အကောက်ခွန်နဲ့ပဲ ဆိုင်ပါတယ်။ ထွက်သွားတဲ့ပြည်သူတွေ နေ့ချင်းပြန်သွားလာသူတွေအတွက် ပတ်စ်ပို့ သက်တမ်းကုန်သွားလို့ ဒဏ်ရိုက်တာတွေမရှိပါဘူး။ ဟိုဘက်ကလည်း နေ့ချင်းပြန်လာပြီး ပြန်သွားကြတာပါပဲ။ ဒီကလူတွေက နံနက် ၁၀ နာရီလောက်ထွက်ပြီး ညနေ ၄ နာရီလောက်ဆိုရင် ပြန်ရောက်လာကြတယ်။ ဝင်/ထွက်ဂိတ်က အခြားနေရာတွေမှာမရှိဘဲ ဒီနေရာတစ်ခုပဲရှိပါတယ်"ဟု ရှင်းပြသည်။

အကောက်ခွန်ဦးစီးဌာနမှ တာဝန်ရှိသူတစ်ဦးကလည်း "ကျွန်တော်တို့တာဝန်ကတော့ ဒီကဝင်လာတဲ့ တရားမဝင်ပစ္စည်းတွေ၊ လက်နက်ခဲယမ်းတွေ၊ မူးယစ်ဆေးဝါးတွေစတဲ့ တရားမဝင်လုပ်ငန်းတွေကို စိစစ်ရတဲ့တာဝန်ပါ။နယ်ခြားစောင့်ရဲတပ်ဖွဲ့ရဲ့အောက်မှာ ကျွန်တော်တို့က တာဝန်ထမ်းဆောင်နေတဲ့အတွက် သူတို့ရဲ့ထိန်းချုပ်မှုအောက်မှာ ပေါင်းစပ်ညှိနှိုင်းပြီး ဆောင်ရွက်ကြပါတယ်။ အဓိကကတော့ တားမြစ်ပစ္စည်းတွေ အဝင်/အထွက်မရှိဖို့ ရေတပ်၊ လဝကနဲ့ အကောက်ခွန်ဌာနတို့ ပူးပေါင်းညှိနှိုင်းပြီး အရေးယူဆောင်ရွက်ရပါတယ်။ ဝင်/ထွက်ခွင့်ရသူတွေကတော့ တစ်ပိုင်တစ်နိုင်ပစ္စည်းတော့ သယ်ခွင့်ပြုပါတယ်"ဟု ပြောသည်။

**(သတင်းစဉ်)**

# မောင်တောမြို့နယ်မှ ရွှေဇဟိုလ်ကျေးရွာ တည်ငြိမ်အေးချမ်းလျက်ရှိ

**မောင်တော နိုဝင်ဘာ ၅**
မောင်တောမြို့နယ်မှ ရှစ်မိုင်ခန့်အကွာ မောင်တော-ဝေသာလီ-ဥဒေါင်း ကွန်ကရစ်ကားလမ်းပေါ်ရှိ ဘင်္ဂလားဒေ့ရှ်နိုင်ငံဘက်မှ မြန်မာနိုင်ငံဘက်သို့ ပြန်လည်ဝင်ရောက်လာသော တိုင်းရင်းသားများ စုစည်းနေထိုင်သည့် ရွှေဇဟိုလ်ကျေးရွာမှာ တည်ငြိမ်အေးချမ်းလျက်ရှိသည်။



အဆိုပါကျေးရွာမှာ ၂၀၁၂ ခုနှစ်မှ ၂၀၁၄ ခုနှစ်အတွင်း ဘင်္ဂလားဒေ့ရှ်နိုင်ငံဘက်မှ မြန်မာနိုင်ငံသို့ ပြန်လည်ဝင်ရောက်လာခဲ့သည့် တိုင်းရင်းသားအိမ်ထောင်စု ၇၄၂ စုအနက်မှ အိမ်ထောင်စု ၅၀ ကို နယ်စပ်ရေးရာဝန်ကြီးဌာနအစီအစဉ်ဖြင့် ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ်တွင် ငွေကျပ်သန်း ၂၅၀ အကုန်အကျခံပြီး သွပ်မိုးတစ်ထပ်အုတ်တိုက် ၅၀ ဆောက်လုပ်၍ တည်ထောင်ပေးထားခြင်းဖြစ်သည်။

ထို့ပြင် ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ်မှာပင် နယ်စပ်ဒေသဖွံ့ဖြိုးရေးရန်ပုံငွေကျပ် ၂၂ သန်းကျော် ကုန်ကျခံပြီး ရေတွင်းသုံးတွင်း တူးဖော်ပေးထားကြောင်း၊ ၂၀၁၂ ခုနှစ် နိုဝင်ဘာလမှစပြီး ဝင်ရောက်လာသည့်အိမ်ထောင်စုအရေအတွက်အလိုက် တစ်နှစ်စာရိက္ခာငွေထောက်ပံ့ပေးထားကြောင်းလည်းသိရသည်။

"၂၀၁၂ ခုနှစ်အတွင်း ဘင်္ဂလားဒေ့ရှ်ဘက်ကနေ မြန်မာနိုင်ငံကို ပြောင်းရွှေ့ ဝင်ရောက်လာချိန်မှာ ရွှေဇဟိုလ်ရွာဆိုတာကို တစ်ထပ်အိမ်အလုံး ၅၀ ဆောက်လုပ်ပေးခဲ့ပြီး ၂၀၁၄-၂၀၁၅ မှာ စတင်နေထိုင်ခွင့်ပေးခဲ့တာဖြစ်ပါတယ်။ မီးအတွက် ဆိုလာပြား၊ ဘက်ထရီအိုး၊ အင်ဗာတာတွေကအစ တပ်ဆင်ပေးထားတော့ မီးလင်းပေါက် သုံးလို့ရပါတယ်"ဟု ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူး ဦးတင်အောင်က ရှင်းပြသည်။

"သူတို့ အများစုတတ်ကျွမ်းတာက လယ်ယာမြေလုပ်ငန်းဖြစ်တယ်။ ထွန်ယက်စရာ နွားမရှိတဲ့အပြင် စက်လည်းမရှိတော့ ပေါက်တူးကိုအသုံးပြုပြီး တစ်ပိုင်တစ်နိုင်လုပ်ငန်းလေးတွေပဲ လုပ်နိုင်ကြတယ်။ သူတို့တွေကို ဖြစ်စေချင်တာက အိမ်ထောင်စုတစ်စုကို နှစ်ဧက၊ သုံးဧကလောက် ပိုင်အောင်လုပ်ပေးလိုက်ရင် မိသားစုစားဝတ်နေရေးအတွက် အဆင်ပြေမယ်လို့ ထင်ပါတယ်။ ထောက်ပံ့ပေးတာတွေကိုပဲ မျှော်ကိုးပြီး နေမယ်ဆိုရင်တော့ ရေရှည်အဆင်ပြေမှာ မဟုတ်ပါဘူး" ဟု ဦးတင်အောင်က ဆက်လက်ပြောပြသည်။

ရွှေဇဟိုလ်ကျေးရွာရှိ အာစီနှစ်ထပ်ဘုန်းတော်ကြီးကျောင်းမှာလည်း ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်တွင် နယ်စပ်ရေးရာဝန်ကြီးဌာနမှ ငွေကျပ်သန်း ၁၂၀ ကျော် အကုန်အကျခံပြီး ဆောက်လုပ်လှူဒါန်းထားသည့်အပြင် နယ်ခြားစောင့် ရဲတပ်ဖွဲ့မှလည်း ကင်းစခန်းဆောက်လုပ်၍ လုံခြုံရေးဆောင်ရွက်ပေးထားကြောင်း သိရသည်။

**(သတင်းစဉ်)**

# မောင်တောမြို့နယ် ဦးရှည်ကျကျေးရွာအနီး အမျိုးသားတစ်ဦး သေဆုံးနေကြောင်း တွေ့ရ

**မောင်တော နိုဝင်ဘာ ၅**
မောင်တောမြို့နယ် ဦးရှည်ကျကျေးရွာမြောက်ဘက် ခနိခင်းအတွင်း၌ နိုဝင်ဘာ ၃ ရက် နံနက် ၁၀ နာရီခန့်က အသက် (၅၄) နှစ်ခန့်ရှိ အမျိုးသားတစ်ဦးအား ဒဏ်ရာများဖြင့်သေဆုံးနေကြောင်း ရွာသားများက တွေ့ရှိခဲ့သည်။

အဆိုပါ သေဆုံးသူမှာ မောင်တောမြို့နယ် ဦးရှည်ကျကျေးရွာအုပ်စု ရပ်ကွက် (၅) မှ အာလီအူလာ (ဘ) ရော်ရှီးတာမတ် အသက် (၅၄) နှစ်ဖြစ်ပြီး လည်ပင်းတွင် ပြတ်ရှဒဏ်ရာအပါအဝင် ပြတ်ရှ၊ ထိုးသွင်းဒဏ်ရာများစွာဖြင့် စွန့်ပစ်ထားသည်ကို ရွာသားများက တွေ့ရှိခဲ့ခြင်းဖြစ်ကြောင်း၊ ၎င်းမိသားစုများမှ ငါးခူရနယ်မြေ ရဲကင်းစခန်းသို့ တိုင်ကြားခဲ့ပြီး ဘာသာရေးအစဉ်အလာနှင့်အညီ မြှုပ်နှံသင်္ဂြိုဟ်ပြီးဖြစ်ကြောင်း သိရှိရသဖြင့် သက်ဆိုင်ရာမှ ဖြစ်စဉ်စိစစ်ပြီး အမှုဖွင့်စစ်ဆေးလျက်ရှိကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

# ကိုးတန်ကောက်ရဲကင်းစခန်းအား တိုက်ခိုက်မှုတွင်ပါဝင်ခဲ့သည့် အကြမ်းဖက်စီးနင်းတိုက်ခိုက်သူ နှစ်ဦး ဖမ်းဆီးရမိ

**နေပြည်တော် နိုဝင်ဘာ ၅**
ရခိုင်ပြည်နယ် မောင်တောမြို့နယ်အတွင်း တပ်မတော်စစ်ကြောင်းနှင့် နယ်ခြားစောင့်ရဲတပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် ကိုးတန်ကောက်ရွာအား ယနေ့မွန်းလွဲ ၂ နာရီခန့်တွင် ဝင်ရောက်ရှင်းလင်းရာ ကိုးတန်ကောက်ရဲကင်းစခန်းအား အကြမ်းဖက်စီးနင်းတိုက်ခိုက်သူ နှစ်ဦးဖြစ်သည့် ဆော်လီမူလာ (ဘ) မာမွတ်ရှော်ရီနှင့် မာမွတ်နော်ဘီ(ဘ) နော်ဟီဟူဆောင်း ကိုးတန်ကောက်ရွာမကျေးရွာနေသူတို့ နှစ်ဦးအား ဖမ်းဆီးရမိခဲ့သည်။

အဆိုပါဖမ်းဆီးရမိသူ နှစ်ဦးအား ကိုးတန်ကောက်ရဲကင်းစခန်းသို့ စနစ်တကျ လွှဲပြောင်းအပ်နှံခဲ့ကြောင်း သတင်းရရှိသည်။

**(မြဝတီ)**



✱ **နတ်မြစ်ရိုးတစ်လျှောက်မှ**
ရှာဖွေကယ်ဆယ်ရေးလုပ်ငန်းများကိုလည်း လိုအပ်သလို ဆောင်ရွက်လျက်ရှိသည်။

ထို့ပြင် တရားဝင် သွားလာသည့်ရေယာဉ်များနှင့် ခရီးသွားများကိုလည်း သတင်းရရှိမှုနှင့်အတူ သံသယရှိပါက နတ်မြစ်ကြောင်းအတွင်း ရေယာဉ်အားရပ်တန့်စေပြီး စစ်ဆေးရှာဖွေမှုကိုလည်း ဆောင်ရွက်လျက်ရှိရာ မသင်္ကာသူများ၊ တရားမဝင်ငါးခိုးဖမ်းလှေများ ဖမ်းဆီးရမိပါက ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်နိုင်ရန် သက်ဆိုင်ရာရဲစခန်းများသို့ လွှဲပြောင်းအပ်နှံလျက်ရှိကြောင်းလည်းသိရသည်။

**(သတင်းစဉ်)**

## ■ MNA လေကြောင်းလိုင်းမှ
လေယာဉ်သစ် သုံးစင်း၊ ATR 72-600 မျိုးဆက်သစ် လေယာဉ် လေးစင်းတို့ဖြင့် ပြည်ပခရီးစဉ်သစ်များ ပြေးဆွဲနေရာတွင် ရန်ကုန်-စင်ကာပူ-ရန်ကုန်၊ ရန်ကုန်-ဟောင်ကောင်-ရန်ကုန်၊ ရန်ကုန်-ဘန်ကောက်-ရန်ကုန်၊ ရန်ကုန်-ချင်းမိုင်- ရန်ကုန် စသည့် ခရီးစဉ်များ ပြေးဆွဲခဲ့ပြီး ပြည်တွင်းခရီးစဉ်များကိုလည်း ချိတ်ဆက်ပြေးဆွဲလျက်ရှိသည်။

မြန်မာအမျိုးသားလေကြောင်းလိုင်း Myanmar National Airlines (MNA) တွင် ပျံသန်းပြေးဆွဲနေသည့် လေယာဉ်အမျိုးအစားများမှာ Boeing Next-Generation 737-800၊ Boeing 737 Max 8၊ Embraer 190၊ ATR၊ Caravan၊ Beec တို့ဖြစ်ပြီး လေယာဉ်ငယ်များဖြင့်လည်း စင်းလုံးငှား ခရီးစဉ်များ၊ ပြည်ပခရီးစဉ်နှင့် ပြည်တွင်းခရီးစဉ်များကိုလည်း တစ်ဆက်တည်း ချိတ်ဆက်ပြေးဆွဲလျက်ရှိကြောင်း သိရသည်။

**(ဆုနှင်းလှဲ့)**

# ပြင်သစ်-မြန်မာ ယဉ်ကျေးမှုဖလှယ်ခြင်း (၅၅)နှစ်မြောက်အထိမ်းအမှတ် မင်္ဂလာပါ အနုပညာပွဲတော်ကျင်းပမည်

**ရန်ကုန် နိုဝင်ဘာ ၅**



ပြင်သစ်ယဉ်ကျေးမှုဌာနနှင့် ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့တို့ ပူးပေါင်း၍ ပြင်သစ်-မြန်မာ ယဉ်ကျေးမှုဖလှယ်ခြင်း (၅၅)နှစ်မြောက် အထိမ်းအမှတ်အဖြစ် အနုပညာပေါင်းစုံ ပေါင်းစပ်ပါဝင်သော မင်္ဂလာပါပွဲတော်ကို ဒီဇင်ဘာ ၂ ရက်မှ ၄ ရက်အထိ ရန်ကုန်မြို့ ဗိုလ်တထောင်ဆိပ်ကမ်း၊ ဒလဆိပ်ကမ်း၊ ဝါးတန်းဆိပ်ကမ်း၊ မဟာဗန္ဓုလပန်းခြံ၊ မြေနီကုန်း ခုံးကျော်တံတားနှင့် ပြည်သူ့ရင်ပြင်တို့၌ ကျင်းပသွားမည်ဖြစ်ကြောင်း ယမန်နေ့ မွန်းလွဲပိုင်းက ရန်ကုန်မြို့ ဆူးလေရှန်ဂရီလာ ဟိုတယ်၌ ကျင်းပသော စာနယ်ဇင်းရှင်းလင်းပွဲမှ သိရသည်။

ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးဖြိုးမင်းသိန်းက "ပြောင်းလဲမှုတွေ တွေ့ကြုံရပြီးနောက်မှာ မြန်မာနိုင်ငံဟာ ကမ္ဘာ့အလယ်မှာ မျက်နှာပန်းလှခဲ့ပါပြီ။ နိုင်ငံတော်တော်များများက ဖိတ်ခေါ်ပြီး မြန်မာနိုင်ငံရဲ့ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းတွေကို ညှိနှိုင်းဆောင်ရွက်မှုတွေ ရှိခဲ့တယ်။ ဒီအထဲမှာ ပြင်သစ်နိုင်ငံလည်းအပါအဝင်ဖြစ်ပါတယ်။ ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့နဲ့ ပြင်သစ်ပါရီတို့ ပူးပေါင်းဖို့ နားလည်မှုစာချွန်လွှာတွေ လက်မှတ်ရေးထိုးနိုင်ခဲ့တယ်။

"အထူးသဖြင့် ရန်ကုန်မြို့ကိုပြည်သူလူထုတွေလက်ထဲ ပြန်အပ်ချင်လို့ အခုလို ကျယ်ကျယ်ပြန့်ပြန့် ကျင်းပဖို့ ပြင်ဆင်ကြိုးပမ်းမှုတွေ ပြုလုပ်ခဲ့တာပါ။ အိပ်မက်တွေကို အကောင်အထည်ဖော်နိုင်ပြီဆိုတာ ပြည်သူလူထုတွေရော၊ ကမ္ဘာ့နိုင်ငံအသီးသီးက ဧည့်သည်တွေရော သိရှိသွားနိုင်ဖို့အတွက် မင်္ဂလာပွဲကနေ ရည်သန်ပါတယ်"ဟု အဆိုပါ အခမ်းအနားတွင် ပြောကြားသည်။

ပွဲတော်၏ရည်ရွယ်ချက်မှာ မြို့၏ အချက်အချာကျသောနေရာများတွင် အနုပညာနှင့် ကဗျာဆန်ဆန် တင်ဆက်မှုများကိုပြုလုပ်၍ မြို့သူမြို့သားများထံ ၎င်းတို့၏မြို့ကို ပြန်လည် ဆောင်ကြဉ်းပေးခြင်းဖြစ်ကြောင်း သိရသည်။

မြန်မာနိုင်ငံဆိုင်ရာ ပြင်သစ်နိုင်ငံသံအမတ်ကြီး Mr. Olivier Richard က "ယဉ်ကျေးမှုဆိုင်ရာလှုပ်ရှားမှုတွေက နိုင်ငံခြားကမ္ဘာလှည့်ခရီးသွားတွေကို ဖိတ်ခေါ်နိုင်သလို မြို့ပြဖွံ့ဖြိုးရေး စီမံကိန်းမှာ အရေးပါတဲ့ အချက်တစ်ရပ်လည်းဖြစ်တယ်။ ဒါ့အပြင် နိုင်ငံရဲ့ စီးပွားဖွံ့ဖြိုးတိုးတက်မှုကို အနည်းနဲ့အများ အထောက်အကူပြုပေးနိုင်ပါတယ်"ဟု ပြောသည်။

အဆိုပါပွဲတော်တွင် ၂၆ ပေကျော်အမြင့်ရှိသည့် ကြီးမားသော ရုပ်သေးရုပ်ကြီးနှစ်ခုက မြို့သူမြို့သားများ ခြံရံ၍ စီတန်းလှည့်လည်မည်ဖြစ်ကြောင်း၊ အဆိုပါလှည့်လည်ပွဲ တစ်လျှောက် ပြင်သစ်-မြန်မာ အနုပညာရှင် ၁၀၀ ကျော်က ဆပ်ကပ်၊ တေးဂီတပွဲများ၊ လမ်းပေါ်မှအနုပညာတင်ဆက်မှု၊ videomapping၊ အကများပါဝင်သော ဖျော်ဖြေမှုများ ပြုလုပ်သွားမည်ဖြစ်ကြောင်းသိရသည်။

ရန်ကုန်မြို့ အမျိုးသားကဇာတ်ရုံ၌ နိုဝင်ဘာ ၁၃ ရက်မှ ၂၇ ရက်အတွင်း အမျိုးသမီး ရုပ်သေးရုပ်ကြီးကို ဆောက်လုပ်မည်ဖြစ်ပြီး ပွဲတော်အကြိုလှုပ်ရှားမှုများအနေဖြင့် လှိုင်သာယာ၊ ရွှေပြည်သာနှင့် မြောက်ဒဂုံမြို့နယ်များမှ ဆပ်ကပ်အလုပ်ရုံစီစဉ်တင်ဆက်ခြင်းများ လုပ်ဆောင်မည်ဖြစ်ကြောင်း၊ ဒီဇင်ဘာ ၂ ရက်မှ ၄ ရက်အထိ L'Homme Debout အဖွဲ့က ဖန်တီးသော ရုပ်သေးရုပ်ကြီးနှစ်ခုသည် လမ်းများတွင် သရုပ်ပြဖျော်ဖြေ မှုများနှင့်အတူ လှည့်လည်သွားလာကြမည်ဖြစ်ကြောင်း သိရသည်။

ပြင်သစ်ယဉ်ကျေးမှုဌာန ပွဲတော်ဖြစ်မြောက်ရေး အဖွဲ့ခေါင်းဆောင် Mr. Charles BONHOMME က "ပွဲတော်ကို မျက်စိပသာဒ ထူးခြားစေမယ့် အနုပညာနှစ်ရပ်နဲ့ တင်ဆက်သွားမှာပါ။ နောက်ဆုံးပိတ် အခမ်းအနားကို ပြည်သူ့ရင်ပြင်မှာ မီးရှူးမီးပန်းတွေဖောက်ပြီး ပိတ်သိမ်းသွားမှာဖြစ်ပါတယ်"ဟု ပြောသည်။

မင်္ဂလာပါပွဲသည် မြို့ပြနှင့် ပတ်သက်သော သတိရှိသင့်သည့် အကြောင်းအရာများအပါအဝင် မြို့ပြဖွံ့ဖြိုးတိုးတက်ရေးအတွက် ယဉ်ကျေးမှုနှင့် အနုပညာရှင်များ၏ အခန်းကဏ္ဍကို မီးမောင်းထိုးပြခြင်းတစ်ရပ်လည်းဖြစ်သည်။ အဓိကရည်ရွယ်ချက်မှာ ခုံးကျော်တံတားများကို အများပြည်သူ၏ သာယာပျော်ရွှင်ဖွယ်ကောင်းသည့် ပတ်ဝန်းကျင်ဖြစ်အောင် ဆောင်ရွက်သွားမည်ဖြစ်သည်။ ထိုလုပ်ငန်းစဉ်အစပျိုးရန် အနုပညာဖန်တီးမှုပါဝင်သော ခုံးကျော်တံတားဆိုင်ရာ စီမံကိန်းတစ်ခုလည်း ပါဝင်မည်ဖြစ်ကြောင်း သိရသည်။

ထိုစီမံကိန်းကို မြန်မာနိုင်ငံဆိုင်ရာ ပြင်သစ်သံရုံးနှင့် ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့တို့ပူးပေါင်း၍ အများပြည်သူ၏ နေရာများအဖြစ် မြို့ပြဖွံ့ဖြိုးတိုးတက်မှု အသွင်သစ်ဖြင့် တည်ဆောက်သွားမည်ဖြစ်ကြောင်းလည်း သိရသည်။

**သတင်း - မြတ်စန္ဒီသင်းဇော်**
**ဓာတ်ပုံ - ရဲထွန်း**

## (၂၉)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲအတွက် ပိုက်ကျော်ခြင်းကစားသမားရွေးချယ်ပွဲကျင်းပမည်

**နေပြည်တော် နိုဝင်ဘာ ၅**

(၂၉)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲတွင် ပိုက်ကျော်ခြင်းပြိုင်ပွဲ၌ အောင်မြင်မှုရရှိစေရန်အတွက် ပိုက်ကျော်ခြင်းကစားသမားရွေးချယ်ပွဲကို ဒီဇင်ဘာပထမပတ်တွင် နေပြည်တော် ဝဏ္ဏသိဒ္ဓိပိုက်ကျော်ခြင်းအားကစားရုံ၌ ကျင်းပမည်ဖြစ်သည်။

အဆိုပါရွေးချယ်ပွဲတွင် (ယခင်လက်ရွေးစင်ဟောင်းများအပါအဝင်) မည်သူမဆို ဝင်ရောက်ယှဉ်ပြိုင်နိုင်ပြီး သုံးယောက်တွဲနှင့် နှစ်ယောက်တွဲပြိုင်ပွဲများ ကျင်းပမည်ဖြစ်သဖြင့် မိမိနှစ်သက်ရာကစားသမားများစုဖွဲ့ယှဉ်ပြိုင်နိုင်ပြီး အသင်းကို ရွေးချယ်ခြင်းမဟုတ်ဘဲ ထူးချွန်သူများကိုသာ ရွေးချယ်သွားမည်ဖြစ်သည်။

ပြိုင်ပွဲကာလအတွင်း နေထိုင်စားသောက်မှုများအား အားကစားလေ့ကျင့်ရေးစခန်းမှ တာဝန်ယူဆောင်ရွက်မည်ဖြစ်ပြီး ရွေးချယ်ခံရသူများသည် နေပြည်တော် အားကစားလေ့ကျင့်ရေးစခန်း၌ စခန်းဝင်ရောက်ရမည်ဖြစ်သည်။ ရွေးချယ်ခံရ၍ လေ့ကျင့်နေသောကာလအတွင်း ထိုက်တန်သော ထောက်ပံ့ကြေးများ ပေးအပ်၍ လေ့ကျင့်ပေးမည်ဖြစ်ပြီး (၂၉)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲအတွက် အဆိုပါရွေးချယ်ထားသောသူများထဲမှ ထပ်မံဆန်းစစ်ရွေးချယ်သွားမည်ဖြစ်သည်။ ပြိုင်ပွဲဝင်အမည်စာရင်းအား နိုဝင်ဘာ ၂၁ ရက် ညနေ ၄ နာရီနောက်ဆုံးထား စာရင်းပေးသွင်းရန်နှင့် အသေးစိတ်သိရှိလိုပါက ဦးကျော်ဇင်မိုး ညွှန်ကြားရေးမှူး (ယှဉ်ပြိုင်ရေးနှင့်လေ့ကျင့်ရေးဌာနခွဲ-၂) ဖုန်း-၀၉-၅၁၂၈၉၈၅သို့ ဆက်သွယ်မေးမြန်းနိုင်ကြောင်းသိရသည်။

**(မောင်မောင်ဇော်)**

## ဝိုင်းခြင်း

❖ အားသွန်ခွန်စိုက်၊ ပြန်လှန်ရိုက်ရင်း
စိတ်လိုက်မာန်ပါ၊ ပြင်းထန်စွာလျှင်
ခမြာတို့ပြန်၊ မလှန်နိုင်အောင်
အပိုင်ရိုက်ချ၊ သူရှုံးရစေ
ပွဲစမှဆုံး၊ ဒေါမာန်ဖုံးလျက်
အမုန်းတလင်း၊ အပြုံးကင်းသည့်
တင်းနှစ်လိုမျိုး ကစားနည်း ...။

❖ တစ်ဖက်သင်းက
မဆယ် မနိုင်၊ မပြန်နိုင်အောင်
အပိုင်ဆယ်လျက်၊ ပင့်ထောင်ချက်ကို
လှည့်ကွက်သုံးကာ၊ ရိုက်ခုတ်ပါရင်း
လဲကာပြိုသွား၊ ကျရှုံးသွားက
လက်ဝါးချင်းရိုက်၊ ဂုဏ်ယူလိုက်ကြ
နိမ့်ချသဘော၊ လှောင်ရယ်မောကြ
ဘော်လီဘောလို ကစားနည်း...။

❖ ဒေါသမာန်ပြင်း
မျက်လုံးချင်းဆိုင်၊ လက်ရုံးချင်းပြိုင်
အပိုင်ထိုးသတ်၊ တရစပ်ပစ်သွင်း
သွေးချင်းနီရဲ၊ အံကြိတ်ခဲရင်း
အကွဲအကျိုး
အလဲထိုးလျက်၊ အောင်ပွဲဆက်တဲ့
လက်ဝှေ့လိုမျိုး ကစားနည်း ...။

❖ ခြင်းလုံးလေးသာ
လေမှာပျံလျက်၊ မြေမသက်ရေး
တက်ညီလက်ညီ၊ ဝိုင်းဝန်းတည်ကြ
ဝိုင်းလည်အောင်ပို့၊ ကိုယ့်ထံသူ့ထံ
ကျန်သူဦးစားပေး၊ ထောက်ကူပေးလျက်
အပေးအယူ၊ ကြည်ဖြူမှုတ
မာန်မာနကင်း၊ လောဘရှင်းသည့်
ဝိုင်းခြင်းလိုမျိုး ကစားနည်း ...။

❖ သူငယ်ချင်း
မင်းစဉ်းစားကြည့်
ကစားနည်းများစွာ၊ စုံလှပါလည်း
ငါကတော့လေ
တို့မြေတို့မျိုး၊ တို့ပြည်ကျိုးတွက်
သယ်ပိုးဆောက်တည်၊ ထုံးနည်းမှီဖို့
တက်ညီလက်ညီ၊ သဘောညီလျက်
ဦးတည်ချက်တူ၊ လုပ်ရပ်တူလျက်
ငြူစူမှုကင်း၊ ရန်လိုကင်းသည့်
ဝိုင်းခြင်းကိုပဲ နှစ်သက်သည်။
ခြင်းပဲခတ်ကြ စေချင်သည်။

**ဇော်မင်းမင်းဦး**

## မော်တော်ယာဉ်မောင်းနှင်သူနှင့် လိုက်ပါစီးနင်းသူများ ထိုင်ခုံခါးပတ်ဝတ်ဆင်အသုံးပြုရန် အသိပေးနှိုးဆော်ချက်

၁။ အမျိုးသားယာဉ်အန္တရာယ်၊ လမ်းအန္တရာယ်ကင်းရှင်းရေးကောင်စီ အနေဖြင့် ယာဉ်အန္တရာယ်၊ လမ်းအန္တရာယ် ကင်းရှင်းရေးလုပ်ငန်းစီမံချက် (၂၀၁၄-၂၀၂၀)အား အချိန်တိုအတွင်း ထိရောက်အောင်မြင်စွာ အကောင်အထည်ဖော်ဆောင်နိုင်ရေးအတွက် ဦးစားပေးလုပ်ငန်းအစီအစဉ်(၄)ရပ်ကို ချမှတ်ဆောင်ရွက်လျက်ရှိရာ "မော်တော်ယာဉ်မောင်းနှင်လိုက်ပါစီးနင်းသူများအားလုံး အသက်ကယ်ထိုင်ခုံခါးပတ် ဝတ်ဆင်စီးနင်းစေရေး" လုပ်ငန်းစဉ်လည်း အပါအဝင်ဖြစ်ပါသည်။

၂။ မြန်မာနိုင်ငံတစ်ဝန်းလုံး၌ ၂၀၁၅ ခုနှစ် ဇန်နဝါရီလမှ ဒီဇင်ဘာလအတွင်း မော်တော်ယာဉ်(မော်တော်ဆိုင်ကယ်မပါ)ကြောင့် ဖြစ်ပွားသော ယာဉ်တိုက်ခိုက်မှုများတွင် သေဆုံးသူ ၂၁၅၉ ဦးရှိရာ မော်တော်ယာဉ်မောင်းနှင်သူနှင့် လိုက်ပါစီးနင်းသူများ အသက်ကယ်ထိုင်ခုံခါးပတ် အသုံးမပြုခြင်းကြောင့် သေဆုံးမှုအများဆုံးဖြစ်ကြောင်း စိစစ်တွေ့ရှိရပါသည်။

၃။ သို့ပါ၍ မော်တော်ယာဉ်မောင်းနှင်လိုက်ပါစီးနင်းသူများအားလုံး အသက်ကယ်ထိုင်ခုံခါးပတ် ဝတ်ဆင်စီးနင်းစေရေးလုပ်ငန်းစဉ်အား တစ်နိုင်ငံလုံးအတိုင်းအတာနှင့် ကျယ်ကျယ်ပြန့်ပြန့် ဆောင်ရွက်နိုင်ရေးအတွက် ပြည်တွင်း၌ အသုံးပြုနေသည့် မော်တော်ယာဉ်များ၌ အသက်ကယ်ထိုင်ခုံခါးပတ်များ ပြည့်စုံစွာပါရှိစေရေးအတွက် သတ်မှတ်ချက်များကို ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနက အောက်ပါအတိုင်း သတ်မှတ်ထုတ်ပြန်ထားပြီးဖြစ်ပါသည် -

(က) ကနဦးမှတ်ပုံတင်ယာဉ်များစစ်ဆေးရာတွင် မူလထုတ်လုပ်သူ၏ စံသတ်မှတ်ချက်ပုံစံအတိုင်း အသက်ကယ်ထိုင်ခုံခါးပတ်(Seat Belt)ပါရှိကြောင်း စစ်ဆေးပြီး ပြည့်စုံမှသာလျှင် မှတ်ပုံတင်လုပ်ငန်းများကို ဆက်လက်ဆောင်ရွက်ပေးပါမည်။

(ခ) နှစ်လဲနှင့် အခြားမှတ်ပုံတင်လုပ်ငန်းများဆောင်ရွက်သည့် ယာဉ်များကို ယာဉ်စစ်ဆေးရာတွင် "6C" အက္ခရာနှင့်အထက် လူစီးယာဉ်များအားလုံး အသက်ကယ်ထိုင်ခုံခါးပတ် (Seat Belt)များ တပ်ဆင်ပါရှိရမည်။ "6C" အက္ခရာအောက် ယာဉ်ဖြစ်သော်လည်း ၁၉၉၅ ခုနှစ်နှင့်အထက် ထုတ်လုပ်သည့် ယာဉ်များဖြစ်ပါက မူလစက်ရုံထုတ်ပုံစံတွင် ပါရှိသည့်အတိုင်း အသက်ကယ်ထိုင်ခုံခါးပတ်(Seat Belt)တပ်ဆင်ပါရှိရမည်။ Pick Up, Light Truck, Truck, City Bus ယာဉ်များတွင် ယာဉ်မောင်းသူ အသက်ကယ်ထိုင်ခုံခါးပတ် (Driver Seat Belt)မဖြစ်မနေ တပ်ဆင်ပါရှိရမည်။ ကျောင်းသားများ သယ်ယူပို့ဆောင်သော ကျောင်းသုံးယာဉ် (School Bus)များနှင့် အဝေးပြေးခရီးသည်ပို့ဆောင်သော အဝေးပြေးယာဉ်(Express Bus)များအားလုံး ယာဉ်မောင်းနှင်စီးနင်းသူများအတွက် အသက်ကယ်ထိုင်ခုံခါးပတ်(Seat Belt) ပြည့်စုံစွာ တပ်ဆင်ပါရှိရမည်။

(ဂ) အထက်အပိုဒ်ပါ အသက်ကယ်ထိုင်ခုံခါးပတ်(Seat Belt)မပါရှိသော ယာဉ်များနှင့် ကောင်းမွန်စွာ အသုံးပြုနိုင်ခြင်းမရှိသော ယာဉ်များအား မှတ်ပုံတင်လုပ်ငန်းများ ဆောင်ရွက်ပေးခြင်းပြုမည်မဟုတ်ပါ။

၄။ အသက်ကယ်ထိုင်ခုံခါးပတ်(Seat Belt) ပြည့်စုံစွာတပ်ဆင်ထားရှိမှုနှင့် ကောင်းမွန်စွာအသုံးပြုနိုင်မှု ရှိ၊ မရှိ စစ်ဆေး၍ အရေးယူဆောင်ရွက်ခြင်းအား ကနဦးမှတ်ပုံတင်ယာဉ်များအတွက် လက်ရှိ စိစစ်ဆောင်ရွက်လျက်ရှိပြီး နှစ်လဲ မှတ်ပုံတင်ယာဉ်များအတွက် (၁-၁၁-၂၀၁၆)ရက်နေ့မှစတင်၍ စိစစ်ဆောင်ရွက်သွားမည်ဖြစ်ရာ ယာဉ်ပိုင်ရှင်များအနေဖြင့် (၁-၁၁-၂၀၁၆) ရက်နေ့မတိုင်မီ ပြည့်စုံကောင်းမွန်စွာ ပြင်ဆင်ဆောင်ရွက်ထားကြရန် လိုအပ်မည်ဖြစ်ပါသည်။

၅။ မော်တော်ယာဉ်မောင်းနှင်သူနှင့် လိုက်ပါစီးနင်းသူများအနေဖြင့်လည်း အသက်ကယ်ထိုင်ခုံခါးပတ်များ(Seat Belt)ကို မပျက်မကွက်ဝတ်ဆင်ပြီးမှ မောင်းနှင်စီးနင်းကြရန်ဖြစ်ပါသည်။ အသက်ကယ်ထိုင်ခုံခါးပတ်ဝတ်ဆင်၍ မောင်းနှင်ခြင်း၊ စီးနင်းခြင်းအား (၁-၁၁-၂၀၁၆)မှ (၃၁-၁၂-၂၀၁၆)ရက်နေ့အထိ ပညာပေးကာလအဖြစ် သတ်မှတ်စစ်ဆေးပညာပေးသွားမည်ဖြစ်ပြီး (၁-၁-၂၀၁၇)ရက်နေ့မှစတင်၍ ဝတ်ဆင်အသုံးမပြုသူများအား မော်တော်ယာဉ်ဥပဒေအရ အရေးယူဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အသိပေးနှိုးဆော်အပ်ပါသည်။

**အမျိုးသားယာဉ်အန္တရာယ်၊ လမ်းအန္တရာယ်ကင်းရှင်းရေးကောင်စီ**

# ကောလာဟလတွေအကြားက ဟောလီဝုဒ်ကြယ်ပွင့်များ

***ယခုသီတင်းပတ်အတွင်း ဟောလိဝုဒ်မီဒီယာတွေအကြား ရေပန်းအစားဆုံး ကောလာဟလသတင်းတွေထဲက စိတ်ဝင်စားစရာအကောင်းဆုံးသတင်းတွေကို ကြေးမုံပရိသတ်အတွက် တင်ဆက်ပေးလိုက်ပါတယ်။***

## နောက်တစ်ယောက်ရှိနေပြီပေါ့ ကန်ဒဲလ်ဂျန်ဒါ



ဗြိတိန်ပေါ့ပ်အဆိုတော် ဟယ်ရီစတိုင်နဲ့ ယခုနှစ်အစပိုင်းမှာ လူသိရှင်ကြားတွဲခဲ့တဲ့ ဟောလိဝုဒ်ရဲ့ထိပ်တန်းမော်ဒယ်လ်တစ်ဦးဖြစ်သူ ကန်ဒဲလ်ဂျန်ဒါဟာ နိုဝင်ဘာ ၂ ရက်က ကျရောက်ခဲ့တဲ့သူ့ရဲ့မွေးနေ့အထိမ်းအမှတ် ပါတီပွဲအပြီးမှာတော့ ကန်ဒဲလ်မှာ ဟယ်ရီမဟုတ်ဘဲ အခြားချစ်သူတစ်ယောက်ရှိနေတယ်ဆိုတဲ့ ကောလာဟလတွေ ပေါ်ထွက်လာခဲ့ပါတယ်။

ကန်ဒဲလ်နဲ့ သတင်းထွက်လာတဲ့ချစ်သူသစ်ကတော့ ဘတ်စကက်ဘောကစားသမား ဂျော်ဒန်ကလာ့ခ်ဆန်ဖြစ်ကြောင်း အီးအွန်လိုင်းဒေါ့ကွန်းရဲ့ ဖော်ပြချက်အရ သိရပါတယ်။

သူတို့နှစ်ဦးရဲ့ဆက်ဆံရေးက လေးနက်လွန်းတဲ့အခြေအနေမှာတော့ မရှိသေးပေမယ့် အတူတကွ သွားလာတာမျိုးတော့ ရှိကြောင်းလည်း သိရပါတယ်။ ဒါ့အပြင် ကန်ဒဲလ်ရဲ့ (၂၁)နှစ်ပြည့်မွေးနေ့မှာ ချစ်သူဟောင်း ဟယ်ရီကလည်း အထူးမွေးနေ့လက်ဆောင်ကို ကိုယ်တိုင်ကိုယ်ကျ လာရောက်ပေးခဲ့တယ်ဆိုတဲ့ ကောလာဟလတွေလည်း ပေါ်ထွက်ခဲ့ပါသေးတယ်။


## ချစ်သူသစ်ရသွားပြီဖြစ်တဲ့ ကော့တ်နေကာဒါ့ရှီးယန်း

အသက် (၃၇)နှစ်အရွယ် ဟောလိဝုဒ်ကြယ်ပွင့် ကော့တ်နေကာဒါ့ရှီးယန်းဟာ မော်ဒယ်တစ်ဦးဖြစ်သူ အသက် (၂၃)နှစ်အရွယ် ယန်းစ်ဘန်ဂျီမာနဲ့ ချစ်သူတွေအဖြစ် လက်တွဲခဲ့ပြီဖြစ်ကြောင်း အေ့စ်ရှီးဘစ်ဇ်ဒေါ့ကွန်းက ဖော်ပြခဲ့ပါတယ်။ ယန်းစ်ဟာ ယခင်က လက်ဝှေ့ကစားသမားတစ်ဦးဖြစ်ပြီး ကော့တ်နေထက် အသက်အားဖြင့် (၁၄)နှစ်ခန့်ငယ်ပါတယ်။

သယ်စန်းသတင်းစာရဲ့ဖော်ပြချက်အရ သူတို့နှစ်ဦးဟာ ပြီးခဲ့တဲ့ အောက်တိုဘာလအစပိုင်းက ကျင်းပခဲ့တဲ့ ပြင်သစ်ဖက်ရှင်သီတင်းပတ်အတွင်း စတင်တွေ့ဆုံခဲ့ကြတာဖြစ်ပြီး နှစ်ဦးစလုံးက သူတို့နှစ်ဦးရဲ့ဆက်ဆံရေးကို တရားဝင်ထုတ်ဖော်ပြောကြားလိုခြင်း မရှိသေးကြောင်း သိရပါတယ်။

ကော့တ်နေဟာ ၂၀၀၆ ခုနှစ်က စတင်လက်တွဲခဲ့တဲ့ ချစ်သူဟောင်း စကော့ထ်ဒစ်စစ်ခ်နဲ့ လွန်ခဲ့တဲ့တစ်နှစ်ကျော်က လမ်းခွဲခဲ့တာဖြစ်ပြီး စကော့ထ်နဲ့ရခဲ့တဲ့ ရင်သွေးသုံးဦးရှိပါတယ်။ ကော့တ်နေဟာ သူ့ထက် (၁၅)နှစ်ခန့်ငယ်တဲ့ ပေါ့ပ်ကြယ်ပွင့် ဂျက်စတင်ဘီဘာနဲ့လည်း ပြီးခဲ့တဲ့နှစ်အတွင်းက သတင်းတွေထွက်ခဲ့ပါသေးတယ်။ ယန်းစ်ကတော့ ကော့တ်နေနဲ့ မဆုံမီ တစ်ပတ်ခန့်က ဗြိတိန်မော်ဒယ်လ်တစ်ဦးဖြစ်သူ အသက် (၂၆)နှစ်အရွယ် ဂျော်ဒန်ဒန်းနဲ့ လမ်းခွဲခဲ့သူပါ။







## တကယ်ပါပဲလို့ပြောလိုက်တာလား ဂျနီဖာလောရန့်စ်

အော်စကာဆုရှင်ဟောလိဝုဒ်ကြယ်ပွင့် မင်းသမီး ဂျနီဖာလောရန့်စ်ဟာ သူ့ထက် (၂၀) နှစ်စီနီယာကျတဲ့ ဒါရိုက်တာတစ်ဦးဖြစ်သူ ဒါရန်အရွှန်နော့ဗ်စကီးနဲ့ သတင်းတွေထွက်နေပါတယ်။ သူတို့နှစ်ဦးချိန်းဆိုတွေ့ဆုံမှုတွေရှိခဲ့ပေမယ့် သာမန်တွေ့ဆုံမှုမျိုးသာဖြစ်ခဲ့တာမို့ သူတို့နှစ်ဦးရဲ့ဆက်ဆံရေးကို သို့လောသို့လောသာ ဝေဖန်ပြောဆိုနေခဲ့ကြပါတယ်။ ဒါပေမယ့် ပြီးခဲ့တဲ့ နိုဝင်ဘာ ၂ ရက် ညပိုင်းမှာ ချိန်းဆိုတွေ့ဆုံခဲ့ရာမှာတော့ နှစ်ဦးသားဟာ နယူးယောက်မြို့ရဲ့ လမ်းမပေါ်မှာပဲ ပွေ့ဖက်နမ်းရှုပ်ခဲ့တာကြောင့် သူတို့နှစ်ဦးရဲ့ ကောလာဟလကို အတည်ပြုပြောကြားလိုက်သလို ဖြစ်ခဲ့ပါတယ်။

အသက် (၂၆)နှစ်အရွယ် ဂျနီဖာလောရန့်စ်နဲ့ (၄၇)နှစ်အရွယ် ဒါရန်အရွှန်နော့ဗ်စကီးတို့ ချစ်သူတွေဖြစ်နေကြတယ်ဆိုတဲ့ ဟောလာဟလတွေဟာ ပြီးခဲ့တဲ့ အောက်တိုဘာလလယ်ကစပြီး ပေါ်ထွက်လာခဲ့ခြင်းဖြစ်ကာ နောက်ပိုင်းမှာ လူသိရှင်ကြားတွဲလာခဲ့ပေမယ့် သူတို့နှစ်ဦးရဲ့ ဆက်ဆံရေးကို တရားဝင်ထုတ်ဖော်ပြောကြားတာတော့ မရှိသေးကြောင်း အီးအွန်လိုင်းဒေါ့ကွန်းက ဖော်ပြခဲ့ပါတယ်။

ဂျနီဖာဟာ ဒါရန်နေထိုင်ရာ နယူးယောက်မှာ အိမ်ခန်းတစ်ခန်းဝယ်ထားပုံရပြီး ဒါရန်ရဲ့နေမကောင်းဖြစ်နေတဲ့ဖခင်အတွက် ထောက်ပံ့ပေးနေတယ်ဆိုတဲ့ သတင်းတွေလည်း ထွက်နေပါတယ်။ ဒါရန်အရွှန်နော့ဗ်စကီးမှာ အသက် (၁၀)နှစ်အရွယ် သားတစ်ဦးလည်းရှိကြောင်း သိရပါတယ်။



## ဘယ်လီအဖြစ် ပထမဦးဆုံးအကြိမ်တွေ့မြင်ခဲ့ရတဲ့ အမ်မာဝပ်ဆန်

"Harry Potter"မင်းသမီးချောလေး အမ်မာဝပ်ဆန်ဟာ "Beauty and the Beast"ရုပ်ရှင်သစ်မှာ ဘယ်လီအဖြစ်ပါဝင်သရုပ်ဆောင်ထားပြီး အဆိုပါရုပ်ရှင်မှာ ပါဝင်ထားတဲ့သူ့ရဲ့ပုံရိပ်ကိုဖော်ပြတဲ့အနေနဲ့ ဘယ်လီရဲ့ဓာတ်ပုံကို ပထမဦးဆုံးအကြိမ် ထုတ်ဖော်ပြသခဲ့တယ်လို့ ဒေးလီးမေးလ်ဒေါ့ကွန်းက ဖော်ပြခဲ့ပါတယ်။

အမ်မာဝပ်ဆန်ဟာ "Beauty and the Beast" လိုက်ဖ်အက်ရှင်ရုပ်ရှင်သစ်က သူ့ရဲ့ ပုံရိပ်တွေကို ပြီးခဲ့တဲ့ဗုဒ္ဓဟူးနေ့က အန်တာတိန်းမန့်ဝိခ်ကလီးရဲ့ မျက်နှာဖုံးမှာ ဖော်ပြခဲ့တာဖြစ်ပါတယ်။ ဒါ့အပြင် ယင်းရုပ်ရှင်က အခြားဓာတ်ပုံသုံးပုံကိုလည်း ထုတ်ဖော်ပြသခဲ့ပါတယ်။

အဆိုပါဓာတ်ပုံတွေအရ အသက် (၂၆)နှစ်အရွယ် ဗြိတိန်မင်းသမီးချောလေး အမ်မာဝပ်ဆန်ဟာ ဘယ်လီရဲ့ဝတ်စုံအဖြစ် လှပတဲ့အဝါရောင်ဂါဝန်ရှည်ကို ဝတ်ဆင်ထားတာတွေ့ရပါတယ်။ ရုပ်ရှင်ရိုက်ကူးစဉ်က အမ်မာဟာ ဘယ်လီအတွက် ဝတ်စုံတွေရွေးချယ်ရာမှာ ခါးနဲ့တင်အလှပေါ်အောင်ဝတ်ဆင်ရတဲ့ အမျိုးသမီးကိုယ်ကျပ်အတွင်းခံအင်္ကျီ(ကော့ဆတ်)ကို ဝတ်ဆင်ဖို့ ငြင်းဆိုခဲ့ကြောင်းလည်း သိရပါတယ်။ သူဟာ အလွန်တက်ကြွတဲ့ မင်းသမီးတစ်ဦးအဖြစ် သရုပ်ဆောင်ရမှာဖြစ်တဲ့တွက် အဆိုပါအတွင်းခံကို မဝတ်ဆင်လိုတာဖြစ်ကြောင်း အမ်မာရဲ့ ဒီဇိုင်နာက ဖွင့်ဟခဲ့ပါတယ်။

မူရင်း"Beauty and the Beast"ရုပ်ရှင်နဲ့ပတ်သက်ပြီး အမ်မာက သူဟာ ၁၉၉၁ ခုနှစ်က ထွက်ရှိခဲ့တဲ့ မူလလက်ဟောင်း ရုပ်သံဖန်တီးမှုရုပ်ရှင်ရဲ့ အမာခံပရိသတ်တစ်ဦးဖြစ်ကာ တစ်နှစ်ကျော်အရွယ်မှစတင်ကာ အဆိုပါ ရုပ်ရှင်ကို အကြိမ်များစွာ မရေမတွက်နိုင်အောင် ကြည့်ရှုခဲ့ဖူးကြောင်းနဲ့ ယင်းရုပ်ရှင်မှ ဇာတ်ကောင်တွေရဲ့ ပြောစကားတွေနဲ့ သီချင်းတွေကိုပင် အလွတ် ရနေပြီဖြစ်ကြောင်း ဆိုခဲ့ပါတယ်။

ဒစ်စနေရဲ့ အောင်မြင်တဲ့ရုပ်ရှင်တွေဖြစ်ကြတဲ့ "Maleficent"၊ "Cinderella"နဲ့ "The Jungle Book"တို့လို အောင်မြင်မှုတွေ သိမ်းပိုက်နိုင်ခဲ့တဲ့ အဆိုပါရုပ်ရှင်ကို ပြန်လည်ဆန်းသစ်ထားတဲ့ ရုပ်ရှင်သစ်ကို အမ်မာနဲ့အတူ မင်းသား ဒန်စတီဗန်စ်က ခေါင်းဆောင်ပါဝင်ထားကာ အမေရိကန်နိုင်ငံတစ်ဝန်းလာမယ့် ၂၀၁၇ ခုနှစ် မတ် ၁၇ ရက်မှစတင်ကာ ရုံတင်သွားမှာဖြစ်ကြောင်း သိရပါတယ်။

**အေး ပြည့် - စု စည်း ရေး သား သည်**

## မြဝတီရုပ်မြင်သံကြား

**၆-၁၁-၂၀၁၆(တနင်္ဂနွေနေ့)**

၆း၀၃ တရားတော်
၇း၂၅ ဓမ္မပူဇာတေး
၈း၂၅ DVD Hits
၈း၃၅ အင်္ဂလိပ်စာသုတ
၉း၁၀ World Wide Web
၉း၄၅ အမှတ်တရနေ့ရက်လေးများ
၁၀း၁၀ သာယာသီကြွေးခေတ်ဆန်းတေး
၁၀း၂၀ Guide For You
၁၀း၃၀ Cooking Art
၁၀း၄၅ မြန်မာသံစဉ်ချိုနားဝင်
၁၁း၀၀ English For Myanmar
၁၁း၁၀ မျိုးချစ်တပ်မတော်
၁၁း၁၅ Lucky Door
၁၂း၀၀ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း
- ချစ်ခွန်းသီတဲ့
နှောင်ကြိုးတစ်မျှင် အပိုင်း(၅)
၁၃း၁၉ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း
- ရေသူမရဲ့ခြေရာများ
အပိုင်း(၁၁)
၁၄း၃၀ အိမ်ရှင်မတို့ရဲ့အချစ်ဆုံး
၄း၂၅ သာယာသီကြွေးခေတ်ဆန်းတေး
၄း၃၅ ပျိုပျိုမေ
၄း၅၀ Run & Cook
၅း၁၀ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း
- ဖေဖေကြီးကိုချစ်တယ်
အပိုင်း(၆၈)
၅း၄၅ ဒီဇိုင်နာတို့ရဲ့ဒီဇိုင်း
၆း၁၀ ဘဝကြေးမုံ
၆း၃၅ လူစွန့်စားခရီးသွားနေသည်
၇း၀၀ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း
- မြစ်တစ်စင်းရဲ့အလင်္ကာ
အပိုင်း(၆၄)
- VOA အင်္ဂလိပ်စာသင်ခန်းစာ
- ရသစုံလင်ရုပ်မြင်ဇာတ်လမ်း
- အကြင်နာမျက်ဝန်း
အပိုင်း(၁၉)

## မြန်မာ့ရုပ်မြင်သံကြား ထုတ်လွှင့်မှုအစီအစဉ်

**၆-၁၁-၂၀၁၆(တနင်္ဂနွေနေ့)**

၆း၀၀ မင်းကွန်းဆရာတော်ကြီး၏
ပရိတ်တရားတော်
၇း၃၅ Business News
၈း၃၅ "အမျိုးသားပြတိုက်နေပြည်တော်"
၉း၃၅ ပြည်သူတို့ရဲ့စကားသံများ
၉း၅၀ ကဗျာရိပ်မြုံ
"တစ္ဆေညှ"
၁၀း၀၀ Sunday Talk
၁၀း၃၅ မြန်မာ့အသိုက်အဝန်းထဲမှ
အမျိုးသမီးများ
၁၁း၃၅ "လူ-လူ-လူ လူသည်
ရောင်းကုန်မဟုတ်ပါ"
၁၂း၃၅ This Week's Special Interest
၁၂း၅၀ ဆေးရောင်စုံရုပ်ရှင်
"သွားလူဆိုးဒါမျိုးတော့တတ်တယ်"
(ကျော်ရဲအောင်၊ ပြေတီဦး၊
နေမင်း၊ စိုးမြတ်သူဇာ၊
အိန္ဒြာကျော်ဇင်၊ ပုလဲဝင်း)
(ဒါရိုက်တာ-ညီညီထွန်းလွင်)
၃း၃၀ Sunday Talks
၄း၁၅ သုံးသပ်ရှုမြင်မြန်မာ့ရုပ်ရှင်
"ရွှေဒင်္ဂါးကိုထွေခင်းကစားမယ်"
၄း၃၅ "ခြေခြေမြစ်မြစ်နှစ်နှစ်ကာကာချစ်တဲ့
ကာလပေါ်တေးအရသာ"
(နောက်နှောင်းဆီက
ကောက်ကြောင်းဂီတ) (ဂီတရိပ်သာ)
(အပိုင်း-၁၇၅)
၅း၁၅ ဂီတတံခါးလေးဖွင့်ပါဦး
၆း၄၀ "တန်ဆောင်မုန်းလအခါသမယ
ဆေးပေါင်းခသည် မဲဇလီ"
၇း၁၅ အိန္ဒိယရုပ်ရှင်
"မြွေပျိုမယ်ရဲ့မာယာကလဲ့စား"
(အပိုင်း-၅)
၈း၀၀ ပြည်တွင်းသတင်း၊
နိုင်ငံတကာသတင်း၊
မိုးလေဝသအခြေအနေ
၈း၃၅ "ရှန်းကန်လှုပ်ရှားဘဝများ"
[(၁၂)ပွဲစျေးသည်]
၉း၀၀ ပြည်တွင်းသတင်း၊
မိုးလေဝသအခြေအနေ
-(၁၇)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု
အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ
(ဇာတ်တော်ကြီးပြိုင်ပွဲ)
ဥဂ္ဂသေနဇာတ်တော်ကြီး"
(ပထမဆု)
(ရန်ကုန်တိုင်းဒေသကြီး)
(ပထမပိုင်း)

**မှတ်ချက်။ ။ နာရီစဉ်တိုင်းတွင် ပြည်တွင်းသတင်းနှင့် နိုင်ငံတကာသတင်းများ ထုတ်လွှင့်ပေးပါသည်။**

# စပါးအား ရင်ဆိုင်မည့်ပွဲစဉ်တွင် အဓိကကစားသမားလေးဦးပါဝင်နိုင်ရန်မသေချာသည့်အာဆင်နယ်



စပါးကဲ့သို့ အင်အားကြီး ပြိုင်ဘက်ကို ရင်ဆိုင်ရမည့် ပရီမီယာလိဂ် ပွဲစဉ်(၁၁)တွင် အာဆင်နယ်အသင်း၌ နောက်ခံလူ ဘယ်လာရင် ဝင်ရောက် ကစားနိုင်မည်ဖြစ်သော်လည်း ကာဇိုလာ၊ ကီရန်ဂစ်ဘ်စ်၊သီယိုဝဲလ်ကော့နှင့် နာချို့မွန်ရီယယ်တို့ ပါဝင်နိုင်ရန် ယခုထိ သေချာမှုမရှိသေးကြောင်း နည်းပြဝင်းဂါးက ဆိုလိုက်သည်။ အဆိုပါ ကစားကမားငါးဦးတွင် မွန်ရီရယ်တစ်ဦးသာ လူဒိုဂိုးရက်ဇ်နှင့် ပွဲစဉ်ကို လွဲချော်ခဲ့ပြီး ကျန်ကစားသမား လေးဦးမှာ ချန်ပီယံလိဂ်ပွဲစဉ်အတွက် ဘူလ်ဂေးရီးယား အထိ သွားရောက်ကစားခဲ့ရသည်။

ကြွခိုင်မှု မပြည့်ဝသည့် အနေအထားကြောင့် မွန်ရီရယ်ကို ချန်ထားခဲ့ခြင်းဖြစ်ပြီး ယခုအခါ ကာဇိုလာ၊ မွန်ရီရယ်နှင့် ဝဲလ်ကော့တို့၏ ကြွခိုင်မှုအနေအထား စစ်ဆေးလျက်ရှိပြီး အကယ်၍ ကြွခိုင်မှုပြည့်ဝသည် ဆိုလျှင် စပါးနှင့် ပွဲစဉ်ကို ဝင်ရောက်ကစားမည်ဖြစ်သော်လည်း ကီရန်ဂစ်ဘ်စ်၏ အခြေအနေကို အသေအချာ မပြောနိုင်သေးကြောင်း ဝင်းဂါး၏ ပြောကြားချက်အရ သိရသည်။ ဝဲလ်ကော့မှာ အသေးစား တံကောက်ကြော ဒဏ်ရာရရှိနေခြင်းဖြစ်ပြီး ကာဇိုလာမှာလည်း အရွတ်ကြောဒဏ်ရာ ကြုံတွေ့နေရခြင်းဖြစ်သည်။ အကယ်၍ ကာဇိုလာသာ ဝင်ရောက်ကစားနိုင်ခြင်းမရှိပါက စည်းကမ်းပိုင်းအားနည်းသည်ဟု နာမည်ဆိုးထွက်နေသူ ဇာကာကို အသုံးပြုရမည်ဖြစ်သည်။ ဇာကာမှာ ပြီးခဲ့သည့်လက ဆွမ်ဆီးနှင့် ပွဲစဉ်တွင် ထုတ်ပယ်ခံခဲ့ရသလို လူဒိုဂိုးရက်ဇ်နှင့် ပွဲစဉ်တွင်လည်း အဝါကတ်ပြား ပြသသတိပေးခြင်းခံခဲ့ရသူဖြစ်သည်။

သို့သော် ဝင်းဂါးက ဇာကာမှာ ပြင်ပလူနေမှု ဘဝတွင် အေးဆေးတည်ငြိမ်သူဖြစ်ပြီး ပွဲကစားချိန်များအတွင်း အနိုင်ရလိုစိတ်ပြင်းထန်ခြင်းကြောင့် မလိုလားအပ်သည့် အပြုအမူများကို လုပ်ဆောင်တတ်လေ့ရှိရာ စပါးနှင့် လန်ဒန်ဒါဘီပွဲစဉ်ကို အထူးသတိထားကာ ခံစားချက်ကို ထိန်းသိမ်းရန်လိုအပ်ကြောင်းလည်း သတိပေးစကားဆိုခဲ့သည်။

## နိုဝင်ဘာ ၆/၇ ရက် ယှဉ်ပြိုင်ကစားမည့်ပြိုင်ပွဲစဉ်များ

| | |
|---|---|
| **ပရီမီယာလိဂ် ပွဲစဉ် - ၁၁** | |
| အာဆင်နယ် - စပါး | ည-၆း၃၀ |
| ဟားလ်စီးတီး - ဆောက်သမ်တန် | ည-၈း၄၅ |
| လီဗာပူး - ဝက်ဖို့ဒ် | ည-၈း၄၅ |
| ဆွမ်းဆီး - မန်ယူ | ည-၉း၃၀ |
| လက်စတာ - ဝက်စ်ဘရွန်း | ည-၁၁း၀၀ |
| **လာလီဂါ ပွဲစဉ် - ၁၁** | |
| ရီးယဲလ်မက်ဒရစ် - လီဂါနက်စ် | ညနေ-၅း၃၀ |
| အက်စ်ပန်ညို - ဘီဘာအို | ည-၉း၄၅ |
| ဆဲလ်တာဗီဂို - ဗလင်စီယာ | ည-၉း၄၅ |
| **စီးရီးအေ ပွဲစဉ် - ၁၂** | |
| ပက်စ်ကာရာ - အမ်ပိုလီ | ည-၆း၀၀ |
| ချီယေဗို - ဂျူဗင်တပ် | ည-၈း၃၀ |
| ဂျီနိုအာ - အူဒီးနီးစ် | ည-၈း၃၀ |
| ပါလာမို - အေစီမီလန် | ည-၈း၃၀ |
| ဆာဆူအိုလို - အတ္တလန္တာ | ည-၈း၃၀ |
| ဖီအိုရင်တီးနား - ဆမ်ဒိုးရီးယား | ည-၁၁း၃၀ |
| အင်တာမီလန် - ခရိုတိုနီ | ည-၁၁း၃၀ |
| **ဘွန်ဒက်စ်လီဂါ ပွဲစဉ် - ၁၀** | |
| လိုက်ပ်ဇစ် - မိန့်ဇ် | ည-၉း၀၀ |
| ရှော်လ်ကေး - ဝါဒါဘရီမင် | ည-၁၁း၀၀ |

## အောက်တိုဘာ ၃၀ ရက် အနိုင်/အရှုံးရလဒ်များ

| | | | | |
|---|---|---|---|---|
| **ပရီမီယာလိဂ် ပွဲစဉ် - ၁၁** | | | | |
| ဘုန်းမောက် | ၁ | - | ၂ | ဆန်းဒါးလန်း |
| ဘန်လေ | ၃ | - | ၂ | ခရစ္စတယ်ပဲလေ့စ် |
| မန်စီးတီး | ၁ | - | ၁ | မစ်ဒယ်ဘရော့ |
| ဝက်စ်ဟမ်း | ၁ | - | ၁ | စတုတ်စီးတီး |
| **လာလီဂါ ပွဲစဉ် - ၁၀** | | | | |
| မာလာဂါ | ၃ | - | ၂ | စပို့တင်းဂီဂျွန် |
| ဂရန်နာဒါ | ၁ | - | ၁ | ဒီပို့တီဗို |
| ဆိုဒီဒက် | ၂ | - | ၀ | အက်သလက် |
| **ဘွန်ဒက်စ်လီဂါ ပွဲစဉ် - ၉** | | | | |
| ဟာသာဘာလင် | ၃ | - | ၀ | မိုချန်ဂလာဘတ် |
| ဘိုင်ယန်မြူးနစ် | ၁ | - | ၁ | ဟော့ဖန်ဟိမ်း |
| လေဗာကူဆင် | ၃ | - | ၂ | ဒမ်းစတက် |
| ဟမ်းဘတ် | ၂ | - | ၅ | ဒေါ့မွန် |
| အင်ဂေါ့စတက် | ၀ | - | ၂ | အော့စ်ဘတ် |
| ဖရိုင်းဘတ် | ၀ | - | ၃ | ဝုဖ်ဘတ် |

မောင်မောင်ဇော်

# ဟာဇက် ခြေစွမ်းပြနိုင်ခြင်းရဲ့ လျှို့ဝှက်ချက်ကို ကွန်တီ ထုတ်ပြောပြီ



ချယ်လ်ဆီးကြယ်ပွင့် ဟာဇက်က ယခုနှစ် ဘောလုံးရာသီတွင် သုံးပွဲဆက်တိုက် ဂိုးသွင်းနိုင်ပြီး ခြေစွမ်းပြနိုင်ခြင်းရဲ့ အခြေခံအကြောင်းတရားတစ်ရပ်ကို ကွန်တီက ဖွင့်ချလိုက်ပါတယ်။ ဟာဇက်ဟာ ဘောလုံးဖြန့်ဝေမှုကောင်းတဲ့ ကစားသမားဖြစ်တဲ့အပြင် အဆုံးသတ်ပိုင်းကောင်းမွန်တဲ့ စွမ်းရည်ရှိတယ်ဆိုတာကို သဘောပေါက်တာကြောင့် ဟာဇက်ကို ကွင်းလယ်ထက် တိုက်စစ်ပိုင်း နေရာပြောင်းရွှေ့ကစားခိုင်းခဲ့ခြင်းက အခုလိုအကျိုးကျေးဇူးတွေ ရရှိလာတယ်လို့ ကွန်တီက ဆိုပါတယ်။ ဟာဇက်ဟာ ပြီးခဲ့တဲ့ရာသီအတွင်း ခြေစွမ်းလုံးဝပျောက်ဆုံးပြီး ရက်ပေါင်း ၃၅၆ရက်ကြာ ဂိုးပေါက်ပျောက်နေခဲ့ပေမယ့် ခုတော့ သုံးပွဲဆက်တိုက် ဂိုးသွင်းနိုင်မှုနဲ့အတူ ဟာဇက် လွန်ခဲ့တဲ့ တစ်ရာသီကျော်ကာလကခြေစွမ်း ပြန်လည်ရရှိလာပြီလို့ ယူဆချက်တွေလည်း ထွက်လာခဲ့ပါပြီ။

ကွန်တီက သူအီတလီအသင်းကို ကိုင်တွယ်စဉ် ဘယ်လ်ဂျီယံအသင်းနဲ့ရင်ဆိုင်ခဲ့ရတဲ့ အချိန်ကတည်းက ဟာဇက်ကို တိုက်စစ်ပိုင်းမှာ လိုက်ပါကစားစေရင် ပိုပြီးခြေစွမ်းပြနိုင်တယ်ဆိုတာ သိရှိခဲ့တယ်လို့ ဆိုပါတယ်။ ဟာဇက်က ၂၀၁၄ ခုနှစ် ပရီမီယာလိဂ်တစ်နှစ်တာ အကောင်းဆုံးကစားသမားဆုကို ဆွတ်ခူးနိုင်ခဲ့ပြီး ချယ်လ်ဆီးကို ပရီမီယာလိဂ်ဖလား ရရှိအောင် ကူညီပေးနိုင်ခဲ့တာပါ။ ဒါ့အပြင် ကွန်တီက ဟာဇက်အနေနဲ့ အခုထက် သွင်းဂိုးတွေ ပိုမိုသွင်းယူနိုင်မယ်ဆိုတာ သေချာတယ်လို့လည်း ဟောကိန်းထုတ်လိုက်ပါတယ်။

# အိုဇေးလ်ကို အနားပေးရန် ဆုံးဖြတ်လိုက်သည့် ဂျာမနီနည်းပြ ဂျိုအားချင်လို

အာဆင်နယ်ကွင်းလယ်လူ အိုဇေးလ် အနားယူရန် လိုအပ်သည်ဟု ယူဆသဖြင့် အီတလီနှင့် ဆမ်မာရီနိုအသင်းတို့အား ရင်ဆိုင်မည့် ဂျာမနီအသင်းလူစာရင်းအတွက် ထည့်သွင်းရွေးချယ်မှုမရှိခဲ့ခြင်းဖြစ်ကြောင်း ဂျာမနီနည်းပြ ဂျိုအားချင်းလိုက ရှင်းလင်းပြောကြားလိုက်သည်။ သို့သော် ဂျာမနီကွင်းလယ်အင်အားဆက်လက်တောင့်တင်းစေရန် ရီးယဲလ်မက်ဒရစ်ကွင်းလယ်လူ တိုနီခရူးစ်နှင့် ဂျူဗင်တပ်ကွင်းလယ်လူ ခီဒီရာတို့ကို ခေါ်ယူထားသလို မန်စီးတီး ကွင်းလယ်လူ ဂန်ဒိုဂန်အားရွေးချယ်ထားကြောင်း သိရသည်။

ပရီမီယာလိဂ်မှာ ဆောင်းရာသီ အားလပ်မှု မရရှိသဖြင့် အိုဇေးလ်ကို အနားပေးခဲ့ခြင်းဖြစ်ပြီး ဆာနီ၊ ရှာလီနှင့် ရူဒီဂါတို့မှာ ကြွခိုင်မှုမပြည့်ဝသည့်အနေအထားကြောင့် အသင်းလူစာရင်းမှ ချန်လှပ်ခဲ့ရခြင်းဖြစ်သည်ဟု ဂျိုအားချင်လိုက ဆိုသည်။ ပြီးခဲ့သည့် အောက်တိုဘာလအတွင်း ခြေစွမ်းပြသနိုင်ခဲ့သည့် ဂေါ့ဟာ့၊ ဘင်ဂျမင်ဟန်ရစ်၊ ဆာ့ချ်နက်ဖရီတို့ သုံးဦးကို ဂျာမနီအသင်းလူစာရင်းအတွက် ပထမဦးဆုံးအကြိမ် ခေါ်ယူခဲ့ကြောင်း သိရသည်။

ချန်ပီယံလိဂ်တွင် ခြေစွမ်းပြသနိုင်ခဲ့သည့် မိုနာကို တိုက်စစ်မှူး ဖယ်လ်ကာအိုကိုလည်း ကိုလံဘီယာ လက်ရွေးစင်အသင်းအတွက် နည်းပြ ပီကာမန်းက ပြန်လည်ခေါ်ယူခဲ့ကြောင်း သိရသည်။ ခရိုအေးရှားနည်းပြ ကာဆစ်က ဒဏ်ရာအကင်းမသေသေးသည့် ရီးယဲလ်ကွင်းလယ်လူ လူကာမိုဒရစ်အား ခရိုအေးရှားအသင်း လူစာရင်းတွင်ထည့်သွင်းခဲ့ပြီး လီဗာပူးနောက်ခံလူ လော့ဖ်ရန်ကိုမှု ကစားသမား၏ တောင်းဆိုချက်အရ အသင်းလူစာရင်းမှ ချန်လှပ်ခဲ့ခြင်းကြောင့် ကာဆစ်၏ ဆုံးဖြတ်ချက်အတွက် ဝေဖန်ခံနေရသည်။

ရီးယဲလ်နည်းပြ ဇီဒန်းက မိုဒရစ်ဒဏ်ရာ အခြေအနေကို စိတ်ရှည်ရန်လိုကြောင်း သတိပေးပြောကြားခဲ့သော်လည်း အိုက်စ်လန်အသင်းနှင့် ကစားမည့် ကမ္ဘာ့ဖလားခြေစစ်ပွဲစဉ်အတွက် အံ့အားသင့်ဖွယ်ရာ ရွေးချယ်ခဲ့ခြင်းဖြစ်သည်။

# မန်စီးတီး တာဝန်ရှိသူများကို တောင်းပန်ခဲ့တဲ့ တိုရေး

ကွင်းလယ်လူ ယာယာတိုရေးသည် မန်စီးတီးမှ ထွက်ခွာရန် သုံးလခန့်သာ လိုအပ်တော့သည့် အချိန်တွင် သူနှင့် ကိုယ်စားလှယ်ဆီလပ်ခ်တို့၏ မန်စီးတီးအသင်းတာဝန်ရှိသူများအပေါ် လူသိရှင်ကြား ဝေဖန်ခဲ့မှုများအတွက် ထုတ်ပြန်ချက်တစ်ရပ် ထုတ်ပြန်၍ ပြန်လည်တောင်းပန်မှု ပြုလိုက်သည်။ ယာယာတိုရေးမှာ ယခင်မန်စီးတီးနည်းပြအဆက်ဆက်တွင် အဓိက ကစားသမားအဖြစ် ပုံမှန်နေရာရရှိနေသူဖြစ်သော်လည်း နည်းပြသစ် ဂွါဒီယိုလာ ရောက်ရှိလာချိန်တွင် သူ့အား ချန်ပီယံလိဂ် လူစာရင်းတွင် ထည့်သွင်းခြင်းမရှိသည့်အတွက် ဒေါသထွက်ကာ နည်းပြ ဂွါဒီယိုလာနှင့် မန်စီးတီး စီမံခန့်ခွဲမှုအပိုင်း တာဝန်ရှိသူများအားလုံးကို လူသိရှင်ကြား ဝေဖန်ခဲ့ခြင်းဖြစ်သည်။

ဂွါဒီယိုလာမှာ ဘာစီလိုနာအသင်းကိုင်တွယ်စဉ်ကလည်း တိုရေးကို နေရာမပေးခဲ့ဘဲ မန်စီးတီးအသင်းသို့ ထုတ်ရောင်းခဲ့ဖူးသူဖြစ်ရာ တိုရေးအနေဖြင့် သူ့အား ချန်ပီယံလိဂ် လူစာရင်းတွင် ထည့်သွင်းခြင်းမရှိခြင်းအတွက် ပို၍ ဒေါသထွက်ခဲ့ရခြင်းဖြစ်သည်။ ယင်းနောက် ဂွါဒီယိုလာက တိုရေး၏ ကိုယ်စားလှယ်ဆီလပ်ခ်က သူ့အား ပြန်လည်တောင်းပန်လျှင် တိုရေးကို မန်စီးတီးအသင်းတွင် ပြန်လည်ဝင်ရောက်ကစားခွင့်ပေးမည်ဟု ပြောကြားခဲ့သော်လည်း ဆီလပ်ခ်ကမူ ဂွါဒီယိုလာကို ၎င်းအနေဖြင့် ပြန်လည်တောင်းပန်စရာ အကြောင်းမရှိကြောင်း ပြီးခဲ့သည့် ရက်သတ္တပတ်က တုံ့ပြန်ခဲ့သည်။

သို့သော် ယာယာတိုရေးက ယင်းအခြေအနေကို ဖြေရှင်းနိုင်ရန်အတွက် ယခုကဲ့သို့ ဖော်ပြချက်တစ်စောင် ထုတ်ပြန်၍ မန်စီးတီးတာဝန်ရှိသူများကို တရားဝင် ပြန်လည်တောင်းပန်ခဲ့ခြင်းဖြစ်သည်။ တိုရေးမှာ ယခုနှစ်ဘောလုံးရာသီအကုန်တွင် မန်စီးတီးနှင့် စာချုပ်သက်တမ်းကုန်ဆုံးမည်ဖြစ်သော်လည်း မန်စီးတီးတွင် နေရာပျောက်နေသောကြောင့် ခန့်မှန်းအချိန်ထက်စောကာ လာမည့် ဇန်နဝါရီ ဈေးကွက်အတွင်းမှာပင် အသင်းပြောင်းရန် သေချာနေပြီဖြစ်သည်။

တိုရေးက “ အတိတ်က နားလည်မှု လွဲခဲ့ခြင်းတွေအတွက် အသင်းစီမံရေးရာအပိုင်း တာဝန်ရှိသူတွေနဲ့ အသင်းမှာ ရှိနေသူတွေအားလုံးကို တောင်းပန်ကြောင်း ကျွန်တော်အပြင် ကျွန်တော့်ကိုယ်စားလှယ်ရဲ့ ကိုယ်စားအတွက်ပါ ပြောကြားလိုပါတယ်။ ကျွန်တော်ရဲ့ ဒီလိုပြောကြားခဲ့တဲ့အမြင်တွေက အသင်းပရိသတ်တွေနဲ့ အသင်းမှာရှိနေသူတွေကို ကိုယ်စားမပြုဘူးဆိုတာတော့သေချာပါတယ်”ဟု ပြောကြားလိုက်သည်။

မေလဲ့သင်း - ရေးသားသည်။

# ကျောနံပါတ် ၉ ဂျာစီ ဆုံးရှုံးရသဖြင့် မာရှယ်လ် စိတ်ထိခိုက်ရဟု မာရှယ်လ်၏ ကိုယ်စားလှယ်ထုတ်ဖော်ပြောကြား

မန်ယူလူငယ်တိုက်စစ်မှူး မာရှယ်လ်မှာ ဝါရင့်တိုက်စစ်မှူး အီဗရာဟီမိုဗစ်ချ် မန်ယူသို့ ရောက်ရှိလာပြီးနောက် သူ၏ ကျောနံပါတ်(၉)ဂျာစီကို မိုဗစ်ချ်ကို လွှဲပြောင်းပေးခဲ့ရပြီး ကျောနံပါတ်(၁၁) ပြောင်းလဲဝတ်ဆင်ခဲ့ရသဖြင့် ယင်းကိစ္စရပ်အတွက် စိတ်ထိခိုက်ခံစားခဲ့ရသည်ဟု မာရှယ်လ်၏ ကိုယ်စားလှယ်ဖြစ်သူလမ်ဘိုလီ၏ ထုတ်ဖော်ပြောကြားချက်အရ သိရသည်။ မာရှယ်လ်သည် မိုနာကိုမှ မန်ယူသို့ ပြောင်းရွှေ့လာခဲ့ပြီးနောက် ကျောနံပါတ်(၉) ဝတ်ဆင်ကစားခွင့်ရရှိခဲ့သူဖြစ်သော်လည်း ယခုနှစ်နွေဈေးကွက်အတွင်း ပီအက်စ်ဂျီမှ ပြောင်းရွှေ့လာသည့် မိုဗစ်ချ်ကို မာရှယ်လ်၏ကျောနံပါတ်(၉) ဝတ်ဆင်ခွင့်ကို မော်ရင်ဟိုက ခွင့်ပြုပေးခဲ့ခြင်းဖြစ်သည်။

မာရှယ်လ်မှာ အီဗရာဟီမိုဗစ်ချ်နှင့် အသက် (၁၅)နှစ်နီးပါးကွာဟသလို နာမည်ဂုဏ်သတင်းလည်း ကွာဟသူဖြစ်သဖြင့် မန်ယူနည်းပြ မော်ရင်ဟိုက အီဗရာဟီမိုဗစ်ချ် ရောက်လာချိန်တွင် အဓိကတိုက်စစ်မှူးများ ဝတ်ဆင်လေ့ရှိသည့် ကျောနံပါတ်(၉)ကို အီဗရာဟီမိုဗစ်ချ်အား ပြောင်းလဲဝတ်ဆင်စေခဲ့ခြင်းဖြစ်သည်။ မော်ရင်ဟို၏ ဆုံးဖြတ်ချက်မှာ မာရှယ်လ်အား နာကျင်စေမှုဖြစ်စေခဲ့ပြီး မာရှယ်လ်မှာ မန်ယူ ကျောနံပါတ်(၉)ပိုင်ရှင်မှာ သူသာလျှင်ဖြစ်သည်ဟု အဓိပ္ပာယ်ရသည့် စာသားနှင့် တကွ သူ့ဓာတ်ပုံကို တွစ်တာစာမျက်နှာပေါ်တွင် ယင်းအချိန်ကာလက တင်ခဲ့သည်။

မာရှယ်လ်မှာ ယင်းဖြစ်ရပ်အတွက် စိတ်ထိခိုက်ခံစားရသော်လည်း မော်ရင်ဟိုနှင့် မာရှယ်လ်ကြား ဆက်ဆံရေး ပြေလည်မှုမရှိဟူသော သတင်းများကိုမူ လမ်ဘိုလီက ငြင်းဆိုခဲ့သည်။ လမ်ဘိုလီက အာရ်စီအမ်နှင့် ပြုလုပ်သည့် အင်တာဗျူးတွင် “ကျွန်တော်အနေနဲ့ ဒီကိစ္စရပ်နဲ့ ပတ်သက်ပြီး လိမ်ညာစရာအကြောင်းမရှိပါဘူး။ မာရှယ်လ်ဟာ သူ့ရဲ့ ဂျာစီနံပါတ်(၉) ဆုံးရှုံးတဲ့အပေါ် ရက်အတော်ကြာ နာကျင်ခံစားခဲ့ရပါတယ်။ ဒါဟာ မန်ယူအသင်းက သူ့အပေါ် လေးစားမှုမရှိသလို နေရာအတည်မထားတဲ့ သဘောကို ပြသရာရောက်တယ်လို့ ကျွန်တော် ယူဆပါတယ်” ဟု ပြောကြားခဲ့သည်။

မာရှယ်လ်နှင့် မော်ရင်ဟိုတို့ကြား ဆက်ဆံရေးပြေလည်မှု မရှိခြင်းဆိုသည်မှာ မှန်ကန်မှုမရှိဘဲ မာရှယ်လ်အနေဖြင့် မော်ရင်ဟိုလက်အောက် မကြာမီကာလအတွင်း အကောင်းဆုံး ခြေစွမ်းရရှိနိုင်မည်ဖြစ်ကြောင်း ဆိုခဲ့သည်။

# အလုံပိတ်တဲနှင့် အလုံပိတ်အခန်း ဖွင့်လှစ်လုပ်ကိုင်သူအား အရေးယူထား

**နေပြည်တော် နိုဝင်ဘာ ၅**

မန္တလေးတိုင်းဒေသကြီး အောင်မြေသာစံမြို့နယ် အမှတ်(၁)နယ်မြေရဲစခန်းမှ တပ်ဖွဲ့ဝင်များ၊ မြို့နယ်စည်ပင်သာယာအုပ်ချုပ်ရေးမှူးရုံးမှ ဝန်ထမ်းများပါဝင်သော ပူးပေါင်းအဖွဲ့သည် နိုဝင်ဘာ ၃ ရက် ညနေ ၄ နာရီ ၁၅ မိနစ်က သတင်းအရ သက်သေများနှင့်အတူ (၂၂)လမ်း၊ (၅၇×၅၈)လမ်းကြား အနိုပ်တော်ရပ်ကွက်ရှိ မလွင်လွင်ကြည်(ခ) မလွင်(၄၁)နှစ်၏ True Love အအေးဆိုင်အား ဝင်ရောက်စစ်ဆေးခဲ့ရာ တရားမဝင်ဖွင့်လှစ်ထားသော အလုံပိတ်တဲနှင့် အလုံပိတ်အခန်း ၁၄ ခန်းတို့အား စစ်ဆေးတွေ့ရှိရသဖြင့် ၎င်းအား စည်ပင်သာယာ(အထူး)တရားရုံးသို့ တရားစွဲဆိုတင်ပို့နိုင်ရေး ဆောင်ရွက်ထားရှိကြောင်း သိရသည်။ **(ကြေးမုံ)**





# ဓားကိုင်ရမ်းကားသူအား အရေးယူထား

**နေပြည်တော် နိုဝင်ဘာ ၅**

တနင်္သာရီတိုင်းဒေသကြီး မြိတ်မြို့ အမှတ်(၁)နယ်မြေရဲကင်းစခန်းမှ တပ်ဖွဲ့ဝင်များသည် နိုဝင်ဘာ ၃ ရက် ညနေ ၆ နာရီခွဲက သက်သေများနှင့်အတူ နယ်မြေအတွင်း လှည့်ကင်းဆောင်ရွက်နေစဉ် ပုလဲဒီပါရပ် ဗန္ဓုလလမ်းမပေါ်၌ လူတစ်ဦးဓားကိုင်ရမ်းကားနေကြောင်း သတင်းအရ သွားရောက်ဖမ်းဆီးခဲ့ရာ ရေပုန်းကျေးရွာနေ နိုင်အောင်(၂၆)နှစ်အား ဓားရှည်သုံးချောင်းနှင့်အတူ ဖမ်းဆီးရမိခဲ့သဖြင့် ၎င်းအား မြိတ်မြို့မရဲစခန်းက (ပ)၁၉၅၃/၂၀၁၆၊ လက်နက်များအက်ဥပဒေပုဒ်မ ၁၉(င)ဖြင့် အရေးယူထားကြောင်း သိရသည်။ **(ကြေးမုံ)**

# လေပြင်းတိုက်ခတ်မှုကြောင့် သစ်ပင်များပြိုလဲ တာဝန်ရှိသူများက ရှင်းလင်းဆောင်ရွက်လျက်ရှိ

**မိတ္ထီလာ နိုဝင်ဘာ ၅**

မန္တလေးတိုင်းဒေသကြီး မိတ္ထီလာမြို့နယ်တွင် နိုဝင်ဘာ ၄ ရက် ည ၁၂ နာရီက လေပြင်းတိုက်ခတ်ပြီး မိုးရွာသွန်းမှုကြောင့် အောင်ဇေယျာရပ်ကွက်အတွင်းရှိ စက်သုံးဆီဘူတာဟောင်းသွားကတ္တရာလမ်းပေါ်၌ သက်တမ်းကြာသည့် သစ်ပင်ကြီးများ ပြိုလဲမှုကြောင့် လမ်းပိတ်ဆို့မှုဖြစ်ပွားခဲ့ကြောင်း သိရသည်။

အဆိုပါပြိုလဲနေသည့် သစ်ပင်ကြီးများ လမ်းပိတ်ဆို့နေမှုကြောင့် မော်တော်ယာဉ်များ၊ ဆိုင်ကယ်များ သွားလာရေးအခက်အခဲမရှိစေရန် မြို့နယ်စည်ပင်သာယာရေးအဖွဲ့ လက်ထောက်ညွှန်ကြားရေးမှူး ဦးမျိုးထက်ဇော် ဦးဆောင်ပြီး စည်ပင်ဝန်ထမ်း များ၊ အမှတ်(၁၅)ရဲတပ်ရင်းမှ တပ်ဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့များစုပေါင်းပြီး အမြန်ဆုံးဖယ်ရှားရှင်းလင်းဆောင်ရွက်လျက်ရှိသည်။

ဆက်လက်၍ နန်းတော်ကုန်းရပ်ကွက်အတွင်းရှိ နယ်မြေ(၃)နှင့် နယ်မြေ(၅)တို့တွင် မိုးရေများဝင်ရောက်လာသောကြောင့် ယင်းနယ်မြေများရှိ ရပ်ကွက်နေပြည်သူများ သွားလာရေးအခက်အခဲများကြုံတွေ့နေရသဖြင့် စည်ပင်သာယာရေးအဖွဲ့မှ အင်ဂျင်စက်ကြီး သုံးလုံးဖြင့် ရေများ အမြန်ဆုံးစုပ်ထုတ်ပေးလျက်ရှိကြောင်း မြို့နယ်စည်ပင်သာယာရေးအဖွဲ့မှ လက်ထောက်ညွှန်ကြားရေးမှူးက ပြောသည်။ **သိန်းမြင့်ကျော်(မိတ္ထီလာ)**

# အမြန်လမ်းတွင် တစ်နေ့တည်း ယာဉ်မတော်တဆမှု သုံးကြိမ်ဖြစ်ပွား

**နေပြည်တော် နိုဝင်ဘာ ၅**

ရန်ကုန်-မန္တလေးအမြန်လမ်းမကြီး၏ ဖြူးအမြန်လမ်းရဲတပ်ဖွဲ့စခန်းအပိုင် မိုင်တိုင်အမှတ် (၁၁၈/၃)နှင့်(၁၁၈/၄)အကြား နေပြည်တော်မှ ရန်ကုန်သို့ ယာဉ်မောင်း မျိုးမျိုး မောင်းနှင်လာသော TOYOTA COROLLA VAN မော်တော်ယာဉ်သည် ယနေ့နံနက် ၄ နာရီ ၁၅ မိနစ်က ဝဲဘက်ရှေ့ဘီး ပေါက်၍ လမ်းလယ်ကတ်တုံးများတိုက်မိပြီး လမ်းလယ်ကျွန်းပေါ်ရှိ ရေမြောင်းထဲသို့ ရောက်ရှိရပ်တန့်ခဲ့သည်။

အဆိုပါဖြစ်စဉ်ကြောင့် ယာဉ်မောင်းပါ အမျိုးသား ငါးဦး၊ အမျိုးသမီး ငါးဦးမှာ ထိခိုက်မှုမရှိကြောင်းသိရသည်။

အလားတူ ယနေ့နံနက် ၅ နာရီက ပေပင်လေးအမြန်လမ်းရဲစခန်းအပိုင် မိုင်တိုင်အမှတ် (၂၅၅/၃)နှင့်(၂၅၅/၄)အကြား မန္တလေးမှ ရန်ကုန်သို့ ပန်းများတင်ဆောင်၍ ယာဉ်မောင်း ဗိုလ်ဝင်း မောင်းနှင်လာသော CANTER ယာဉ်မှာ ယာဉ်မောင်းအိပ်ငိုက်ပြီး လမ်းလယ်ကတ်တုံးကိုတိုက်ကာ လမ်းလယ်ကျွန်းပေါ်သို့ ရောက်ရှိရပ်တန့်ခဲ့သည်။


ဖြစ်စဉ်ကြောင့် ယာဉ်မောင်းပါ အမျိုးသားနှစ်ဦးမှာ ထိခိုက်ဒဏ်ရာရရှိမှုမရှိကြောင်း သိရသည်။

အလားတူ ယနေ့နေ့လယ်ပိုင်းက ဘောနတ်ကြီး အမြန်လမ်းမကြီးရဲစခန်းအပိုင် မိုင်တိုင်အမှတ် (၃၅/၇)နှင့် (၃၆/၀)အကြား ရန်ကုန်မှနေပြည်တော်သို့ ယာဉ်မောင်း ကျော်လွင်ထွန်း မောင်းနှင်လာသော Honda Fit မော်တော်ယာဉ်သည် ဝဲဘက်နောက်ဘီးပေါက်ပြီး လမ်းယာဘက် မြေသားလမ်းဘေးရှိ ရော်ဘာခြံအတွင်းသို့ တိမ်းမှောက်ခဲ့သည်။ ဖြစ်စဉ်ကြောင့် ယာဉ်မောင်းနှင့် အမျိုးသမီးတစ်ဦး ဒဏ်ရာ(မစိုးရိမ်ရ)ရရှိခဲ့ကြောင်း သိရသည်။ **သန်းဦး(လေးမျက်နှာ)**

**ချိန်ခါမရွေး သတိပေး**
**မီးဘေးကင်းဝေးမှာ**








# ငှားမည်(ပွဲစားမလို)


- ကျောက်တံတားမြို့နယ်၊ ပန်းဆိုးတန်းလမ်း၊ အလယ်ဘလောက်၊ ၆-လွှာ၊ တစ်ခန်းလျှင် ၁၅'×၆၀' ရှိ တိုက်ခန်း(၂)ခန်း၊ ဘေးချင်းကပ်၊ Lift ရှိ၊ တစ်ခန်း တစ်လ (၁၀)သိန်း။
- ကမာရွတ်မြို့နယ်၊ ဂျန်းရှင်းစက္ကူယားအနီး၊ ဗဟိုလမ်း၊ ပြည်ရိပ်မွန်အိမ်ရာ (၆၀၀)စတုရန်းပေရှိ၊ မြေညီထပ်၊ အိပ်ခန်း(၁)၊ အိမ်သာရေချိုးခန်း၊ (၄)သိန်း။
- ရွှေပြည်သာမြို့နယ်၊ ရထားလမ်း အရှေ့ဘက်၊ အာဇာနည်မြို့ပတ်လမ်း၊ မြေ ၁၂၀'×၆၀' ၊ RC(၂)ထပ်၊ MB(၂)၊ B(၂)၊ စတို(၁)ဧည့်ခန်း၊ ထမင်းစားခန်း၊ အားလုံးပါကေး၊ အိမ်သာရေချိုးခန်း၊ မီးဖို၊ အားလုံးသံပန်း၊ ခြင်ဇကာ၊ (၇)သိန်း


ဖုန်း-၀၉-၉၇၄၁၄၈၉၃၄၊ ၀၉-၂၆၃၆၈၁၅၃၄


**သင့်သွေးဖြင့်အသက်ကယ်ပါ**









## ကင်းထောက်လူငယ်မောင်မယ်များ၏လုပ်အားဖြင့် လုပ်ငန်းတစ်ရပ် ငွေ ၁၀၀၀ ရန်ပုံငွေရှာဖွေ

**မန္တလေး နိုဝင်ဘာ ၅**

ကင်းထောက်လူငယ်မောင်မယ်များ၏ လုပ်အားဖြင့် လုပ်ငန်းတစ်ရပ် ငွေကျပ် ၁၀၀၀ သီတင်းပတ်လှုပ်ရှားမှုဖြင့် ကင်းထောက်ရန်ပုံငွေ ရှာဖွေခြင်းလုပ်ငန်းများကို မန္တလေးမြို့ ချမ်းအေးသာစံမြို့နယ် အမှတ် (၁၂) အခြေခံပညာအထက်တန်းကျောင်းမှ ကင်းထောက်မောင်မယ် ကျောင်းသား၊ ကျောင်းသူများသည် နိုဝင်ဘာ ၃ ရက် နံနက် ၁၀ နာရီက စတင်ကာ မြို့နယ်အတွင်းရှိ စိတ္တရမဟီရပ်ကွက်အတွင်းရှိ အိမ်ထောင်စုများသို့ ကွင်းဆင်း၍ ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

ထိုကဲ့သို့ ကွင်းဆင်းဆောင်ရွက်ရာတွင် အ-ထ-က (၁၂) မှ ကျောင်းအုပ်ဆရာကြီး ဦးလှဝင်း၏ ကြီးကြပ်မှုဖြင့် ကင်းထောက်ဆရာမ ဒေါ်ညိုညိုဆန်း ဦးဆောင်ကာ ကင်းထောက်မောင်မယ်များသည် ရပ်ကွက်အတွင်းရှိ အိမ်များတွင် သန့်ရှင်းရေးကူညီမှုများအဖြစ် တံမြက်စည်းလှည်းပေးခြင်း၊ ပန်းကန်ဆေးပေးခြင်း၊ အမှိုက်များရှင်းလင်းပေးခြင်း၊ ပေါင်းမြက်များ ရှင်းလင်းပေးခြင်းနှင့် အိမ်ရှင်များ၏ လုပ်ငန်းလိုအပ်မှုများအား ကူညီဆောင်ရွက်ပေးခဲ့ရာတွင် အိမ်ရှင်များမှ ကင်းထောက်ရန်ပုံငွေအဖြစ် ငွေကျပ် ၁၀၀၀ ထည့်ဝင်လှူဒါန်းကြသည်။

အ-ထ-က (၁၂) မှ ကင်းထောက်မောင်မယ် ၁၂၄ ဦးကို ကင်းစိတ်အဖွဲ့ ၁၆ ဖွဲ့ဖွဲ့စည်းကာ လုပ်ငန်းတစ်ရပ် ငွေကျပ် ၁၀၀၀ သီတင်းပတ်လုပ်ငန်းစဉ်အား ကင်းထောက်ရန်ပုံငွေအဖြစ် ဆောင်ရွက်နေခြင်းဖြစ်ကြောင်း သိရသည်။ **(ဘိုဘိုဟန်)**

## မုံရွာမြို့တွင် နိုင်ငံခြားသားစစ်ဆေးကွပ်ကဲမှုစတင်ဆောင်ရွက်

**မုံရွာ နိုဝင်ဘာ ၅**

စစ်ကိုင်းတိုင်းဒေသကြီး နိုင်ငံခြားသားစစ်ဆေးမှုကွပ်ကဲရေးရုံးကို မုံရွာမြို့ မြို့တော်ခန်းမတောင်ဖက် ပညာ့အလင်းစာကြည့်တိုက်တွင် နိုဝင်ဘာ ၁ ရက်က ဖွင့်လှစ်၍ မုံရွာမြို့ ၃၁ ရပ်ကွက်သို့ တစ်ချိန်တည်း၊ တစ်ပြိုင်တည်း၊ တစ်ရက်တည်းအဖြစ် ပထမဦးဆုံး အကြိမ်ပြုလုပ်ခဲ့ကြောင်း စစ်ကိုင်းတိုင်းဒေသကြီး လူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့အင်အားဦးစီးဌာန ဦးစီးမှူး ဦးစိုးပိုင်မြင့်ထံမှ သိရသည်။

"မုံရွာမြို့က ၃၁ ရပ်ကွက်မှာ နိုင်ငံခြားသားတွေ ဝင်ထွက်သွားလာမှုမှာ နိုင်ငံခြားသားဥပဒေနဲ့အညီ နေထိုင်တာ ဟုတ်-မဟုတ် ရှောင်တခင်ဝင်ရောက်စစ်ဆေးတာတွေကို တစ်ချိန်တည်း၊ တစ်ပြိုင်တည်း ဆောင်ရွက်တဲ့အစီအစဉ်ပါ။ နိုင်ငံခြားသားဥပဒေအတိုင်း နေထိုင်နေတယ်ဆိုရင် ပြဿနာမရှိပါဘူး။ စည်းကမ်းမဲ့ နေထိုင်တာတွေ့ရင်တော့ အရေးယူသွားမှာပါ။ ဗီဇာအမျိုးမျိုးနဲ့ တရားဝင် ဝင်ရောက်လာတဲ့ နိုင်ငံခြားသားတွေ ဗီဇာစည်းကမ်းမဖောက်ဖျက်အောင် ကြပ်မတ်ရင်း ခိုးဝင်လာမယ့် နိုင်ငံခြားသားတွေ၊ တရားမဝင် ဝင်ရောက်လာမယ့် နိုင်ငံခြားသားတွေရှိရင် ဟန့်တားနိုင်ဖို့အတွက်ဖြစ်ပြီး ဒုစရိုက်လုပ်မယ့်အရာတွေကို ကြိုတင်ဟန့်တားကာကွယ်ပြီးသားဖြစ်အောင် ပြုလုပ်ဆောင်ရွက်တာဖြစ်ပါတယ်"ဟု ဦးစိုးပိုင်မြင့်က ပြောပြသည်။

နိုင်ငံခြားသား စစ်ဆေးကွပ်ကဲခြင်းလုပ်ငန်းများကို စစ်ကိုင်းတိုင်းဒေသကြီး စည်ပင်သာယာရေးဝန်ကြီး ဦးမြင့်ကြည် ဦးဆောင်ကြီးကြပ်၍ စစ်ကိုင်းတိုင်းဒေသကြီး လူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့အင်အားဦးစီးဌာန ဦးစီးမှူး၊ ဒုဦးစီးမှူး၊ တိုင်းဒေသကြီးလွှတ်တော် ကိုယ်စားလှယ်များနှင့် တိုင်းအဆင့် လူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့အင်အားဦးစီးဌာန ဦးစီးမှူး ဝန်ထမ်းများပါဝင်သော တိုင်းဒေသကြီးအဆင့် နိုင်ငံခြားသား စစ်ဆေးကွပ်ကဲမှုများကို ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

နိုင်ငံခြားသားများ ဝင်ထွက်သွားလာမှုသည် သက်ဆိုင်ရာရပ်ကွက်နှင့် ကျေးရွာအုပ်ချုပ်ရေးမှူးများ၏ ချက်ချာစွာသတင်းပေးမှုသည် ယခုလုပ်ငန်းစဉ်၏ အဓိကအရေးပါသော အခန်းကဏ္ဍဖြစ်ပြီး ရပ်ကျေးအုပ်ချုပ်ရေးမှူးများ၏ သတင်းပေးမှုဖြင့် စစ်ဆေးကွပ်ကဲရေးအဖွဲ့အနေဖြင့် ကွင်းဆင်းကာ ရှောင်တခင်စစ်ဆေးနိုင်မည်ဖြစ်သည်။

စစ်ကိုင်းတိုင်းဒေသကြီးအတွင်း စစ်ကိုင်းမြို့၊ ရွှေဘိုမြို့၊ ကလေးမြို့၊ တမူးမြို့တို့တွင် နိုင်ငံခြားသားစစ်ဆေးကွပ်ကဲခြင်းလုပ်ငန်းများကို စတင်ဆောင်ရွက်နေပြီဖြစ်ရာ ငါးမြို့မြောက်အဖြစ် မုံရွာမြို့တွင် စတင်ဆောင်ရွက်ခြင်းဖြစ်ပြီး ယခုကဲ့သို့ ကျယ်ကျယ်ပြန့်ပြန့် ဆောင်ရွက်မှုမျိုးကို နောက်ထပ်တစ်လအကြာတွင်ဖြစ်စေ၊ နှစ်လခန့်တွင်ဖြစ်စေ ဆက်လက်ပြုလုပ်သွားမည်ဖြစ်ကြောင်း သိရသည်။

မြန်မာနိုင်ငံ လူဝင်မှုကြီးကြပ်ရေးအက်ဥပဒေတွင် အခွင့်လက်မှတ်များနှင့် နိုင်ငံကူးလက်မှတ်ပေါ်တွင်ပါရှိသည့် ပြည်ဝင်ဗီဇာများသည် ပြဋ္ဌာန်းထားသော စည်းကမ်းချက်များ၊ အဆိုပါလက်မှတ်များတွင် ဖော်ပြထားသော စည်းကမ်းချက်များနှင့် အညီဖြစ်စေရမည်ဟု ပြဋ္ဌာန်းပါရှိသလို နိုင်ငံခြားသားများ မှတ်ပုံတင်ရေးအက်ဥပဒေတွင် လူဝင်မှုကြီးကြပ်ရေးအရာရှိ တစ်ဦးသည် မည်သည့်နေရာ (သို့) မည်သည့်ယာဉ်သို့မဆို ဝင်ရောက်၍ မည်သူ့အားမဆို ဤအက်ဥပဒေပါ ပြဋ္ဌာန်းချက်တစ်ခုခုကိုဖြစ်စေ၊ ဤအက်ဥပဒေအရပြုလုပ်သည့် နည်းဥပဒေတစ်ခုခုကိုဖြစ်စေ ဆန့်ကျင်နေသည့် (သို့) ဆန့်ကျင်ခဲ့သည်ဟု (သို့) ဆန့်ကျင်ဆဲဆဲဖြစ်သည်ဟု သင်္ကာမကင်းရန် ယုတ္တိရှိလျှင် ဝရမ်းမပါဘဲ ဖမ်းဆီးနိုင်သည်ဟု ပါရှိကြောင်း စစ်ကိုင်းတိုင်းဒေသကြီး လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဦးစီးဌာနမှ သိရသည်။

**မျိုးဝင်းထွန်း (မုံရွာ)**



## မုံရွာမြို့ ရွှေစည်းခုံဘုရားကြီးတွင် (၁၇)ကြိမ်မြောက် မသိုးသင်္ကန်းကပ်လှူပူဇော်ပွဲနှင့် ရက်ကန်းပြိုင်ပွဲ စည်ကားသိုက်မြိုက်စွာကျင်းပမည်

**မုံရွာ နိုဝင်ဘာ ၅**

စစ်ကိုင်းတိုင်းဒေသကြီး မုံရွာမြို့ သမိုင်းဝင်ရွှေစည်းခုံဘုရားကြီးတွင် နှစ်စဉ်ကျင်းပမြဲဖြစ်သော မသိုး သင်္ကန်းကပ်လှူပူဇော်ပွဲနှင့် ရက်ကန်းပြိုင်ပွဲကို တန်ဆောင်မုန်းလဆန်း ၁၄ ရက် (နိုဝင်ဘာ ၁၃ ရက်) ညပိုင်းတွင် (၁၇)ကြိမ်မြောက်အဖြစ် စည်ကားသိုက်မြိုက်စွာ ကျင်းပသွားမည်ဖြစ်ကြောင်း ရွှေစည်းခုံ ဘုရားကြီးဂေါပကအဖွဲ့မှ သိရသည်။

မသိုးသင်္ကန်းရက်ပြိုင်ပွဲအား မြန်မာ့ရိုးရာယဉ်ကျေးမှုထုံးတမ်းများ မပပျောက်စေရန်၊ မြန်မာ့ရိုးရာ ရက်ကန်းပညာရပ်များ ဆက်လက်ထိန်းသိမ်းနိုင်ရန်၊ တန်ဆောင်မုန်းလတွင် မြတ်စွာဘုရားအားရည်စူးပြီး မသိုးသင်္ကန်းများ ဆက်ကပ်လှူဒါန်းသည့်ဓလေ့ကို နောင်လာနောက်သားများ သိရှိစေရန်စသည့် ရည်ရွယ်ချက်များဖြင့် ကျင်းပခြင်းဖြစ်ကြောင်း သိရသည်။

"နှစ်စဉ်ကျင်းပလာတာ (၁၇)ကြိမ်မြောက်ရှိသွားပြီ။ ဒီနှစ် အခုလောလောဆယ်မှာ ပြိုင်ပွဲဝင်ဖို့ စာရင်းလာပေးတာ ၁၂ ဖွဲ့ရှိပါပြီ။ အဲဒီအထဲက မဲစနစ်နဲ့ ငါးသင်းရွေးပြီး ပြိုင်မှာပါ။ ပထမဆုအနေနဲ့ ကျပ် ၃၀၀၀၀၀၊ ဒုတိယဆု ကျပ် ၂၀၀၀၀၀၊ တတိယဆု ကျပ် ၁၅၀၀၀၀ နဲ့ ဆုဖလားချီးမြှင့်မယ်။ နှစ်သိမ့်ဆုအဖြစ် ကျပ် ၈၀၀၀၀ နှုန်းနဲ့ ချီးမြှင့်သွားမှာပါ။ တစ်ဖွဲ့ကို အဖွဲ့ဝင် ငါးဦးပါခွင့်ရှိမယ်။ ပြိုင်ပွဲဝင်မယ့်အသင်းငါးသင်းကို အစမ်းလေ့ကျင့်မှုအနေနဲ့ တန်ဆောင်မုန်းလဆန်း (၁၂) ရက်မှ ပြိုင်ပွဲကျင်းပမည့် တန်ဆောင်မုန်းလဆန်း (၁၄) ရက် နံနက်ပိုင်းအထိ ခွင့်ပြုသွားမှာပါ။ အစမ်းလေ့ကျင့်မှုမှာ ရှစ်ကိုက်အထိ ရက်လုပ်လေ့ကျင့်ခွင့်ပြုထားပါတယ်။ ပြိုင်ပွဲကိုတော့ တန်ဆောင်မုန်းလဆန်း ၁၄ ရက် ညနေ ၆ နာရီမှာ ပြိုင်ပွဲစတင်ပါမယ်။ ဆုပေးပွဲကိုတော့ လပြည့်နေ့ နံနက် ၅ နာရီမှာ ကျင်းပသွားမှာပါ" ဟု ရွှေစည်းခုံ ဘုရားကြီးဂေါပကအဖွဲ့မှ တာဝန်ရှိသူတစ်ဦးက ပြောသည်။

မုံရွာမြို့ ရွှေစည်းခုံဘုရားကြီးဝင်းအတွင်းကျင်းပမည့် (၁၇)ကြိမ်မြောက် မသိုးသင်္ကန်းကပ်လှူပူဇော်ပွဲနှင့် ရက်ကန်းပြိုင်ပွဲတွင်မဏိစန္ဒာစင်တော်၊ သူရိယဝဏ္ဏသာစင်တော်၊ ဒေဝဏ္ဏရာစင်တော်၊ ဝဏ္ဏပါဘာစင်တော်၊ ဓါတုကလျာစင်တော် ငါးစင်ဖြင့် ပြိုင်ပွဲအား ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

**မင်းဇေ(မုံရွာ)**



## လျှပ်စစ်အန္တရာယ်ကင်းရှင်းရေး ပညာပေးဟောပြောပွဲ ကျေးရွာများအရောက် ကွင်းဆင်းဆောင်ရွက်

**ကျောက်ဆည် နိုဝင်ဘာ ၅**


မန္တလေးလျှပ်စစ်ဓာတ်အားပေးရေးကော်ပိုရေးရှင်း (ကျောက်ဆည်ခရိုင်) သည် ဓာတ်အားပေးဧရိယာအတွင်းရှိ လျှပ်စစ်ဓာတ်အားသုံးစွဲသူပြည်သူများ လျှပ်စစ်အန္တရာယ်ကင်းရှင်းရေးအတွက် အသိပညာပေးဟောပြောပွဲများကို ဆောင်ရွက်လျက်ရှိရာ မြို့ပေါ်တွင်သာမက လျှပ်စစ်ဓာတ်အားအသုံးပြုလျက်ရှိသော ကျေးရွာများအထိ ကွင်းဆင်းဆောင်ရွက်လျက်ရှိရာ နိုဝင်ဘာ ၃ ရက် နံနက် ၁၀ နာရီက ကျောက်ဆည်မြို့နယ် ဇရပ်ဖြူကျေးရွာ ရွာဦးစေတီ၌ ဆောင်ရွက်ခဲ့ကြောင်း သိရသည်။


လျှပ်စစ်ဓာတ်အား အန္တရာယ်ကင်းရှင်းရေး အသိပညာပေးဟောပြောပွဲတွင် ကျောက်ဆည်ခရိုင် မန်နေဂျာ(အင်ယာ) ဒေါ်ဇာဇာအုန်း၊ မန်နေဂျာ(စီမံ) ဦးသိန်းလှိုင်ဦး၊ လက်ထောက်မန်နေဂျာ (အင်ယာ) ဦးဝင်းနောင်လင်းနှင့် အင်ဂျင်နီယာများ၊ လိုင်းဝန်ထမ်းများက လျှပ်စစ်အသုံးပြုရာတွင် လိုက်နာဆောင်ရွက်ရမည့် အချက်များ၊ အသိ သတိနှင့် အသုံးပြုတတ်စေရေးတို့ကို အကျယ်တဝင့်ရှင်းလင်းပြောကြားခြင်း၊ လက်တွေ့သရုပ်ပြခြင်းများ ဆောင်ရွက်သည့်အပြင် လျှပ်စစ်အန္တရာယ်ကင်းရှင်းရေး လက်ကမ်းစာစောင်များကိုပါ ဖြန့်ဝေပေးခဲ့ကြောင်း သိရသည်။


"ဒီလို လျှပ်စစ်အန္တရာယ်ကင်းဖို့ သက်ဆိုင်ရာဌာနတွေ ကိုယ်တိုင်ရှင်းပြတာ ကောင်းတယ်။ ဘာဖြစ်လို့လဲဆိုတော့အရင်က မြို့ပေါ်မှာသာ လျှပ်စစ်အသုံးပြုတာ။ အခုက ကျောက်ဆည်မြို့နယ်မှာ လျှပ်စစ်ကို အသုံးပြုနေတဲ့ ကျေးရွာတွေ အများကြီးဖြစ်လာပြီ။ လျှပ်စစ်အန္တရာယ်က ဖြစ်လိုက်ရင် အသက်အန္တရာယ်ထိတောင် စိုးရိမ်ရတယ်။ ရွာသူရွာသားတွေ လျှပ်စစ်ကို ကောင်းကောင်းအသုံးပြုတတ်ရင် လျှပ်စစ်အန္တရာယ်ကြောင့် ဆုံးရှုံးမှုတွေ ပိုနည်းသွားမယ်" ဟု ဆွေးနွေးပွဲသို့ တက်ရောက်လာသည့် ရပ်မိရပ်ဖတစ်ဦးက ပြောပြသည်။

မန္တလေးလျှပ်စစ်ဓာတ်အားပေးရေးကော်ပိုရေးရှင်း (ကျောက်ဆည်ခရိုင်)သည် ဓာတ်အားပေးဧရိယာအတွင်းရှိ လျှပ်စစ်ဓာတ်အားသုံးစွဲသူပြည်သူများ လျှပ်စစ်အန္တရာယ်ကင်းရှင်းရေး ဆောင်ရွက်လျက်ရှိသည့်အပြင် ဓာတ်အားအပြည့်အဝ အသုံးပြုနိုင်ရေးအတွက် ဓာတ်တိုင်များအစားထိုးလဲလှယ်ခြင်း၊ ကြိုးများ အသစ်လဲလှယ်ခြင်း၊ လိုင်းရှင်းခြင်းများကို ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**ထွန်းထွန်းနိုင် (ကျောက်ဆည်)**














# နိုင်ငံ့အာဏာ ပြည်သူသာ အစဉ်အလာပိုင်စိုးသည်

ကိုရင်ဩ koyinau.mirrordaily@gmail.com



သမ္မတလောင်းများ၏ ဒုတိယအကြိမ် စကားစစ်ထိုးပွဲ မှတ်တမ်းပုံ။ ဓာတ်ပုံ- အေပီ

နိုင်ငံတော်အတွက် အရေးအပါအဆုံး ပြည်သူ့ရေးရာ စီမံခန့်ခွဲရေး ရာထူးဌာနန္တရ နေရာတစ်နေရာ၌ သင့်လျော်လျောက်ပတ်မည့် ပုဂ္ဂိုလ်ကြီးတစ်ဦးအား ရွေးချယ်တင်မြှောက်နိုင်ရန် လှုပ်လှုပ်ရွရွ တက်တက်ကြွကြွရှိနေသည့် ကမ္ဘာ့နေရာတစ်နေရာကို ကျွန်ုပ် ရှုလတ်လေသောအခါ စွေ့ကနဲ တွေ့မြင်မိသည်ကား 'ကမ္ဘာ့စူပါ' ဟူ၍ ထင်ပေါ်ကျော်ကြားခြင်းရှိကုန်သော အမေရိကန်ပြည်ထောင်စုကို ကွက်ကွက်ကွင်းကွင်း တွေ့မြင်ရလေ၏။

နိုဝင်ဘာ ၈ ရက်တွင် ကျင်းပလတ္တံ့သော သမ္မတရွေးကောက်ပွဲကြီး၏ ရလဒ်ပဇာသို့ ရှိမည်နည်းဟု ကမ္ဘာ့မိသားစုနှင့်အတူ ကျွန်ုပ်ကလည်း မျှော်လင့်စောင့်စား ငံ့လင့်နေမိလေ၏။

သူငါခပင်း စောင့်စားသူငါ၊ ရွေးကောက်ပွဲကြီး နီးကပ်လို့လာဟူ၍ တစ်ပိုင်းတစ်စ စာချိုးမိရင်း ယှဉ်ပြိုင်မှု အလွန်ပြင်းထန်လှသည့် အငွေ့အသက်များ ထောင်းလမောင်းထနေသည့် သတင်းစာမျက်နှာများကို တစိမ့်စိမ့် ဖတ်ရှုကာ ကျွန်ုပ်မှာ အတွေးဝင်ပါထဲ တဝဲလည်လည် ရှိနေလေသည်။

ပါတီချင်း ယှဉ်ပြိုင်မှုအရ အမြင့်ဆုံးအမှတ်သို့ ရောက်ရှိနေချိန်တွင် ကမ္ဘာ့နိုင်ငံအထူးထူးအပြားပြားက အထူးတလည် စိတ်ဝင်တစား ရှိနေကြသည်ကား 'ရွေးကောက်ပွဲမှာ ဘယ်သူနိုင်မလဲ' ဟူသော မေးခွန်းနှင့် စပ်ယှဉ်နေသည်။

ဆံချည်တစ်ဖျားမျှ အတိမ်းအစောင်းမခံနိုင်သော နာနိုနည်းပညာခေတ်၊ ဒီဂျစ်တယ်ခေတ်စသည်ဖြင့် နာမည်အပြားပြား ခြားနားနေသည့် ခေတ်ကြီးထဲတွင် ကမ္ဘာ့စူပါနိုင်ငံကြီး၌ ဘာတွေဖြစ်လာမလဲဟု ကမ္ဘာ့နိုင်ငံများက ဝိုင်းအုံစောင့်ကြည့်နေကြလေသည်။

ရာဇာဘိသေက မင်းအဖြစ် မြှောက်တင်နိုင်ရေးအတွက် အမေရိကန်ပြည်သူတို့က စိုးစဉ်းမျှ အမှားမခံဘဲ အသည်းကြားမှ မဲတစ်ပြားအတွက် အသိဉာဏ်ကျက်စားကာ မဲပေးကြမည်လောဟူ၍လည်း ကျွန်ုပ် စေ့ငုမိ၏။

## တွေဝေနေကြဆဲ

အကြောင်းမူကား အနီ အမေရိကန်ပြည်ထောင်စုကြီးတွင် မဲဆန္ဒရှင်ဦးရေ အတော်အသင့်မှာ မည်သူမည်ဝါအား မဲပေးရမည်ကို ရွေးကောက်ပွဲကြီး ကျင်းပတော့မည့်အချိန်နှင့် သီသီလေးမျှသာ လိုတော့သည့်အချိန် ရောက်သည်အထိ တိတိပပ ထင်ထင်လင်းလင်း ရွေးချယ်ဆုံးဖြတ်နိုင်ခြင်း မရှိသေးဟု သတင်းတစ်ပုဒ်တွင် ကျွန်ုပ် ဖတ်ရှုလိုက်ရခြင်းကြောင့်ဖြစ်လေသည်။

ရွေးကောက်ပွဲကြီး ရောက်လုပြီ၊ ပြည်သူအချို့ကား တွေဝေနေကြဆဲဟု မှတ်သားရပြီးလျှင် သမ္မတလောင်းများ၏ ဟိုတစ်မျိုး၊ သည်တစ်နည်း ပြောပုံ၊ ဟောပုံ၊ စည်းရုံးပုံများ မတူကွဲပြားခြင်းကြောင့် ပြည်သူအချို့ နားဝေတိမ်တောင် ဖြစ်ရပေခြင်းလော ဟူ၍လည်း ကျွန်ုပ် တွေးတောမိ၏။

ကမ္ဘာ့နိုင်ငံအများအပြားက အထူးတလည် စိတ်ဝင်တစားရှိနေကြသည်ကား အမေရိကန်သမ္မရွေးကောက်ပွဲရလဒ် ဟု ဆိုရချိမ့်မည်။ အကြောင်းမူကား အမေရိကန်သမ္မတဟူသည် နိုင်ငံတကာ ရေးရာများတွင် 'ပါလေရာသူကြီး' ပုံစံမျိုးဖြင့် ပါဝင်ပတ်သက်နေတတ်ခြင်းကြောင့် မဟုတ်ပါလော။

အမေရိကန်တွင် နောက်သမ္မတ ဘယ်သူဖြစ်လာမည်နည်းဟူ၍ တွေးဆအမှန်သိအောင် ကြံနေကြသူများပြားခြင်းမှာ အမေရိကန်စီးပွားရေးက ကမ္ဘာ့စီးပွားရေးနှင့် ချိတ်ဆက်ထားခြင်းကြောင့် ဖြစ်၏။

## လှုပ်ခတ်စေ

အမေရိကန်သည် 'ပဲခူးဆား' သဖွယ် အမယ်မျိုးစုံတွင် ပါဝင်နေတတ်သည့် သဘောကို တွေ့မြင်ရလေ့ရှိပြီး ကမ္ဘာ့စီးပွားရေးလောကတွင် ယင်းနိုင်ငံ၏ အခန်းကဏ္ဍကြီးမားသလို နိုင်ငံတကာ လုံခြုံရေး၊ စစ်ရေးစသည့် ရေးရာများတွင်လည်း ယင်းနိုင်ငံ၏ သဘောထားရပ်တည်ချက်က ကမ္ဘာကို လှုပ်ခတ်မှုများကို ဖြစ်စေလေသည်။ ဥဒါဟရုဏ်တစ်ရပ်ကို ညွှန်းရသော် လတ်တလောဖြစ်ပွားနေသည့် ဆီးရီးယားပြည်တွင်းစစ်ကြီးပေတည်း။

ကျင်းပလတ္တံ့သော အမေရိကန်သမ္မတရွေးကောက်ပွဲကြီး၌ ပါဝင်ယှဉ်ပြိုင်မည့် အားကောင်းမောင်းသန် သူတစ်ထူး ပုဂ္ဂိုလ်ကြီးတစ်ဦးသည်ကား ဒေါ်နယ်ထရန့်ဟု အမည်တွင်ပြီးလျှင် အမေရိကန်၏ ရှေးထုံးစဉ်လာ နိုင်ငံရေးလောကမှ ဖောက်ထွက်မည့်သူအသွင် လှစ်ပြနေလေသည်။

နှစ်ရှည်လများ စီးပွားရေးလောကတွင် ကျင်လည်ကျက်စားလာခဲ့သူ ထရန့်မှာ နိုင်ငံရေးလောကအတွင်းသို့ တရမန်းကြမ်း ခြေစုံပစ်ကာ ဝင်ရောက်လာသူဖြစ်၏။ သူ၏ နိုင်ငံရေးအတွေးအမြင်များက လမ်းရိုးလမ်းဟောင်းမှ ဖောက်ထွက်နေ၏။

သူပြောပုံကို နားဆင်ကြည့်ပါဦး -

"အမေရိကန်ဟာ ပြည်တွင်းရေးပြဿနာတွေအပေါ်မှာသာ အာရုံစိုက်သင့်တယ်။ နိုင်ငံတွေအကြား ဖြစ်နေတဲ့ ပဋိပက္ခတွေမှာ မပတ်သက်စေချင်ပါဘူး" ဟူ၏။

သို့ဖြစ်လင့်ကစား ကမ္ဘာ့နိုင်ငံအချို့ သူ၏ နိုင်ငံရေးအတွေးအမြင်များနှင့် ပတ်သက်၍ ကမျောသောပါး ဝေဖန်လာကြသည်ကို ကျွန်ုပ်သတိပြုမိလေသည်။

"ထရန့်သာ အာဏာရလာမယ်ဆိုရင် ကျန် ကမ္ဘာ့နိုင်ငံတွေအတွက် 'ဧကစာ' ကျင့်တဲ့ သမ္မတကြီးဖြစ်လာမယ်လို့ တွေးဆရတယ်။ ဒါဟာ ကျန် ကမ္ဘာ့နိုင်ငံတွေအတွက် သတင်းဆိုးဖြစ်မှာပေါ့" ဟူ၍ ဂရိနိုင်ငံမှ နိုင်ငံရေးသုခမိန် သာနိုဒိုကော့က ဆိုသည်။ ဧကစာကျင့်သူ သမ္မတကြီးဟူသော စကားစု၏ အဓိပ္ပာယ်မှာ အထီးကျန်ဝါဒီ သမ္မတကြီးဟု ရည်ညွှန်းခြင်းဖြစ်၏။

သမ္မတလောင်း ဟီလာရီကလင်တန်မှာမူ ကမ္ဘာကြီးနှင့် တိုက်ရိုက်တွေ့ထိ ဆက်ဆံဖူးသူဖြစ်၏။ ဟီလာရီသည်ကား ဧကစာကျင့်သူ မဟုတ်မူ၍ 'ရွာဆော်ကြီး' ဂိုက်ဖမ်းနေသူဟု ဆိုရချိမ့်မည်။

"ကလင်တန်ကတော့ နိုင်ငံခြားရေးဝန်ကြီး လုပ်ဖူးတဲ့သူဆိုတော့ နိုင်ငံတကာခေါင်းဆောင်တွေနဲ့ လက်တွဲလုပ်ကိုင်ဖူးတဲ့ အတွေ့အကြုံတွေ လေးနှစ်ရှိထားတယ်။ အရှေ့အလယ်ပိုင်းဒေသလို ကမ္ဘာ့ဒေသတွေမှာ ဖြစ်ပွားနေတဲ့ ပဋိပက္ခတွေထဲ ကြားဝင်ဖြေရှင်းပေးသူအဖြစ် ရပ်တည်လာနိုင်တယ်။ 'ကမ္ဘာ့ ရဲသားကြီး' ဆိုတဲ့ အမေရိကန်ပုံရိပ်ကို သူချယ်မှုန်းမယ်လို့ မျှော်လင့်ရတယ်" ဟူ၍ မြောက်အတ္တလန္တိတ်စာချုပ်အဖွဲ့ (နေတိုး) အတွင်းရေးမှူးချုပ်ဟောင်းလည်းဖြစ်၊ ဒိန်းမတ် ဝန်ကြီးချုပ်ဟောင်းလည်းဖြစ်သူ အင်ဒရေဖို့ရာမြူဆင်က ဝေဖန်သုံးသပ်လေသည်။

"ကျွန်တော်တို့ရဲ့ အတွေ့အကြုံအရ သိရတာကတော့ အမေရိကန် တပ်ခေါက်ရင်၊ တပ်ခေါက်တယ်လို့ အထင်ခံရရင် လေဟာနယ်တစ်ခုကျန်ခဲ့မှာပေါ့။ လေဟာနယ်အတွင်း နေရာဝင်ယူမယ့်သူတွေကတော့ လူဆိုးတွေပါပဲ" ဟူ၍လည်း ရာမြူဆင်က သူ၏အမြင်ကို ဝက်ဝုတ္တိအလင်္ကာဖြင့် ဖွဲ့ဆိုသိုင်းဝိုင်းလျက်ဆိုလေသည်။

လာမည့် သမ္မတရွေးကောက်ပွဲအပြီး တက်လာမည့် သမ္မတသစ်က နိုင်ငံခြားရေးမူဝါဒကို မည်သို့မည်ပုံ ထုဆစ်ပုံဖော်မည်ကို ကမ္ဘာက လေ့လာစောင့်ကြည့်ကြရပေမည်။

ထရန့်နှင့် ကလင်တန် မည်သူက ပို၍ လက်စောင်းထက်မည်ကိုလည်း စေ့ငုစရာဖြစ်ရ၏။

နိုင်ငံတကာ ရေးရာများသည်ကား ဆီဆုံနွားပမာ ရပ်နားရသည်မရှိ တဝဲလည်လည် ကျင်လည်နေမည်သာတည်း။

အမေရိကန်၏ အစဉ်အလာ မဟာမိတ်နိုင်ငံများမှာ နိုင်ငံခြားရေးမူဝါဒအသစ်ကို ပုံဖော်ထုဆစ်မည့် ထရန့်ကို အားမလိုအားမရ အမူအယာဖြင့် မြင်းကမလှုပ် ခုံကလှုပ်ဘိအလား တင်ကူး၍ ဝေဖန်တိက ပြုနေကြ၏။

တစ်မင်းပြောင်းလျှင် မူဝါဒပါ လိုက်ပါပြောင်းလဲတတ်သည်မှာ ကမ္ဘာ့နိုင်ငံရေး၏ သဘာဝပါပေ။ ကမ္ဘာ့သမိုင်းကို ငဲ့စောင်းကြည့်လျှင် မင်းပြောင်းမင်းလွဲဖြစ်ပေါ်ခြင်းနှင့် ကမ္ဘာ့ရေးရာ ရှုခင်းပြောင်းလဲခြင်းတို့ကို ဒွန်တွဲတွေ့ရ၏။

သာဓကများကို ညွှန်းရလျှင် သမ္မတဂျွန်ဆင်လက်ထက် ဗီယက်နမ်စစ်ပွဲဖြစ်ပွားသည်။ ရစ်ချတ်နစ်ဆင် လက်ထက် တရုတ်ပြည်ကြီးနှင့် ထိတွေ့ဆက်ဆံလာသည်။ ဂျော့ဂျ်ဒဗလျူဘုရှ်တို့ သားအဖလက်ထက် အီရတ်စစ်ပွဲကြီးဖြစ်ပွားသည်။

အမေရိကန်ပြည်သူတို့၏ 'မန်းဒိတ်' အပ်နှင်းခံရသည့် သမ္မတသစ်၏ နိုင်ငံခြားရေးမူဝါဒအရွေ့ကို ကျွန်ုပ်တို့ သိသိသာသာ တွေ့မြင်လာရမည်ကား မလွဲပါချေ။

ဒီမိုကရက်နှင့် ရီပတ်ဘလေကန်တည်းဟူသော ပါတီချင်း မတူကွဲပြားမှုကပင်လျှင် အမြင်ချင်း ခြားနားပုံကို နဂိုမူလကပင်လျှင် အဓိပ္ပာယ်ဖော်နေပြီးဖြစ်သည်။

အကယ်၍ အမေရိကန်သမ္မတအဖြစ် ဒေါ်နယ်ထရန့် တင်မြှောက်ခံရပါလျှင် အမေရိကန်နှင့် ဥရောပမဟာမိတ်များ၊ အာရှမဟာမိတ်များနှင့် ဆက်ဆံရေးပုံစံ ပြောင်းလဲလာနိုင်ပေသည်။

## နိုင်ငံတော်ကာကွယ်ရေး

နိုင်ငံတော်ကာကွယ်ရေးနှင့် ပတ်သက်၍မူ အမေရိကန်ပြည်ထောင်စုကြီး အမြဲထာဝရ ဘေးဘယာဝေးကွာနေစေဖို့ လိုအပ်သည်ဟု ရှုမြင်ပုံချင်းမှာမူ ထရန့်နှင့် ဟီလာရီတို့ ကွဲပြားခြင်းကား မရှိလေပြီ။

စက်တင်ဘာ ၁၁ ရက် အကြမ်းဖက်တိုက်ခိုက်မှုကြီး လွန်လေသော် အမေရိကန်ပြည်သူခပင်း ဘေးဘျမ်းကင်းကွာ အေးချမ်းစွာနေရလေအောင် အစိုးရအဖွဲ့က ပိုမိုအားထည့်လုပ်ကိုင်လာသည်။ ၂၀၀၁ ခုနှစ်တွင် အမိမြေလုံခြုံရေးဌာနကို ထူထောင်ခဲ့သည်။

လွန်ခဲ့သည့် နှစ်အနည်းငယ်အတွင်း ကာကွယ်ရေးအသုံးစရိတ် ကျဆင်းလာသော်လည်း အစ္စလာမ့်စ်နိုင်ငံတော် (အိုင်အက်စ်)နှင့် အခြားသော အကြမ်းဖက်အဖွဲ့များကို အမေရိကန် ပိုမိုရင်ဆိုင်လာရသည်။

## မဲဆွယ်စည်းရုံး

နိုင်ငံတော်လုံခြုံရေး ပိုမိုကောင်းမွန်တိုးတက်စေရေးအတွက် ကျွန်တော်တို့၊ ကျွန်မတို့ မည်သို့ဖော်ဆောင်မည်ကို ထရန့်နှင့် ကလင်တန်တို့က မဲဆွယ်စည်းရုံးရေးကာလအတွင်း အာပေါင်အာရင်းသန်သန်ဖြင့် ပြည်သူတို့အား တင်ပြခဲ့ကြလေသည်။

နိုင်ငံတော်ကာကွယ်ရေးနှင့် ပတ်သက်၍ ဟီလာရီ ယုံကြည်ယူဆသည်ကား အမေရိကန်တပ်မတော်ကို ကမ္ဘာပေါ်တွင် လေ့ကျင့်သားအကောင်းဆုံးနှင့် စစ်လက်နက်ကိရိယာ တပ်ဆင်မှု အကောင်းဆုံး လက်နက်ကိုင်တပ်ဖွဲ့ကြီးအဖြစ် ဆက်လက်ရပ်တည်စေရေးဖြစ်သည်။ ဟီလာရီအနေဖြင့် နိုင်ငံခြားရေးဝန်ကြီး လုပ်ခဲ့ဖူးပြီး ဆီးနိတ်အထက်လွှတ်တော် လက်နက်ကိုင်တပ်ဖွဲ့များရေးရာ ကော်မတီတွင် အဖွဲ့ဝင်အဖြစ် တာဝန်ထမ်းရွက်ခဲ့ဖူးပေရာ ယနေ့ကာလ အမေရိကန်တပ်မတော် ရင်ဆိုင်နေရသောပြဿနာများကို ကောင်းစွာနားလည်သိရှိသည်ဆို၏။

အီရန်လက်ဝယ်သို့ အဏုမြူလက်နက်များ ရောက်ရှိခြင်းမရှိစေရ၊ ကွန်ပျူတာကွန်ရက် အဖျက်အမှောင့်ပြုခြင်း၊ ပင်လယ်ရေကြောင်း ပိုင်နက် အငြင်းပွားခြင်းတို့နှင့် ပတ်သက်၍ တရုတ်နိုင်ငံကို အညှံ့မခံ၊ အီရတ်နှင့် ဆီးရီးယားတို့ရှိ အိုင်အက်စ်ခြေကုပ်စခန်းများကို အမြစ်ဖြုတ်မည်၊ ကမ္ဘာတစ်လွှားရှိ အကြမ်းဖက်ကွန်ရက်များကို နှိပ်ကွပ်ရန် မဟာမိတ်များနှင့် လက်တွဲလုပ်မည်စသည်ဖြင့် ဟီလာရီက မဲဆန္ဒရှင်များအား ရှင်းလင်းတင်ပြခဲ့သည်။

နိုင်ငံတော် ကာကွယ်ရေးနှင့် ပတ်သက်၍ ထရန့်က ကာကွယ်ရေးအသုံးစရိတ် မြှင့်တင်လိုသူဖြစ်၏။

အမေရိကန် ရွေးကောက်ပွဲသည် ယင်းနိုင်ငံအတွက်သာမက ကမ္ဘာကြီးအတွက်ပါ အရေးပါလိမ့်မည်။ သို့ရာတွင် နိုင်ငံရေးလုပ်ငန်းစဉ်ဟူသည်ကား ရွေးကောက်ပွဲနေ့တွင် ပြီးဆုံးသည်မဟုတ်ဘဲ အစဉ်အမြဲရှိနေမည်သာတည်း။

သမ္မတလောင်းများက မဲဆွယ်စည်းရုံးရေးကာလတွင် ပေးကြသည့် ကတိကဝတ်များမှာ တစ်ပုံတစ်ပင်ရှိနေတတ်သည်။ ပြည်သူများကမူ အာဏာရရှိလာသော သမ္မတက သူ့ကတိအတိုင်း လုပ်ဆောင်ပေးခြင်း ရှိ-မရှိ ဆက်လက်စောင့်ကြည့်ကြရသည်။ မဲဆွယ်စည်းရုံးရေး အခြေခံမဟာဗျူဟာအဖြစ် သမ္မတလောင်းများအကြား တစ်ဦးကိုတစ်ဦး အပြစ်ရှာတတ်သည်မှာလည်း ဓမ္မတာပါပေ။ အရေးကြီးလှသည်မှာ ပြည်သူတို့၏ လွတ်လပ်မှု၊ တရားမျှတမှု၊ ကြွယ်ဝမှုနှင့် လုံခြုံမှုတို့အတွက် သမ္မတကိုယ်တိုင် တာဝန်ယူမှု၊ တာဝန်ခံမှုအားကောင်းစေရန် ပြည်သူများက ဒီမိုကရေစီစံနှုန်းများနှင့်အညီ ဖိအားပေးနိုင်ပုံကို တွေးတောမိရင်း "နိုင်ငံ့အာဏာ ပြည်သူသာ အစဉ်အလာပိုင်စိုးသည်" ဟူ၍ ကျွန်ုပ် ကျူးရင့်မိပါသတည်း။ ။

# သက်ကြီးသူချင်း ကူညီစောင့်ရှောက်ရေးအဖွဲ့များ ကျယ်ကျယ်ပြန့်ပြန့် ဖွဲ့စည်းလာနိုင်ရေး ပံ့ပိုးဆောင်ရွက်ကြရန်လိုအပ်

**စစ်ကိုင်း နိုဝင်ဘာ ၅**

စစ်ကိုင်းတိုင်းဒေသကြီးအတွင်းရှိ သက်ကြီးရွယ်အိုဘိုးဘွားများအား ပြုစုယုယစောင့်ရှောက်ရာတွင် ဌာနအခြေပြုစောင့်ရှောက်နည်းများ တည်တံ့ခိုင်မြဲတိုးပွားရန်အပြင် ရပ်ရွာအခြေပြု စောင့်ရှောက်နည်းများ တိုးပွားလာရန် ပူးပေါင်းဆောင်ရွက်ရန်လိုအပ်ပြီး သက်ကြီးသူချင်း ကူညီစောင့်ရှောက်ရေးအဖွဲ့ (Older People Self Help Group) များ ကျယ်ကျယ်ပြန့်ပြန့် ဖွဲ့စည်းလာနိုင်ရန် ပံ့ပိုးဆောင်ရွက်ကြရန်လိုအပ်ကြောင်း စစ်ကိုင်းတိုင်းဒေသကြီးဝန်ကြီးချုပ် ဒေါက်တာမြင့်နိုင်ထံမှ သိရသည်။

"စစ်ကိုင်းတိုင်းအတွင်း နေရာအနှံ့အပြားမှာ မှီတင်းနေထိုင်ကြတဲ့ သက်ကြီးရွယ်အိုတွေရဲ့ဘဝ စိုပြည်လှပအောင် ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်ပေးဖို့ လိုသလို အသက်ကြီးသူတွေကို ဆင်းရဲချမ်းသာ လူမျိုးဘာသာမခွဲခြားဘဲ ကူညီစောင့်ရှောက်ပေးရမှာ ဖြစ်ပါတယ်။ မိမိတို့နေထိုင်ရာ ပတ်ဝန်းကျင်မှာရှိတဲ့ အဘိုးအဘွားတွေကို တန်းတူညီတူစောင့်ရှောက်ပေးခြင်းနဲ့ ပစ်ပယ်ခွဲခြားတာတွေ ပပျောက်အောင် ဌာနဆိုင်ရာတွေ၊ ပြည်တွင်း၊ ပြည်ပအစိုးရမဟုတ်တဲ့ အဖွဲ့အစည်းများနဲ့ စေတနာ့ဝန်ထမ်းတွေအားလုံး ဆက်လက်ပူးပေါင်းဆောင်ရွက်သွားကြဖို့လိုပါတယ်"ဟု ဒေါက်တာမြင့်နိုင်က ပြောပြသည်။

မြန်မာနိုင်ငံတွင် အသက် ၆၀ အထက် သက်ကြီးရွယ်အို ၄ ဒသမ ၇၅ သန်းအနက် အဘိုး ၂ ဒသမ ၀၂ သန်းနှင့်အဘွား ၂ ဒသမ ၇၂ သန်းခန့်ရှိပြီး အဆိုပါ သက်ကြီးရွယ်အိုများ၏ ဘဝလုံခြုံရေးနှင့် ဂုဏ်သိက္ခာရှိရှိ ရှင်သန်ရပ်တည်ရေးအတွက်ဌာနအခြေပြုစောင့်ရှောက်ခြင်းနှင့် ရပ်ရွာအခြေပြု စောင့်ရှောက်ခြင်းနည်းများဖြင့် ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

ဌာနအခြေပြု စောင့်ရှောက်ခြင်းနည်းအဖြစ် ဂေဟာများတည်ထောင်၍ စောင့်ရှောက်ခြင်း၊ နေ့စောင့်ရှောက်ရေးဂေဟာများ ဖွင့်လှစ်စောင့်ရှောက်ခြင်း၊ စေတနာ့ဝန်ထမ်း ဘိုးဘွားရိပ်သာများ ထူထောင်စောင့်ရှောက်ခြင်းများ ဆောင်ရွက်ပေးလျက်ရှိရာ ရပ်ရွာအခြေပြုစောင့်ရှောက်နည်းအဖြစ် အိမ်တိုင်ရာရောက် စောင့်ရှောက်ခြင်း၊ မိသားစုအခြေပြုစောင့်ရှောက်ခြင်းနှင့် ရပ်ရွာအခြေပြုစောင့်ရှောက်ခြင်းများနှင့် ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

အဆိုပါနည်းများဖြင့် ဆောင်ရွက်ရာတွင် အစိုးရအဖွဲ့များ၊ ပြည်တွင်း၊ ပြည်ပမှ အစိုးရမဟုတ်သောအဖွဲ့များနှင့် ပြည်သူများက ပူးပေါင်းဆောင်ရွက်ခြင်းဖြစ်ပြီး မြန်မာနိုင်ငံတွင် ၂၀၁၂ ခုနှစ်၌ သက်ကြီးရွယ်အိုများဆိုင်ရာ လေ့လာဆန်းစစ်မှု သုတေသနလုပ်ငန်းကို အစိုးရအဖွဲ့က ဦးဆောင်ပြီး သက်ဆိုင်ရာ မိတ်ဖက်အဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်ခဲ့ရာ သက်ကြီးရွယ်အိုများအနေဖြင့် ကျန်းမာရေး၊ စီးပွားရေး၊ လူမှုရေးဆိုင်ရာ အခက်အခဲများကို အဓိကရင်ဆိုင်နေရသည်ကို တွေ့ရကြောင်း၊ အဆိုပါတွေ့ရှိချက်အပေါ် အခြေခံ၍ သက်ကြီးရွယ်အိုစောင့်ရှောက်ခြင်းလုပ်ငန်းများကို ပိုမိုစနစ်ကျရန် ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**မျိုးဝင်းထွန်း (မုံရွာ)**



# မိတ္ထီလာကန် ရေကျော်ခုနစ်ပေါက်အနီး ရန်ကုန်–မန္တလေးကားလမ်းပေါ်ရှိ မြောင်းကူးတံတားတိုးချဲ့ပြုပြင်တည်ဆောက်မှု ၈၅ ရာခိုင်နှုန်းကျော် ပြီးစီး

**မိတ္ထီလာ နိုဝင်ဘာ ၅**

မိတ္ထီလာမြို့ မိတ္ထီလာကန် ရေကျော်ခုနစ်ပေါက်အနီး ရန်ကုန်-မန္တလေး ကားလမ်းပေါ်ရှိ မြောင်းကူးတံတားအား ယုဇနကုမ္ပဏီမှ တာဝန်ယူတည်ဆောက်လျက်ရှိရာ ၈၅ ရာခိုင်နှုန်းကျော် ပြီးစီးနေပြီဖြစ်ကြောင်း သိရသည်။

ရန်ကုန်-မန္တလေးကားလမ်းမသည် မိတ္ထီလာမြို့တွင်းကို ဖြတ်သန်းဖောက်လုပ်ထားခြင်းဖြစ်ပြီး ယခုအခါ နိုင်ငံတကာအဝေးပြေးလမ်းမကြီးအဖြစ် အဆင့်တိုးမြှင့်ဖောက်လုပ်ခြင်းများ ဆောင်ရွက်လျက်ရှိရာ ယင်းမြောင်းကူးတံတားအရှည် ပေ ၉၀ ဖြစ်ပြီး အကျယ်မှာ မူလက ပေ ၄၀ ခန့်သာရှိ၍ ယခုအခါထပ်မံ၍ ၂၃ ပေ တိုးချဲ့ပြုပြင်တည်ဆောက်ခြင်းဖြစ်သည်။

ယင်းမြောင်းကူးတံတား တိုးချဲ့တည်ဆောက်ခြင်းလုပ်ငန်းများကို ၂၀၁၅ ခုနှစ် အောက်တိုဘာအတွင်းက စတင်ဆောင်ရွက်ခဲ့ခြင်းဖြစ်ပြီး အမြန်ဆုံးတည်ဆောက်ပြီးစီးနိုင်ရေးအတွက် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း တံတားတည်ဆောက်ရေး တာဝန်ခံမှ ပြောကြားခဲ့သည်။

**သိန်းမြင့်ကျော်(မိတ္ထီလာ)**



# အပန်းဖြေဆင်စခန်းဖွင့်လှစ်ပွဲကျင်းပ

**ပဲခူး နိုဝင်ဘာ ၅**

ပဲခူးမြို့နယ် ဘုရားကြီးမြို့ ဝဂ်ဘော်ကျေးရွာ ပဲခူး(တောင်)သစ်ထုတ်လုပ်ရေးဒေသ ဆင်ထိန်းသိမ်းပြသရေးနှင့် ယာဉ်၊ ယန္တယားစခန်း၌ နိုဝင်ဘာ ၃ ရက် နံနက်ပိုင်းက ဝဂ်ဘော်ဆင်စခန်းဖွင့်ပွဲ အခမ်းအနားကို ပြုလုပ်သည်။

ဝဂ်ဘော်ဆင်စခန်းဖွင့်လှစ်ရခြင်းနှင့် ပတ်သက်၍ ပဲခူးတိုင်းဒေသကြီး(အရှေ့) မြန်မာ့သစ်လုပ်ငန်း ဒုတိယအထွေထွေမန်နေဂျာ ဦးထွန်းထွန်းဦးက ပဲခူးမြို့နယ်နှင့် အနယ်နယ်အရပ်ရပ်မှခရီးသွား ပြည်သူများ၊ နိုင်ငံခြားသားဧည့်သည်များ လာရောက်အပန်းဖြေနိုင်စေရန်၊ ဆင်ဝန်ထမ်းမိသားစုများ အလုပ်အကိုင်အခွင့်အလမ်းများရရှိစေရန်ရည်ရွယ်ပြီး ဖွင့်လှစ်ခဲ့ခြင်းဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် ပဲခူးတိုင်းဒေသကြီး သယံဇာတသစ်တောနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီး ဦးကျော်မင်းစံက ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးပြီး ဝဂ်ဘော်ဆင်စခန်းဆိုင်းဘုတ်အား အမွှေးနံ့သာရေများဖြင့်ပက်ဖျန်းကာ ဆင်များအား အစာရေစာများ ကျွေးမွေးသည်။

အဆိုပါဆင်စခန်းတွင် ဆင်ယဉ်ကျေးလိမ္မာသင်တန်းအား နိုဝင်ဘာ ၁ ရက်မှ ၃ ရက်အထိ ဆင်လေ့ကျင့်သင်ကြားရေးကို နိုင်ငံခြားမှ ပညာရှင်များဖြင့်ပူးပေါင်း၍ ဆင်ဝန်ထမ်းသင်တန်းသား ၂၀ နှင့် လေ့လာသူငါးဦးတို့အားသင်ကြားပေးခဲ့သည်။

ဝဂ်ဘော်ဆင်စခန်း၌ နေ့စဉ် နံနက် ၈ နာရီမှ ၉ နာရီထိ ဆင်ပြပွဲများကိုလည်းကောင်း၊ နံနက် ၉ နာရီမှ ၁၀ နာရီခွဲအတွင်း ဆင်များကို ၂၅ မိနစ်ကြာ စီးခြင်းကိုလည်းကောင်း၊ တောတွင်းဆင်စားကျက်များ၊ ဆင်ရေချိုးခြင်းများကိုလည်းကောင်း လေ့လာနိုင်ကြောင်း သိရသည်။

**ပဲခူးခရိုင် (ပြန်/ဆက်)**

# ကျေးလက်နေပြည်သူများ လျှပ်စစ်အန္တရာယ်ကင်းဝေးစေရေး အသိပညာပေးဟောပြော

**သုံးခွ နိုဝင်ဘာ ၅**

ကျေးလက်နေ လျှပ်စစ်သုံးစွဲသူပြည်သူတို့ လျှပ်စစ်အန္တရာယ်ကင်းရှင်းစေရေးနှင့် လျှပ်စစ်ဥပဒေပါ အချက်အလက်များ အသိပညာပေးဟောပြောပွဲကို ရန်ကုန်တိုင်းဒေသကြီး တောင်ပိုင်းခရိုင် သုံးခွမြို့နယ် ရေပေါ်ကန်ကျေးရွာ ဘုန်းတော်ကြီးကျောင်းတိုက် ဓမ္မာရုံ၌ နိုဝင်ဘာ ၁ ရက် မွန်းလွဲ ၁ နာရီက ကျင်းပရာ ရေပေါ်ကန်ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူး ဦးစန်းမြိုင်၊ ရပ်မိရပ်ဖများ၊ လျှပ်စစ်သုံးစွဲသူပြည်သူများ၊ စိတ်ပါဝင်စားသူများ တက်ရောက်ခဲ့ကြသည်။

အသိပညာပေးဟောပြောပွဲတွင် သုံးခွမြို့နယ်လျှပ်စစ်မန်နေဂျာ ဦးတင်ဆန်းက လျှပ်စစ်သုံးစွဲသူပြည်သူများ အန္တရာယ်ကင်းစွာ သုံးစွဲနိုင်ရေးနှင့် လျှပ်စစ်ဥပဒေအကြောင်းများ သိသင့်သိထိုက်သည့် အချက်များကို ရှင်းလင်းဟောပြောပြီး လျှပ်စစ်ဝန်ထမ်းများက ပညာပေးလက်ကမ်းစာစောင်များကို ဖြန့်ဝေပေးခဲ့ကြကြောင်း သိရသည်။

**ကြည်စိုးလွင်(သုံးခွ)**

# အရာရှိမွမ်းမံသင်တန်းအတွေ့အကြုံများ ထပ်ဆင့်ရှင်းလင်းပွဲကျင်းပ

**ဖျာပုံ နိုဝင်ဘာ ၅**

ပြန်ကြားရေးဝန်ကြီးဌာန ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ပျဉ်းမနား သင်တန်းကျောင်းတွင် အောက်တိုဘာ ၁၇ ရက်မှ ၂၈ ရက်အထိ ဖွင့်လှစ်ပို့ချခဲ့သော အရာရှိမွမ်းမံသင်တန်း (၁/၂၀၁၆)မှ အတွေ့အကြုံများ ထပ်ဆင့်ရှင်းလင်းပွဲ အခမ်းအနားကို ဧရာဝတီတိုင်းဒေသကြီး ဖျာပုံခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန စာကြည့်တိုက်ခန်းမ၌ အောက်တိုဘာ ၃ ရက် နံနက် ၁၀ နာရီက ကျင်းပခဲ့ရာ ဖျာပုံခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ခရိုင်ဦးစီးအရာရှိ ဦးဇော်မင်းက သင်တန်းအတွေ့အကြုံများ ရှင်းလင်းဆွေးနွေးခဲ့ပြီး ဆက်လက်၍ ဘိုကလေးမြို့နယ်ဦးစီးမှူး ဒေါ်မိုးစီစီအောင်က သင်တန်းလက်တွေ့ သရုပ်ပြလေ့ကျင့်မှုများ ထပ်ဆင့်ရှင်းလင်းဆောင်ရွက်ခဲ့ကြောင်း သိရသည်။

အဆိုပါ သင်တန်းအတွေ့အကြုံထပ်ဆင့်ရှင်းလင်းပွဲသို့ ဖျာပုံ၊ ကျိုက်လတ်၊ ဘိုကလေး၊ ဒေးဒရဲနှင့် အမာမြို့နယ်တို့မှ မြို့နယ်ဦးစီးမှူးများ အပါအဝင် အင်အား ၂၈ ဦးတက်ရောက်ခဲ့ကြောင်း သိရသည်။

**သပြေထွန်း**

# ငါးလုပ်ငန်းလုပ်ကိုင်သူများထံသို့ အတိုးနှုန်းသက်သာသောချေးငွေများပေးအပ်

**ဘားအံ နိုဝင်ဘာ ၅**

ကရင်ပြည်နယ် ဘားအံမြို့တွင် ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်အတွက် ကရင်ပြည်နယ်အတွင်းရှိ ငါးလုပ်ငန်းလုပ်ကိုင်သူများအား ကရင်ပြည်နယ်အစိုးရအဖွဲ့၏ ရန်ပုံငွေမှ ငါးထုတ်လုပ်မှုဖွံ့ဖြိုးတိုးတက် အောင်မြင်စေရန် အတိုးနှုန်းသက်သာသော ချေးငွေပေးအပ်ပွဲ အခမ်းအနားကို နိုဝင်ဘာ ၃ ရက် နံနက် ၁၀ နာရီက ပြည်နယ်ငါးလုပ်ငန်းဦးစီးဌာနရုံးခန်းမ၌ ကျင်းပခဲ့သည်။

ကရင်ပြည်နယ် စီမံကိန်း၊ ဘဏ္ဍာရေးနှင့်စည်ပင်သာယာရေးဝန်ကြီး ဦးသန်းနိုင်၊ ပြည်နယ်စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီး ဦးစောမြင့်ဦးတို့က ငါးလုပ်ငန်းဆိုင်ရာ ချေးငွေချေးယူသူ ၃၈ ဦးထံသို့ချေးငွေ ကျပ်သိန်း ၂၀၉၆ အား လွှဲပြောင်းပေးအပ်ခဲ့ကာ ချေးငွေကာလမှာ တစ်နှစ်ဖြစ်ကြောင်း သိရသည်။ ချေးငွေပေးအပ်ပွဲသို့ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ အင်းလုပ်ငန်းနှင့် ငါးမွေးမြူရေးလုပ်ငန်းလုပ်ကိုင်ကြသည့် ချေးငွေချေးယူသူများ တက်ရောက်ခဲ့ကြသည်။

**စောမျိုးမင်းသိန်း(ပြန်/ဆက်)**

# ကြားဖြတ်ရွေးကောက်ပွဲအတွက် မဲဆန္ဒရှင်စာရင်း တစ်အိမ်တက်၊ တစ်အိမ်ဆင်း ကွင်းဆင်းကောက်ယူ

**ထန်တလန် နိုဝင်ဘာ ၅**

၂၀၁၇ ခုနှစ် ဧပြီ ၁ ရက်တွင် ပြုလုပ်မည့် ကြားဖြတ်ရွေးကောက်ပွဲအတွက် မဲဆန္ဒရှင်စာရင်း တစ်အိမ်တက် တစ်အိမ်ဆင်း ကွင်းဆင်းကောက်ယူခြင်းကို ကြားဖြတ်ရွေးကောက်ပွဲကျင်းပမည့် ထန်တလန်မြို့ပေါ်နှင့် ကျေးရွာများ၌ နိုဝင်ဘာ ၂ ရက်တွင် တစ်ပြိုင်တည်း စတင်ကောက်ယူခဲ့ကြကြောင်း သိရသည်။

"အခုကောက်ယူတဲ့ မဲစာရင်းက ၂၀၁၅ ရွေးကောက်ပွဲတုန်းက မဲစာရင်းကို အခြေခံတာဆိုတော့ ၂၀၁၅ ခုနှစ်တုန်းက မဲစာရင်းကိုယူသွားပြီး အိမ်ထောင်စုစာရင်းနှင့် တိုက်ကြည့်ပါတယ်။ အတိုး၊ အလျော့ရှိတယ်ဆိုရင် အကြောင်းရင်းကို မှတ်ချက်ရေးထားပါတယ်။ ၂၀၁၅ ခုနှစ်ရွေးကောက်ပွဲတုန်းက မဲဆန္ဒရှင်စာရင်းနဲ့ အခုပြုလုပ်မယ့် မဲဆန္ဒရှင်စာရင်းကွာခြားချက်ကဘာလဲဆိုရင် ၂၀၁၅ ခုနှစ်တုန်းက မဲဆန္ဒရှင်စာရင်းကို အက္ခရာစဉ်အလိုက်ပြုစုတယ်။ အခု အိမ်ထောင်စု အလိုက်ပြုစုမှာပါ။ အားသာချက်က ဘာလဲဆိုရင် မဲစာရင်းရှာရတာ လွယ်ကူသွားမှာ ဖြစ်ပါတယ်"ဟု တီးတိန်မြို့နယ် ရွေးကောက်ပွဲအရာရှိ ဒေါ်ဒိမ့်စန်းကိမ်က ပြောကြားသည်။

**(မြို့နယ်ပြန်/ဆက်)**

## စိုက်ပျိုးရေးနည်းပညာဗဟုသုတတိုးပွားရေးပညာပေးပွဲနှင့် မိုးစပါးစံကွက်ရိတ်သိမ်း

တာချီလိတ် နိုဝင်ဘာ ၅
ရှမ်းပြည်နယ်(အရှေ့ပိုင်း) တာချီလိတ်မြို့နယ် စိုက်ပျိုးရေးဦးစီးဌာနက ဒေသခံတောင်သူလယ်သမားများအား စိုက်ပျိုးရေးနည်းပညာဆိုင်ရာ ဗဟုသုတများ တိုးပွားရရှိကာ စပါးအထွက်နှုန်းတိုးပွားရေး တောင်သူပညာပေးကွင်းပြပွဲနှင့် စံကွက်ရိတ်သိမ်းပွဲကို နိုဝင်ဘာ ၃ ရက် နံနက် ၉ နာရီက ဝမ်လုံးကျေးရွာအုပ်စု လွန်းကျိုင်းကျေးရွာရှိ တောင်သူဦးကျလော၏ လယ်မြေ ၁၀ ဧကတွင် ဆင်းဧကရီ (၃) သိပ္ပံနည်းကျ စိုက်ပျိုးနည်းစနစ်စံပြကွက်၌ ပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ တောင်သူပညာပေးပွဲနှင့် စံကွက်ရိတ်သိမ်းပွဲတွင် မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ မြို့နယ်ဦးစီးမှူး ဦးစိုင်းခင်ဇော်လတ်က သိပ္ပံနည်းကျစိုက်ပျိုးနည်းစနစ်အလိုက် စတင်ပျိုးထောင်ချိန်မှ ရိတ်သိမ်းချိန်အထိ လုပ်ငန်းဆောင်ရွက်မှု အဆင့်ဆင့်နှင့် တစ်ဧကအထွက်နှုန်းအပေါ် ကုန်ကျစရိတ်၊ ထွက်ရှိနိုင်မည့်အထွက်နှုန်း၊ ရရှိနိုင်မည့် အကျိုးအမြတ်များကို ရှင်းလင်းပြောကြားသည်။

ယင်းနောက် စိုက်ပျိုးထားသော ဆင်းဧကရီ(၃) မိုးစပါးစိုက်ခင်းအား စံကွက်ရိတ်သိမ်းရာ စပါးအထွက်နှုန်းမှာ တစ်ဧကအစို ၁၂၅ တင်း၊ အခြောက် ၁၁၅ တင်း ထွက်ရှိသည်။

အဆိုပါစံကွက်ရိတ်သိမ်းပွဲသို့ ခရိုင်စိုက်ပျိုးရေးဦးစီးဌာနမှ မျိုးစေ့တာဝန်ခံ ဦးအေးကို၊ မြေအသုံးချရေးတာဝန်ခံ ဒေါ်ဥမ္မာ၊ မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ ဝန်ထမ်းများ၊ မြို့နယ်လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာနမှ မြို့နယ်ဦးစီးမှူးနှင့် ဝန်ထမ်းများ၊ ရပ်ကွက်နှင့် ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးများ၊ ဒေသခံတောင်သူများ ၇၀ ကျော် တက်ရောက်ခဲ့ကြောင်း သိရသည်။ ဝေယံလင်း(ပြန်/ဆက်)

## မိုးစပါးဆင်းဧကရီ–၃ စံကွက်ရိတ်သိမ်း




ကသာ နိုဝင်ဘာ ၅
စစ်ကိုင်းတိုင်းဒေသကြီး စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးမောင်မောင်၊ မြို့နယ်ဦးစီးမှူး ဒေါ်ခင်မြတ်မိုးတို့သည် မိုးတားကြီးကျေးရွာတွင် မိုးစပါးဆင်းဧကရီ-၃ မျိုးသန့်မျိုးထုတ်ကွက် ဧက ၅၀ တွင် အထွက်နှုန်းစံကွက် ၀ ဒသမ ၁၀ ဧက ရိတ်သိမ်းပွဲအခမ်းအနားကို နိုဝင်ဘာ ၃ ရက် နံနက် ၈ နာရီက မိုးတားကြီးကျေးရွာ ကွင်းအမှတ် ၅၉၉ တောင်သူဦးဇော်ဝင်းစိုက်ခင်း၌ ပြုလုပ်သည်။

ယင်းမိုးစပါးဆင်းဧကရီ-၃ မျိုးသန့်မျိုးထုတ်ကွက်သည် အထွက်နှုန်းကို အဓိကထားခြင်းမဟုတ်ဘဲ မျိုးသန့်မျိုးစေ့များကို ပွားများ၍ တောင်သူများထံ မျိုးသန့်ဖြန့်ဖြူးရန် ရည်ရွယ်၍ အဓိကထားဆောင်ရွက်ခြင်းဖြစ်ကြောင်း မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

အဆိုပါ မိုးစပါးဆင်းဧကရီ-၃ ကို ပေါင်ဖြင့်ပျိုးထောင်ပြီး ပျိုးသက် ၂၂ ရက်တွင် ပြောင်းရွှေ့စိုက်ပျိုးခဲ့ခြင်း၊ ၈ လက်မ × ၆ လက်မ ၂စခေညေါဖြင့် ခြောက်တန်း နှစ်တန်းလှုပ်စိုက်ပျိုးခဲ့ခြင်း၊ မြေခံအဖြစ် (၁၁း၂၀း၂၀) ကွန်ပေါင်းတစ်အိတ်ထည့်ပြီး ရက် ၉၀ သားတွင် ယူရီးယားနှင့်ပိုတက်ရှ်ကို ဆတူရော၍ တစ်ကြိမ်ကြဲပက်ခြင်း၊ ပေါင်းရှင်းခြင်း၊ မျိုးကွဲနုတ်ပယ်ခြင်းတို့ကိုလည်း နှစ်ကြိမ်စီဆောင်ရွက်ခြင်း၊ မျိုးမညီသောအပင်များနုတ်ပယ်ရခြင်းကြောင့် သာမန်စိုက်ခင်းများထက် အထွက်လျော့နည်းနိုင်ခြင်း စသည့်နည်းစနစ်မှန်များဖြင့် မြို့နယ်ဦးစီးမှူး ဒေါ်ခင်မြတ်မိုးနှင့်ဝန်ထမ်းများက ကွင်းဆင်း၍ ဆောင်ရွက်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

အဆိုပါ မိုးစပါးဆင်းဧကရီ-၃ မျိုးသန့်မျိုးထုတ်ကွက် ၀ ဒသမ ၁၀ ဧက စံကွက်ရှိစပါးများအား ရိတ်သိမ်းပြီးနောက် စပါးခြွေလှေ့စက်ဖြင့် ခြွေလှေ့ရာ ၀ ဒသမ ၁၀ ဧက အထွက်နှုန်းမှာ ၁၄ တင်းနှင့် ၁၄ ပြည်ထွက်ရှိကြောင်းနှင့် တစ်ဧကအစိုထွက်နှုန်း ၁၄၈ ဒသမ ၇၅ တင်း ထွက်ရှိပြီး တစ်ဧကအခြောက် ၁၃၃ ဒသမ ၈၇၅ တင်း ထွက်ရှိကြောင်း သိရသည်။ မြင့်ကေခိုင်(ပြန်/ဆက်)

## ကျေးလက်နေပြည်သူများအား သဘာဝသီးနှံအခြေခံစားသောက်ကုန်သင်တန်းဖွင့်

နေပြည်တော် နိုဝင်ဘာ ၅
နေပြည်တော် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနနှင့် နေပြည်တော် အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာနတို့ပူပေါင်း၍ ကျေးလက်နေပြည်သူများ လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်ရေးနှင့် အလုပ်အကိုင်အခွင့်အလမ်းများ ရရှိရန်ရည်ရွယ်၍ သဘာဝသီးနှံစားသောက်ကုန်သင်တန်းဖွင့်ပွဲကို ပျဉ်းမနားမြို့နယ် ပျဉ်းမနားဟောင်းကျေးရွာအုပ်စု ကြို့ပင်(အလယ်) ကျေးရွာဓမ္မာရုံ၌ အောက်တိုဘာ ၂ ရက် မွန်းလွဲ ၁ နာရီက ကျင်းပခဲ့သည်။

ရှေးဦးစွာ ပျဉ်းမနားမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူး ဦးတင်မောင်ဦးက သင်တန်းဖွင့်လှစ်ရခြင်း၏ ရည်ရွယ်ချက်များကို ပြောကြားပြီး နေပြည်တော် အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူး ဦးကျော်နိုင်က သင်တန်းတွင်သင်ကြားပေးမည့် ဘာသာရပ်များအကြောင်းကို ရှင်းလင်းပြောကြားသည်။

ယင်းနောက် ဒက္ခိဏခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူး ဦးစိုးလင်းက နိုင်ငံတော်ထောက်ပံ့မှုဖြင့် ဖွင့်လှစ်ပေးခြင်းဖြစ်ပြီး လက်တွေ့သင်ကြားပြသ ပေးသွားမှာဖြစ်သည့်အတွက် တတ်မြောက်အောင်သင်ယူကာ မိမိဒေသမှထွက်ရှိသောသဘာဝသီးနှံများကို အခြေခံ၍ ဒေသထွက်ထုတ်ကုန်တစ်မျိုးမျိုးထုတ်လုပ်နိုင်လျှင် ဘေးအန္တရာယ်ကင်းရှင်းသော စားသောက်ကုန်များကို ရရှိနိုင်မည်ဖြစ်ကြောင်း ပြောကြားသည်။

အဆိုပါ သဘာဝသီးနှံစားသောက်ကုန်သင်တန်းတွင် သင်တန်းသား၊ သင်တန်းသူ ၂၀ တက်ရောက်ကြပြီး သင်တန်းကာလမှာ နိုဝင်ဘာ ၂ ရက်မှ ၁၁ ရက်ထိ ဖြစ်ကြောင်း သိရသည်။ စိုးမိုး(ပြန်/ဆက်)

## တောင်သူစက်ပြင်သင်တန်းဆင်းပွဲ ကျင်းပ



မြောင်းမြ နိုဝင်ဘာ ၅
စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန မြောင်းမြခရိုင် စက်မှုလယ်ယာဦးစီးဌာန အမှတ်(၄) အလတ်စားစက်ပြင်အလုပ်ရုံ တောင်သူစက်ပြင်သင်တန်း အမှတ်စဉ် (၂/၂၀၁၆) သင်တန်းဆင်းပွဲကို နိုဝင်ဘာ ၁ ရက် မွန်းလွဲ ၂ နာရီက အဆိုပါ စက်ပြင်အလုပ်ရုံ သင်တန်းခန်းမ၌ပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ စက်ရုံမှူး လက်ထောက်ညွှန်ကြားရေးမှူး ဦးသန်းဦးက လယ်ယာသုံးစက်ကိရိယာများကို တောင်သူလယ်သမားများ ကျွမ်းကျင်စွာ ကိုင်တွယ်အသုံးပြုတတ်စေရန်နှင့် ပြင်ဆင်ထိန်းသိမ်းတတ်စေရန်အတွက် နည်းပညာပေး သရုပ်ပြပွဲများနှင့် လေ့ကျင့်ပညာပေးသင်တန်းများ ဖွင့်လှစ်ဆောင်ရွက်ပေးခြင်းဖြစ်ကြောင်းပြောကြားပြီး သင်တန်းသားများအား သင်တန်းထူးချွန်ဆုနှင့် သင်တန်းဆင်းအောင်လက်မှတ်များကို ပေးအပ်ခဲ့ကြောင်း သိရသည်။

အဆိုပါသင်တန်းကို အလတ်စားစက်ပြင်အလုပ်ရုံမှ ဦးစီးအရာရှိနှင့် ဒုဦးစီးများ၊ စက်မှုကျွမ်းကျင် (၃) စက်ပြင်ဆရာများက နည်းပြများအဖြစ် တာဝန်ယူကာ မြောင်းမြမြို့နယ်အတွင်းရှိ ကျေးလက်ဒေသများမှ တောင်သူအမျိုးသား ၃၀ တို့က အောက်တိုဘာ ၅ ရက်မှ နိုဝင်ဘာ ၁ ရက်အထိ ၄၂ အသုန အင်ဂျင်၊ တစ်လုံးထိုးအင်ဂျင်၊ လေးလုံးထိုး ဇင်ဇင်းအင်ဂျင်များကို ဖြုတ်၊ တပ်၊ ပြင်ဆင်၊ မောင်းနှင်ခြင်းကို စာတွေ့၊ လက်တွေ့ သင်ကြားပို့ချပေးခဲ့ကြောင်း သိရသည်။
လွှမ်းသီဟ(ဝါးခယ်မ)

## စစ်ကိုင်းမြို့ဒေသထွက် ငွေပန်းစိုက်သူများ ပန်းပွင့်သည့်အရေအတွက်နှုန်း ကျဆင်းသွားသော်လည်း အမြင့်ဈေးရရှိ

စစ်ကိုင်း နိုဝင်ဘာ ၅
စစ်ကိုင်းမြို့ ဒေသထွက်ငွေပန်းစိုက်သူများ ဆောင်းရာသီတွင် အအေးဓာတ်ဝင်ရောက်လာသဖြင့် ပန်းပင်မှ ပန်းပွင့်သည့်နှုန်းများ ကျဆင်းသွားသော်လည်း နေ့စဉ်ပန်းအရောင်းဈေးကွက်၌အမြင့်ဈေးရရှိသဖြင့် အကျိုးအမြတ်ရရှိကြောင်း သိရသည်။

ငွေပန်းပင်များသည် သဲနုန်းဆန်သည့်မြေများ၌ အောင်မြင်ဖြစ်ထွန်းပြီး စိုက်ပျိုးရန်မြေပြုပြင်ရာတွင် အနံသုံးတောင်နှင့် အလျား ၁၀ တောင်ခန့် ပေါင်များပြုလုပ်၍ ပေါင်တစ်ခုနှင့်တစ်ခုအကြား လူဝင်၍ ပန်းနုတ်(ခူး)နိုင်ရန်အတွက် ရှစ်လက်မခန့်ခြားထားကာ ပေါင်အတွင်း တစ်တောင်ခန့်အကွာ တစ်ပင်နှုန်းစိုက်ပြီး တစ်လလျှင် အားဆေးနှင့်ပိုးသတ်ဆေး နှစ်ကြိမ်ပက်ဖျန်းပေးရကြောင်း သိရသည်။

စစ်ကိုင်းမြို့ တဲကြီးအုပ်စု ညောင်ကုန်းကျေးရွာမှ ငွေပန်းစိုက်သူတစ်ဦးက ငွေပန်းပင်သည် စားဖိုဆောင်သုံး ဂျင်းပင်နှင့် အလားသဏ္ဍာန်တူကာ ပင်စည်၏လုံးပတ်မှာ သုံးမတ်ခန့်အရွယ်အစားရှိပြီး အမြင့်မှာ လေးပေမှ ငါးပေခန့်ရှိသည်။ အရွက်များထွက်ပုံမှာ ပင်စည်၏ဘေးမှ ဘယ်၊ ညာတစ်ရွက်စီထွက်ကာ ၎င်းအရွက်များ ထွက်ရှိမှုကုန်သွားပါက ပန်းတစ်ပင်လျှင် ပန်းတစ်ဖူးထွက်ပြီး တစ်ဖူးလျှင် ပန်းပွင့် ၈၀ မှ ၁၀၀ အကြားပါရှိပြီး နေ့စဉ်ပန်းပွင့်သည်မှာ ပန်းဖူး၏ ပွင့်ဖတ်တစ်ဖတ်ချင်းအကြားမှ တစ်နေ့လျှင် ပန်းပွင့် လေးပွင့်၊ ငါးပွင့်နှုန်းနှင့် ပန်းဖူးမှ ရက်ပေါင်း ၂၀ ခန့် ဆက်တိုက်နုတ်ယူရကြောင်း၊ ကုန်သွားသည့်ပန်းဖူးနှင့်အပင်အား လှီးဖြတ်၍ပယ်ပစ်ရကာ ပန်းခင်းကိုနှစ်ရက်တစ်ခါ ပိုက် (သို့မဟုတ်) ပန်းပင်အခြေရောက်အောင်ပြုလုပ်ထားသည့် ရေမြောင်းလေးများမှတစ်ဆင့် ရေပေးသွင်းရပြီး ပြုစုပျိုးထောင်မှုကောင်းပါက ရေရှည်အကျိုးခံစားရကြောင်း ပြောပြသည်။

ပန်းပွင့်များကို နံနက်စောစောနုတ်ယူပြီး ရာစည်းများပြုလုပ်၍ တစ်ဆင့်ပြန်လည်ရောင်းသူထံပေးသွင်းရသည်။ သီတင်းကျွတ်မတိုင်မီ ပန်းများလှိုင်လှိုင်ပွင့်သော်လည်း အနိမ့်ဈေးသာရရှိကာ သီတင်းကျွတ်လပြည့်ကျော်သည်နှင့် အအေးဓာတ်ဝင်လာကာ ပွင့်သည့်နှုန်းကျဆင်းသွားသော်လည်း အမြင့်ဈေးရရှိကြောင်း သိရသည်။ မျိုးဝင်း(စစ်ကိုင်း)

## ကျောက်တံခါးမြို့နယ်တွင်းရှိ ကျေးရွာလေးရွာ၌ ကိုယ့်အားကိုယ်ကိုး လျှပ်စစ်မီးဖွင့်ပွဲကျင်းပ

ကျောက်တံခါး နိုဝင်ဘာ ၅
ပဲခူးတိုင်းဒေသကြီး ကျောက်တံခါးမြို့နယ်အတွင်းရှိ တောင်ခင်ကျေးရွာအုပ်စုအတွင်းရှိ လေးအိမ်စုကျေးရွာ၊ နွားရေချောင်းကျေးရွာ၊ အလှိုင်ကျေးရွာနှင့် လက်ခံကျေးရွာအုပ်စု လက်ခံကျေးရွာတို့တွင် ကိုယ့်အားကိုယ်ကိုး လျှပ်စစ်မီးဖွင့်ပွဲအခမ်းအနားအား သတ်မှတ်ကျေးရွာများ၏ မင်္ဂလာမုခ်ဦးများရှေ့တွင် နိုဝင်ဘာ ၂ ရက် ညနေ ၅ နာရီက အသီးသီးပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ လေးအိမ်စုကျေးရွာမီးလင်းရေးဖွင့်ပွဲ မုခ်ဦးရှေ့တွင် မီးအလှူရှင် ကညင်ကျိုးကျေးရွာ မီးလင်းရေးကော်မတီနာယက ဦးကျော်မြင့်၊ သာယာကုန်း လျှပ်စစ်ဓာတ်အားခွဲရုံမှူး လက်ထောက်ညွှန်ကြားရေးမှူး ဦးမင်းဇော်ထွန်းနှင့် သက်ဆိုင်ရာတာဝန်ရှိသူများက ဖဲကြိုးဖြတ်ဖွင့်လှစ်ခဲ့ပြီးနောက် ကျေးရွာတာဝန်ရှိသူများမှ ကျေးဇူးတင်စကား ပြန်လည်ပြောကြားခဲ့သည်။

“ကျွန်တော်တို့ကျေးရွာအတွက် မင်္ဂလာရှိတဲ့နေ့လေးပေါ့။ မျှော်လင့်လို့မရခဲ့တဲ့ လျှပ်စစ်မီးက အခုဆိုရရှိလာခဲ့တယ်။ အလှူရှင် ဦးကျော်မြင့်တို့ မိသားစုကိုလည်း ကျေးဇူးတင်ရှိပါတယ်။ လေးရွာလုံးကို မီးရရှိအောင် ကူညီလှူဒါန်းပေးခဲ့တဲ့အတွက်ပါ။ မီးရရှိလာပြီဆိုတော့ ကျေးလက်နေပြည်သူ တောင်သူများရဲ့ လူနေမှုအဆင့်အတန်း မြင့်မားလာမှာပါ။ ကျန်းမာရေး၊ ပညာရေး၊ စီးပွားရေး စသဖြင့်တိုးတက်လာမှာပါ။ ယခုလို လျှပ်စစ်မီးရရှိလာတဲ့အတွက် လက်မှုလယ်ယာကနေ စက်မှုလယ်ယာကိုပြုပြင်ပြောင်းလဲနိုင်တဲ့ အခြေခံအချက်ပါပဲ” ဟု အလှိုင်မီးလင်းရေးကော်မတီဥက္ကဋ္ဌ ဦးဌေးလှိုင်က ပြောကြားသည်။ ဖြိုးကိုလင်း(ညောင်ဝိုင်း)

## ထန်းတပင်မြို့နယ်တွင် စိုက်နည်းစနစ်ငါးမျိုး မိုးစပါးစံပြကွက်များရိတ်သိမ်း

**ထန်းတပင် နိုဝင်ဘာ ၅**
ပဲခူးတိုင်းဒေသကြီး တောင်ငူခရိုင် ထန်းတပင်မြို့နယ်တွင် စိုက်နည်းစနစ်(၅)မျိုး စံကွက်ရိတ်သိမ်းပွဲကို နိုဝင်ဘာ ၃ ရက် နံနက် ၉ နာရီက ပြုလုပ်ခဲ့သည်။

ထန်းတပင်မြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ မြို့နယ်အတွင်းရှိ စပါးစိုက်တောင်သူများအတွက် အထွက်နှုန်းကောင်းမွန်ပြီး စီးပွားရေးတွက်ချေကိုက်သည့် စိုက်နည်းစနစ်များပြန့်ပွားစေရေး ၂၊ [illegible] အစေ့ချ၊ ကြဲခင်း၊ စိုက်နည်းစနစ်ငါးမျိုး ပါဝင်သော စံပြစိုက်ခင်းများအား ၂၀၁၆-၂၀၁၇ မိုးရာသီအကုန်၌ တစ်ပြေးကျေးရွာအုပ်စုတွင် ရိတ်သိမ်းခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

စံပြကွက်ရိတ်သိမ်းပွဲသို့ တောင်ငူခရိုင် စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးစန်းလွင်၊ မြို့နယ်ဦးစီးမှူး ဦးကိုကိုစိုးနှင့် ဝန်ထမ်းများ၊ ဒေသခံတောင်သူများစုပေါင်းရိတ်သိမ်းခဲ့ရာ ၂၊ စိုက်နည်းစနစ်ဖြင့် တစ်ဧကလျှင် ၁၂၉ တင်း၊ [illegible] အစေ့ချစိုက်နည်းဖြင့် ၁၁၇ ဒသမ ၁၈ တင်း၊ တောင်သူစိုက်နည်းဖြင့် ၈၉ ဒသမ ၈၄ တင်း၊ အစေ့ချစိုက်နည်းဖြင့် ၉၂ ဒသမ ၁၈ တင်း၊ ကြဲခင်းနည်းစနစ်ဖြင့် ၈၀ ဒသမ ၀၇ တင်းထွက်ရှိခဲ့ကြောင်း သိရသည်။ ကိုလွင်(ဆွာ)

# မြရည်နန္ဒာတန်ဖိုးမျှတအိမ်ရာတိုက်ခန်းများကို ဝန်ထမ်းများ၊ အငြိမ်းစားနှင့် ဝင်ငွေနည်းပြည်သူတို့အား ရောင်းချမည်



**မန္တလေး နိုဝင်ဘာ ၅**
မန္တလေးမြို့ ချမ်းမြသာစည်မြို့နယ် မြရည်နန္ဒာရပ်ကွက်ရှိ မြေကွက်အမှတ်(မမ-၁၆) မြေဧရိယာ ၇ ဒသမ ၆၇ ဧကပေါ်တွင် မြို့ပြနှင့်အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာနမှ မြရည်နန္ဒာ တန်ဖိုးမျှတအိမ်ရာ စီမံကိန်း ရှစ်ခန်းတွဲ ငါးထပ်၊ အဆောက်အအုံ ၁၄ လုံး၊ အခန်းပေါင်း ၅၆၀ ကို မန္တလေးတိုင်းဒေသကြီးအတွင်း တာဝန်ထမ်းဆောင်လျက်ရှိသော လုပ်သက်အနည်းဆုံးငါးနှစ်ရှိ နိုင်ငံ့ဝန်ထမ်းများ၊ အငြိမ်းစားဝန်ထမ်းများ၊ ဝင်ငွေနည်းပြည်သူများနှင့် ကုမ္ပဏီဝန်ထမ်းများအား လက်ငင်းငွေချေစနစ်၊ မြို့ပြနှင့်အိမ်ရာဖွံ့ဖြိုးရေးဘဏ်နှင့် ချိတ်ဆက်၍ အရစ်ကျငွေချေစနစ်များဖြင့် ရောင်းချပေးမည်ဖြစ်သည်။

မြရည်နန္ဒာ တန်ဖိုးမျှတအိမ်ရာများသည် အိမ်ခန်းတစ်ခန်းလျှင် ၅၆၇ စတုရန်းပေ အကျယ်အဝန်းရှိပြီး ရေမီးအစုံ၊ ဧည့်ခန်း၊ အိပ်ခန်း၊ မီးဖိုခန်း၊ ရေအိမ်သာတို့ပါဝင်ပြီး မြေညီထပ်တစ်ခန်းလျှင် ငွေကျပ် ၂၂၃ သိန်း၊ ပထမထပ်တစ်ခန်းလျှင် ငွေကျပ် ၂၀၈ သိန်း၊ ဒုတိယထပ်တစ်ခန်းလျှင် ငွေကျပ် ၁၉၃ သိန်း၊ တတိယထပ်တစ်ခန်းလျှင် ငွေကျပ် ၁၇၈ သိန်း၊ စတုတ္ထထပ်တစ်ခန်းလျှင် ငွေကျပ် ၁၆၃ သိန်းဖြင့် ရောင်းချပေးမည်ဖြစ်သည်။

မြရည်နန္ဒာ တန်ဖိုးမျှတ တိုက်ခန်းများ ဝယ်ယူရန်အတွက် လျှောက်ထားသူ၏ မိသားစုပျှမ်းမျှလစဉ်ဝင်ငွေစုစုပေါင်းမှာ အနည်းဆုံးငွေကျပ် လေးသိန်းမှ ငွေကျပ်ငါးသိန်းအထိ ဝင်ငွေရှိရမည်ဖြစ်သည်။

မြရည်နန္ဒာ တန်ဖိုးမျှတ တိုက်ခန်းများ ဝယ်ယူလိုသူများသည် အိမ်ခန်းဝယ်ယူခွင့် လျှောက်လွှာများကို ဒီဇင်ဘာ ၁ ရက်မှ ၃၀ ရက်အထိ လျှောက်လွှာတစ်စောင် ကျပ်၅၀၀နှုန်းဖြင့် အောင်မြေသာစံမြို့နယ် ၆၆ လမ်း ၁၆ လမ်းနှင့် ၁၉လမ်းကြားရှိ မြို့ပြနှင့် အိမ်ရာ ဖွံ့ဖြိုးရေးဦးစီးဌာန မန္တလေးတိုင်းဒေသကြီး ညွှန်ကြားရေးမှူးရုံး၌ လာရောက် ဝယ်ယူတင်သွင်းနိုင်ကြောင်း သိရသည်။ **သီဟကိုကို(မန္တလေး)**



## ဥတ္တရသီရိမြို့နယ်တွင် လစဉ်ပုံမှန်ကာကွယ်ဆေး အခမဲ့တိုက်ကျွေးထိုးနှံပေး

**နေပြည်တော် နိုဝင်ဘာ ၅**
မိခင်ကျန်းမာရေးမြှင့်တင်ရေး၊ ငါးနှစ်အောက်ကလေးသေဆုံးမှု ကျဆင်းရေးနှင့် ကျန်းမာရေးနှင့် ညီညွတ်သည့် ပြည်သူများဖြစ်လာစေရန်ရည်ရွယ်၍ ဥတ္တရသီရိမြို့နယ် ဥတ္တရသီရိရပ်ကွက်တွင် နိုဝင်ဘာ ၂ ရက် နံနက် ၉ နာရီမှ ညနေ ၅ နာရီအထိ တစ်နှစ်ခွဲအောက်ကလေးများနှင့် ကိုယ်ဝန်ဆောင်မိခင်များအား လစဉ်ပုံမှန်ကာကွယ်ဆေး တိုက်ကျွေးထိုးနှံပေးလျက်ရှိသည်။

အဆိုပါ ကာကွယ်ဆေးတိုက်ကျွေးထိုးနှံပေးရေးကို ဥတ္တရသီရိမြို့နယ် ခုတင် ၅၀ ဆံ့ဆေးရုံမှ အမျိုးသမီးကျန်းမာရေးဆရာမ ဒေါ်စန္ဒာဝင်းနှင့် ကျန်းမာရေးဝန်ထမ်းများက ကွင်းဆင်းဆောင်ရွက်လျက်ရှိပြီး ဝက်သက်၊ ပိုလီယို၊ penta(၅)မျိုးစပ်၊ ဦးနှောက်တီဘီ၊ ပြင်းထန် အဆုတ်ရောင်ကာကွယ်ဆေးအသစ် (PCV) နှင့် လူးစေ့တီဘီပိုး ကာကွယ်နိုင်ရန် BCG ဆေးမျိုးများ တိုက်ကျွေးထိုးနှံပေးခြင်းဖြစ်ကြောင်း သိရသည်။ **ရွှေရဲရင့်**

## ခန္တီးမြို့နယ်တွင်အသက်မွေးဝမ်းကျောင်းအထောက်အကူပြုသင်တန်းဖွင့်

**ခန္တီး နိုဝင်ဘာ ၅**
စစ်ကိုင်းတိုင်းဒေသကြီး ခန္တီးမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ကြီးမှူးဖွင့်လှစ်သည့် အသက်မွေးဝမ်းကျောင်းအထောက်အကူပြု (လက်သမား၊ ပန်းရန်) သင်တန်းအမှတ်စဉ်(၁/၂၀၁၆)ဖွင့်ပွဲကို နိုဝင်ဘာ ၁ ရက် နံနက် ၉ နာရီက ခန္တီးမြို့နယ် လင်းဖားကျေးရွာအုပ်ချုပ်ရေးမှူးရုံး၌ ကျင်းပရာ ခရိုင်ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ လက်ထောက်ညွှန်ကြားရေးမှူး ဦးဆန်းမိုးက အမှာစကားပြောကြားသည်။

ဆက်လက်၍ မြို့နယ်ဦးစီးမှူး ဦးရာဇေးက သင်တန်းဖွင့်လှစ်ရခြင်း ရည်ရွယ်ချက်များကို ရှင်းလင်းဆွေးနွေးပြီး မွေးမြူရေးနှင့်ကုသရေးဦးစီးဌာနမှ ဒေါက်တာကျော်ကျော်လွင်က တစ်နိုင်တစ်ပိုင်စီးပွားဖြစ် မွေးမြူရေးလုပ်ငန်းများကို ရှင်းလင်းဆွေးနွေးသည်။

အဆိုပါသင်တန်းတွင် လက်သမားပညာရပ်များနှင့် ပန်းရန်ပညာရပ်များကို ခရိုင်/ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ဦးစီးအရာရှိ(နည်းပညာ) ဦးကျော်ထွန်းသန်းနှင့် အင်ဂျင်နီယာ (၃) ဒေါ်စိမ်းစိမ်းတို့က သင်တန်းသား ၄၀ တို့ အား ၁၀ ရက်ကြာ သင်ကြားကြမည်ဖြစ်သည်။ **ခန္တီးခရိုင်ပြန်/ဆက်**



## မြစ်ရေကြီးသဖြင့် ထန်းတောကျေးရွာရှိလယ်ဧက ၂၀၀ ကျော်ပျက်စီး

**စဉ့်ကိုင် နိုဝင်ဘာ ၅**
မန္တလေးတိုင်းဒေသကြီး ကျောက်ဆည်ခရိုင် စဉ့်ကိုင်မြို့နယ် ထန်းတောကျေးရွာတွင် ပန်းလောင်မြစ်ရေကြီးသည့်အတွက် ရိတ်သိမ်းခါနီး လယ်မြေဧက ၂၀၀ ကျော် ပျက်စီးသွားခဲ့သည်။

မိုးရွာသည့်အခါတွင် ပန်းလောင်မြစ်ရေလျှံလေ့ရှိသည်။ ၂၀၁၆ ခုနှစ်တွင် သီတင်းကျွတ်လမတိုင်ခင်ကပင် ပန်းလောင်ရေလျှံမှု ကိုးကြိမ်တိတိရှိခဲ့သည်။ လက်ရှိကာလ ပန်းလောင်မြစ်ရေကြီးမှုကြောင့် လယ်မြေဧက ၂၀၀ ကျော် ပျက်စီးကာ လူများ ရေလွတ်ရာနေရာတွင် ရွှေ့ပြောင်းနေထိုင်လျက်ရှိသည်။

ထန်းတောကျေးရွာမှာ တောင်သူလုပ်ငန်းကိုအားထားလုပ်ကိုင်သည့် ကျေးရွာပင်ဖြစ်သည်။ လယ်စိုက်ခြင်း၊ ပန်းလောင်မြစ်ရေကျသည့် မြစ်ဘေးယာမြေများတွင် ဆောင်းသီးနှံစိုက်ခြင်းများလည်းပြုလုပ်သည်။ ထန်းတောရွာတွင် အိမ်ခြေ ၂၈၉ အိမ်၊ အိမ်ထောင်စု ၃၀၃ ရှိသည်။ ထန်းတောကျေးရွာနည်းတူ ပန်းလောင်မြစ်ကမ်းနံဘေးရှိ စော်ရဲကျေးရွာ၊ ဝံပတေ့တောင်ရွာ၊ မြောက်ရွာနှင့် အခြားပန်းလောင်မြစ်ဘေးရှိရွာများလည်း ပန်းလောင်မြစ်ရေကြီးသည့်အတွက် ရွှေ့ပြောင်းနေထိုင်မှုများ ပြုလုပ်လျက်သည်။ ပန်းလောင်မြစ်ရေမှာ မိုးကောင်းလျှင် ရေကြီးရေလျှံပြီး မိုးတိတ်သွားသည်နှင့် ပြန်လည်ကျဆင်းသွားလေ့ရှိကြောင်း သိရသည်။ **တိမ်တမန်**

## အသက်မွေးဝမ်းကျောင်းအထောက်အကူပြုစက်ချုပ်သင်တန်းဖွင့်

**ကျောက်ကြီး နိုဝင်ဘာ ၅**
စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ကျေးလက်နေပြည်သူများ အသက်မွေးဝမ်းကျောင်းလုပ်ငန်းများတွင် အထောက်အကူပြုနိုင်ရန်အတွက် အခြေခံစက်ချုပ်သင်တန်း (၁/၂၀၁၆)ကို နိုဝင်ဘာ ၂ ရက် နံနက် ၁၀ နာရီက ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနရုံး၌ ကျင်းပခဲ့သည်။

သင်တန်းဖွင့်ပွဲတွင် ကျေးလက်ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူး ဦးအောင်သန်းလွင်က အဖွင့်အမှာစကားပြောကြားပြီး မြို့နယ်အုပ်ချုပ်ရေးမှူး ဦးတင်မျိုးအောင်က အမှာစကားပြောကြားခဲ့သည်။ ဆက်လက်ပြီး သင်တန်းနည်းပြ နော်မင်းယမ်ဖေါက ပို့ချမည့်ဘာသာရပ်များနှင့် ပတ်သက်၍ ရှင်းလင်းပြောကြားခဲ့သည်။

သင်တန်းကာလမှာ တစ်လကြာမြင့်မည်ဖြစ်ပြီး သင်တန်းသူ ၂၅ ဦး တက်ရောက်ကြောင်း သိရသည်။ **မြို့နယ် ပြန်/ဆက်**

## အိန္ဒု – ဇာသပြင်လမ်းအား နိုင်လွန်ကတ္တရာလမ်းအဖြစ် အဆင့်မြှင့်တင်

**ဘားအံ နိုဝင်ဘာ ၅**
ကရင်ပြည်နယ် ဘားအံခရိုင် ဘားအံမြို့နယ် အိန္ဒု - ဇာသပြင်လမ်းပိုင်းအား နိုင်လွန်ကတ္တရာ လမ်းအဖြစ် အဆင့်မြှင့်တင်ဆောင်ရွက်ခြင်းကို ဆောက်လုပ်ရေးဝန်ကြီးဌာန ဘားအံခရိုင် လမ်းဦးစီးဌာနမှ နိုဝင်ဘာ ၁ ရက်မှစ၍ လမ်းကြိတ်စက်ကြီးများ၊ AC ခင်းစက်နှင့် AC Plant စက်အမျိုးအစားများဖြင့် စတင်ဆောင်ရွက်နေပြီဖြစ်ကြောင်း သိရသည်။

အိန္ဒု - ဇာသပြင်လမ်းပိုင်းသည် ၂၄ ကီလိုမီတာရှိပြီး ဘားအံခရိုင်လမ်းဦးစီးဌာနမှ ၁၁ ဒသမ ၆ ကီလိုမီတာ၊ ချစ်လင်းမြိုင်ကုမ္ပဏီမှ ၁၂ ဒသမ ၄ ကီလိုမီတာကို ပြည်ထောင်စုရန်ပုံငွေ ကျပ်သန်း ၅၀၀၊ ပြည်နယ်ရန်ပုံငွေကျပ် ၂၅၈၉ ဒသမ ၈၆ သန်း၊ ၂၀၁၇ - ၂၀၁၈ ခုနှစ် တင်ပြရန်ပုံငွေကြိုတင်ဆောင်ရွက်ခြင်းတို့ဖြင့် နိုင်လွန်ကတ္တရာလမ်း အဆင့်မြှင့်တင်ခြင်းကို ဆောင်ရွက်သွားမည်ဖြစ်သည်။


ယခင်က ထိုလမ်းပိုင်းသည် ၁၂ ပေ အကျယ်ရိုးရိုးကတ္တရာလမ်းပိုင်းဖြစ်ပြီး နေ့စဉ် ကုန်တင်ယာဉ် ၂၃၆ စီးခန့်နှင့် ခရီးသည်တင်ယာဉ်၊ အိမ်စီးယာဉ် အစရှိသည့် ယာဉ်အမျိုးမျိုး ၁၆၀၂ စီးခန့် စုစုပေါင်း ၁၈၃၈ စီးခန့် နေ့စဉ်ဖြတ်သန်းသွားလာလျက်ရှိရာ ၁၂ ပေအကျယ် ရိုးရိုးကတ္တရာလမ်းမှ ၂၄ ပေအကျယ်၊ ဒု၂ လက်မ ရှိသော နိုင်လွန်ကတ္တရာလမ်းအဖြစ်သို့ အဆင့်မြှင့်တင် ဆောင်ရွက်သွားမည်ဖြစ်သည်။



ထိုသို့ အိန္ဒု-ဇာသပြင်လမ်းပိုင်းအား နိုင်လွန်ကတ္တရာ အဆင့်မြှင့်တင်ခင်းခြင်းကို ပြည်နယ်လွှတ်တော် ဒုတိယဥက္ကဋ္ဌ ဒေါ်နန်းသူဇာဝင်း၊ ပြည်နယ်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး၊ သစ်တော၊ သတ္တုနှင့် လမ်းပန်းဆက်သွယ်ရေးဝန်ကြီး ဦးစောပြည်သာ၊ ပြည်နယ်လမ်းဦးစီးဌာနမှူး ဦးစောသောင်းဟန်စိုးနှင့် တာဝန်ရှိသူများက နိုဝင်ဘာ ၁ ရက် မွန်းလွဲ ၁ နာရီခွဲက သွားရောက်ကြည့်ရှုခဲ့ကြပြီးလိုအပ်သည်များ လမ်းညွှန်မှာကြားကာ အိန္ဒု-ဇာသပြင်လမ်းပိုင်း ရှင်းလင်းဆောင်အနီးတွင် တည်ဆောက်ထားသော Ready TPH 30 China AC Plant နိုင်လွန်ကတ္တရာဖျော်စက်ကြီးအား ကြည့်ရှုစစ်ဆေးခဲ့သည်။

ထိုလမ်းပိုင်းအား ၁၂ ပေအကျယ် ရိုးရိုးကတ္တရာလမ်းမှ ၂၄ ပေအကျယ် နိုင်လွန်ကတ္တရာလမ်းအဖြစ်သို့ အဆင့်မြှင့်တင်ဆောင်ရွက်ခြင်းကြောင့် ထိုလမ်းဘေး ဝဲ/ယာတစ်လျှောက်ရှိ အိန္ဒုကျေးရွာ၊ နောင်အီပုံးကျေးရွာ၊ ဘုရားကုန်းကျေးရွာ၊ ကေလာသကျေးရွာနှင့် ဇာသပြင်ကျေးရွာများမှ ကျေးရွာသူ၊ ကျေးရွာသားတို့၏ လူနေအိမ်ခြံမြေနှင့် ဥယျာဉ်ခြံမြေ၊ လယ်မြေများတစ်စုံတစ်ရာ ထိခိုက်ပျက်စီးဆုံး ရှုံးမှုမရှိဘဲ အိန္ဒုလမ်းဆုံရှိ လမ်းမီးတိုင်အချို့နှင့် နေအိမ်၊ ဆိုင်ခန်းအချို့၏ အဖီခေါင်မိုးများ လမ်းနယ်နှင့် မလွတ်ကင်းသည့်အတွက် တာဝန်ရှိသူများမှ ညှိနှိုင်းဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**စောမျိုးမင်းသိန်း(ပြန်/ဆက်)**







ဆရာ လှငြိမ်း (ဘောဂဗေဒ)၏ **ဧအောင်စည်ပိန်း**
ဇန်နဝါရီ ၇/၈ နေ့များတွင် ဖြေဆိုရမည့် နိုင်ငံခြားရေး တတိယအတွင်းဝန်ရာထူးနှင့် ဝန်ကြီးဌာနများ၏ ဦးစီးအရာရှိ/လက်ထောက်အင်/ယာရာထူးများ ဝင်ရွင်သင်တန်း
မှတ်စုပေါင်းချုပ်နှင့် စာရွက်စာတမ်းကြေးအပါအဝင်
အပြီးအပြတ် ၃၅၀၀၀ိ/
ဖွင့်ပြီ
တိုက်နံပါတ် (A13-1, အခန်းနံပါတ် (403)
မြန်မာ့ဂုဏ်ရည်အိမ်ရာ၊ အထက်ပန်းဆိုးတန်းလမ်း၊ အောင်ဆန်းကွင်းအနီး၊ ပုဇွန်တောင်ညွှန့်မြို့နယ်၊ ရန်ကုန်မြို့။ Ph: 01-393301,09-5038955




S & P (EPS-Topik)
Korean Language Center
Since 2011
Korean Language Course
Enroll Now
* Basic, Intermediate, Advance , Speaking Class
* EPS-Topik, S-Topik Class
* YUFL (BA, Diploma ) Class
ကိုရီးယားကို သွားဖို့ ပြင်ဆင်နေသူများ၊ စကားပြန်အဖြစ် အလုပ်လုပ်ကိုင်လိုသူများအတွက် ကိုရီးယားကုမ္ပဏီများတွင် လုပ်ငန်းအတွေ့အကြုံရပြီး ကိုရီးယားစကားကို ကျွမ်းကျင်စွာပြောဆိုနိုင်သော ဆရာ/ဆရာမများနှင့် ကိုရီးယားလူမျိုး ဆရာမှ သင်ကြားပေးမည်။
တန်းခွဲသစ်များ (၉. ၁၁. ၂၀၁၆)ရက်နေ့တွင် စမည်။ ယခင် တန်းခွဲသစ်များ ရှိသည်။
တိုက်(၅)လှဆန်းယဉ်တိုက်၊အခန်းအမှတ်(၃/D)ဦးထွန်းလင်းဖြိုလမ်း၊လှည်းတန်း၊ကမာရွတ်မြို့နယ်။
Tel : 09-430-82903/ 09-732-11465


**ကန့်ကွက်နိုင်ကြောင်းကြော်ငြာ**

ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-၃၁၊ မြေကွက်အမှတ်-၉၁၁၊ မြေကွက်တည်နေရာအမှတ်-၉၁၁၊ ဇေယျာမြိုင်(၁)လမ်း၊ (၃၁)ရပ်ကွက်၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ် ဦးထွန်း (စီအီး-၀၄၈၄၅၃)အမည်ပေါက် နှစ်(၆၀)ဂရန်မြေအား ဂရန်အမည်ပေါက် ဦးထွန်းနှင့် ၎င်း၏ဇနီးတို့ကွယ်လွန်သွားကြပြီး ၎င်းတို့၏ အမွေစားအမွေခံပိုင်ဆိုင်ခံစားခွင့်ရှိသူ သားသမီး(၆)ဦးဖြစ်ကြသော ဒေါ်ဝင်းဝင်းကြည်+၅ အပေါ် တရားပြိုင်ထားကာ ဒေါ်ဝေဝေနွယ်[၁၂/တမန(နိုင်)၀၁၁၇၂၄] မှ တရားလိုပြု၍ ဒဂုံမြို့သစ်(မြောက်ပိုင်း) မြို့နယ်တရားရုံးတွင် မှတ်ပုံတင်စာချုပ်ချုပ်ဆိုပေးစေလိုမှုဖြင့် တရားစွဲဆိုခဲ့ရာ အနိုင်ဒီကရီရရှိခဲ့သဖြင့် တရားရုံးကိုယ်စား ဘီလစ် ဒေါ်နီလာခင်[၁၂/မဂဒ(နိုင်)၀၉၈၉၀၁] မှ တရားမကြီးမှုအမှတ်-၈၁/၂၀၁၅၏ ၁၆-၂-၂၀၁၆ရက်စွဲပါ စီရင်ချက်၊ ဇာရီမှုအမှတ်-၂၇/၂၀၁၆၏ နေ့စဉ်မှတ်တမ်းနှင့် ဘီးလစ်ခန့်အပ်ကြောင်း အကြောင်းကြားစာတို့တင်ပြ၍ အရောင်းအဝယ်စာချုပ်ချုပ်ဆိုရန် မြေပုံကူးလျှောက်ထားလာရာ တရားဝင်ခိုင်လုံသောအထောက်အထားများဖြင့် ဤကြော်ငြာပါသည့်နေ့မှစ၍(၇)ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

**ကန့်ကွက်နိုင်ကြောင်းကြော်ငြာ**

ရန်ကုန်တိုင်းဒေသကြီး၊ သဃ်န်းကျွန်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် - ၁၆/၂၊ မြေကွက်အမှတ်- ( ၂၁၀/က+ခ )၊ ဧရိယာ(၁၂၀၀)စတုရန်းပေအကျယ်အဝန်းအသီးသီးရှိနှစ်(၆၀)ဂရန်မြေကွက်(၂)ကွက်နှင့် ယင်းမြေကွက်များအပေါ်ရှိ ရန်ကုန်မြို့ သဃ်န်းကျွန်းမြို့နယ်၊ (၁၆/၂)ရပ်ကွက်၊ ဓမ္မဇေယျာလမ်း၊ အမှတ်(၂၁၀/က+ခ)ဟုခေါ်တွင်သည့်မြေကွက်အပါအဝင်အကျိုးခံစားခွင့်အရပ်ရပ်တို့ကို မြေအမည်ပေါက်ပိုင်ဆိုင်သူများဖြစ်သည့် ဦးကြည်မင်း၊(၁၂/လသန(နိုင်)၀၀၀၀၂၃)နှင့် ဒေါ်ခင်မာ (၁၂/ကတတ(နိုင်)၀၂၂၉၅)တို့ ထံမှ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူက ဝယ်ယူရန် ရောင်းဖိုးငွေ၏တစ်စိတ်တစ်ဒေသကို ပေးချေပြီးဖြစ်ပါသဖြင့် ကန့်ကွက်လိုပါက တရားဝင်ခိုင်လုံသောစာရွက်စာတမ်းအထောက်အထား(မူရင်း)များဖြင့် ဤကြော်ငြာပါသည့်နေ့မှစ၍(၇)ရက်အတွင်း ကျွန်ုပ်ထံသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်ခြင်းမရှိပါက အရောင်းအဝယ်ကိုဥပဒေနှင့်အညီ ပြီးမြောက်အောင်ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်းအများသိစေရန်ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ -


ဒေါ်အေးသူဇာ
LL.B,D.B.L,D.I.L.
အထက်တန်းရှေ့နေ (စဉ်-၁၀၂၆၄)
ဖုန်း - ၀၉ ၄၂၀၀ ၄၉၀၂၀

သစ်ပင်စိုက်ပါ ဒို့ကမ္ဘာ သာယာလှပစိမ်းမြမြ




SGS
Certificate TH09/3125
ဦးသာရင် ၏ သွက်ချာပါဒ လေငန်းဆေးပြား
တိုင်းရင်းဆေးဝါးမှတ်ပုံတင်အမှတ် -TMR ၀၀၁၅၂ (၀၅၁၃)
လေဖြတ်၊ လေငန်းရောဂါ ကာကွယ်ကုသရန်နှင့် လေရောဂါများအတွက် သောက်သုံးနိုင်ပါသည်။
SGS UKAS
Certificate TH06/3966.01
ISO 9001:2008 နှင့် GMP လက်မှတ်ရ ဦးသာရင်ဆေးတိုက်



MMC Myanmar Metropolitan College
Where learning comes alive

## Developing Personal Effectiveness

ကိုယ်ရည်ကိုယ်သွေး မြှင့်တင်ခြင်း

**Seminar Workshop**

- သင် လူမှုပေါင်းသင်း ဆက်ဆံရေး တိုးတက်ကောင်းမွန်လိုပါသလား
- သင် လုပ်ငန်းခွင်တွင် ယုံကြည်ချက်အပြည့်နှင့် ရပ်တည်နိုင်လိုပါသလား
- သင် အလုပ်နှင့်လူမှုဘဝကို ညီညွတ်မျှတစွာ စီမံဆောင်ရွက်တတ်လိုပါသလား

Date: 12 - Nov - 2016 (Saturday)
Time: 1:30 PM - 5:00 PM
Venue: Novotel Hotel (Eureka Room)
Speakers: Daw Khin Hnin Soe (College Director/ Principal) MEd, MSc Comm. Eng, BEng
Dr. Elizabeth Furio Perez (Academic Head) DBA, MBA, PGDFM, BB

ပွဲတက်ရောက်ပြီးစီးသူတိုင်းကို Myanmar Metropolitan College မှ Certificate of Attendance လက်မှတ်ကို ပေးအပ်ချီးမြှင့်မည်။ စိတ်ပါဝင်စားသူ မည်သူမဆို အခမဲ့ တက်ရောက်နိုင်ပါသည်။ လူဦးရေကန့်သတ်ချက်ရှိပါသဖြင့် Register လုပ်ပေးပါရန် မေတ္တာရပ်ခံအပ်ပါသည်။

To Register
http://bit.ly/2eCdYnJ
Myanmar Metropolitan College
09 26333 4226
(or)

**GOLDEN STAR** Travels & Tours

- ပုဂံ(စွယ်တော်လေးဆူ)-ပုပ္ပါး-ဝေဠုဝုန် Nov-11, 23
- မန္တလေး-ပြင်ဦးလွင်(မီးပုံးပျံပွဲ)-စစ်ကိုင်း Nov-11, 23
- တောင်ကြီး(မီးပုံးပျံပွဲ)-အင်းလေး-ပင်းတယ Nov-11, 23

ကျိုက်ထီးရိုး/ချောင်းသာ/ငွေဆောင်(နေ့စဉ်)
09-2028080, 09-5081580, 09-5036640, 09-5080860

ဈေးဖယ်ကြောင်းလမ်းပြီးစီးခြင်း

စစ်ကိုင်းတိုင်းဒေသကြီး၊ ယင်းမာပင်ခရိုင်၊ ပုလဲမြို့နယ်၊ အင်းကန်ကျေးရွာအုပ်စု၊ သမြောက်ကန်းကျေးရွာနေ ဦးဝင်းမြင့်+ဒေါ်ကံမြင့် တို့၏ သား

**ဗိုလ်ကြီးစိုးသက် B.Sc (Maths)**

နှင့်

ရန်ကုန်တိုင်းဒေသကြီး၊ အရှေ့ပိုင်းခရိုင်၊ မြောက်ဥက္ကလာပမြို့နယ်၊ (၁/၁၈၆)၊ သုမိတ္တာ (၆)လမ်းနေ ဦးစိုးနိုင်+ဒေါ်မြင့်မြင့်နိုင် (မိုးအောင်နိုင်-စာသင်ဆိုင်း)၊ (မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း(ဥက္ကဋ္ဌ)၊ (၁)ရပ်ကွက်၊ မြောက်ဥက္ကလာ) တို့၏ သမီး

**မခင်လေးနိုင် B.A (Q), M.A (Geog)**

လက်ထောက်ကထိက၊ ပထဝီဝင်ဌာန၊ ရန်ကုန်အဝေးသင်တက္ကသိုလ်

တို့သည် (၂၅-၁၀-၂၀၁၆) အခါနေ့တွင် နှစ်ဖက်မိဘများ၊ ဆွေမျိုးများနှင့် ရပ်မိရပ်ဖများ ရှေ့မှောက်၌ ဈေးစပ်ကြောင်းလမ်းပြီးစီးပါကြောင်း။

ဗိုလ်ကြီးစိုးသက် - မခင်လေးနိုင်

ဟန်းဂူ (HANGUK) ကိုရီးယားဘာသာစကားသင်တန်း
အထူးသင်တန်းကြေး (၁) သိန်းကျပ် (အပြတ်)EPS
စနစ်ဖြင့် ကိုရီးယားနိုင်ငံတွင် အလုပ်လုပ်ပြီးလစာ
(၁၅) သိန်းနှင့်အထက် ရရှိနိုင်မည့် အခွင့်အလမ်း
www.facebook.com/HANGUK Korean Languages Center
09-784899914,09-784899915

ရွှေတောင်းကင် အဆင့်မြင့် ခန်းဆီး လိုက်ကာ
တန်းရိုက် တပ်ဆင်၊ ချုပ်စ အခမဲ့
နယ်အော်ဒါလက်ခံသည်။ 5% OFF
09-43168269, 09-43113342, 09-451111717

စီးပွားရေးလုပ်ငန်းအချင်းချင်း ပူးပေါင်းဆောင်ရွက်ပြီး နိုင်ငံတကာနဲ့ ရင်ပေါင်တန်းနိုင်ရေးအတွက် ရည်ရွယ်ထုတ်ဝေတဲ့

## Myanmar B2B Management Magazine

- ဦးစိုးပိုင် သို့မဟုတ် ပိုက်ဆံလုပ်ငန်းထူးချွန်သူ
- စွန့်ဦးတီထွင်တွေဝေးဝေးရှောင်တဲ့ MLM
- အမေရိကန် Sanction ဖြေလျှော့တော့ ဘာဖြစ်မလဲ
- White-collar Crime သို့မဟုတ် ပညာတတ်လူတန်းစားတို့၏ပြစ်မှု
- တုတ်တစ်ဖက် မုန့်တစ်ဖက်
- ဂျူးလီယက်ဆီဇာသင်ပေးသော စီးပွားရေးပညာ
- NLP အသုံးပြု၍ အောင်မြင်မှုလမ်းကြောင်းပေါ်အချိန်တိုအတွင်းအရောက်သွားခြင်း
- ဒေါက်တာဝင်းစည်သူနှင့် တွေ့ဆုံမေးမြန်းထားသည့် ဆေးဝါးအတုအန္တရာယ်အကြောင်း
- နိုင်ငံရေးသုတေသီ ဦးကိုကိုလှိုင်နှင့်တွေ့ဆုံခြင်း
- ပါမောက္ခဒေါက်တာအောင်ထွန်းသက် ဦးဆောင်ဆွေးနွေးထားသည့် "တော့အိတ်ရှိန်းအတွက်သင်ခန်းစာများ" စကားဝိုင်း
- စဉ်ကူးမင်း၏ ခေါင်းဆောင်မှုစွမ်းရည်ကိုလေ့လာခြင်း အစရှိသည့် ဖတ်စရာမှတ်စရာအစုံအလင်ဖြင့်




လပေးဝယ်ယူလိုပါက - 09 4200 33366 ကြော်ငြာထည့်သွင်းလိုပါက - 09 4200 333 55 ,77 (Hot Line)

Since 1986 **KMD** Institute

Promote IT Professional with International Qualifications

ISO

နိုင်ငံတကာအသိအမှတ်ပြု နည်းပညာဆိုင်ရာ Diploma | Degree များဖြင့် ခိုင်မာသောအနာဂတ်တည်ဆောက်လိုသူများအတွက်

UNIVERSITY of GREENWICH | SQA | NCC education



International Diploma & Degree Courses

University of Washington, USA တွင်နှစ်ပေါင်း (၂၀) ကျော် သင်ကြားရေးအတွေ့အကြုံရှိသော Professor Dr. Rich C Hoo မှ နိုင်ငံတကာနည်းစနစ်များအတိုင်း သင်ကြားပေးပါမည်။

- First Year Diploma in Computing (Level 4)
- Second Year Diploma in Computing (Level 5)
- Higher National Diploma (HND - Computing)
- Final Year Degree | B.Sc (Hons) Business IT

THINK HIGH, AIM BIG, GET KNOWLEDGE JOIN KMD

- သင်တန်းကြေးကို CB Bank ၏ Education Loan Program ဖြင့်လည်း အရစ်ကျပေးသွင်းနိုင်ပါသည်။
- နယ်မှ လာရောက်မည့် ကျောင်းသား၊ ကျောင်းသူများအတွက် နေထိုင်စားသောက်ရေး အဆင်ပြေစေရန် အဆောင်များ စီစဉ်ပေးထားပါသည်။
- လစဉ် အတန်းခွဲသစ်များ ဖွင့်လှစ်နေပါပြီ။

KMD (Myaynigone) | 331, Pyay Road, Myaynigone, Sanchaung Township, Yangon.
www.facebook.com/KMDNCC 01- 381776, 381035, 502233, 527436, 220555, 700895

Call Now : 09-770867903

ဇီဝမျိုးစုံ မျိုးကွဲတွေ ကြွယ်စေဖို့ သဘာဝတောတွေ ထိန်းသိမ်းစို့




| SIM CARD အဖွင့်လက်ဆောင် ကျပ် ၅၀၀ | ငွေဖြည့်ပမာဏ (ကျပ်) (၇) ရက်အတွင်း | အပိုငွေဖြည့်လက်ဆောင် (ကျပ်) |
|---|---|---|
| | ၁,၀၀၀ | ၂၀၀ |
| | ၃,၀၀၀ | ၁,၀၀၀ |
| | ၅,၀၀၀ | ၂,၀၀၀ |
| | ၁၀,၀၀၀နှင့်အထက် | ၄,၀၀၀ |

- **MPT** ၏ **GSM/WCDMA Prepaid** စနစ်အသုံးပြုသူအားလုံး အကျုံးဝင်ပါသည်။
- အပိုငွေဖြည့်လက်ဆောင် အစီအစဉ်ကို **MPT** အချင်းချင်း ဖုန်းခေါ်ဆိုခြင်းနှင့် မက်ဆေ့ချ် ပေးပို့ခြင်း၊ သုံးသလောက်သာကျသင့်မည့် အင်တာနက်စနစ် **(PAYG)** တို့အတွက် အသုံးပြုနိုင်ပါသည်။
- ငွေဖြည့်ကတ်၊ **E-top up** နစ်မျိုးလုံးဖြင့် ဖုန်းငွေဖြည့်သွင်းနိုင်ပါသည်။
- Sim Card စတင်အသုံးပြုသည့် အချိန်မှစ၍ (၇) ရက် အတွင်း ငွေဖြည့်သွင်းရန်လိုအပ်ပါသည်။
- အပိုငွေဖြည့်လက်ဆောင်ကို လက်ခံရရှိသည့် နေ့မှစ၍ ရက် (၃၀) အတွင်းအသုံးပြုနိုင်ပါသည်။
- Sim Card ကို Slot 1 တွင် ထည့်သွင်းအသုံးပြုခြင်းဖြင့် ပိုမိုကောင်းမွန်သော ဝန်ဆောင်မှုကို ရရှိနိုင်ပါသည်။

၂၀၁၆ ဧပြီလ (၁) ရက်နေ့မှစ၍ လက်ရှိနှုန်းထားများတွင် အစိုးရကုန်သွယ်လုပ်ငန်းခွန် ၅% ကိုထပ်ဆောင်းကောက်ခံသွားပါမည်။

အသေးစိတ်သိရှိလိုပါက
www.mpt.com.mm mptofficialpage mptofficial
CALL CENTER 106 | free hotline 24 hours everyday

## JOTUN

ခမ်းနားထည်ဝါသော
အဆောက်အဦများနှင့်
ခေတ်မီလှပသောအိမ်များအတွက်
အဆင့်မြင့် အိမ်သုတ်ဆေး




Jotun Myanmar (Services) Co. Ltd.
Bld. 18, 4th floor, MICT Park, Hlaing Campus,
Hlaing Township, Yangon – Myanmar.
Office : +95 1 230 53 50 , +95 1 230 53 51,
+95 9 2546 15910, +95 9 2533 67221
jotun.com/ap

---

**GOLDEN STAR**
ကျိုက်ထီးရိုး (နေ့စဉ်)
ချောင်းသာ (နေ့စဉ်)
ငွေဆောင် (နေ့စဉ်)
Ph: 209200, 544383, 430480

---

Since 1985
**စေတနာရှင်**
ကျိုက်ထီးရိုး • မြဝတီ
ချောင်းသာ • ငပလီ
01-392704, 09 73017110
09795066657, 09785066657

---

**Taw Win Nan Htake Htar Travels & Tours**
No.(1), 151st, Tamwe Township, Yangon.
"တန်ဆောင်တိုင် မီးပုံးပျံပွဲ အထူးအစီအစဉ်" Nov-11,12,23
- တောင်ကြီး – အင်းလေး – ရွှေ 4N 5D 190,000/150,000
- ပုဂံ – ပုပ္ပါး – မန္တလေး 4N 5D 140,000
- မန္တလေး – မြင်ဦးလွှင် – မင်းကွန်း 4N 5D 180,000
- မြဝတီ – မဲဆောက် (၂ ရက်လည်) 3N 4D 120,000

ဘားအံ/မော်လမြိုင်/တောင်ငူ (နေ့ချင်းပြန်ခရီးစဉ်)အပတ်စဉ် သောကြာ၊ စနေ
09 -4500 43394, 09-252630799, 09-787177990

---

**သန္တိသုခ** travel & tour + **Eternal Wedding Photo Service**
တောင်ကြီးတန်ဆောင်တိုင်-အင်းလေး-ပင်းတယ-ကလော
၄ ည ၅ ရက် ဇိမ်ခံခရီးစဉ် Nov 11 175000/285000 Ks
*Eternal wedding Photo Service* အဖွဲ့မှ
အလှဓါတ်ပုံများခရီးစဉ်တလျှောက်ရိုက်ကူးပေးပါမည်။
Ph: 09 4210 14940/09 4210 68051/ 09 4201 39052 FB:Eternal Wedding Photo Service

---

**ROLEX, OMEGA** နှင့် **SWISS** နာရီကောင်းများမှန်လျှင် ... (၃) နှစ်တစ်ကြိမ်စစ်ဆေးရန်လိုပါသည်။
လူကြီးမင်းတို့၏ တန်ဖိုးထားသောနာရီများအတွက် "အတု - အစစ်" စစ်ဆေးပေးခြင်း၊
ဈေးမှန်ပေးဝယ်ယူခြင်း၊ **SERVICE** ပြုလုပ်လိုပါက စေတနာမှန် ... စက်ကိရိယာပစ္စည်းအမှန် ...
နှစ်ကြာကြာတာရှည်သုံးစွဲလိုပါကနိုင်ငံခြားပြန် **ROLEX** ဦးညွှန့်မောင်၏ သားတပည့်များမှ
မိတ်ဟောင်း/မိတ်သစ်များအားအချိန်နှင့်တစ်ပြေးညီစိတ်တိုင်းကျအကောင်းဆုံးဝန်ဆောင်မှု
ပေးနေပါသည်။ ၁၉၆၄ ခုနှစ်မှ ယနေ့တိုင် နှစ်ပေါင်း (၅၀) ကျော် စဉ်ဆက်မပြတ် အားပေးလျက်ရှိသော
မိဘပြည်သူများနှစ်သစ်တွင်ကျန်းမာချမ်းသာစွာဖြင့် လိုအင်ဆန္ဒပြည့်ဝကြပါစေ။ ရွှေဝေဝင်း နာရီပြုပြင်ရေး
အမှတ်(၁၇၁)၊ ရွှေဘုံသာအာလေယ်လမ်း၊ ရန်ကင်းမြို့။ ဖုန်း၊ ၀၁ - ၂၄၆၈၂၄

---

## FARMER AUTO SHOWROOM

ပြခန်း(၁) - အမှတ်(၁၈)၊ အောင်ဇေယျလမ်း၊ ကျောက်ကုန်း၊ ရန်ကုန်။ ဖုန်း- ၀၉-၃၁၅၈၉၆၄၃
ပြခန်း(၂) - အမှတ်(၁၉)၊ ပြည်လမ်း၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်။ ၀၉-၇၃၂၅၂၄၃၈
နေပြည်တော် - အမှတ်(၅၈၇)၊ ရာဇဌာနီလမ်း၊ နေပြည်တော်။ ဖုန်း- ၀၉- ၇၃၄၉၁၀၂၃
မကွေး - နတ်မောက်လမ်းနှင့် ဗိုလ်ချုပ်လမ်းထောင့်၊ မကွေးမြို့။ ဖုန်း - ၀၉-၃၁၈၂၄၀၄၇

* ရန်ကုန်နှင့်နယ်လိုင်စင် TAXI ကားနှင့် တခြားကားများကို အရစ်ကျဝယ်ယူနိုင်ပါသည် *
* Suzuki Ertiga နှင့် Carry Truck Brand New ကားများကိုလည်း အရစ်ကျစနစ်ဖြင့် ဝယ်ယူအားပေးနိုင်ပါသည်*

---

**21**
ANNIVERSARY
MYITTAR OO

မျက်စိစမ်းသပ်ခ **Free**
မျက်မှန်၊ မျက်ကပ်မှန်
Up to **30% off**
ပါဝါမျက်မှန် ဝယ်ယူသူတိုင်းအတွက်
မေတ္တာလက်ဆောင်များ

## MYITTAR OO
### Eye Hospital

၂၁ - နှစ်ပြည့် အထိမ်းအမှတ်အနေဖြင့် ရဟန်းရှင်လူ မိဘပြည်သူများအား
မျက်စိခွဲစိတ်အထူးကုဆရာဝန်ကြီးများနှင့်မျက်စိကျန်းမာရေး စစ်ဆေးပေးခြင်း၊
မျက်မှန်ပါဝါစမ်းသပ်ပေးခြင်းတို့ကို ကုသိုလ်ဖြစ်အခမဲ့
ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း သတင်းကောင်းပါးအပ်ပါသည်။

နေ့စွဲ - ၂၀၁၆၊ နိုဝင်ဘာလ (၉၊ ၁၀ ) ရက်
အချိန် - နံနက် ၉နာရီ မှ ည ၇နာရီ အထိ

**မေတ္တာဦးဆေးရုံ၊** အမှတ် (၄၉၉)၊ ပြည်လမ်း၊ ကမာရွတ်မြို့နယ်၊ ရန်ကုန်။
၀၁-၅၂၇၃၈၁၊ ၀၁-၅၃၄၂၈၁၊ ၀၁-၅၃၇၉၇၅

---

**SPIKE** COLLECTION

(၃၀) သိန်း
(၂၀) သိန်း
(၁၅) သိန်း
(၁၀) သိန်း
နှင့်
အခြားဆုပေါင်းများစွာ

မကြာမီအချိန်အတွင်းမှာ **SPIKE**
၆.၉.၂၀၁၆ မှ ၅.၁.၂၀၁၇

ကျပ်သိန်း **၁၀၀**

ချစ်သူ ဘယ်သူ ကံထူးမလဲ ?





Contact us - 01-296866,296358,205943,205958,09-264006454

K&H TRAVELS

Cambodia — 24.November.2016 ထွက်မည်
Hanoi + Hochimin — 23.December.2016 ထွက်မည်
Singapore — 24.December.2016 ထွက်မည်
Bkk + Phuket — 26.December.2016 ထွက်မည်

Hot Line - 01 510 338,09 777 620 470

အာရှနဂါး
မြဝတီ/ကျိုက်ထီးရိုး
ချောင်းသာ/ငွေဆောင်
Ph : 703790, 09 799100100
707062, 09 797100100

ရွှေပင့်ကူ
တောင်ကြီးမီးပုံးပျံပွဲတော်
Nov-11ထွက်မည် 53000/-

ဦးဝင်းကို B.Com(Q), C.P.A, ACCA (III), Accounting Gold Medalist
LCCI LEVEL 1&2,3
စာရင်းကိုင်သင်တန်းများ
ကျောင်းအပ်လက်ခံပြီ။
အမှတ်(၂၃-B)၊ ပထမထပ်၊ လှည်းတန်းလမ်းမ၊လှည်းတန်း။
Tel: 09 550 7139, 09 511 8648

ဆရာဌေး နှင့်သမီး-ဆရာမ ဒွေးစန္ဒာလွင်
B.A (Hons), M.A (English)
အင်္ဂလိပ်စာ သဒ္ဒါ နှင့် အရေးသီးသန့်
တစ်နိုင်ငံလုံးမှာ မူလတီထွင်သင်ကြားသော သုံးဆင့်သင်နည်းသစ် စာအုပ် (ပ/၃တွဲ)
အမြို့မြို့ဆိုင်တိုင်းတွင်ရပြီ။ တစ်ပတ်(၂)ရက် (၅)လတက်ရုံနှင့် လုံးဝရေးတတ်မည်။
ဘွဲ့ကြို ဘွဲ့ရ ၁၀-တန်းခြေ/အောင်၊ အလုပ်ဝင်နေသူ အရွယ်မရွေးတက်ပါ။
အခြေခံညံ့သည်ဟု ယူဆလျှင် မဖြစ်မနေတက်ပါ။
နိုဝင်ဘာ (၅/၉)ရက်နေ့ (ပ/၃)တန်းခွဲသစ်ဖွင့်မည်။ လစဉ်တန်းခွဲသစ် ဖွင့်သည်။
၄ တန်း မှ ၈ တန်း နှစ်ပေါက်တန်းခွဲများ Guide များအိမ်လိုက်သင်သည်။
၂၂၄၊ ပန်းဆိုးတန်း(ထက်)ဂုံးတံတားအဆင်း မီးပွိုင့်အနီး၊ ရန်ကုန်မြို့။
Ph: 01-375970, 0951 72096, 09254541441

MYANMAR NOBLE COLLEGE
edexcel Approved Centre No.93711
HND Courses (Engineering , Business & Computing)
Pre-Foundation Course
Hot Line : 01-2331257, 09-780639577




(၂၀၀၇-၂၀၀၈ ပညာသင်နှစ်)
S.T.C Standard Training Center
Dr. Vora
Dr. U T A
မတ်လဆန်း စမည်။
ကြိုတင်အပ်နှံမှ နေရာအတွက်စိတ်ချရမည်။
အမှတ်(၂၄/D)၊ ယောမင်းကြီးလမ်း၊ ယောမင်းကြီးရပ်ကွက်၊ ဒဂုံမြို့နယ်၊
ရန်ကုန်မြို့။ ဖုန်း- ၀၉-၄၂၀၀၅၁၈၀၈၊ ၀၉-၉၆၆၅၄၇၇၇၄၊

Glory Hope Education Centre — EPS - TOPIK
အစိုးရတရားဝင် ကိုရီးယား အလုပ်ဝင် Professional
ကျွမ်းကျင်သင်တန်းကျောင်း
ပညာအရည်ချင်းမလိုဘဲ
သင်လည်း ကိုရီးယားမှာ ပိုက်ဆံရှာဖို့ သွားကြစို့
- လစာ(၁၈)သိန်း ဝန်းကျင် ရရှိနိုင်သော အာမခံချက်။
- ကိုရီးယားလူမျိုးဆရာများ နှင့် ဒါရိုက်ဆရာ/ဆရာမများ၏ ပို့ချချက်များ
- ကိုရီးယားဘာသာစကားကို လုံးဝမတတ်သူများအတွက် အခြေခံမှစ၍ အောင်မြင်သည်ထိ တာဝန်ယူ သင်ကြားပေးနေပါသည်။
- ကွန်ပျူတာဖြင့် မေးခွန်းဖြေဆိုမှုများကိုပါ လေ့ကျင့်ပေးပါမည်။
- တန်းခွဲသစ်များကို (၁၀.၁၁.၂၀၁၆)နေ့နောက်ဆုံးလက်ခံပါမည်။
ကိုရီးယားနိုင်ငံကို အမှန်တကယ်သွားချင်သူ သာလာခဲ့ပါ
ဖုန်းဆက်ပြီး တိုင်ပင်ဆွေးနွေးကြည့်လိုက်ပါ။
လိပ်စာ ချမ်းသာပလာဇာ(ပုဇွန်တောင်)၃ထပ်၊ အထက်ပုဇွန်တောင်လမ်း
ဖုန်း ၃၉၇၅၀၂ ၊ ၀၉-၅၁၅၀၅၈၂
၀၉-၄၄၅၀၅၀၅၇၀၊ ၀၉-၇၇၈၀၈၀၆၈၀

ဆရာကြယ်ခင်ကိုကို (M.A, Eng.,)(UK)
ဦးစီးတည်ထောင်သော English Composition Class
အစ်ကြိမ်သော သင်တန်းတက်ထားရုံနဲ့ အင်္ဂလိပ်စာ တစ်လောကလုံးမှာ ရှိတဲ့ ဝါကျတွေအားလုံးကို သင်ပြီး လိုက်သလို ဖြစ်သွားပြီး ငါအမှန်တကယ်စာတတ်သွားပြီလို့ မိမိကိုယ်ကို အသိအမှတ်ပြုလိုသူများအတွက် နှစ်ပေါင်း (၅၀)နီးပါး ပျောက်လုမတတ်ဖြစ်နေသော (Sentences Constructions) ဝါကျ ပေါင်းများစွာ ပေါင်းစပ်ဖွဲ့စည်းမှု (ဝါကျဖြစ်ပေါ်လာပုံ၊ တည်ဆောက်ပုံ၊ ပေါင်းစပ်ပုံ၊ ခွဲခြားပုံ၊ အကြောင်း အကျိုးဆက်စပ်စဉ်းစားပုံ၊ ကိုယ်ပိုင်စိတ်ကူး စိတ်သန်းနဲ့ ရေးသား ဖွဲ့နွဲ့ပုံနှင့် Sentence (4)မျိုး Clause (5)မျိုး Speech (2)မျိုး Voice (2)မျိုး Usage (4)မျိုး Phrase (12)မျိုးတို့ကို ပညာရှင်တစ်ယောက် ဖြစ်သည့် တိုင်အောင် အသေးစိတ်သင်ကြားပေးသည်။ "သင်တန်းချိန်"
တနင်္လာ၊ အင်္ဂါ၊ ကြာသပတေး၊ သောကြာ
Section (1)မနက်(၉း၃၀)နာရီမှ (၁၁း၀၀)နာရီထိ (၇. ၁၁. ၂၀၁၆)စမည်။ (၄)လသင်တန်း။
Section (2)ညနေ (၆း၀၀)နာရီမှ (၇း၃၀)ထိ (၇. ၁၁. ၂၀၁၆)စမည်။ (၄)လသင်တန်း။
လစဉ်ကြေး - ၁၅၀၀၀ိ/-
တနင်္ဂနွေ (ရုံးပိတ်ရက်တစ်ရက်တည်းသာ)
ညနေ (၃း၀၀)မှ (၆း၀၀)ထိ (၁၃. ၁၁. ၂၀၁၆)စမည်။ (၆)လသင်တန်း။ လစဉ်ကြေး-၁၂၀၀၀ိ/-

4 - Skills သင်တန်း ၊ တနင်္ဂနွေ (ရုံးပိတ်ရက်တစ်ရက်တည်းသာ)
ညနေ(၃း၀၀)နာရီမှ (၅း၃၀)နာရီထိ (၁၃. ၁၁. ၂၀၁၆)စမည်။ (၃)လသင်တန်း၊
လစဉ်ကြေး - ၂၀၀၀၀ိ/-

Phonetics သင်တန်း ၊ တနင်္ဂနွေ (ရုံးပိတ်ရက်တစ်ရက်တည်းသာ)
မွန်းလွဲ (၂း၀၀)နာရီမှ (၃း၀၀)နာရီထိ (၁၃. ၁၁. ၂၀၁၆)စမည်။
(၂)လသင်တန်း၊ လစဉ်ကြေး - ၁၀၀၀၀ိ/-

နေရာ - တိုက်အမှတ်(25)4-B၊ ဆ/က ရပ်ကွက်၊ ကျိုက္ကဆံဘုရားလမ်း၊
သင်္ဃန်းကျွန်းမြို့နယ်၊ ရန်ကုန်မြို့။ (ဘုရားလမ်းမှတ်တိုင်စူပါဆေးခန်းအနီး)
ဖုန်း- ၀၉-၄၂၀၁၃၄၈၀၁၊ facebook: kyelzincomposition

# နယ်ခြားစောင့်ရေကြောင်းရဲတပ်ဖွဲ့က နတ်မြစ်ရိုးတစ်လျှောက် ၂၄ နာရီ လုံခြုံရေး ဆောင်ရွက်လျက်ရှိ

**မောင်တော နိုဝင်ဘာ ၅**

"မြန်မာနိုင်ငံအနောက်ဘက် နယ်စပ်တစ်လျှောက် လုံခြုံရေးဆောင်ရွက်လျက်ရှိတဲ့ နယ်ခြားစောင့်ရဲတပ်ဖွဲ့များနဲ့ ဆက်သွယ်ညှိနှိုင်းပြီး နတ်မြစ်တစ်လျှောက် ပိတ်ဆို့ရှင်းလင်းရေး ဆောင်ရွက်နေသလို တစ်ဖက်နိုင်ငံ နယ်ခြားစောင့်ရဲတပ်ဖွဲ့ဝင်များနဲ့လည်း ဆက်သွယ်ညှိနှိုင်းပြီး ပူးပေါင်းဆောင်ရွက်နေပါတယ်"ဟု မောင်တောမြို့ နတ်မြစ်နှင့် တပ်ချောင်းဆုံအနီးရှိ Pass of Entry and Exit - POE မှ နယ်ခြားစောင့်ရဲတပ်ဖွဲ့ ရေကြောင်းတာဝန်ခံ အရာရှိတစ်ဦးက ရှင်းလင်းပြောကြားသည်။

မြန်မာနှင့်ဘင်္ဂလားဒေ့ရှ်နိုင်ငံတို့၏ နယ်နိမိတ်ထိစပ်မှုတွင် နတ်မြစ်ကြောင်းအလယ်အတိုင်း အရှည် ၃၂ မိုင် ထိစပ်မှုလည်းပါဝင်လျက်ရှိသည်။ အဆိုပါနတ်မြစ်သည် မောင်တောခရိုင် တောင်ပြိုလက်ဝဲမြို့အနောက်ဘက်ရှိ နှစ်နိုင်ငံနယ်စပ်တံတားအနီးမှ စတင်မြစ်ဖျားခံစီးဆင်းခဲ့ပြီး မောင်တောမြို့နယ် အလယ်သံကျော်ရွာတောင်ဘက်ရှိ တုံးချောင်းဝတွင် ဘင်္ဂလားပင်လယ်အော်အတွင်းသို့ စီးဝင်သည်။

မြန်မာနိုင်ငံဘက်ခြမ်း နတ်မြစ်ရိုးတစ်လျှောက်ရှိ ကမ်းနားအတိုင်း ခြံစည်းရိုးကာရံထားရှိပြီး နယ်ခြားစောင့်ရဲတပ်ဖွဲ့မှ ကင်းစခန်းများအပြင် လှည့်ကင်းများဖြင့် လှုပ်ရှားစိုးမိုးကာ နယ်မြေလုံခြုံရေးဆောင်ရွက်လျက်ရှိသကဲ့သို့ နတ်မြစ်ကြောင်းတွင်လည်း နယ်ခြားစောင့်ရေကြောင်းရဲတပ်ဖွဲ့မှ အမြန်တိုက်ခိုက်ရေး ရေယာဉ်များ၊ ရော်ဘာဘုတ်များအသုံးပြုပြီး နေ့ရောညပါ လှည့်လည်လုံခြုံရေးဆောင်ရွက်လျက်ရှိသည်။

နယ်ခြားစောင့်ရေကြောင်းရဲတပ်ဖွဲ့အနေဖြင့် နတ်မြစ်ကြောင်းတစ်လျှောက် လုံခြုံရေးဆောင်ရွက်ရာတွင် တရားမဝင်ရွှေ့ပြောင်းသွားလာသူများ ဝင်ရောက်မှု မရှိစေရန်၊ တရားမဝင်လက်နက်မှောင်ခိုမှုများ၊ မူးယစ်ဆေးဝါးသယ်ယူရောင်းချမှုများ၊ တရားမဝင်ငါးဖမ်းမှုများအား တားဆီးကာကွယ်ရန်၊ ဖမ်းဆီးအရေးယူရန်နှင့် ပင်လယ်ဓားပြရန်မှ ကာကွယ်နှိမ်နင်းရန် အဓိကထားဆောင်ရွက်လျက်ရှိသကဲ့သို့ **စာမျက်နှာ ၁၀ ကော်လံ ၁ သို့ ✱**



နတ်မြစ်ကြောင်းတစ်လျှောက် လုံခြုံရေးဆောင်ရွက်လျက်ရှိသည့် နယ်ခြားစောင့် ရေကြောင်းရဲတပ်ဖွဲ့အား တွေ့ရစဉ်။ (သတင်းစဉ်)

# MNA လေကြောင်းလိုင်း၌ ပြေးဆွဲမည့် ATR လေယာဉ်သစ်တစ်စင်းရောက်ရှိ

**ရန်ကုန် နိုဝင်ဘာ ၅**

မြန်မာအမျိုးသားလေကြောင်းလိုင်း Myanmar National Airlines MNA တွင် ပြေးဆွဲမည့် စတုတ္ထမြောက် ATR လေယာဉ်အသစ်တစ်စင်း ရန်ကုန်မြို့သို့ နိုဝင်ဘာ ၄ ရက်က ရောက်ရှိလာခဲ့ကြောင်း သိရသည်။

နိုင်ငံပိုင် လေကြောင်းလိုင်းဖြစ်သည့် MNA လေကြောင်းလိုင်း၏ ပြည်တွင်း ပြည်ပခရီးစဉ်များတွင် တိုးချဲ့ပြေးဆွဲရန် ပြင်သစ်နိုင်ငံ ATR ကုမ္ပဏီမှ မှာယူထားသော ATR 72-600 XY-AMI မျိုးဆက်သစ် လေယာဉ် ခြောက်စင်းအနက် လေးစင်းမြောက် ရောက်ရှိလာခြင်းဖြစ်ပြီး ယခင်ရောက်ရှိနေသော လေယာဉ်များ၊ ရှိရင်းစွဲ လေယာဉ်များနှင့်အတူ ပြည်ပခရီးစဉ်များနှင့် ပြည်တွင်းခရီးစဉ် ၂၈ မြို့သို့ ချိတ်ဆက်ပြေးဆွဲသွားမည်ဟု သိရသည်။

မြန်မာအမျိုးသားလေကြောင်းလိုင်းအနေဖြင့် ဘိုးရင်းကုမ္ပဏီမှ **စာမျက်နှာ ၁၀ ကော်လံ ၃ သို့ ■**




ပြင်သစ်နိုင်ငံ ATR ကုမ္ပဏီထုတ် ATR 72-600 XY-AMI မျိုးဆက်သစ်လေယာဉ်အား တွေ့ရစဉ်။

**ကလေးစာပေပွဲတော်မှ သူတို့၏ အမြင်များ**

စာမျက်နှာ - ၇

**ဝင်္ဂဘော်အပန်းဖြေဆင်စခန်းဖွင့်လှစ်**

စာမျက်နှာ - ၁၉

ကြေးမုံ ဆန်းဒေးကာတွန်း



စာမျက်နှာ ၁၆၊ ၁၇



မျိုးဆက်သစ်ရှင်ပြင်

မြေကမ္ဘာ အထူးဂျာနယ်

နိုဝင်ဘာ ၆၊ ၂၀၁၆ (တနင်္ဂနွေနေ့)

# နှင်းမှုန်ကြားက မလွင့်ပြယ်သေးသော အလွမ်း

**သက်နိုင်ထွန်း (M.Ed.)**



ကျွန်တော်သည် ဤတောင်ပေါ်ရွာလေးသို့ ၂၀၁၀ ခုနှစ်က အထက်တန်းပြကျောင်းဆရာ ရာထူးတိုးဖြင့် ရောက်ရှိခဲ့သည်။ ဤတောင်ပေါ်ရွာလေးဆိုသည်မှာ ရှမ်းပြည်နယ်တောင်ပိုင်း တောင်ကြီးမြို့မှ မိုင်တစ်ရာကျော်ဝေးသော မိုးနဲမြို့နယ် နားခံဆိုသော ရွာလေးဖြစ်သည်။ ရွာလေးသည် မိုးနဲမြို့နှင့် ခြောက်မိုင်ခန့်ဝေးသည်။ မိုးနဲမြို့သည် ရှမ်းပြည်နယ်၏ ပုဂံဟုတင်စားရလောက်အောင် ရှေးဟောင်းဘုရား စေတီပုထိုးတွေ များပြားလှပါသည်။ တောင်တွေပတ်လည်ဝိုင်းနေပြီး ဆောင်းရာသီရောက်လျှင် နှင်းမှုန်တွေဝေနေသော ဤမြို့လေးက ပင်လယ်ရေမျက်နှာပြင်အထက် ၃၁၇၉ ပေတွင် တည်ရှိပါသည်။

ကျွန်တော်ရောက်စက ဤရွာလေးသည် အညိုရောင်နယ်မြေအဖြစ်ပင် ရှိနေသေးသည်။ တစ်ခါတစ်ရံ သေနတ်ပစ်သံများ၊ လက်နက်ကြီးထုသံများဖြင့် ရောက်စကတော့ ကိုယ့်မွေးရပ်ဌာနေသို့ ပြန်ပြေးချင်သလိုလို။ စလာတုန်းကဆိုလျှင် တောင်ကြီးမြို့မှကျော်လျှင်ကျော်လာချင်း တောအထပ်ထပ် တောင်အသွယ်သွယ် မိမိတာဝန်ကျသော ရွာလေးကို တွေ့နိုးနိုး၊ ရောက်လုနိုးနိုးဖြင့် ကားလေးက တအိအိမောင်းလာခဲ့ရာ ညနေစောင်းချိန်မှပင် ရောက်ရှိခဲ့တော့သည်။ အပျော်ခရီးဆိုလျှင် အိပ်မက်ထဲမှာပင် စိတ်ကူးဖြင့် ရောက်နိုင်ဖို့ခဲယဉ်းသော နေရာတစ်ခုပါပေ။ အိမ်ကို သတိရလျှင်တောင် စနေ၊ တနင်္ဂနွေ ပြန်လာလို့မရ။ သို့သော် အချိန်တွေကြာလာတော့ ရှမ်းအစားအစာ ရိုးရာစလေ့များဖြင့် အသားကျလာ၍ နေပျော်သလိုရှိလာသည်။

ရွာလေးက အိမ်ခြေအတော်အသင့်များပြား၍ ရှမ်း၊ လားဟူ၊ လီရှောတိုင်းရင်းသားများ နေထိုင်ကြသည်။ ရှမ်းအများစုဖြစ်၍ ရွာလေး၏ နံဘေးတွင်တော့ လားဟူရွာသပ်သပ်၊ လီရှောရွာသပ်သပ်လည်းရှိသည်။ ကျွန်တော်တာဝန်ကျတုန်းက ရွာလေးမှာ လျှပ်စစ်မီးမရပါ။ ဖုန်းဆက်ချင်လျှင်တော့ ရွာထဲကတစ်ခုတည်းသော ဖုန်းဆိုင်လေးသို့ သွားရပါသည်။

ကျောင်း၏အောင်ချက်ကတော့ နှစ်စဉ်နှစ်တိုင်း ကျောင်းသား ကိုးယောက် ဆယ်ယောက်ရှိသည့်အနက် တစ်ယောက်စ နှစ်ယောက်စသာ အောင်သည်။ ကလေးများက ဗမာစကားလည်း မရည်လည်ကြပါ။ မူလတန်းဆို ဗမာစကား သိပ်မတတ်။ ထို့ကြောင့် မူလတန်းသင်သော ဆရာ ဆရာမများ ရှမ်းစကား မဖြစ်မနေသင်ကြ၊ တတ်ကြရသည်။ ကျွန်တော် ရောက်သောနှစ်တွင် ကျောင်းအုပ်ကြီးက တက္ကသိုလ်ဝင်တန်း ညစခန်းသွင်း လေ့ကျင့်ခြင်းကို စချင်သည်။ သို့သော် လျှပ်စစ်မီးမရှိ။ ဖယောင်းတိုင်နှင့် စာကျက်ဖို့က ရေရှည်မလွယ်။ သို့နှင့် အားလုံးတိုင်ပင်ပြီး ရေအားလျှပ်စစ်လုပ်မည်။ ရွာထဲရှိအိမ်လေးများကလည်း စုပေါင်းရေအားလျှပ်စစ်လေးတွေ လုပ်ထားကြသည်။ ရေအားလျှပ်စစ်က တစ်ရွာလုံးကို ပေးနိုင်သော ရေအားလျှပ်စစ်အကြီးကြီးမဟုတ်ပါ။ တောင်ပေါ်ကကျလာသော မြောင်းလေးတွေကို တာဘိုင်တပ်ဆင်ထားခြင်းဖြစ်သည်။ ဤသို့ဖြင့် ကျောင်းသားမိဘများ၊ ရွာသူရွာသားများကို အစည်းအဝေးခေါ်၍ ကျွန်တော်တို့၏ အစီအစဉ်လေးကို ပြောပြရသည်။ ကျောင်းသားမိဘများက တတ်နိုင်သလောက် အလှူငွေထည့်ဝင်၊ ကျွန်တော်တို့လည်း ရွာထဲသို့ အလှူခံထွက်ကြသည်။ ရေအားလျှပ်စစ်အတွက် လိုအပ်သော တာဘိုင်မီးကြိုးများကို ရွာလေးနှင့် မိုင်သုံးဆယ်ကျော်ဝေးသော နမ့်စန်မြို့လေးသို့ သွားဝယ်ရသည်။ ရွာသူရွာသားများ အကူအညီဖြင့် တောင်ပေါ်က စီးဆင်းလာသော ရေမြောင်းလေးကို ရေအားလျှပ်စစ်လုပ်၍ စာသင်ကျောင်းလေး မီးလင်းသွားခဲ့ပါပြီ။ ကျောင်းသားကျောင်းသူလေးများ လျှပ်စစ်မီးအလင်းရောင်အောက်တွင် ပျော်ပျော်ပါးပါး စာကျက်ကြရတော့သည်။

တာဘိုင်လေးသည် သူ့အတိုင်းပစ်ထား၍မရပါ။ မီးအားနည်း၍ မှိန်လာသောအခါ ကျွန်တော်တို့ တာဘိုင်လေးရှိရာသို့ သွားရသည်။ မီးဘာကြောင့်မှိန်တာလဲ၊ ရေစီးရေလာ နည်းလို့လား၊ ရေအားများလင့်ကစား မြောင်းထဲတွင် အမှိုက်သရိုက်များ၊ မြက်များမျောပါလာ၍ တာဘိုင်လေး၏ ဒလက်ထဲဝင်လာလျှင်တော့ ဒလက်လေး မလည်နိုင်တော့ မီးအားနည်းရသည်။ ထိုအခါ ဒလက်ထဲက အမှိုက်များ ထုတ်ရှင်းပစ်ရသည်။ တစ်ခါတွင်တော့ မြောင်းထဲမြွေမျောပါသွားပြီး ဒလက်ထဲညပ်နေတာ ကြုံရသည်။ ကျောင်းအုပ်ကြီးအပါအဝင် ဆရာ ဆရာမများ အပင်ပန်းခံ၍ ညစာကျက်တန်းလေး အောင်မြင်အောင် ကြိုးစားကြသည်။ ဆရာ ဆရာမများက မိမိတာဝန်ကျသော အလှည့်တွင် ကျောင်းသား ကျောင်းသူလေးများ စာကြည့်ရင်း အိပ်မငိုက်အောင် ကော်ဖီမစ်၊ လက်ဖက်သုပ်၊ ကြံသကာခဲ စသည့်မုန့်လေးများ တစ်နေ့တစ်မျိုး ကုသိုလ်ပြုကျွေးမွေးကြပါသည်။ ဤသို့ ဆရာ ဆရာမများ၏ ဂရုစိုက်မှု၊ ကြိုးစားမှုတို့ကြောင့် နှစ်စဉ် အောင်ချက်ကျလာခဲ့သော ကျောင်းလေးသည် ဤနှစ်တွင်တော့ ငါးဆယ်ရာခိုင်နှုန်း အောင်ချက်ဖြင့် မြို့ပေါ်အထကကျောင်းကြီးများကို ဖြတ်ကျော်ကာ ပထမစွဲခဲ့လေသည်။ နောက်စာသင်နှစ်တွေမှာလည်း ၄၄ ရာခိုင်နှုန်း၊ ၃၉ ရာခိုင်နှုန်းတို့ဖြင့် မျက်နှာပန်းပွင့်ခဲ့ပါသည်။

ကျွန်တော်သည် ဤတောင်ပေါ်ရွာလေးမှပြန်ပြောင်းလာခဲ့သည်မှာ လေးနှစ်ပင်တိုင်ခဲ့ပါပြီ။ ထိုအတောအတွင်း ရွာလေးလည်း အတန်အသင့်ပြောင်းလဲနေမှာ သေချာပါသည်။ လျှပ်စစ်မီးရနေသည်ဟုလည်း ကြားရသည်။ တိုးတက်လာသော ခေတ်ကြီးအတွင်း အချိန်တွေမည်မျှပင်ပြောင်းလဲနေစေကာမူ တပည့်များနှင့် ကျွန်တော်၏ ဆက်ဆံရေးက ပြောင်းလဲမသွားပါ။ ပြန်ပြောင်းလာခါစတုန်းကဆိုလျှင် ကျွန်တော့်ထံ ဖုန်းဆက်၍စာမေးကြသည်၊ စာရှင်းပြရသည်။ ဆယ်တန်းတုန်းက အိမ်ကချို့တဲ့၍ ကျောင်းတက်ဖို့ အခက်အခဲရှိနေသော ကျောင်းသူလေးကို ကျောင်းအုပ်ကြီးနှင့် ကျွန်တော်တို့ ဝိုင်း၍ထောက်ပံ့မှုနှင့် ပညာရေးကောလိပ်မှပေါင်းကူးပြီး ပညာရေးတက္ကသိုလ်သို့ပင် တက်နေပါပြီ။ တက္ကသိုလ်လာတက်တိုင်းလည်း ကျွန်တော့်ဆီ ဒေသထွက်လက်ဆောင်များ ရှမ်းပဲပုပ်၊ တို့ဟူးခြောက်တို့ဖြင့် အမြဲလာကန်တော့သည်။ ဆယ်တန်းအောင်ပြီး ထိုင်းနိုင်ငံသို့ အလုပ်သွားလုပ်နေကြသော တပည့်များကလည်း ဖေ့ဘွတ်မှတစ်ဆင့် ဆက်သွယ်၍ ပြန်ဆုံရသည်။ ရွာမှာပင် ကျောင်းဆရာမလုပ်နေကြသော တပည့်များနှင့်လည်း အဆက်အသွယ်မပြတ်။ ဆယ်တန်းတုန်းကအကြောင်းတွေ ပြန်ပြောကြသည်။ ကျောင်းဆရာလုပ်ရသော စာသင်ပေးရသော ပီတိတွေ စားသုံးရင်း တစ်ခေါက်တစ်ခါ သွားလည်ဖို့ခက်ခဲလှသော ရှမ်းပြည်တောင်ပိုင်း တောင်ပေါ်ရွာလေးမှ တပည့်များနှင့် ဆရာ၏ သံယောဇဉ်ကတော့ အချိန်ကာလဆိုသော ကြိုးတစ်ချောင်းက ဖြတ်တောက်ဖို့ရာမစွမ်းသာကြောင်း ယခုပြန်တွေးရင်း တဖြည်းဖြည်းသဘောပေါက်ခဲ့လေပြီ။ ။

## အိုဘယ့် မြတ်ဆရာ

ချောင်းမြောင်းအစ
မြစ်ပြင်မကျန် ပင်လယ်အဆုံး
နောက်ကိုကြည့်လင် ရေအလျှင်တို့
စီးဝင်ကြသည် သင့်ရင်ခွင်သို့
သင့်ရင်ခွင်မှ
ချောင်းမြောင်းမြစ်ရေ ပင်လယ်ရေဟု
ခေါ်ဝေါ်သုံးစွဲ နာမည်စွဲများ
နောက်ကိုကြည့်လင် ရေအဆင်များ
ပျောက်ကွယ်ကာလျှင်
ပီဘိကြည်လင် အသွေးဆင်နှင့်
သမုဒ္ဒရာ ရေမဟာဟု
မည်သစ်ခေါ်တွင် အလှဆင်လေပြီ
အို မြတ်ဆရာ
အလွှာမျိုးစုံ စိတ်ဖုံဖုံမှ
ဖွားလာရင်သွေး ပန်းကလေးတို့
သင့်ရင်ခွင်မှ
ဆင်းရဲချမ်းသာ ပျောက်ကွယ်ပါလျက်
တပည့်ဟူသော နာမအောက်၌
ယုယပိုက်ထွေး ငြိမ်းအေးစေပြီ။

**လရိပ်**

## ဘဲမနဲ့ ဥသြ

မွေးတောင်ရယ်ဖြူ
သွေးရောင်ခြယ်သွင်ပြင်က
သိပ်လှသည်မှူ
သို့သော်လည်းအလွန်ဆူ
နားပူတဲ့အသံပေး
လူတကာငွေ့ဘဲမ
မုန်းကြသည်လေး
မဲနက်ရယ်ချူ
ရွှဲပျက်ခြယ်သွင်ပြင်က
ဆိုးလှသည်မှူ
သို့သော်လည်းအလွန်ကျူး
တေးမြူတဲ့အသံပေး
လူတကာဥသြမ
ချစ်ကြသည်လေး။

**မောင်နှင်းခဲ (သံတွဲ)**

မျိုးဆက်သစ်ရှင်ပြင်အတွက် စာမူများကို **mirrormyosathit@gmail.com** သို့သာ ပေးပို့ရမည်ဖြစ်ပါသည်။

# ဆေးရုံပေါ်က မျက်ဝန်းတစ်စုံ

ကြယ်စင်စိုး(မန္တလေး)

"ငါ့သားလေး သတိရလာပြီလား"

"တိုးမောင် မင်း သတိရလာပြီနော်"

ပိတ်ထားတဲ့ မျက်စိနှစ်ကွင်းကို အားယူကာ ဖွင့်ကြည့်မိလိုက်တော့ မျက်စိထဲ အဦးဆုံးမြင်တွေ့လိုက်ရတာက မိခင်ဖြစ်သူနှင့်အတူ အစ်ကိုအကြီးဆုံး၊ မန္တလေးမြို့ပေါ်မှာ သီတင်းသုံးနေထိုင်တဲ့ နောင်တော်ဦးပဥ္စင်း၊ သူတို့အားလုံးရဲ့ မျက်နှာတွေပေါ်မှာတော့ အပြုံးရိပ်တွေ ကိုယ်စီသန်းလို့. .။

ဘယ်ကိုရောက်နေတာလဲ၊ ဘာတွေဖြစ်နေတာလဲ ဆိုတာကို သူပြန်ပြီးစဉ်းစားလို့မရ။

"သတိရလာပြီလား" ဆိုတဲ့ စကားကို ထောက်ဆရင် သူတစ်ခုခုဖြစ်နေတာလား၊ အနီးနားပတ်ဝန်းကျင်က အရာတွေကို အိပ်ရာထက်ကနေ မြင်နိုင်သမျှကြည့်မိတော့ ခေါင်မိုးမျက်နှာကြက်မှာ တဝီဝီလည်နေတဲ့ လေပန်ကာတွေ၊ လင်းနေတဲ့ လျှပ်စစ်မီးချောင်းတွေကို တွေ့ရသည်။ နောက်ပြီး သူ့ဘေးနားက သံတိုင်တစ်ခုမှာလည်း ဆလိုင်းပုလင်းတစ်လုံးကို ချိတ်ဆွဲထားပြန်သေးသည်။

ဖိနပ်ကို ရှပ်တိုက်ပြီး စီးတဲ့အသံတွေ၊ စကားပြောဆိုသံတွေ၊ ကားဟွန်းတီးသံ၊ ဆိုင်ကယ်လီဗာဆွဲသံတွေကလည်း သူ့နားထဲမှာ အဆက်မပြတ်ကြားနေခဲ့ရပြီး စူးရှပြင်းထန်တဲ့ ဆေးရနံ့တွေကိုလည်း နှာခေါင်းထဲမှာ ရှူရှိုက်မိသလို ဖြစ်နေသည်။

ဒါဟာ နေ့လား ညလား၊ သူ့အိမ်လား၊ အမေ့အိမ်ရောက်နေတာလား ဆိုတာကို ဝေခွဲစွာမရနိုင်သေး။ ရှူရှိုက်မိတဲ့ ဆေးနံ့တွေကိုထောက်ဆရင် သေချာပါပြီ။ အခု သူရောက်နေတဲ့နေရာဟာ အမေ့အိမ်လည်း မဖြစ်နိုင်သလို သူ့အိမ်လည်း မဟုတ်နိုင်ဘူးဆိုတာကို။ ဒါဆို သူဘယ်ရောက်နေတာလဲ။ ဘာကိုမှ ရေရေရာရာ စဉ်းစားလို့မရ။ အရင်က သူဘာဖြစ်ခဲ့သလဲ၊ အခု သူဘာဖြစ်နေသလဲ၊ ဘာဆိုဘာမှ စဉ်းစားလို့မရနိုင်သေး။

"မင်းအခု မန္တလေးဆေးရုံကြီးကို ရောက်နေတာလေ"

အစ်ကိုဖြစ်သူရဲ့စကားကို ကြားလိုက်ရပြန်တော့ ပါးစပ်အဟောင်းသားနဲ့ သူအံ့အားသင့်မိသွားပြန်သည်။

သူဆေးရုံပေါ် ရောက်နေတယ်ဆိုပါလား၊ ဘာအတွက်နဲ့များ ဆေးရုံပေါ်ကို ရောက်နေရတာလဲ။

"ငါ့သား မှတ်မိပြီလား၊ လွန်ခဲ့တဲ့ သုံးရက်က ငါ့သား ထန်းပင်ပေါ်တက်ရင်း မတော်တဆ ထန်းပင်ပေါ်က ပြုတ်ကျတာ သတိမေ့သွားလို့ ချက်ချင်းပဲ ဆေးရုံခေါ်လာရတာ၊ အခုမှ ငါ့သား သတိပြန်ရတာလေ။ မင်းမိန်းမနဲ့ ကလေးတွေကတော့ လိုက်မလာကြတော့ဘူး။ အမေနဲ့ မင်းအစ်ကိုကြီးပဲ လိုက်လာခဲ့တာ။ ဒီမှာလည်း ဦးပဥ္စင်းရှိနေတာဆိုတော့ မလိုအပ်လို့မခေါ်ခဲ့တာ၊ စိတ်မပူနဲ့တော့ သိလား၊ ငါ့သားမှာ ဘာဒဏ်ရာမှ ကြီးကြီးမားမားမရဘူး"

အမေပြောနေတာတွေက တကယ်ပဲလား၊ အမှန်တကယ်ပဲ ထန်းပင်ပေါ်က ပြုတ်ကျခဲ့တာလား၊ ခေါင်းထဲမှာ ဘယ်လိုမှ စဉ်းစားလို့မရနိုင်သေး။ ဆေးရုံပေါ် ရောက်နေတယ်ဆိုတာကတော့ သေချာပါသည်။ ဘာကြောင့်လဲဆိုတော့ ဆရာဝန်လေးတစ်ယောက်နဲ့ နောက်ပါ မိန်းကလေးနှစ်ယောက်၊ သုံးယောက်လောက် သူတို့ ခုတင်နားကို ရောက်လာသည့်အတွက်ကြောင့်ပဲ ဖြစ်သည်။

ဆရာဝန်ရောက်လာတဲ့အတွက် အမေနဲ့ အစ်ကိုတို့က နောက်ကိုဆုတ်ပေးလိုက်ပြီး "ဘယ်လိုနေသေးလဲ၊ သက်သာရဲ့လား"ဆိုတဲ့ ဆရာဝန်ရဲ့အမေးကို ခေါင်းညိတ်ကာ သူအဖြေပေးလိုက်သည်။ အဲဒီနောက် သူ့ကို နားကျပ်နဲ့ ရင်ဘတ်ပေါ် တစ်ချက်ထောက်စမ်းကြည့်လိုက်ပြီး အမေ့ဘက်ကိုလှည့်ကာ ဆီးတွေဝမ်းတွေ ဘယ်နှကြိမ်သွားသလဲ ဆိုတာကို မေးသည်။

ဆရာဝန်လေးနှင့်အတူပါလာကြတဲ့ အဖြူရောင်ဝတ်စုံလေးတွေ တူညီစွာဝတ်ဆင်ထားကြတဲ့ မိန်းကလေးငယ်တွေက နားမလည်နိုင်တဲ့ စကားလုံးတွေနဲ့ အချင်းချင်းတွတ်ထိုးနေကြသည်။ အချို့ကလည်း သူ့ခြေရင်းမှာချထားတဲ့ လူနာမှတ်တမ်းစာအုပ်ကို ခေါင်းချင်းဆိုင်ကာ ဖတ်ရှုနေကြသည်။ ဆရာဝန်လေးက "သက်သာသွားပါပြီ၊ အကောင်းပကတိအတိုင်းပဲ နောက်နှစ်ရက်လောက်နေပြီးရင် ဆင်းရုံပဲရှိတော့တာ" ဟုဆိုကာ အခြားခုတင်ဘက်ကို ပြောင်းသွားကြသည်။

အမေနဲ့ အစ်ကိုဖြစ်သူရဲ့အကူအညီကိုရယူကာ လှဲနေရာကနေ ကျောရဲ့အောက်ကို ခေါင်းအုံးတစ်လုံး ထိုးခံလိုက်ပြီး ခပ်စောင်းစောင်းလေး မှီထိုင်နေလိုက်သည်။ ဒီအတိုင်းထိုင်လိုက်တော့ မျက်စိထဲမှာ မြင်ကွင်းပေါင်းစုံကို မြင်နေရတော့သည်။ အခုမှ သူရောက်ရှိနေတဲ့ နေရာဆိုတာကို သတိထားကြည့်မိသည်။ ဟောခန်းကြီးတစ်ခုအတွင်းမှာဖြစ်ပြီး သူ့လိုပဲ ဆေးရုံတက်ကုသနေကြတဲ့ လူနာပေါင်းစုံက ဘေးတစ်ဖက်တစ်ချက်ဆီမှာ အသီးသီးနေရာယူထားကြသည်။ လူနာစောင့်တွေ၊ သန့်ရှင်းရေးအလုပ်သမားတွေ၊ လူနာကိုတွန်းပို့တဲ့ ဗိုးချဲလ်လှည်းတွေ ဥဒဟိုဖြတ်သန်းသွားလာနေကြတာကို အတိုင်းသား မြင်နေရသည်။

"ဆရာ သမီးအဖေကို ထမင်းကျွေးလို့ရပြီလား၊ ဒါမှမဟုတ် တစ်ခုခုပေါ့၊ အားရှိမယ့် အစားအစာလေး ဘာများကျွေးလို့ရနိုင်မလဲ၊ အဖေနဲ့သင့်တော်မယ့် အစာလေး ညွှန်ပါဦး"

သူတို့ခုတင်နဲ့ကပ်လျက်ဖြစ်တဲ့ တောင်ဘက်ခုတင်ဆီကနေ ထွက်ပေါ်လာတဲ့ အမျိုးသမီးလေးတစ်ဦးရဲ့ အသံဖြစ်သည်။ ထိုအသံကြောင့် တောင်ဘက်ခုတင်ဆီကို ခေါင်းငဲ့စောင်းကြည့်လိုက်တော့ ဆရာဝန်အုပ်စုကကွယ်နေတဲ့အတွက်ကြောင့် မမြင်ရ။ လူနာဖြစ်သူ အမျိုးသားတစ်ဦးကိုတော့ ခုတင်ထက်မှာ ပက်လက်အနေအထားနဲ့ လဲလျောင်းနေတာကို တွေ့ရသည်။ နှာခေါင်းဝမှာလည်း ပိုက်တန်းလန်းတစ်ခုကို ချိတ်ဆွဲထားသည်။

"သူတို့က မြင်းခြံက လာတက်ကြတာလေ၊ အမေတို့ထက် သုံးရက်လောက်စောပြီး ဒီကိုရောက်နေတာ၊ သားအဖနှစ်ယောက်တည်း လာတက်တာ၊ အစောက ပြောနေတဲ့ ကလေးမလေးက အဲဒီအဘိုးကြီးရဲ့သမီးလေ။ ကလေးမလေးက သိပ်သိတတ်လိုက်တာများ မပြောနဲ့။ သူ့အဖေအပေါ်မှာလည်း အတော်ဂရုစိုက်ရှာတယ်"။

ဘယ်ချိန်ကတည်းက တစ်ဖက်ခုတင်က လူနာစောင့်မိန်းကလေးနဲ့ ရင်းနှီးကျွမ်းဝင်ထားကြသည်ဆိုတာမသိ။ အမေက သူသိသလောက် အဆိုပါခုတင်က သားအဖနှစ်ယောက်ရဲ့အကြောင်းကို ပြောပြနေသည်။ အထူးအားဖြင့် အမေက မိန်းကလေးရဲ့ သူ့အဖေအပေါ်မှာ ဘယ်လောက်တောင် တော်တယ်ဆိုတဲ့အကြောင်းကို ချီးမွမ်းအမွှမ်းတင်ကာ ပြောဆိုနေခြင်းဖြစ်သည်။ သူကတော့ ဒီအချိန်မှာ စကားကောင်းကောင်းပြောချင်စိတ်မရှိသေးတာမို့ အမေ့စကားတွေကို ခေါင်းညိတ်ပြီးတော့သာ နားထောင်နေရသည်။ နားထောင်နေရသော်လည်း သူ့မျက်စိတွေက တောင်ဘက်ခုတင်ဆီက မိန်းကလေးဆီကို ရံဖန်ရံခါအကြည့်ရောက်သွားခဲ့သည်။

ခဏအကြာမှာတော့ ဆရာဝန်တစ်သိုက် ပြန်လည်ထွက်ခွာသွားတော့မှ အမေ ချီးမွမ်းခန်းဖွင့်နေတဲ့ မိန်းကလေးငယ်ကို မြင်ခွင့်ရခဲ့သည်။

မိန်းကလေးရဲ့အသက် ရှိလှကာမှ နှစ်ဆယ်ကျော်အစိတ်ဝန်းကျင်လောက်ပဲ ရှိပေမည်။ ဝတ်စားဆင်ယင်မှုအနေနဲ့ မြန်မာမိန်းကလေးတစ်ယောက်ပီသစွာ ရိုးရိုးယဉ်ယဉ် ဝတ်ဆင်ထားပြီး သူ့ရဲ့ဆံနွယ်တွေကိုလည်း ဘီးတစ်ချောင်းနဲ့ တင်းကျပ်စွာစုစည်းချည်နှောင်ထားသည်ကို တွေ့ရသည်။ မျက်နှာပေါ်မှာတော့ သနပ်ခါးမိတ်ကပ် တစ်စုံတစ်ရာ လိမ်းခြယ်ထားခြင်းမျိုးမတွေ့ရဘဲ ပကတိအတိုင်း မျက်နှာတစ်ခုလုံးက ချောမွတ်ဝင်းပနေသည်။

ဒါပေမယ့်လည်း ဖခင်ဖြစ်သူရဲ့အပူသောကကြောင့် အနည်းငယ်တော့ ညှိုးငယ်နေတဲ့ပုံပန်းသဏ္ဌာန်ပေါက်နေရှာသည်။ အသားအရေက တောင်ယာလုပ်ငန်းကို ပင်ပင်ပန်းပန်းလုပ်ထားရလို့ထင် အညိုဘက်ကို သန်းနေပြီး စကားပြောလိုက်သည့်အခါတိုင်း အပြုံးလေးတွေနဲ့ ပြောတတ်ဆိုတတ်တာကိုလည်း သတိထားမိသည်။ ဘာလိုလိုနဲ့ ဒီမိန်းကလေးအပေါ်မှာ တစ်ခဏအတွင်း သူ ကရုဏာသက်မိသွားခဲ့သည်။

ဆေးရုံပေါ်မှာ တစ်ပတ်လောက်ကြာသည်ထိအောင် နေလိုက်ရသည်။ ငါးရက်မြောက်နေ့မှာတော့ ထူထူထောင်ထောင် ရှိနေခဲ့ပြီဖြစ်သည်။ အစားအသောက်ကိုလည်း အတော်အတန်စားနိုင်နေခဲ့ပြီဖြစ်သည်။ ဆရာဝန်က ဆင်းခွင့်မပြုသေးသည့်အတွက် တစ်ပတ်ပြည့်အောင် နေလိုက်ရခြင်း ဖြစ်သည်။

သူသက်သာလာပြီဖြစ်တာမို့ အစ်ကိုဖြစ်သူကလည်း ရွာကို ပြန်သွားခဲ့ပြီဖြစ်သည်။ ဆေးရုံပေါ်မှာတော့ အမေကိုယ်တိုင်ကပဲ သူ့ကို ပြုစုပေးသည်။ အစ်ကို ဦးပဥ္စင်းဖြစ်သူကတော့ တစ်နေ့တစ်ခေါက်ဆိုသလို လာရောက်ကြည့်ရှုရင်း စားစရာသောက်စရာလေးတွေကို လာရောက်ကာ ပို့ပေးသည်။

ဆေးရုံကမဆင်းမီ တစ်ရက်လောက်အလိုမှာပဲ တစ်ဖက်မှာရှိတဲ့ မြင်းခြံက သားအဖနှစ်ယောက်နဲ့လည်း ပိုမိုကာရင်းနှီးခွင့်ရခဲ့ပြီဖြစ်သည်။ အထူးသဖြင့် အမေနှင့် တစ်ဖက်က လူနာစောင့်မိန်းကလေးတို့ အချိန်ပြည့် စကားတွေ ဖောင်ဖွဲ့ပြောနေကြတာကို တွေ့မြင်နေရသည်။ သူကတော့ ဘာမှဝင်မပြောမိ။

အမေပြန်ပြောပြမှုအတွက်ကြောင့် အဆိုပါ မိန်းကလေးမှာ မိခင်မရှိတော့ဘဲ အဖေဖြစ်သူကသာလျှင် အမိ အဖဆိုတာကို သိလိုက်ရသလို မိန်းကလေးငယ်ရဲ့ ဖခင်အပေါ်မှာထားရှိတဲ့ ကျေးဇူးသိတတ်ပုံ၊ မေတ္တာတရားကိုလည်း ပိုမိုကာ သိရှိခွင့်ရခဲ့ပြီဖြစ်သည်။

ဖခင်ကို ဂရုစိုက်မှုကတော့ သူမြင်နေရတဲ့အတိုင်းဆို ဘာမှလိုလေသေးမရှိတာ အမှန်ပင်ဖြစ်သည်။ နားနေတယ်ဆိုတာ မရှိအောင်ကို ဖခင်အပေါ်မှာ ဝတ်ကြီးဝတ်ငယ်တွေကို ပြုစုစောင့်ရှောက်ပေးနေရှာသည်။ အစားအသောက် ကျွေးတာကအစ အပေါ့အပါးသွားတာကအဆုံး သေသေချာချာနဲ့ လုပ်ကိုင်ပေးနေရှာသည်။

"သမီးတို့အမေက သမီး ကိုးတန်းကျောင်းသူဘဝကတည်းက ဆုံးပါးသွားတာလေ။ အမေမရှိတော့ တစ်အိမ်လုံးရဲ့ စားဝတ်နေရေးကို အဖေကိုယ်တိုင်ပဲ အဓိကရှာကျွေးနေတာ။ သမီးတို့မောင်နှမတွေအတွက်တော့ အဖေက အဖေဆိုလည်းဟုတ်သလို အမေလို့ပြောရင်လည်း ရနိုင်ပါတယ်။ သမီးတို့ မောင်နှမတွေကို လိမ္မာရေးခြားရှိလာအောင် အဖေကပဲ အမေတစ်ယောက်လို ဆုံးမခဲ့တာ၊ အဲဒါကြောင့် သမီးတို့ မောင်နှမတွေက အဖေ စိတ်ဆင်းရဲအောင် ဘယ်တော့မှမလုပ်ဘူး။ အဖေ့ကို အတတ်နိုင်ဆုံး စိတ်ချမ်းသာအောင်ထားတာ"

ပြောလိုက်သည့်စကားတွေကလည်း အရွယ်နှင့် မလိုက်အောင်ဖြစ်သည်။ သူ့အောက် အသက်ထက်ဝက်လောက် ငယ်သေးတဲ့အရွယ်ပဲဖြစ်သည်။ မိဘအပေါ် သိတတ်လိုက်တာကလည်း လွန်ပါရောလား။

ဒီမိန်းကလေးငယ်ရဲ့စကားတွေကို ကြားလိုက်ရကာမှ ကိုယ့်ကိုယ်ကိုယ် အရှက်ရသလိုဖြစ်မိသည်။ သူတို့ညီအစ်ကိုတစ်တွေမှာလည်း အဖေဆိုတာမရှိတော့ဘဲ အမေသာလျှင် ရှိတော့သည်။ ဒါပေမယ့် သူအပါအဝင် သားသမီးတွေအားလုံးက ကိုယ့်အိုးကိုယ့်အိမ်နဲ့ နေထိုင်ကြပြီး မိခင်ဖြစ်သူကို စောင့်ရှောက်ရကောင်းမှန်းမသိခဲ့ကြ။ ကိုယ်ထိလက်ရောက် ပြုစုစောင့်မဖို့ဆိုတာထက် ဟင်းကောင်းလေးတစ်ခွက် ချက်လို့တောင်မှ အမေ့အိမ်ကို ပို့ရကောင်းမှန်းမသိခဲ့ကြ။ အမေ့ရဲ့ ဝတ်ကြီးဝတ်ငယ်ကို ဆောင်ရွက်ပေးဖို့ဆိုတာက ဝေလာဝေးပေါ့။

သားသမီးတွေက မိခင်ဖြစ်သူကို စောင့်ရှောက်ရမည့်အစား အခုတော့ အမေက သူ့ကို ပြန်လည်ကာစောင့်ရှောက်နေရရှာပေသည်။

တစ်ပတ်တိတိပြည့်သည့်နေ့မှာပဲ ဆေးရုံပေါ်က ဆင်းခွင့်ရရှိခဲ့သည်။ ဆေးရုံပေါ်ကနေ သူတို့သားအမိ ဆင်းခွင့်ရခဲ့ပေမယ့် တောင်ဘက်ခုတင်က လူနာရှင်အမျိုးသားနဲ့ သမီးဖြစ်သူ မိန်းကလေးငယ်တို့ကတော့ ဆေးရုံက ဆင်းခွင့်မရရှိခဲ့ကြသေး။ ဆေးရုံပေါ်မှာ ဘယ်လောက်ကြာကြာနေရမည်ဆိုတာကိုလည်း မခန့်မှန်းတတ်။ သူကိုယ်တိုင်က ဆေးရုံပေါ်ကဆင်းခွင့်ရခဲ့လို့ မွန်းကျပ်မှုတွေ၊ နာကျင်မှုတွေ ပပျောက်သွားပေမယ့် ထိုသားအဖအတွက်တော့ စိတ်မကောင်းဖြစ်မိသည်။ အထူးအားဖြင့် အသားညိုညိုနဲ့ မျက်ဝန်းတစ်စုံပိုင်ရှင် သမီးဖြစ်သူ မိန်းကလေးငယ်အတွက် ပို၍စိတ်မကောင်း ဖြစ်မိသည်။

အရွယ်နှင့်မလိုက်အောင် ဖခင်အပေါ်မှာ သိတတ်လွန်းတဲ့ မိန်းကလေးငယ်တစ်ယောက်ကို ဆေးရုံပေါ်က ဆင်းလာတဲ့နေ့မှာ သူနှုတ်မဆက်ဖြစ်နိုင်ခဲ့။ နှုတ်ဆက်ဖို့မဆိုထားနဲ့ ဆေးရုံပေါ်မှာ ရှိနေစဉ်ကာလအတွင်း အဲဒီမိန်းကလေးငယ်နဲ့ တစ်ခွန်းတစ်ပါဒလောက်တောင် စကားပြောဆိုရခြင်း အလျှင်းမရှိခဲ့ရ။ ပြောဖို့လည်း အခွင့်အရေးမရခဲ့။

သို့ပေမယ့် နှုတ်မဆက်ခဲ့ရ၊ စကားပြောဆိုခွင့်မရရှိခဲ့ပေမယ့် ဆေးရုံပေါ်မှာမြင်တွေ့ခွင့်ရခဲ့တဲ့ ထိုမိန်းကလေးငယ်ရဲ့ မျက်ဝန်းတစ်စုံကတော့ သူ့ရင်ထဲမှာ အမြဲထာဝရကိန်းအောင်းနေဦးမယ်ဆိုတာကိုတော့ သူကလွဲပြီး ဘယ်သူသိနိုင်ပါဦးမလဲ။ ။

## စေတီသာမှ ဟုတ်လေစ

ကျုပ်မွေးနေ့ထူး၊ ရက်မြတ်ဦးမို့
ကုသိုလ်ကောင်းတို့၊ ရစေကြောင်းလို့
ရွှေရောင်ဝင်းဝါ၊ စေတီသာသို့
လင်းရောင်ပျို့ဆင်း၊ မနက်ခင်းတွင်
သွားရောက်ခဲ့ပြီ။
ရင်ပြင်အတိ၊ ဘယ်ကြည့်ကြည့်ဝယ်
ဟိုမှာအတွဲ၊ သည်စုံတွဲတို့
ပြုံးပျော်ရွှင်နူး၊ ကျီစယ်မြူးကြောင့်
ငါ၏စိတ်တွင်၊ မှတ်ထင်မိသည်
ပန်းခြံလေလော၊ စေတီလော။
စေတီဝန်းဝိုင်း၊ ပတ်လည်တိုင်းတွင်
ရောက်လာသသူ၊ များလူဗိုလ်သည်
ဦးပင်မချ၊ ဖုန်းကိုင်ကြကာ
ဟန်အမျိုးစုံ၊ ပုံမျိုးစုံဖြင့်
ဓာတ်ပုံရိုက်ပျော်၊ နေကြသော်ကြောင့်
ငါ၏စိတ်တွင်၊ မှတ်ထင်မိသည်
ရှူခင်းကောင်းလော၊ စေတီလော။
ဘုရားပေါ်တွင်၊ များပျိုစင်သည်
မြန်မာဆန်စွာ၊ ရင်ဖုံးမှာတွင်
ပိတ်စတစ်ထွာ၊ မှန်စာပြည့်ဖုံး
ဝတ်ဆင်ပြုံးစ၊ နေကြမြင်သော်
ငါ၏စိတ်တွင်၊ မှတ်ထင်မိသည်
မယ်ပြိုင်ပွဲလော၊ စေတီလော။
ကျုပ်မွေးနေ့ထူး၊ ရက်မြတ်ဦးမို့
ဖူးဖို့ဘုရား၊ သွားသော်ငြားလည်း
ငါရောက်နေပါ၊ ထိုနေရာသည်
စေတီသာမှ ဟုတ်လေစ။

ချယ်ရီအောင်
ပထမနှစ် RUSSIAN(YUFL)

## လွဲချော်ခြင်း

လိုအပ်ရင်ထုတ်သုံးဖို့
ဟန်ဆောင်မှုကို ငါ့အိတ်ကပ်ထဲ
အသင့်ဆောင်ထားလည်း
မရိုးသားခြင်းကို အော့နလုံးနာတတ်တဲ့
ငါ့ရင်ဘတ်ကြီးက
ခဏတောင်လက်မခံပေးနိုင်ဘူး။
ဘယ်သူသေသေ ငတေမာပြီးရောလူတန်းစားထဲ
ငါ မိုးခါးရေမသောက်တတ်တာ
ပြဿဒါးရက်တွေပဲ ပိုင်ဆိုင်နေရပါလား။
ငါ့မှန်ကန်ရိုးသားမှုတွေကို
အလိုက်သင့် ခြင်းတောင်းထဲ
ငါထိုးထည့်ရရင်
ဘေးလူတွေတော့မသိ
အမြဲရိုးရိုးကျင့်ခဲ့တဲ့ ငါ့ဝိညာဉ်ကတော့
ရှက်ရွံ့လိမ့်မယ်ထင်ပါရဲ့။
လောကကြီးရယ်. . .
ငါမှန်လားဆိုတာ
ကံကောင်းခြင်းတွေနဲ့ နိမိတ်ပြလှည့်ပါဦး။ ။

သုတမေ(မော်ကျွန်း)

# ရေတစ်အိုးပြည့်ရင်နားမယ်

မယ်ခင်စော
**B.A (Myanmar)**



သူ့နာမည် မိခိုင်လို့ခေါ်တယ်။ ကျွန်မတို့မိသားစု အဖေ့ရဲ့တာဝန်ကျရာ ရွာလေးသို့ရောက်ချိန် သူနဲ့စပြီး ခင်မင်ခဲ့တယ်။ ရွာလေးနာမည်က ရေကျော်ကန်လို့ ခေါ်တယ်။ သူ့အကြောင်းသိရသလောက် သူ့အမေက သူငယ်ငယ်ကတည်းက ဆုံးပါးသွားခဲ့တယ်။ ယခုလက်ရှိမှာဆိုရင် သူ့အဖေရယ်၊ ပထမတန်းတက်နေတဲ့ သူ့မောင်လေးရယ်၊ အိမ်ထောင်မကျသေးတဲ့ သူ့အဖေရဲ့ညီမ အဒေါ်အပျိုကြီးရယ် အတူနေထိုင်တယ်။ သူကတော့ ကျွန်မနဲ့ အတန်းတူတူတက်ရတယ်။ စာသင်ရတဲ့ အခန်းတော့ မတူဘူး။ သူ့အဖေက ကျန်းမာရေးမကောင်းတော့ စီးပွားရေးမလုပ်နိုင်ရှာဘူး။ အိမ်စီးပွားရေးအဖြစ် အဒေါ်ရဲ့ စက်ချုပ်ဆိုင်လေးနဲ့ရပ်တည်နေရတယ်။

သူကတော့ မနက်တိုင်းကျောင်းမတက်ခင်နဲ့ ကျောင်းပြန်ဆင်းချိန်တွေ ရေထမ်းရောင်းတယ်။ ကျွန်မတွေ့တဲ့ အချိန်တိုင်း သူရေထမ်းနေတာပဲတွေ့ရတယ်။ ကျောင်းပိတ်ရက်ဆိုလည်း ရေထမ်းနေတာပဲ။ ကျွန်မနဲ့အတူ တခြားသူငယ်ချင်းတွေ တစ်နေ့တစ်နေ့ ကျူရှင်နဲ့ကျောင်းပြေးနေရချိန် သူကရေထမ်းကောင်းနေတုန်းပါပဲ။ ရေထမ်းတယ်ဆိုတာ ရွာထိပ်ကရေကန်ကနေ ရေမှာတဲ့အိမ်တွေအထိ ပုံးတွေနဲ့ ရေလိုက်ဖြည့်ရတာ။ အကွာအဝေးက ဘက်စ်ကားနှစ်မှတ်တိုင်လောက်ရှိမယ်။ ပုံးဆိုတာလည်း ငါးဂါလန်ပုံးနှစ်ပုံးကို ရေအပြည့်ထည့် ကြိုးချည်ထမ်းပိုးတစ်ခုမှာ ရှေ့နောက်ချည်ပြီး ပခုံးနဲ့ထမ်းကြရတယ်။ တစ်ထမ်းကို ငါးဆယ်လောက်တော့ရတယ်။ ရေတစ်အိုးပြည့်ဖို့အတွက်ဆိုရင် အထမ်း ခြောက်ထမ်း၊ ခုနစ်ထမ်းလောက်တော့ဖြည့်ရတယ်။ တစ်နေ့ကျွန်မလည်း ကျူရှင်စောဆင်းလို့ အိမ်အပြန် ရွာထိပ်ကရေကန်မှာ သူနဲ့ဆုံဖြစ်တယ်။ ကျွန်မလည်း ရေထမ်းကြည့်ချင်တာနဲ့ ငါ့ဇာဝင်ထမ်းလို့ရမလားမေးတော့ နင်မနိုင်လောက်ဘူး။ တအားလေးတယ်တဲ့၊ ကျွန်မလည်း မရမက အတင်းတောင်းဆိုတော့ ခွင့်ပြုတယ်။ သူပြောတဲ့အတိုင်းပါပဲ ကျွန်မရေပုံးကိုကြွလာရုံတောင် မထမ်းနိုင်တဲ့အပြင် ခါးပါနာသွားတယ်။ အဲဒီအချိန်ကျမှ သူက သူ့ပခုံးလေးကိုပြတယ်။ နီရဲနေတဲ့ပခုံးလေးမှာ အသားမာတွေ တက်နေတယ်။

ရေပုံးလေးတွေကိုရေဖြည့်ပြီး ရေကန်ထဲက ဆွဲတင်ရတဲ့အတွက် သူ့လက်ချောင်းလေးတွေ နီရဲနေတယ်။ ကျွန်မမေးမိတယ်။ ဘာလို့ တအားအပင်ပန်းခံနေတာလဲ မေးတော့ သူ့မောင်လေးနဲ့ သူ့ကျောင်းစရိတ်လေး ရအောင်၊ သူ့အဖေရဲ့ ဆေးဖိုးလေးရအောင်၊ ပြီးတော့ သူ့အမေအတွက် အလှူအတန်းလေးလုပ်ပေးချင်တယ်လို့ ပြောတယ်။ ငွေက အလွန်နည်းပေမယ့် စုမိပါတယ်တဲ့။ ကျွန်မအဲဒီအချိန် သူ့ကိုစိုက်ကြည့်မိရုံမှတစ်ပါး ပြောဖို့စကားလုံးရှာမတွေ့ခဲ့ဘူး။ နောက်ဆုံးကျမှ အခုရေထမ်းလို့ ပြီးပြီလားဆိုတော့ ရေတစ်အိုးထပ်ထမ်းပေးရဦးမယ်၊ ရေတစ်အိုးပြည့်သွားရင်တော့ နားတော့မယ်လို့ ပြောတယ်။ ကြုံလို့မေးမိတိုင်း သူကအမြဲဖြေနေကျ "ဒီတစ်အိုးပြည့်ရင်နားမှာ သူငယ်ချင်းရေ"လို့ အမြဲပြောတယ်။

နောက်တော့ အဖေတာဝန်ကျရာနေရာတွေ လိုက်ပြောင်းရင်း မြို့ပေါ်က ရေစက်မောင်းသံလေးတွေကြားမိတိုင်း မိခိုင်ကို သတိရတယ်။ ပြီးတော့ တောင်းဆုပြုမိတယ်။ နီရဲတဲ့ပခုံးလေးတွေမှာ ရေအပြည့်ထည့်ထားတဲ့ ရေထမ်းပုံးတွေမဟုတ်ဘဲ ကျောင်းစာအုပ်အပြည့်ထည့်ထားတဲ့ လွယ်အိတ်လေးဖြစ်နေပါစေ၊ သူ့ဆန္ဒလေးတွေ ပြည့်ဝပါစေလို့ အမြဲဆုတောင်းမိတယ်။ ။

# မနက်ဖြန်ပေါင်းများစွာ

ငြိမ်းသခင်
**B.A (Eng), Dip (TESOL, UK)**

အားချန်နဲ့အားကျင်းတို့ဟာ ဘွဲ့ရပြီးနောက် ကုန်ပစ္စည်းတွေလက်ကားရောင်းတဲ့ ကုမ္ပဏီတစ်ခုမှာ အလုပ်အတူတူဝင်လုပ်ခဲ့ကြတယ်။ နှစ်ယောက်စလုံးက အလုပ်ကို ကြိုးစားခဲ့ကြပါတယ်။

နှစ်ပေါင်းများစွာကြာပြီးတဲ့နောက်မှာ သူဌေးက အားကျင်းကို အရောင်းတာဝန်ခံအဖြစ် ရာထူးတိုးပေးခဲ့တယ်။ ဒါပေမယ့်လည်း အားချန်ကတော့ အရောင်းစာရေးအဖြစ် ရာထူးမတိုးဘဲ ကျန်နေခဲ့တယ်။ ဒီကိစ္စကို သည်းမခံနိုင်တော့တဲ့အဆုံး တစ်နေ့မှာ အားချန်က သူဌေးဆီမှာ နုတ်ထွက်စာတင်လိုက်တယ်။ ပြီးတော့လည်း အလုပ်ကြိုးစားတဲ့ ဝန်ထမ်းကို တန်ဖိုးမထားဘဲ မြှောက်ထိုးပင့်ကော်ပြောဆိုတတ်တဲ့ ဝန်ထမ်းတွေကိုတော့ ရာထူးတိုးပေးတယ်လို့ သူက ငြူစူပြောဆိုခဲ့သေးတယ်။

အားချန်ဟာ တကယ်တော့ နှစ်ပေါင်းများစွာကြာ အလုပ်တွေကို ကြိုးစားပမ်းစား လုပ်ခဲ့တယ်ဆိုတာကို သူ့သူဌေးကသိတယ်။ ဒါပေမယ့်လည်း သူနဲ့ အားကျင်းတို့ နှစ်ယောက်ရဲ့ အရည်အချင်းဘယ်လိုကွဲပြားတယ်၊ ကွာဟတယ်ဆိုတာ သိစေချင်လို့ သူဌေးက အားချန်ကို အလုပ်မထွက်ခင်မှာ ကိစ္စလေးတစ်ခု လုပ်ပေးဖို့ ခိုင်းလိုက်တယ်။

"အားချန်၊ ဈေးထဲမှာ ဖရဲသီးသည်ရှိမလားလို့ သွားကြည့်ချေ"

အားချန်ကဈေးက ပြန်လာပြီးတဲ့နောက် ဟုတ်ကဲ့ သူဌေး ဖရဲသီးသည်ရှိပါတယ်လို့ ဖြေခဲ့တယ်။ ဒါဆို တစ်ကီလိုဘယ်လောက်လဲလို့ သူဌေးက ပြန်မေးတယ်။

ဈေးသည် ရှိ၊ မရှိပဲ ကြည့်ခဲ့တာဆိုတော့ အားချန်လည်း ဈေးကိုနောက်တစ်ခေါက် ပြန်သွားရတာပေါ့။ ပြီးမှ တစ်ကီလိုကို ဆယ့်နှစ်ဒေါ်လာပါလို့ ပြန်ဖြေနိုင်ခဲ့တယ်။

"ဒီလို အလုပ်မျိုး အားကျင်းကိုလည်း ခိုင်းပြမယ်" လို့ သူဌေးက အားချန်ကိုပြောတယ်။

အားကျင်းလည်း သူဌေးကခိုင်းတော့ ဈေးကို သွားခဲ့တာပေါ့။ ပြီးတော့ သူ့သူဌေးဆီပြန်လာပြီး စီကာပတ်ကုံးပြောတော့တာပဲ။

"ဘော့စ်၊ ဈေးထဲမှာတော့ ဖရဲသီးသည်တစ်သည်ပဲရှိတယ်။ ဖရဲသီးတစ်ကီလိုကို ဆယ့်နှစ်ဒေါ်လာ၊ ကီလိုတစ်ရာဝယ်မယ်ဆိုရင် တစ်ကီလိုကို ဆယ်ဒေါ်လာပဲကျမယ်။ ဈေးသည်က ဖရဲသီးအလုံးရေစုစုပေါင်း သုံးရာ့လေးဆယ် ဝယ်လှောင်ထားတယ်။ ဆိုင်ခုံပေါ်မှာ ငါးဆယ့်ရှစ်လုံး ခင်းကျင်းရောင်းချနေတယ်။ ဖရဲသီးအလုံးတိုင်းက ဆယ့်ငါးကီလိုလောက်လေးတယ်။ အဲဒီဖရဲသီးတွေကို တောင်ပိုင်းဒေသကနေ လွန်ခဲ့တဲ့နှစ်ရက်လောက်ကမှ ဝယ်လာခဲ့တာဆိုတော့ ဖရဲသီးတွေက နီရဲပြီးလတ်ဆတ်နေတာပဲ။ အရည်အသွေးကလည်း ကောင်းမှကောင်းပဲ။"

အဲဒီအဖြေစကားလည်းကြားရော အားချန်က အားကျင်းရဲ့ အရည်အချင်းကို အလွန်အထင်ကြီးသွားတယ်။ သူနဲ့အားကျင်းရဲ့ကြားက ကွာခြားချက်က ဘာလဲဆိုတာလည်း နားလည်သဘောပေါက်သွားတယ်။ ဒါကြောင့်လည်း အလုပ်မထွက်တော့ဘဲ အားကျင်းဆီကနေ ပြန်လည်သင်ယူဖို့ ဆုံးဖြတ်ခဲ့ပါတယ်။

ဒါလေးက အင်တာနက်ကနေ ဖတ်လိုက်ရတဲ့ ဇာတ်လမ်းလေးပါ။ ဇာတ်လမ်းလေးက ရိုးရှင်းပေမယ့် အဓိပ္ပာယ်လေးက စူးရှလေးနက်တယ်။

လူတွေဟာ ဘဝမှာ ကိုယ်ဖြစ်ချင်တာတွေ မဖြစ်တဲ့အခါ အကြောင်းရင်းမှန်ကို မြင်အောင်မကြည့်တတ်ဘဲ တစ်ပါးသူကိုသာ ပြစ်တင်ကြတယ်။ ငြူစူဝန်တိုမှုတွေနဲ့ ပူလောင်ကြတယ်။

သူတစ်ပါးရဲ့ အားသာချက်တွေက ဘယ်လို၊ မိမိရဲ့ အားနည်းချက်တွေက ဘယ်လိုဆိုတာမျိုး မဆန်းစစ်ဘဲ အပြစ်တင်စောတတ်ကြတယ်။ မကောင်းမြင်တတ်ကြတယ်။

အမှန်တရားကို မြင်တတ်ဖို့ ခက်ခဲကြတယ်။ မုဒိတာပွားနိုင်ဖို့ ခဲယဉ်းကြတယ်။ အမှန်ကိုမြင်နိုင်သွားတော့လည်း အဆုံးသတ်လေးတွေက သိပ်ကိုလှပသွားတာပဲ။ ဒါက ဒီဇာတ်လမ်းလေး ဖတ်ကြည့်ပြီးတော့ ငြိမ်း မြင်မိခံစားမိတာလေးတွေပါ။

မူရင်းစာရေးသူကကျတော့ ဒီထက်ပို လေးနက်တဲ့ ရှုထောင့်ကနေ တင်ပြထားတယ်။ သူကပြောတယ်။

မိတ်ဆွေတို့တဲ့ ပိုပြီးအောင်မြင်နေတဲ့လူတစ်ယောက်ဟာ ပိုပြီးလေ့လာစူးစမ်းတတ်တယ်။ ပိုပြီးတော့လည်း စဉ်းစားတွေးခေါ်တယ်။ ကိစ္စအရပ်ရပ်ရဲ့ အတိမ်အနက်သဘောကိုလည်း ပိုနားလည်တယ်။ တူညီတဲ့ ကိစ္စတစ်ခုကိုပဲ ပိုအောင်မြင်တဲ့သူတစ်ယောက်က လာမယ့်ရှေ့နှစ်ပေါင်းများစွာအတွက် ကြိုမြင်တယ်။ မင်းတို့ငါတို့ကတော့ မနက်ဖြန်တစ်ရက်စာလောက်ပဲ ကြိုမြင်တယ်။ တစ်နှစ်စာနဲ့တစ်ရက်စာကြားက ကွာဟချက်က အဆပေါင်း သုံးရာခြောက်ဆယ့်ငါးဆ ကွာတယ်။ တစ်ရက်စာလောက်ပဲ တွေးနေတာကြောင့် ငါတို့တွေ ဘယ်လိုအောင်မြင်နိုင်မှာလဲ။

တွေးကြည့်လေတဲ့၊ မင်းတို့ဘဝမှာရှေ့ကို ဘယ်လောက်များများကြိုတွေးဖူးလဲ။ နက်နက်နဲနဲကော ဘယ်လောက်တွေးထားဖူးလဲတဲ့။

မူရင်းစာရေးသူရဲ့ အာဘော်လေးဖတ်လိုက်ရတော့ ငြိမ်းတစ်ယောက် အိပ်ရာကနေဖျတ်ခနဲ ပုတ်နှိုးခံရသလို ဖြစ်သွားတယ်။

သူပြောထားသလိုပဲ ကိုယ်တွေက နက်ဖြန်တစ်ရက်စာလောက်ပဲတွေးပြီး ရှင်သန်နေတာလေ။ သုံးရာခြောက်ဆယ့်ငါးရက်စာဆိုတာကြီးကို တစ်ခါမှမတွေးဖူးဘူး။ ဒီလိုပုံစံနဲ့ ရှင်သန်လာခဲ့တာဆိုတော့ ဒီအာဘော်လေးဖတ်လိုက်ရတော့ ဆတ်ခနဲတုန်သွားတယ်။ စာဖတ်နေတဲ့ပရိသတ်ကြီးကော တစ်ရက်စာလား၊ သုံးရာခြောက်ဆယ့်ငါးရက်စာလား။ ဘယ်လိုစဉ်းစားထားလဲ။ ကိုယ့်ကိုယ်ကိုယ် သေချာပြန်မေးကြည့်ပါဦး။ ။

## လူလေးငယ်သို့

- အိုလူလေးငယ်၊ မင်းအရွယ်သည်
ကျောင်းဝယ်သင်ကြား၊ ပညာများကို
ပျော်ပါးနှစ်ခြိုက်၊ ဖော်တစ်သိုက်နှင့်
ကျောင်း၌ပညာ၊ သင်ရမှာ။
- အိုလူလေးငယ်၊ မင်းအရွယ်သည်
ကျောင်းဝယ်သင်ကြား၊ စာပေများကို
ကြိုးစားတွက်ချက်၊ ပညာထက်၍
တက်တက်ကြွကြွ၊ ကျောင်းကိစ္စတွင်
ဆောင်ရွက်ရပါရမှာ။
- အိုလူလေးငယ်၊ မင်းအရွယ်၌
အထည်အကြမ်း၊ မင်းဆင်မြန်း၍
ဟောင်းနွမ်းဖာထေး၊ အဝတ်ဆွေးလည်း
ဆယ့်လေးနှစ်ရွယ်၊ မင်းအရွယ်သည်
ပညာသင်ကိုသင်ရမယ်။
- အိုလူလေးငယ်၊ မင်းအရွယ်သည်
ဘယ်တွက်ပညာ၊ မသင်ရာ၏
ငါသည်မေးမြန်းကြည့်မိ၏။
- ထိုသို့သော်ခါ၊ သူဖြေရာ၌
ကျွန်တော့်အရွယ်၊ သူ့အရွယ်၌
ကျောင်းဝယ်သင်ကြား၊ စာပေများကို
သူကားတွက်ချက်၊ ပညာထက်ဖို့
ကျောင်းတက်လို့ပင်နေချင်၏။
- သို့ပါသော်ငြား၊ မိဘများက
စီးပွားမပြေ၊ ပညာလေ့ကို
သူလေမလိုက်၊ ဖော်တစ်သိုက်နှင့်
လိုက်ကာလာကာ၊ ရုန်းကန်ကာဖြင့်
ကျောင်းမှာမနေ၊ ပန်းရောင်းနေရ
ထိုဘဝ၌၊ သူကကျင်လည်
ပျော်ရွှင်တယ်ဟု၊ ဘယ်မှာဆိုငြား
ကျွန်တော်များလည်း
ကြိုးစားရှာဖွေ၊ ပညာလေ့ကို
စီးနေချင်ဟု သူဖြေ၏။
- ကိုယ်ကျင့်တရား၊ သူ့စိတ်ထားသည်
ရိုးသားဖြူစင်၊ လူကိုခင်၏
ဩော်ဤလောက၊ ဒီလောက၌
အိုလူလေးငယ်၊ မင်းအရွယ်လို
ဘယ်သူတွေများ၊ စာပေအားကို
ကြိုးစားတွက်ချက်၊ ပညာထက်ဖို့
စိတ်အားထက်သန်နေမည်နည်း။

မောင်သန့်ဇင်(ပညာရေး)

## ပွင့်ဝေ

- ပင်မြင့်မှာဝေ
လေခြွေလို့ သူယိမ်း။
- ပွင့်ဖူးပုံသဏ္ဍာန်
ညှဉ့်ဦးယံပျံ့ကာမွှေးတယ်
လှသွေးဂုဏ်သိမ်း။ ။

ဘုန်းမောင် (မန္တလေး)

မျိုးဆက်သစ်ရင်ခုန်
ကြေးမုံ
အထူးကဏ္ဍ

# အမေ့ကျေးဇူး



ကျော်နိုင်တင့်
B.A (English)

ခေါင်းစဉ်ကြည့်ပြီး အမေ့ကျေးဇူးအထူးပြောဖို့ လိုလို့လား၊ တခုတ်တရပြောနေဖို့ လိုလို့လားလို့ မေးခွန်းထုတ်သူတွေ ရှိကောင်းရှိနိုင်ပါတယ်။ ကျွန်တော့်အတွက်တော့ အမေ့ကျေးဇူးက အထူးပြောပြော စရာလေးတွေ၊ တခုတ်တရ ပြောစရာလေးတွေ ရှိနေပါတယ်။

ပုခက်လွှဲတဲ့လက်ဟာ ကမ္ဘာကိုစိုးမိုးတယ်လို့ မှတ်သားဖူးပါတယ်။ သားသမီးတွေကို အနီးကပ် သွန်သင်ဆုံးမရတာဟာ မိခင်တွေကများပါတယ်။ လက်ဦးဆရာမည်ထိုက်စွာပုဗ္ဗစရိယမိနဲ့ဖဆိုတဲ့စကားဟာ အဓိပ္ပာယ်ပြည့်ဝလွန်းလှပါတယ်။ မိခင်တစ်ယောက်ရဲ့ နည်းလမ်းတကျ ဆိုဆုံးမမှုဟာ သားသမီးတွေရဲ့ အနာဂတ်ဘဝအတွက် အများကြီးအထောက်အကူ ဖြစ်စေပါတယ်။ မိဘတိုင်းကသားသမီးကို ချစ်တယ်ဆိုတာ အထူးပြောဖို့ မလိုတော့ပါဘူး။ ဒါပေမယ့် တချို့မိဘတွေက မချစ်တတ်ကြဘူးလို့ ဆိုချင်ပါတယ်။ အလိုမလိုက်ရမယ့်နေရာမှာ အလိုလိုက်တတ်ကြတယ်။ မချစ်တတ်တော့ နှစ်သလိုဖြစ်တတ်ပါတယ်။ တစ်ခါတလေ သားသမီးရဲ့ မိုက်မဲမှုကို အားပေးသလိုမျိုး ဖြစ်တတ်ပါတယ်။

ကျွန်တော်ငယ်ငယ်က အပေါင်းအသင်းတွေနဲ့ ငှက်ပစ်ထွက်တာ၊ ဖားဖမ်း၊ ငါးဖမ်းထွက်တာ ဝါသနာပါခဲ့ပါတယ်။ ရလာတဲ့ငှက်တို့၊ ဖားတို့၊ ငါးတို့ကိုကြော်လှော်ပြီး စားချင်လွန်းလို့လည်း မဟုတ်ပါ။ ငယ်ငယ်ကတည်းက အသားငါးလည်းသိပ်မကြိုက်ပါဘူး။ ကိုယ့်လေးခွနဲ့ ပစ်လိုက်လို့မှန်သွားတာ၊ အပင်ပေါ်က ပြုတ်ကျလာတာကိုကြည့်ပြီး ငါကွဆိုပြီး သဘောကျနှစ်ခြိုက်မိတာမျိုးပါ။ ငါးဖမ်းရင်လည်း ဖမ်းနေရတာကို ပျော်နေတာပါ။ ကျောပြင်ကို နေချစ်ချစ်တောက် ပူနေလည်းပူတယ်ကို မထင်ခဲ့ပါဘူး။

မှတ်မိပါသေးတယ်။ နွေရာသီရဲ့ နေ့တစ်နေ့။ ရေဆိပ်မှာ ငုံးထောင်ပါတယ်။ ငုံးတစ်ကောင် အရှင်လတ်လတ် မိပါတယ်။ ဖမ်းမိတဲ့ငုံးကို အဖော်တစ်ယောက်က တစ်ခါတည်း သတ်လိုက်မယ်လို့ ပြောတယ်။ ဒါပေမယ့် မွေးစားမယ်ဆိုပြီး အိမ်ယူလာခဲ့တယ်။ အိမ်ရောက်တော့ ခြေထောက်ကို ကြိုးလေးနဲ့ချည်၊ ခြင်းတောင်းထဲထည့်၊ ဆန်စေ့နဲ့ ရေခွက်ကလေး ထည့်ပေးထားပါတယ်။

ညရောက်တော့အမေက သြဝါဒအရှည်ကြီး ခြွေပါတော့တယ်။ ငုံးလေးကို အဲလိုချည်ထားတဲ့အတွက် ငါ့သားလည်း နောင်ဘဝကျရင် အဲလိုပဲချည်နှောင်ခံရမယ်။ ခြင်းတောင်းထဲ ထည့်ထားတဲ့အတွက် အချုပ်ထဲ၊ ဒါမှမဟုတ် ထောင်ထဲမှာနေရမယ်လို့ ပြောပါတယ်။ ကိုယ့်ကို ချုပ်နှောင်ခံရမယ်၊ ထောင်ထဲနေရမယ်လည်းဆိုရော ဇောချွေးတွေ ပြန်လာတယ်။ ဒါဆိုလည်း မနက်ဖြန်ကျ လွှတ်လိုက်တော့မယ်ဆိုပြီး အမေ့ကို ကတိပေးလိုက်ပါတော့တယ်။ တစ်ညလုံးအိပ်မပျော်ခဲ့ဘူး။ အချုပ်ထဲ၊ ထောင်ထဲမှာနေရမှာ ကြောက်နေပြီလေ။ နံနက်လင်းလင်းချင်း နုံးချိချိဖြစ်နေတဲ့ ငုံးကလေးကို ကြိုးဖြေပြီးရွာပြင်ဘက်မှာ လွှတ်လိုက်ပါတယ်။ အဲဒီကတည်းက ကျွန်တော်ဟာ ငှက်ပစ်ချင်တဲ့စိတ်၊ ကျော့ကွင်းထောင်ဖမ်းချင်တဲ့စိတ် ကုန်ခမ်းသွားပါတယ်။

အလားတူပါပဲ။ နွေရာသီရဲ့တစ်နေ့မှာ သူငယ်ချင်းသုံးယောက်နဲ့ ချောင်းထဲကို ငါးဖမ်းထွက်ခဲ့တယ်။ ငါးတွေအတော်များများရခဲ့တယ်။ သူငယ်ချင်းသုံးယောက်ဆိုတော့ သုံးပုံအညီအမျှ ပုံပြီးခွဲယူခဲ့ကြတယ်။ ကျွန်တော်လည်း ရတဲ့ဝေစုကိုယူပြီး ဂုဏ်ယူဝင့်ကြွားစွာနဲ့ ငါးထုပ်ကြီးဆွဲပြီး အိမ်ပြန်လာခဲ့တယ်။ အိမ်ရောက်ရင် အမေ့ကို ကြွားဦးမယ်ပေါ့။

အိမ်ရောက်ရောက်ချင်း အမေ့ကိုပြပါတယ်။ အမေက ဘာမပြောညာမပြောနဲ့ ကျွန်တော်တစ်နေကုန် ကြိုးစားပမ်းစားဖမ်းလာတဲ့ငါးတွေ အကုန်လုံးအိမ်မှာ မွေးထားတဲ့ ခွေးသားအမိတွေကိုခေါ်ပြီး ချကျွေးပါတော့တယ်။ ကျွန်တော့်မှာ ရင်ထုမနာနဲ့ ကြည့်နေခဲ့ရပါတယ်။ ကျွန်တော်ဖမ်းလာတဲ့ ငါးတွေကို မြိန်ရေယှက်ရေစားနေတဲ့ ခွေးသားအမိတွေကို ဒေါသထွက်ရမလား၊ အမေ့ကိုပဲ ဒေါသထွက်ရမလား မပြောတတ်တော့ပါ။ စိတ်ထဲမှာတော့ အတော်ကိုခံပြင်းနေတယ်။ အစ်မဖြစ်သူကတော့ ကျွန်တော့်ကိုကြည့်ပြီး သနားပုံရပါတယ်။ သူစားချင်လို့ ဖမ်းလာတာကို ကြော်ကျွေးလိုက်ပါလားလို့ အမေ့ကို တိုက်တွန်းပါသေးတယ်။ စားချင်ရင် ငါးသည်ဆီက ဝယ်ကျွေးမယ်လို့ ပြောပါတယ်။ အခုလိုဖမ်းလာတာကို ကြော်ကျွေးရင် နောက်လည်းဖမ်းနေဦးမှာလို့ အမေက ယူဆပုံရပါတယ်။

ယောက်ျားဖြစ်သူရဲ့ တူမီးသေနတ်ကျော့ကွင်းကို ဇနီးဖြစ်တဲ့သူက မျှစ်ချိုးရင်းတက်နင်းမိရာက အသက်ဆုံးရှုံးသွားတဲ့အဖြစ်အပျက်လေးကို သတင်းဂျာနယ်တစ်စောင်မှာ ဖတ်လိုက်ရတော့ ဝဋ်လည်တာပဲလို့ စိတ်ထဲတွေးလိုက်မိပါတယ်။ လွန်ခဲ့တဲ့ သုံးနှစ်လောက်က ရခိုင်ပြည်နယ်ဘက်မှာဖြစ်ခဲ့တဲ့ ဖြစ်အပျက်လေးကလည်း သံဝေဂရစရာကောင်းပါတယ်။ အမျိုးသားတစ်ဦးဟာ ချောင်းထဲမှာ လှေလှော်ရင်း ငါးမျှားပါတယ်။ မိတဲ့ငါးတစ်ကောင်ကို ပါးစပ်မှာ ကိုက်ထားပြီး ဆက်ပြီးတော့ မျှားပါတယ်။ ကိုက်ထားတဲ့ ငါးကချော်ထွက်ပြီး လည်ချောင်းထဲရောက်သွားပါတယ်။ မကြာခင်မှာပဲ အသက်ပါ ပါသွားပါတယ်။ ဝဋ်ဆိုတာဘဝမကူးဘူးဆိုတဲ့သဘောကို ပြနေတာပါပဲလို့ စိတ်ထဲတွေးလိုက်မိပြန်ပါတယ်။

ငယ်ငယ်တုန်းကဖမ်းမိခဲ့တဲ့ ငုံးလေးကို ပြန်လွှတ်ဖို့ အမေကသာထောင်တွေ၊ ဝဋ်လည်ခြင်းသဘော တရားတွေနဲ့ မဆုံးမခဲ့ဘူးဆိုရင်၊ ဝေစုရတဲ့ ငါးတွေကို အိမ်ကခွေးသားအမိကို ချမကျွေးဘဲ ကြော်ချက်ပြီး ကျွန်တော့်ကိုလည်းကျွေး၊ အမေလည်း မြိန်ရေယှက်ရေ စားခဲ့မယ်ဆိုရင် ကျွန်တော်ဟာတံငါသည် အလုပ်ကို ဘယ်အချိန်ထိ ဝါသနာပါနေဦးမယ်ဆိုတာ မပြောနိုင်ပါဘူး။ လေးခွ၊ ကျော့ကွင်း၊ တူမီးသေနတ်စတဲ့ သတ္တဝါတွေရဲ့ ဇီဝိန်တွေကို ခြွေနိုင်တဲ့လက်နက်တွေ ကိုင်နေတဲ့ မုဆိုးကျော်တစ်ယောက် ဖြစ်ချင်လည်း ဖြစ်နိုင်ပါတယ်။ ဖမ်းမိတဲ့ငါးကို ပါးစပ်နဲ့ကိုက်ပြီး ငါးဆက်မျှားရင်းကနေ အသက်ပေးလိုက်ရတဲ့ တံငါသည်ရဲ့အဖြစ်မျိုးနဲ့လည်း ကြုံချင်ကြုံရနိုင်ပါတယ်။

အမေ့ရဲ့ နည်းလမ်းအမျိုးမျိုးနဲ့ ဆိုဆုံးမမှုတွေကြောင့် ကျွန်တော်ဟာ သတ္တဝါတွေကို ချစ်တတ်တဲ့သူတစ်ယောက်ပါလို့ လက်မထောင်ပြီး ကြွေးကြော်နိုင်တဲ့သူတစ်ယောက် မဟုတ်တဲ့တိုင်အောင် သတ္တဝါတွေကို သတ်ဖြတ်ညှဉ်းဆဲတတ်တဲ့သူတစ်ယောက် မဟုတ်တာကတော့ သေချာပါတယ်။ ခြွင်းချက်တော့ရှိပါတယ်။ ကိုယ့်အသားလာကိုက်တဲ့ ပုရွက်ဆိတ်ဆိုရင် လက်နဲ့ချေမိလိုက်တာမျိုး၊ ခြင်ဆိုရင် လက်ဝါးနဲ့ ရိုက်လိုက်မိတာမျိုးတော့ ရှိပါတယ်။ အမေ့လက်နဲ့လွှဲခဲ့တဲ့ ပုခက်ထဲကနေ ကြီးပြင်းခဲ့တဲ့ ကျွန်တော်ဟာ ကမ္ဘာကို မစိုးမိုးနိုင်ပေမယ့် ကမ္ဘာမြေပေါ်မှာ ရှင်သန်နေကြတဲ့ သက်ရှိသတ္တဝါတွေကို သတ်ဖြတ်ညှဉ်းဆဲတတ်သူတစ်ယောက် မဟုတ်ဘူးဆိုတာ ရဲရဲကြီးအာမခံပါတယ်။ ဒီအကျိုးဆက်ဖြစ်ရတာ ကျွန်တော့်အမေက ကျွန်တော့်ကို ချစ်တတ်ခဲ့လို့ပါ။ အလိုလိုက်ရမယ့်အရာနဲ့ အလိုမလိုက်ရမယ့်အရာကို ခွဲခြားကျင့်သုံးခဲ့လို့ပါ။ ဒါကြောင့် အမေ့ကျေးဇူးတွေပါလို့ ခေါင်းစဉ်တပ်ပြီး ကျွန်တော်က တခုတ်တရ ပြောနေရတာရယ်ပါ။

# တစ်ရက်လည်းမဟုတ် တစ်ပတ်လည်းမဟုတ် တစ်လလည်းမဟုတ်

သန့်ဇင် (MMMC – CE 36)

မနက် ၆ နာရီမှာ မနားတမ်းမြည်နေတဲ့ နာရီမှ နိုးစက်အသံက ကျွန်တော့်ရဲ့ နံနက်ခင်းအလှကို အကျည်းတန်စွာ ဖျက်ဆီးလိုက်ပါသည်။ မထချင်လည်း တနင်္ဂနွေနေ့မှာ ပိုအိပ်မည်ဟု အားခဲကာ မျက်နှာသစ်၊ သွားတိုက်၊ ဘုရားဝတ်ပြု အစရှိတာတွေကို ၆ နာရီ မိနစ် ၂၀ မကျော်အောင်လုပ်ကာ ပုံစံမပြောင်းလဲသော တစ်နည်း လက်မှန်သော တစ်ရာမှာ တစ်ယောက်လက်ခံဖို့ ဆန္ဒမရှိသော ချက်ကြီး (သင်္ဘောထမင်းချက်)ရဲ့ နံနက်စာကို မျက်စိစုံမှိတ်၍ တစ်ရက်လည်းမဟုတ် တစ်ပတ်လည်းမဟုတ် တစ်လလည်းမဟုတ် သည်းခံကာ စားသောက်ရပါသည်။ ၆ နာရီခွဲမှာ မိမိအခန်းပြန်ပြီး ယနေ့လုပ်ကိုင်ရမည့် အလုပ်အကြောင်းတွေးကာ ဖနောင့်တစ်ဖက်ထွက်နေတဲ့ မူလအရောင်ပျက်သွားသော တရုတ်ချုပ် ခြေအိတ်တစ်စုံကို ဝတ်ဆင်လိုက်သည်။ ထို့နောက် မှန်ကွဲနေသော ဓာတ်မီးတစ်လက်နှင့် အခန်းသော့ယူ၍ မသွားချင်သော သင်္ဘောပင်မစက်ကြီးရှိရာအခန်းကို မိမိချစ်သူ့အိမ်ရှေ့သွားသလိုတွေးဆကာ တစ်ရက်လည်းမဟုတ် တစ်ပတ်လည်းမဟုတ် တစ်လလည်းမဟုတ် သွားရောက်ရပါသည်။

သင်္ဘောပင်မစက်ကြီးရှိရာအခန်းသို့ မဝင်ခင် ပန်းပေါင်းစုံရနံ့များ သင်းပျံ့ကြိုင်လှိုင်နေလျက်ရှိသော ဥယျာဉ်ကြီးနှင့် လုံးလုံး အလားသဏ္ဌာန်မတူသော အဝတ်လဲခန်းကို အရင်ဝင်ရောက်ရသည်။ အလုပ်များ၍ ခဏခဏမေ့တတ်တဲ့ စီနီယာတစ်ဦးရဲ့ ငါးရက်လောက် မလျှော်ထားသော အလုပ်ဝတ်စုံထားတဲ့ ဘေးခန်းထဲမှ လိမ္မော်ရောင်လို့တောင် အထင်မှားရန်ခက်ခဲသော ကျွန်တော့်အလုပ်ဝတ်စုံကိုဝတ်၊ နားကျပ်ကိုတပ်၊ ရင်ဘက်အိတ်ကပ်ထဲ ဓာတ်မီးထည့်၊ မှတ်ဖို့အတွက် ဖောင်တိန်ကို လက်မောင်းအိတ်ကပ်ထဲထည့်၊ ရှူးဖိနပ်စီးကာ ကမ္ဘာစစ်ကြီးများ၌ စစ်လက်နက်များ အဆက်မပြတ်ပစ်ခတ်နေသောအသံကဲ့သို့ အလားသဏ္ဌာန်တူသော အသံများဖြင့် သင်္ဘောပင်မစက်ကြီးရှိရာအခန်းသည် အလွန်တရာ နားမခံသာဖြစ်နေသည်။ ထိုအခန်းသို့ ကျွန်တော်သည် ဒီနေ့လည်း ဆင်းခဲ့ရပြန်သည်။

အခန်းတံခါးကြီးကို ဖွင့်လိုက်ရာ နိစ္စဓူဝ မကောင်းလည်းပေါင်း ကောင်းလည်းပေါင်း သူငယ်ချင်းကြီး(ဆီဆိုးအနံ့)ကို စတင်ရှူရှိုက်မိကာ နိစ္စဓူဝအလုပ်များလုပ်ရန် အသိဝင်လာခဲ့သည်။ အီကွေတာအရပ်ဒေသကို သင်္ဘောကြီးက ဖြတ်သန်းရတော့ ကျွန်တော်တို့ သင်္ဘောပင်မစက်ခန်းကြီးက ပူလိုက်တာ ဘဝတူ ညီနောင်များအသိပင်။ ကျွန်တော်ကလည်း ချက်ချင်းဆိုသလို လေအေးစက်ရှိတဲ့ စက်ထိန်းချုပ်အခန်းသို့ အပြေးဝင်သွားလိုက်သည်။ အခန်းထဲ၌ တာဝန်ကျ အရာရှိတစ်ဦးရယ် ဆီလောင်း(အကူ)တစ်ဦးရယ်က "ဂွတ်မောနင်း" (ဗိုလ်လို) နှုတ်ဆက်ကာ "လာ ညီ ညကအိပ်ပျော်လား၊ အဆင်ပြေလား၊ အိမ်နဲ့ရွာက စာဥကို လွမ်းနေတာလားဘာလား"နဲ့ တစ်ရက်လည်းမဟုတ် တစ်ပတ်လည်းမဟုတ် တစ်လလည်းမဟုတ် မေးတော့ ကျွန်တော်ကလည်း အလုပ်အတူလုပ်လာတာကြာတော့ သူတို့အကြောင်းသိနေတော့ "မလွမ်းပါဘူး အစ်ကိုတို့ရာ ကျွန်တော်က အရမ်းပျော်နေတာ၊ အစ်ကိုတို့ကလည်း သဘောကကောင်းဆိုတော့ ညီ့အနေနဲ့ စာချုပ်ပြည့်တာတောင် သင်္ဘောမှာထပ်နေဖို့ ဆုံးဖြတ်ထားတယ်"ဟု ရင်ထဲကမပါဘဲ ပြန်ပြောကာ နှုတ်ဆက်လိုက်တယ်။

တာဝန်ကျ အရာရှိက တစ်နေ့စာ အလုပ်တာဝန်များ စတင်ပေးကာ ညနေ ငါးဂျူတီပြန်ဝင်ရင် အားလုံးအပြီးလုပ်ထားဟု ကျွန်တော့်အား မှာခဲ့သည်။ ကျွန်တော်လည်း တစ်ရက်လည်းမဟုတ် တစ်ပတ်လည်းမဟုတ် တစ်လလည်းမဟုတ် လုပ်နေရတော့ အလုပ်များက ထမင်းစား ရေသောက်လောက်ပဲလေ။ သို့သော်လည်း အားနေတာမြင်ရင် တခြားအလုပ် ဆက်ခိုင်းနေဦးမယ်ဆိုပြီး နာရီဝက်အလုပ်ကို တစ်နာရီ၊ တစ်နာရီအလုပ်ကို တစ်နာရီခွဲနဲ့ ကြိုးကြိုးစားစားလုပ်နေခဲ့၏။ အဲသလိုနဲ့ နေ့ခင်း ထမင်းစားချိန်ရောက်လာတော့ လုပ်လက်စအလုပ်ကိုထားခဲ့၊ မန်းအွန်ဝေါက် (သင်္ဘောမှာ အလုပ်မဖြစ်သေးတဲ့သဘော) စာကပ်ထားပြီး ထမင်းစားဆောင်သို့ ချီတက်ခဲ့သည်။ ထမင်းစားဆောင်မှာက အရာရှိများက တစ်ခန်း၊ ကျွန်တော်တို့ကတစ်ခန်း စားကြရသည်။ တစ်ဖက်အခန်းမှ အသားညိုညို အစအနောက်သန်တဲ့ အညာသား အရာရှိငယ်တစ်ဦးက ဝင်လာပြီး သူတို့အညာမှာဆို ခရမ်းချဉ်သီးကို ငပိနဲ့ချက်တို့စရာ ပေါက်ပန်းဖြူအရွက်ကို ရေဘယ်လိုဆေး၊ ငရုတ်သီးစပ်စပ်ကလေးနဲ့ ဘယ်လို စသဖြင့် ထမင်းစားခန်းလေးက မြိုင်နေ၏။ တကယ်တော့ သင်္ဘောပေါ်မှာ အစားအစာများက ကုန်းပေါ်မှာလို့ လတ်လတ်ဆတ်ဆတ်မဟုတ်ပါ။ ကျွန်တော်တို့ သင်္ဘောကြီးက တစ်လကိုးသီတင်း တစ်နိုင်ငံမှ တစ်နိုင်ငံသို့ ကုန်စည်ကူးသန်းနေတာဆိုတော့ အစားအစာတွေကို ကြိုကြိုပြီး ဝယ်ထားကာ အအေးခန်းကြီးများတွင် အပူချိန်နိမ့်နိမ့်နဲ့ သိုလှောင်ထားရသည်။ ထို့ကြောင့် အသားလည်း ရေခဲရိုက်၊ ငါးလည်း ရေခဲရိုက်၊ အချို့ဟင်းရွက်များဆို ပုံသဏ္ဌာန်ပျက်နေပါသည်။ ဒါလည်း ကျွန်တော်က အမုန်းမဖက် အပြုံးကပ်လျက် စား၏။ မစားလို့မှ မရတာလေ။ ဟိုးအပေါ်ဆုံး ရေယာဉ်မှူးကြီးကနေ အောက်ခြေစားပွဲထိုးအထိ ဒီထမင်းဟင်းပဲ စားနေကြရတာ၊ လက်ထဲပိုက်ဆံရှိပါလျက် ဝယ်စားလို့ မရတဲ့ဘဝ၊ ဆိုင်မကောင်းလို့ ပြောင်းစားမယ်ဆိုတော့လည်း ဒီတစ်ဆိုင်တည်း ဖြစ်နေတဲ့ ဘဝ၊ အလုပ်ကလည်း ပင်ပန်းတော့ ယင်းထမင်းဟင်းကိုသာ အားပြုပြီး နေ့စဉ် စားသောက်ခဲ့ရသည်။

သင်္ဘောပေါ်မှာက အချိန်နဲ့ပတ်သက်လို့ နာရီ၊ မိနစ်၊ စက္ကန့်တွေဟာ ကုန်တာမြန်ပြီး တစ်ရက်တစ်ရက်နဲ့ အိမ်ပြန်မည့်ရက်ရောက်ဖို့ကတော့ အတော်ကြာမြင့်၏။ ညနေစာစားဖို့ အချိန်နီးကပ်လာတော့ ရေအမြန်ချိုး၊ ပြင်ဆင်ဖြီးလိမ်းလိုက်ကာ လမ်းမတော်၊ လသာမှာ ညဈေးသွားမယ့်စတိုင်မျိုး ထမင်းစားခန်းသို့ ဦးတည်၍ ဆင်းလာခဲ့သည်။ ကျွန်တော့်ပါးစပ်ကလည်း လှေကားတစ်ထစ်စီဆင်းတိုင်း "ညနေစာ စားလို့ကောင်းပါစေ ကောင်းပါစေ"နဲ့ ချက်ကြီး (သင်္ဘောထမင်းချက်)ရဲ့ ပြိုင်စံရှားလက်ရာကို အလွတ်ရနေတော့ ပါးစပ်ကလည်း အလိုအလျောက် မေတ္တာပို့မိနေသည်။ ကျွန်တော့် ဆုတောင်းပြည့်ခဲ့တယ်။ ယနေ့ည သင်္ဘောကပ္ပတိန်မွေးနေ့ဆိုလို့ ချက်တတ်ပြုတ်တတ်တဲ့ လူတချို့နဲ့ မောင်ချက်ကြီး ပူးပေါင်းကာ စားစရာအကင်မျိုးစုံ၊ သောက်စရာဘီယာ၊ အအေးတွေကလည်း အပြည့်အစုံနဲ့ ပါတီပွဲလေးကျင်းပ ဖြစ်ခဲ့သည်။ ဒီကြားထဲ သီချင်းဆိုဖို့ စပီကာတွေ၊ မိုက်(ခ်)တွေ ပြင်ဆင်ပေးထားတော့ အသားညိုညို အစအနောက်သန်တဲ့ အရာရှိငယ်တစ်ဦးဖြစ်တဲ့ ကိုရွှေအညာသားက မိုက်(ခ်)မြင်ရင် မနေနိုင်လို့ပါဆိုပြီး ဗညားဟန်သီချင်းကို မနားတမ်းဟစ်နေ၏။ ကျွန်တော်လည်း စားလိုက်သောက်လိုက်နဲ့ ပြင်ဆင်ထားတဲ့ အစားအစာတွေက အရမ်းများလွန်းလို့ ရွာက အစားအသောက်ဆို နှစ်ခါပြောစရာမလိုတဲ့ ကျွန်တော့်ချစ်သူလေးကို သတိရမိလိုက်တယ်။ ဒီလိုနဲ့ပဲ ကျွန်တော်ဟာ သင်္ဘောပေါ်မှာ နေ့စဉ်နဲ့အမျှ အလုပ်လုပ်လိုက်၊ မွေးရပ်မြေကို လွမ်းလိုက်နဲ့ အိမ်ပြန်ရန် နေ့ရက်များကို လက်ချိုးရေတွက်နေခဲ့တယ်။

❒❒

## တက္ကသိုလ်ကြီးကို မွေးဖွားခြင်း

မြန်မာ့သမိုင်းမှာလည်း အထင်ကရ
ခေါင်းဆောင်ကောင်းတွေ ခြေချသွားခဲ့တဲ့
တက္ကသိုလ်များကို ပိတ်ပင်ကာဆီးထား
လယ်တောကြားက တက္ကသိုလ်ကြီးကို
လူငယ်တွေရဲ့ အနာဂတ်အတွက်
ဘဝ မမေ့ရအောင်
ပြန်လည်မွေးဖွားပေးခဲ့တာလား မေးပါရစေ။
ဟိုတစ်ချိန်က အဓိပတိလမ်းမပေါ်ကမြင်ကွင်း
တကယ်ကို ရိုးရှင်းစွာကျက်သရေ ရှိခဲ့ပေမယ့်
အရိပ်ပေးကာ အဝေးကို ထွက်ခွာခဲ့ရတဲ့
သစ်ပုပ်ပင်ရိပ်အောက်က ရိုးတံခြောက်တွေသာ
လေနင်ရာ ဝေးလွင့်ရပေမယ့်
ရန့်မပြယ်နိုင်တဲ့ အာဇာနည်အငွေ့အသက်များကို
လူငယ်တွေရင်မှာ မေ့ပျောက်သွားအောင်
ပျက်စီးခြင်းများနဲ့ အရိုးဆွေးနေသော
မြို့ကြီးမနီးတဲ့ ထန်းတောကြီးဘေးက
တက္ကသိုလ်ကြီးကို မွေးဖွားပေးခဲ့တာလား မေးပါရစေ။

အလွမ်း ပါရဂူ

## အမေ

ဝမ်းနဲ့လွယ်မွေး ချွေးနဲ့ရှာကျွေး
နလုံးသားနဲ့ထွေး ကိုယ်ကျိုးကိုမတွေး။
ရေးရေးလေးမှ မငြိုငြင်
ပင်ပန်းတယ်မထင်
အမြဲပြုံးကာရှင် အမေ့ရုပ်သွင်
ကမ္ဘာပေါ်တွင် အလှဆုံးပင်။

လှိုင်မြူခြယ်
BA (Geography)